www.burmeseclassic.com

# ဆုမြတ်မွန်မွန်

အကြည့်မှာရင်ခုန် အတွေ့မှာလိုက်မော နောက်ဆုံးတော့

သူ့မကိုကျွန်တော်ဒူးထောက်လိုက်ရတယ်




www.burmeseclassic.com

Design L.လင်း

www.burmeseclassic.com

# ဆုပြုတ်မွှန်မွှန်

*အကြည်မှာရင်ခုန်၊ အတွေ့မှာလိုက်မော နောက်ဆုံးတော့*
*သူ့မကို ကျွန်တော် ဒူးထောက်လိုက်ရတယ်*


စာမူခွင့်ပြုချက်အမှတ်
၅၀၀၇၆၈၁၀၅၁၀၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၁၀၉၂၉၀၇၀၉

၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ
ပထမအကြိမ်

တန်ဖိုး
၁၀၀၀ ကျပ်

အုပ်ရေ
၅၀၀

ထုတ်ဝေသူ
ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ
အမှတ်(၅၉)၊ ၁၉ လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ
ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်

၈၉၅.၈၃

ဆုပြုတ်မွှန်မွှန်
အကြည်မှာရင်ခုန်၊အတွေ့မှာလိုက်မော နောက်ဆုံးတော့
သူ့မကို ကျွန်တော် ဒူးထောက်လိုက်ရတယ်/ဆုပြုတ်မွှန်မွှန်၊-ရန်ကုန်၊
စေတနာစာပေ၊ ၂၀၀၉။
၂၈၈- စာ၊ ၁၂×၁၈ စင်တီ။
(၁) အကြည်မှာရင်ခုန်၊အတွေ့မှာလိုက်မော နောက်ဆုံးတော့
သူ့မကို ကျွန်တော် ဒူးထောက်လိုက်ရတယ်


## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com





BURMESE CLASSIC .com



# ဆုမြတ်မွန်မွန်



## အကြည့်မှာရင်ခုန် . . . အတွေ့မှာလှိုက်မော
## နောက်ဆုံးတော့
## သူမကို
## ကျွန်တော် ဒူးထောက်လိုက်ရတယ်

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







## ဖြေကြည့်ပါ(၁)

ကော်ဖီကောင်းကောင်းတစ်ခွက်ရဖို့
　　အချိန်ခုနစ်နှစ်စောင့်ရတယ်။
ဝိုင်ကောင်းကောင်းတစ်ခွက်ရဖို့ ...
　　အနှစ်နှစ်ဆယ် စောင့်ရတယ်။
ကန်စွန်းပလိန်းတစ်ပွဲရဖို့ ...
　　ဆယ့်ငါးမိနစ် စောင့်ရတယ်။
နှလုံးသားအတုကိုတွေ့ဖို့ —
　　မျက်တောင်တစ်ခတ်စာ စောင့်ရတယ်။
အချစ်စစ်ကိုတွေ့ဖို့ —
　　ဘယ်လောက်ကြာအောင် စောင့်ရမလဲ။

မှတ်ချက်။ မေးခွန်း၏ အဖြေများကို စာအုပ်၏ နောက်ဆုံး စာမျက်နှာများတွင် ဖော်ပြထားပါသည်။

♥ ❧ ♥

www.burmeseclassic.com

www.burmeseclassic.com



## ၁

"ကဲ ... ဒီနေ့တော့ ဒီလောက်ပါပဲကွာ၊ အားလုံးပဲ နားလို့ရပြီ၊ ဆီးယူ တူမော်လ်ရိုး"

"ကျေးဇူးတင်ပါတယ် ဆရာ"

တာဝန်ကျဆရာက အတန်းချိန် ကုန်သွား၍ နှုတ်ဆက်လျှင် ကျောင်းသူကျောင်းသားတွေကလည်း မတ်တတ်ထရပ်ကာ ပြန်လည်နှုတ်ဆက်ကြသည်။ ဆရာတစ်ယောက် အခန်းအပြင်ဘက်သို့ ရောက်သွားလျှင် သူတို့အုပ်စုမှာ လှုပ်လှုပ်ရွရွဖြစ်လာကြသည်။ အထူးသဖြင့် ကောင်မလေးချောချောတွေရှိရာ အတန်းဘက်သို့ ဝါသနာအပါဆုံး မိုးကိုက ဂနာမငြိမ်ဆုံး။

"ဟော့ကောင် လစ်မယ်လေ၊ တော်ကြာ တီချယ်ကြီး ဝင်လာလို့ ထွက်မရဖြစ်နေမယ်"





"ဘာလဲ မင်းက မြန်မာစာအချိန် မတက်တော့ဘူးလား"

"တက်တော့ဘူး"

"ဟင်း ... စာမေးပွဲကတော့ အောင်ဦးမှာပဲ"

"ဟော့ကောင် မြန်မာစာက မိုင်နာပါကွ"

"အေး ... အဲဒီမိုင်နာတွေပဲ ပြဿနာတက်နေတာ၊ မေဂျာတွေကို အုံးမစားဘူး၊ မိုင်နာတွေကလည်း သူတို့အချိန်တွေကို လစ်လွန်းလို့ မင်းတို့ကို ကျွေးချင်နေတာ"

"ကျွေးချင်လည်း နောက်မှကျွေးတော့ကွာ၊ ကဲ ... ရွှေ့ကြမယ်ကွာ၊ ဘာလဲ မင်းတို့က မလိုက်ဘူးလား၊ လိမ္မာတယ်ဆိုတဲ့ အထာကြီးတွေလား"

"အန့် အို နိုး မဟုတ်ရကြောင်းပါ၊ သားတို့ကတော့ ရည်းစားတစ်ယောက် ရဖို့အရေး လိုက်မှာပါ"

မိုးဂျိုက စာအုပ်တွေကို ကောက်သိမ်းကာ ကျောပိုးအိတ်ထဲသို့ ထည့်ရင်းမှ မတ်တတ်ရပ်လျက်ပြောသည်။ မိုးကိုကလည်း အဆင်သင့်ဖြစ်ပြီ။ သူနဲ့ ညိုမင်းကျော်တို့ပဲ ကျန်တော့သည်။ ညိုမင်းက သူ့ကို မျက်စပစ်ပြလျက် ...

"မင်းက မရွှေ့ဘူးဆိုတဲ့ အထာလား"

"ဩော ... မင်းတို့သွားမှာတော့ ငါက ပါရတော့မှာပေါ့၊ ဟော့ကောင်တွေ ... မင်းတို့ ပတ်စရာရှိတာ ပတ်ပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



ကန်တင်း သွားမယ်ကွာ၊ ငါ လက်ဖက်ရည်သောက်ချင်တယ်"

"အိုကေ ... သောက်ရမယ်၊ ကဲ ... လစ်မယ်ကွာ"

သူတို့တစ်အုပ်စုလုံးမှာ သံစဉ်ညီညီပြိုင်းကျလျှင် အသီးသီး အတန်းအနောက်ပေါက်မှ အသာလစ်ထွက်လာကြသည်။ အတန်းချိန် အကူးအပြောင်းမို့ အပြင်ထွက်သူကထွက်၊ ကန်တင်းသွားသူက သွားနှင့် တက္ကသိုလ်ကျောင်းဝင်းထဲ၌ ဥဒဟိုသွားလာနေကြသော ကျောင်းသားကျောင်းသူတွေ အပြည့်ပဲဖြစ်သည်။ ကျောင်းဖွင့်ထားတာ တစ်လလောက်ပဲ ရှိသေးသည်မို့ ဘယ်ကျောင်းသူက ဘယ်မေဂျာဆိုတာ မြင်တာနဲ့ ချက်ချင်း မခွဲခြားတတ်သေးပါ။ ဒါမျိုးက ဝါသနာရှင်အစ်ကိုကြီးတွေလယ်မှာ လက်တို့ပြီး စနည်းနာရဦးမှာဖြစ်သည်။ အခုလောလောဆယ်မှာ အဲဒီပုဂ္ဂိုလ်ကြီးတွေကလည်း သတင်းအတိအကျ မထုတ်ပြန်ကြသေး။ သူတို့လည်း ဒေလ်တာတွေ ကောက်ယူတုန်းဖြစ်သည်ဟု နိုင်လုံသော သတင်းရပ်ကွက်က ကြားထားရသည်။

သူတို့အုပ်စုသည် အသက်ရှည်ဆေးလေးတွေဟု နာမည်ပေးထားသော ကောင်မလေးတွေကို ဟိုဟိုဒီဒီ ငမ်းရင်းမှ မိုးကို သွားဝိုက်နေသည့် အတန်းရှေ့သို့ ရောက်လာကြသည်။ မိုးကို ဝိုက်နေသည့် ကောင်မလေးမှာ သူတို့သချာမေဂျာကဖြစ်





သော်လည်း အခန်းချင်းမတူပါ။ ကောင်မလေးရှိရာ အတန်းရှေ့သို့ရောက်သွားသောအခါ ကောင်မလေးတို့အုပ်စုကို မတွေ့ရ။ မိုးကိုက ဟိုဟိုဒီဒီ ဝေ့ဝဲရှာဖွေရင်းမှ ...

"မတွေ့ဘူးကွ၊ ကျောင်းများမလာတာလား မသိဘူး"

ဖိုးဂျိုက မိုးကိုရဲ့ခေါင်းကို နောက်မှ ဆောင့်တွန်းထုတ်ရင်း ...

"ငတုံး ... ဆော်လိုချင်လိုက်တာ ကျတော့လည်း ပျာအခြေအနေကျတော့လည်း ဘာမှမသိနားမလည်"

"အောင်မာ ... မင်းကရော ဘယ်လောက်နားလည်နေ လဲ"

"ဟော့ကောင် ... မင်းထက်စာရင်တော့ နားလည်တယ်ကွ၊ မင်းကောင်မလေး ကန်တင်းမှာ။ လောင်းမလား"

"အောင်မာ ... သူက ဘယ်ကသိရတာပါလိမ့်၊ ဟိုက ပြောထားတာကျနေတာပဲ"

"ပြောပြော မပြောပြောကွာ လောင်းမလား"

"မလောင်းဘူး၊ ဒါပေမဲ့ ကန်တင်းတော့သွားမယ်"

"တွေ့လား သတ္တိမရှိတဲ့ကောင်"

"ကဲ ... တော်ပြီကွာ၊ မာန်ဖီမနေကြနဲ့၊ ကန်တင်းဆိုလည်း ကန်တင်းသွားမယ်၊ ငါ လက်ဖက်ရည်သောက်ချင်နေပြီ၊

www.burmeseclassic.com



မနက်အစော ပါမောက္ခအချိန်မို့သာ အပြေးအလွှားလာတက်ရတာ၊ အိပ်ရာထနောက်ကျတာနဲ့ ဘာမှ စားမလာခဲ့ရဘူး ...

ဗိုက်ဆာတယ်၊ အိပ်ရေးလည်းမဝဘူး၊ အိပ်ချင်နေတယ်၊ သွားမယ်”

သူ့သူငယ်ချင်းတွေက သူ့စကားကို နားထောင်ဟန်ဘာမှ ဆက်မပြောတော့ဘဲ တစ်အုပ်စုလုံး ကန်တင်းသို့ ချီတက်လာခဲ့ကြသည်။ နေ့လယ်ခင်း ထမင်းစားချိန် မဟုတ်သေး၍ ကန်တင်းမှာ လူသိပ်မကျသေး။ ထိုင်လို့အဆင်ပြေရုံ အနေအထားမှာပဲရှိသည်။ သူတို့အုပ်စုသည် ထိုင်နေကျ လက်ဖက်ရည်ဆိုင်ဖြစ်သည့် ကိုကျော်ကြီး၏ဆိုင်မှာ ထိုင်ဖြစ်ကြသည်။ သူကတော့ ဗိုက်ဆာနေသူပီပီ လက်ဖက်ရည်နှင့် မုန့်လေးမြီးရှည်မှာလိုက်သည်။ ကျန်တဲ့ကောင်တွေကတော့ ထုံးစံအတိုင်း ပေါ့ကျတစ်ခွက်စီသာ။

မိုးကိုက ရောဂါပြန်ထလာလျက် ကောင်မလေးဇာတ်လမ်းက ပေါ်လာပြန်သည်။

“ဟောကောင် ... ဖိုးဂျီ၊ မင်းပြောတော့ ငါ့ကောင်မလေးက ကန်တင်းမှာဆို၊ အခု ဘယ်မှလဲ မတွေ့ပါလား”

“ဘယ်တွေ့မလဲ၊ မင်း မြင်မှာစိုးလို့ ပုန်းနေတာကိုး”



“အောင်မာ ... သူလား ပုန်းမှာ၊ ဒီမှာ ဟောကောင် ကြသလို့-တို့က မျက်လုံးချင်းဂဏန်းငြိမ်ပြီးသားနော်၊ မပြော နောက်တစ်လလောက်နေရင် ဖွင့်ပြောတော့မှ ပြီးရင် ရည်းစားတစ်ယောက်ရ ဒါပဲ၊ အငြိမ် ... အငြိမ်”

“အဟွတ် ... အဟွတ် ... ကြားရတာ စိတ်ဆင်းရဲလိုက်တာ၊ ဟောကောင် မင်း ရပ်ကွက်ထဲက ကောင်တွေကိုသာ သွားလိမ့်ချည်ကွ နော် ...

အခုမှ အတန်းရှေ့က ခေါက်တုံ့ခေါက်ပြန်ပတ်၊ လျှောက်သံပြန်ပေး ခြေအေးဝမ်းရောင်ဖြစ်နေတဲ့ ကောင်ကများ၊ ဒါကောင် ငါတို့ပါလို့ ပတ်ရဲတာ၊ ငါတို့မပါရင် တစ်ယောက်တည်းတောင် သွားကြည့်ရဲတဲ့ကောင်မဟုတ်ဘူး ...

အပိုတွေ ပြောမနေနဲ့”

ဖိုးဂျီက မိမိရရပြန်တွယ်ရလျှင် မိုးကိုရဲ့ မျက်နှာမှာ ရှုံ့မဲ့လို့သွားရလေသည်။ သူက အသာရှယ်ကာ မြီးရှည်ကို အရသာခံစားနေရင်းမှ ဒီကောင်တွေပွဲထဲသို့ ဝင်မပါဖြစ်သေးပါ။ သူတို့လေးယောက်အုပ်စုသည် လေးယောက်မှာလေးပုံစံ။ ပုံစံတစ်မျိုးစီဖြစ်သည်။ သူက တစ်ခုခုဆို အေးအေးဆေးဆေး သမာသမတ်ကျကျ။ အမှန်တရားဘက်တော်သားဖြစ်ကာ အပိုစကားသိပ်မပြော

www.burmeseclassic.com



မနက်အစော ပါမောက္ခအချိန်မှီသာ အပြေးအလွှားလာတက်ရတာ၊ အိပ်ရာထနောက်ကျတာနဲ့ ဘာမှ စားမလာခဲ့ရဘူး ...

ဗိုက်ဆာတယ်၊ အိပ်ရေးလည်းမဝဘူး၊ အိပ်ချင်နေတယ်၊ သွားမယ်"

သူ့သူငယ်ချင်းတွေက သူ့စကားကို နားထောင်ပြီး ဘာမှ ဆက်မပြောတော့ဘဲ တစ်အုပ်စုလုံး ကန်တင်းသို့ ချီတက်လာခဲ့ကြသည်။ နေ့လယ်ခင်း ထမင်းစားချိန် မဟုတ်သေးသဖြင့် ကန်တင်းမှာ လူသိပ်မကျသေး။ ထိုင်လို့အဆင်ပြေရုံအနေအထားမှာပဲရှိသည်။ သူတို့အုပ်စုသည် ထိုင်နေကျ လက်ဖက်ရည်ဆိုင်ဖြစ်သည့် ကိုကျော်ကြီး၏ဆိုင်မှာ ထိုင်ဖြစ်ကြသည်။ သူကတော့ ဗိုက်ဆာနေသူပီပီ လက်ဖက်ရည်နှင့် မုန့်လေးမြီးရှည် မှာလိုက်သည်။ ကျန်တဲ့ကောင်တွေကတော့ ထုံးစံအတိုင်း ပေါ့ကျတစ်ခွက်စီသာ။

မိုးကိုက ရောဂါပြန်ထလာလျက် ကောင်မလေးဇာတ်လမ်းက ပေါ်လာပြန်သည်။

"ဟေ့ကောင် ... ဖိုးကျီ၊ မင်းပြောတော့ ငါ့ကောင်မလေးက ကန်တင်းမှာဆို၊ အခု ဘယ်မှလဲ မတွေ့ပါလား"

"ဘယ်တွေ့မလဲ၊ မင်း မြင်မှာစိုးလို့ ပုန်းနေတာကိုး"





ကိုယ်ရှိနဲ့ ...

"အောင်မာ ... သူလား ပုန်းမှာ၊ ဒီမှာ ဟေ့ကောင် ...၊ ... ကြတို့က မျက်လုံးချင်းဂဏန်းငြိမ်ပြီးသားနော်၊ မပြောနဲ့ နောက်တစ်လလောက်နေရင် ဖွင့်ပြောတော့မှာ၊ ပြီးရင် ရည်းစားတစ်ယောက်ရ ဒါပဲ၊ အငြိမ် ... အငြိမ်"

"အဟွတ် ... အဟွတ် ... ကြားရတာ စိတ်ဆင်းရဲလိုက်တာ၊ ဟေ့ကောင် မင်း ရပ်ကွက်ထဲက ကောင်တွေကိုသာ သွားလိမ့်ချည်ကွ နော် ...

အခုမှ အတန်းရှေ့က ခေါက်တုံ့ခေါက်ပြန်ပတ်၊ လျှောက်သံပြန်ပေး ခြေအေးဝမ်းရောင်ဖြစ်နေတဲ့ ကောင်ကများ၊ ဒါကောင် ငါတို့ပါလို့ ပတ်ရဲတာ၊ ငါတို့မပါရင် တစ်ယောက်တည်းတောင် သွားကြည့်ရဲတဲ့ကောင်မဟုတ်ဘူး ...

အပိုတွေ ပြောမနေနဲ့"

ဖိုးကျီက မိမိရရပြန်တွယ်ရလျှင် မိုးကိုရဲ့ မျက်နှာမှာ ရှုံ့မဲ့လို့သွားရှာသည်။ သူက အသာရယ်ကာ မြီးရှည်ကို အရသာခံစားနေရင်းမှ ဒီကောင်တွေပွဲထဲသို့ ဝင်မပါဖြစ်သေးပါ။ သူတို့လေးယောက်အုပ်စုသည် လေးယောက်မှာလေးပုံစံ။ ပုံစံတစ်မျိုးစီဖြစ်သည်။ သူက တစ်ခုခုဆို အေးအေးဆေးဆေး သမာသမတ်ကျကျ၊ အမှန်တရားဘက်တော်သားဖြစ်ကာ အပိုစကားသိပ်မပြော



www.burmeseclassic.com

www.burmeseclassic.com



မန  သူက အဲဒီဇယားအမှည့်ကို အရင်မကြည့်ဖြစ်သေး။ တ၁၉ရ ၁ဆယ်မှာ ဇယားအမှည့်ထက် စိတ်ဝင်စားဖို့ကောင်းတာ ဟ် ထစ်ခ ၁မှည့်ကို ရှုမဲ့နေသော ညိုမင်းရဲ့မျက်နှာ ဖြစ်သည်။ မြတ်မင်းသိဟာ၊ မျက်မှန်အောက်က မျက်လုံးတွေသည် ခြင်ဆေးခွေ သာအသိများကြ တစ်ရစ်ပြီးတစ်ရစ် လည်တက်နေသည်။ နှုတ်ခမ်း အောင် ဂျီကော ၊ပေါ်တက်နေသော ပုရွက်ဆိတ်တွေလိုပင် တရွရွ

ဘိုကောင် တစ်ခါမှ အဲဒီလိုမဖြစ်ဘူးချေ။ ကောင် ရလျက် ဒီကောင့်၁၄ ဘယ်လောက်ချောချော တော်တန်ရှိသော ရှုံး အောင်ပင်ခံရလေ၍။ ဒီလောက်ထိ ဣန္ဒြေအပျက်ခံပြီး မငမ်းတတ် ကာ စကားဏှာ ဇယားမှည့်လို့ပြတာတောင် ဒီကောင်က သိပ်ကြည့် သည်။ ဒိုတ်။ သူငယ်ချင်းအချင်းချင်း အခင်အမင် မပျက်ချင်လို့ ဓိုကြည့်ပေးတာနော်ဟူသော အထာကြီးဖြင့် နေတတ်သူဖြစ်သည်။ ဒါကြောင့် သူသည် အခုလောလောဆယ်မှာတော့ ဇယားအမှည့် ထက် ဇယားအမှည့်လွန်နေသော ညိုမင်းရဲ့မျက်နှာကိုသာ အထူး အဆန်း ငေးကြည့်နေမိတာဖြစ်သည်။

သူကသာ ဇယားအမှည့်ကို မကြည့်ဖြစ်သေးသော်လည်း ဟိုဘက်ဘဝက အမဲလိုက်ခွေးတွေသေလို့ ဝင်စားသည့် ဖိုးဂျိုနှင့် မိုးကိုတို့ကတော့ မိန်းမလှလှတစ်ယောက် ရှစ်မိုင်လောက်က လှမ်းလာလည်း ကြိုမြင်သူတွေဖြစ်ကြလေရာ ညိုမင်းပြောသောတစ်





ယောက်ကို သူ့ထက်အရင် ချက်ချင်းပဲ ရှုစားပြီးသွားကြသလို- အသံတွေပါ ထွက်လာသည်။

"ဟင် ... ဘူလေးလဲ၊ ဒါလေးက ဘူလေးလဲ"

ကောင်မလေးချောချော ဇယားအမှည့်စားလေးများ မမြင်လိုက်နှင့် တွေ့တာနဲ့ ဘူလေးလဲဟု အော်တတ်သူ ဖိုးဂျိုကတော့ ဝတ္တရားမပျက် အဲဒီအတိုင်း ထရွတ်သည်။

"ဖာတ်တယ်ကွ၊ ညိုမင်းပြောတဲ့ ဘုံကြိုးမြတ်တဲ့ ဒေဝီနတ် မျိုးနွယ်အစစ်ပဲ။ အားလုံး ပါးစပ်အဟောင်းသား ဖြစ်ကုန်ပြီ"

သူသည် သူငယ်ချင်းတွေရဲ့ တစ်ယောက်တစ်ပေါက် စကားသံတွေကို ကြားသောအခါ မျက်ခုံးရှုံ့ပြီး ပြုံးမိလျက် အဲဒီကောင်တွေ ကြည့်နေရာကို ကြည့်မိသည်။ အဲဒီမှာပဲ သူ့ မျက်တောင်ခတ်ဖို့ နည်းနည်းမေ့လျော့သွားပါသည်။ ဟင့်အင်း ... မျက်တောင်ခတ်ဖို့ မေ့လျော့တာမဟုတ်။ မျက်လုံးတွေကို ဒီနေရာမှာဆိုက်လျက် Stay ဖြစ်လို့နေတာဖြစ်သည်။

ကောင်မလေး တစ်ယောက်။ ကောင်မလေးတစ်ယောက်ဆိုတာထက် မိန်းကလေးသည် အခုခေတ်မှာ ရှားပါးနေပြီသည့် ခါးကျော်လုလုဆံနွယ်ရှည်များနှင့်ဖြစ်ကာ ဘယ်လိုခေါ်မှန်း မသိအောင်ကို ချောမောလှပါသည်။ အသားအရေကတော့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးများလို ဖြူတာလည်းမဟုတ်။ ညိုတာလည်းမဟုတ်ဘဲ အသားတော်ရွှေဝါဝင်းလေးဖြစ်သည်။ ခန္ဓာကိုယ်အချိုးအဆက်ကျတော့ရော ... သူမက မြန်မာဝတ်စုံလေးကိုပဲ စမတ်ကျကျဝတ်ဆင်ထားတာမို့ သူမရဲ့ခန္ဓာကိုယ်အချိုးအစားက မှန်းဆလို့ရအောင်ကို ပေါ်လွင်နေသည်။

ဒီခေတ်ကြီးထဲမှာ မိန်းကလေးတွေဟာ ပိန်တဲ့သူက ပိန်၊ ဝတဲ့သူကဝ၊ အချိုးမကျလှတော့ဘဲ တစ်ပုံစံတွေ ထွက်နေကြသည့်အထဲမှာ သူမရဲ့ကိုယ်လုံးကိုယ်ပေါက်လေးက မိန်းကလေးများအတွက် နမူနာပြအဖြစ် ထားပြချင်စရာကောင်းနေသည်။ မော်ဒယ်လ်တွေလောက်လည်း ပိန်သွယ်တာမဟုတ်။ မယ်မြန်မာတွေလောက်လည်း ရှိုက်ကြီးဖိုငယ်မဟုတ်။ သို့သော် အဆီအပိုမရှိဘဲ သူ့နေရာနဲ့သူ ပြည့်စုံရှာသော ပစ္စည်းပစ္စယများသည် ယောကျ်ားလေးတစ်ယောက်အတွက်တော့ မက်စရာကောင်းနေသည်။ ခြုံပြောရလျှင်တော့ ဒီမိန်းကလေးဟာ တကယ့်ကိုလှပပါသည်။ မျက်နှာ၊ ဆံပင်၊ ကိုယ်လုံးကိုယ်ပေါက်၊ သွားလာလှုပ်ရှားမှု ဘယ်နေရာမှ ပြောစရာမရှိ။ ဖိုးဂျီပြောသလို ဘူလေးလဲ (ဘယ်သူလေးလဲ)ဟု မေးဖို့ပဲ ကျန်တော့သည်။

"ဟေ့ကောင် ... ငါ့ကိုသာ ပြောနေတယ်၊ မင်းကျတော့ က ပါးစပ်ထဲ ယင်ကောင်ဝင်နေပြီ"





ညိုမင်းက ပေါင်ကို လက်တို့ပြီး ပြောတော့မှပင် သူက မျက်လုံးတွေ လှုပ်လှုပ်ရှားရှား ပြန်ဖြစ်လာသည်။ ချထားသောလက်ဖက်ရည်ကို ကောက်မော့မိလျက် ...

"မဟုတ်ပါဘူးကွာ၊ တကယ်ချောတော့ သေချာကြည့်ဖြစ်သွားတာပါ"

သူက အဲဒီမိန်းကလေးကို နောက်တစ်ခါ ထပ်ကြည့်ရင်း ဆိုမိသည်။ သူမက သူတို့အုပ်စုကို မြင်ဟန်မတူပါ။ အဖော်နှစ်ယောက်နှင့်အတူ စကားစမြည်ပြောရင်း စားပွဲထိုးလေးကို စားစရာတွေ မှာကြားနေသည်။ သူ့နေရာကကြည့်လျှင် သူမက တစ်ဝိုင်းကျော်မှာဖြစ်ကာ ရှင်းရှင်းလင်းလင်းကြီး မြင်ရသောအခြေအနေဖြစ်ပါသည်။ သမင်လည်ပြန်တွေ ဘာတွေ ရှိုးစရာမလိုပါ။

"ဘယ်သူ့လဲ မသိဘူးကွာ၊ ဒီလောက်မှည့်နေတာ။ တို့သချာကတော့ မဖြစ်နိုင်ဘူးနဲ့တူတယ်"

"သေချာတာကတော့ သူဟာ Queen တစ်ယောက်ဖြစ်နိုင်တယ်"

"ဟုတ်တယ်၊ အဲ ... ငါ သတိရပြီ၊ ငါ့ကို EC ကိုသီဟကပြောဖူးတာ မှတ်မိပြီ၊ မြန်မာစာနဲ့ ဖစ်စစ်က ကွင်း(န်)တွေက မိုက်တယ်တဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



ကွင်း(န်)တွေထဲမှာ အဲဒီနှစ်ယောက်က အမိုက်ဆုံးပဲတဲ့ ...

သူဟာ မြန်မာစာနဲ့ ဖစ်ဆစ် တစ်ခုခုဖြစ်ဖို့ များတယ်၊ မပူပါနဲ့ မြန်မာစာမှာရော ဖစ်ဆစ်မှာရော တို့ဘော်ဒါတွေ ရှိတာပဲ၊ သူ့အကြောင်းသိချင်ရင် တစ်နာရီလောက် စောင့်ရရုံပါပဲ၊ ကမ္ဘာ့ရွာကြီးထဲမှာ တို့တက္ကသိုလ် ကျဉ်းကျဉ်းလေးပါကွာ”

“ဟွန်း ... ဒီအသံတွေကို ရီကောဒင်းနဲ့ ဖမ်းထားပြီး မင်းကောင်မလေးရှေ့မှာ သွားဖွင့်ပြချင်တယ်”

“အောင်မာ ... ဖွင့်ပေါ့၊ မင်းတို့ရော မငမ်းလို့လား”

“ဟ ... ငါတို့က ကြိုက်နေတဲ့ကောင်မလေး မရှိဘူးလေ၊ မင်းက ဒါကိုပဲ မရတော့ရင် သေတော့မယ့် ဒီဇိုင်းဖြစ်နေတာ ...

အခုလည်း ဟိုဇယားအမှည့်ကို မစားရဝခမန်းရှိုးနေတာ၊ ဩော် ... ယောကျ်ားတွေ ... ယောကျ်ားတွေ တကယ်တမ်းကျတော့ ကောင်မလေးတွေခများလည်း သနားတော့ သနားစရာပါပဲလား”

ဒီစကားကို ညိုမင်းက လက်မခံ။ လက်ဖက်ရည်ခွက်ထဲသို့ ရေနွေးကြမ်း ကျင်းသောက်ရင်းငြင်းသည်။





“ဘာမှ သနားစရာမလိုဘူး ဟော့ကောင်၊ ဒါ ယောကျ်ားတို့ရဲ့နေးချားပဲ၊ ဒါဝင်ရဲ့သီအိုရီအရဆိုရင် ဆင့်ကဲဖြစ်စဉ်တွေအတိုင်း ဖြစ်လာတာ ...

လူဆိုတာ သဘာဝအတိုင်းသွားတာ၊ ဘယ်လောက်ပဲထူးတယ်လို့ပြောပြော အခြေခံကတော့ သဘာဝအတိုင်းပဲ၊ သဘာဝတရားကြီးပေါ်မှာ အခြေခံထားတာ ...

အရမ်းထူးဆန်း အံ့သြစရာကောင်းတယ်ဆိုတဲ့ ကိစ္စတွေဟာလည်း သဘာဝတရားတွေကပဲ ဖြစ်လာတာ”

တစ်ခုခုဆိုလျှင် ဒိုင်တွေ အရမ်းထုတ်တတ်သော ညိုမင်းကို မိုးကိုက အမြန်လက်ကာပြရင်းမှ ...

“တော်ပြီ ... တော်ပြီ နော် သူငယ်ချင်း၊ ရှင်းပြချင်တဲ့ စေတနာကို လေးစားတယ်၊ ဒါပေမဲ့ ဒီစကားကို ဒီနားမှာ တင်ပဲ ရပ်ထားလိုက်တော့ ...

ဘယ်လောက်ပဲလှလှ ရင်ထဲမှာကတော့ ဖူးသစ်ညိုမှ ဖူးသစ်ညိုပဲ”

မိုးကို လိုက်မည့် ကောင်မလေးက ဖူးသစ်ညိုဟု ...ည်တွင်လေသည်။ သူမလေးသည် မဆိုးပါ။ နာမည်နဲ့လိုက် ...င် ဖူးဖူးသစ်သစ်လေးဖြစ်လျက် လန်းတော့လန်းပါသည်။ ...သော် အဲဒီအလန်းများသည် သူ့မျက်စိရှေ့ ဆယ်ပေလောက်



www.burmeseclassic.com

www.burmeseclassic.com



သာကျွာသည့် စားပွဲဝိုင်းမှ အလန်စားလေးနှင့် ယှဉ်လျှင်တော့ ဆယ်နှစ်စာလောက် ပြတ်ကျကျန်ရစ်ခဲ့သည်။ သူ ပိုပြောတာမဟုတ်ပါ။

ရပ်ကွက်ထဲမှာ၊ မြို့နယ်ထဲမှာ၊ ကျောင်းမှာ၊ သင်တန်းမှာ၊ နောက်ဆုံး ရန်ကုန်တစ်မြို့လုံးမှာ မိန်းမချောချော အများကြီး တွေ့ခဲ့ဖူးသည်။ ဒီတစ်ယောက်ကတော့ ဘာကြောင့်မှန်းမသိ ရင်ထဲကို ဝင်ပါသည်။

"ဘယ်လိုလဲ ဂနိုင်၊ မင်း ငြိသွားပြီ မဟုတ်လား၊ ကြိုက်သွားတယ် မဟုတ်လား"

ဖိုးဂျိုက သေချာနေသော မျက်လုံးများဖြင့် သူ့ကို မေးဆတ်ပြရင်း မေးသည်။ သူက ပြုံးကာ ဘာမှ ပြန်မပြောပါ။ မိုးကိုက ဖိုးဂျိုကို မကြည်သူပီပီ။

"မင်းရော မကြိုက်ဘူးလား"

"ကြိုက်တယ်လေ၊ ဘာဖြစ်လဲ။ ဒီဝိုင်းမှာထိုင်နေတဲ့ လေးကောင်လုံး ကြိုက်နေတာပဲ မဟုတ်လား၊ ဒါပေမဲ့ ဂနိုင်ကလွဲပြီး ကျန်တဲ့သုံးယောက်က သူ့ကို လိုက်မှာမဟုတ်ဘူး"

သူက အဲဒီလိုပြောလာသော ဖိုးဂျိုကို ဘာလဲဟူသော အထာဖြင့် မျက်ခုံးပင့်ကြည့်မိသည်။ ဖိုးဂျိုက ပခုံးနှစ်ဖက်တွန့်နေကျအတိုင်း ဟန်ပါပါတွန့်ပြကာ ...



"ဟုတ်တယ်လေ၊ ညိုမင်းဆိုလည်း ကြိုက်သာကြိုက်တာ၊ လိုက်မလားမေးရင် မလိုက်ဘူးပြောမှာပဲ၊ ငါလည်း ငါ့ဓယားနဲ့ငါရှိပြီးသား၊ ဓယားတွေက များနေလို့တောင် မနည်းရှင်းနေရတာ မိုကိုလည်း သူ့ဓယားနဲ့သူ ...

မင်းကတော့ ဓယားရှင်းနေတဲ့သူ၊ ပြီးတော့ အာရုံအရ မင်းလိုက်ရင် ရမယ်ဆိုတဲ့ Sense တွေ ငါ့ဆီမှာရှိနေတယ်၊ မင်း စတိုင်လ်၊ မင်း တော်လ်ကီနဲ့ဆို လန်းလောက်တယ်"

"ဟုတ်လား၊ ဘိုးတော်ဂျို မြင်တာလေးကို ဆက်ပြောပါဦး"

"မနောက်နဲ့ သားကြီး၊ အကောင်းပြောနေတာ၊ မင်းသာ သူ့ကို လိုက်မယ်ဆိုရင် ငါတို့ အားပေးတယ်ကွာ၊ ဘယ်လိုလဲ"

"ဟုတ်တယ်၊ မင်း ကြိုက်တယ်ဆိုရင် လိုက်ပါလား၊ မင်းရုပ်မင်းရည်နဲ့ဆိုရင် ရနိုင်လောက်ပါတယ်"

"အေးကွာ၊ ဘာပဲပြောပြော သူနဲ့ချစ်ရတာတော့ စိတ်ဝင်စားစရာ ကောင်းမှာပဲ၊ မင်း စိတ်ဝင်စားတယ် မဟုတ်လား၊ လှုပ်ရှားလိုက်စမ်းပါ"

သူငယ်ချင်းတွေက တစ်ယောက်တစ်ပေါက် မြှောက်နေလျှင် သူက တဟားဟား အော်ရယ်မိလေသည်။ သူ့ရယ်

www.burmeseclassic.com

www.burmeseclassic.com



သကာ နည်းနည်းများတောင် ကျယ်သွားသလားတော့မသိ။ တစ်ဖက်
ဝိုင်းမှ သူမက ဘာရယ်မဟုတ် ဒီဘက်သို့ လှမ်းကြည့်တာနှင့်
ကြုံသည်။ သူကလည်း အဲဒီဘက်ကို တစ်ချက်အကြည့်။ ခဏလေး
တကယ့်ကိုမှ ခဏလေးပါပဲ။ ကြိုတင်ချိန်းဆိုထားခြင်း မရှိသော
အကြည့်နှစ်ခုတို့သည် ဘာကြောင့်များ တိုက်တိုက်ဆိုင်ဆိုင် သွား
ဆုံဖြစ်ကြတာပါလိမ့်။ သူတို့ အကြည့်ချင်းဆုံချိန်မှာ နှစ်စက္ကန့်
သုံးစက္ကန့်လောက်သာ ရှိနိုင်သော်လည်း သူ့အတွက် တစ်နာရီ
လောက်ဟု ထင်ရသည်။

ဒါဟာ ဘာကြောင့်ပါပဲ။ ဒီအဖြေကို ဘယ်သူဖြေ
နိုင်မှာတဲ့လဲ။ သူမကတော့ သူ့ကို ဆက်ကြည့်မနေတော့ဘဲ မသိ
မသာဟန်နှင့် အကြည့်လွှဲသွားသည်။ သူကတော့ သူမကို တစိမ့်
စိမ့် စိုက်ကြည့်နေဆဲဖြစ်ပါသည်။ သူမ ...။ သူမရဲ့နူးညံ့လွန်းသော
အသွင်သဏ္ဌာန်သည် သူ့စိတ်ကို တဖြည်းဖြည်းနှင့် ဆွဲဆောင်နေ
သလိုပဲ ခံစားရပါသည်။

"ဟေ့ကောင် ... မင်း တကယ်ကြွေသွားပြီနဲ့ တူတယ်
မေးတာတောင် မဖြေနိုင်ဘဲ ငေးနေလိုက်တာ"

"မဟုတ်ပါဘူးကွာ၊ သူနဲ့ကိုယ် နှစ်စက္ကန့်လောက် အကြည့်
ချင်း ဆုံသွားလို့ပါ"

"အောင်မယ် ... သာသာတိုးတိုး"





"ဟုတ်တယ်၊ အဲဒီနှစ်စက္ကန့်လေးဟာ နှစ်နာရီလောက်လို့
ထင်ရတယ်၊ အဲဒီ မန်မိုရီဟာ ရင်ထဲကို ရောက်သွားရင်
တော့ နှစ်လလောက် မေ့နိုင်မှာမဟုတ်တော့ဘူးထင်တယ်၊
ဘာသဘောလဲတော့ မသိဘူး"

"ဘာသဘောလဲမှ မဟုတ်ဘူး၊ မင်း သူ့ကို ချစ်ဖို့သဘော
အစပဲ"

"ချစ်ဖို့ !"

သူက ဖိုးဂျိရဲ့စကားကို သံယောင်လိုက်ကြည့်မိသည်။
အချစ်ဆိုသော စကားလုံးလေးနှင့် မျက်စိရှေ့မှာ ထိုင်နေသော
သူမကို တွဲစပ်စဉ်းစားကြည့်လျှင် နည်းနည်းတော့ ရင်ခုန်ဖို့
ကောင်းသည်ဟု ထင်ပါသည်။ အစဉ်သဖြင့် လွတ်လပ်သန့်စင်
နေသော သူတို့ရဲ့နှလုံးသားများသည် အချစ်တစ်ခုကို ခံစားရင်ခုန်
ဖို့ရာ အမြဲတမ်း အဆင်သင့် ဖြစ်နေကြသည်။

သူ တစ်ခါမှ မချစ်ဖူးသေးပါ။ သီချင်းတွေထဲမှာ
ခံစားကြသလို တစ်စုံတစ်ယောက်ကို ရူးရူးမူးမူး အသည်းအသန်
ချစ်ကြည့်ချင်ပါသည်။ ဖိုးဂျိကတော့ သူတို့အုပ်စုထဲတွင် အချစ်ကို
အစောဆုံးတွေ့ရှိသူမို့ သူတို့ရဲ့ စီနီယာဟု ပြောရ၍ရသည်။ ရင်ထဲ
မှာ နှစ်နှစ်ကာကာ ချစ်ရသော ကောင်မလေးတစ်ယောက်အပြင်
အီစီကလီလေးတွေကလည်း အရံထားရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အချစ်ဆိုတာ ဘယ်လိုအရာမျိုးလဲ၊ လူတစ်ယောက်ကို တွေ့မှ အချစ်ဆိုတာ ဖြစ်လာတာလား၊ ဒါမှမဟုတ် အချစ်ဆိုတာ အစတည်းက ကိုယ့်ရင်ထဲမှာ ရှိပြီးသားလား"

သူ့မေးခွန်းကို သူတို့ သူငယ်ချင်းတွေအားလုံး ရုတ်တရက် မဖြေနိုင်ပါ။ သူကတော့ သူမကို တစ်ခါထပ်ကြည့်ပြီး ငေးမိပြန်သည်။ သူမက ဆီချက်လား ရှမ်းခေါက်ဆွဲလား မကွဲပြားသော အရာတစ်ခုကို တူနှင့်သေသပ်စွာညှပ်လျက် ပါးစပ်ထဲသို့ ထည့်နေသည်။ ပြီးတော့ ဣန္ဒြေရှိရှိ ဝါးနေသည်။ ခဏနေတော့ ဟင်းချိုတစ်ဇွန်းကို ခပ်သောက်သည်။ အားလုံးမှာ ကဗျာတစ်ပုဒ်ပဲ ဖြစ်ပါသည်။

"အိုကေ … မင်းတို့ မဖြေနိုင်ဘူးနော်၊ ငါလည်း ငါ့ဘာသာ မဖြေနိုင်ဘူး၊ အချစ်ကိုတွေ့ထားတဲ့ ဖိုးဂျီရော မင်းလည်း မဖြေနိုင်ဘူး မဟုတ်လား"

ဖိုးဂျီကလည်း မျက်လုံးလေး ကလယ်ကလယ်ဖြင့် …

"စဉ်းစားလိုက်ဦးမယ်၊ မေးခွန်းက စိတ်ဝင်စားဖို့တော့ ကောင်းသား"

"အင်း … လောလောဆယ် စိတ်အဝင်စားဆုံးကတော့ သူပဲ"





သူက မိန်းကလေးကို အသာအယာမေးဆတ်ပြလျှင် ဘော်ဒါတွေက လက်မထောင်ပြကာ ဆက်လုပ်ဖို့ အားပေးကြသည်။ သူသည် လက်ဖက်ရည်ကို တစ်ငုံငုံလိုက်ပြီးနောက် အကြည့်တို့ကို သူမထံသို့ တစ်ချက်လွှတ်လိုက်မိပြန်သည်။ ဘယ်အချိန်ကြည့်ကြည့် သူမက ရင်ခုန်စရာ ကောင်းနေဆဲ။ လေတစ်ချက်အဝှေ့မှာ ဆံနွယ်တွေ ဝေ့ဝဲသွားပုံကလည်း ကဗျာတစ်ပုဒ်လိုပဲဖြစ်သည်။

အိုကေ … ကိုယ်တိုင်ရေးကဗျာတစ်ပုဒ်ကို သူ ရင်ခုန်ကြည့်ချင်ပါသေးသည်။ နှလုံးသားသည် လွတ်လပ်ပေါ့ပါးစွာဖြင့် ချစ်ဖို့အဆင်သင့်ဖြစ်နေခဲ့၏။

♥ ❧ ♥



www.burmeseclassic.com

www.burmeseclassic.com



## ဖြေကြည့်ပါ(၂)

အချစ်ဆိုတာ ကိုယ့်ရင်ထဲမှာ အစတည်းက
ရှိနေတဲ့အရာလား။
ဒါမှမဟုတ် ...
လူတစ်ယောက်ကို တွေ့တော့မှ ပေါက်ဖွား
ရှင်သန်လာတဲ့ အရာလား။
သူ့ကြောင့် အချစ်ဆိုတာ ဖြစ်လာတာလား။

♥ ♥



## ၂

ပြောရမည်ဆိုလျှင်တော့ သူမလို အင်မတန်ချောမော လှပသည့် မိန်းကလေးတစ်ယောက်အကြောင်းကို စုံစမ်းရတာဟာ နည်းနည်းတော့ ပျင်းဖို့ကောင်းပါသည်။ တစ်ချက်လောက်တောက် လိုက်တာနှင့် သူမရဲ့ biography ကို အပြည့်အစုံ သိခွင့်ရသည်။ သူမ၏ ကိုယ်ရေးရာဇဝင်မှာ သူ့အတွက်တော့ သိပ်အရေးမကြီးလှပါ။ သူမရဲ့ မိဘတွေက ဘယ်သူဘယ်ဝါ၊ ဘာလုပ်ကြသည်၊ ဘယ်မှာနေသည် စသဖြင့် အဲဒါတွေကို သူ စိတ်လည်းမဝင်စား။ သိလည်း မသိချင်ပေ။ သူမရဲ့နာမည်ကတော့ လှူနှင့်တော်တော် လိုက်ဖက်ညီသည်။

မေကျက်သရေ ဟု အမည်တွင်ပါသည်။ သူမသည် မိုးကို ပြောပြထားလို့ မြန်မာစာမေဂျာ၏ ကွင်း(န်)ဖြစ်သည်။ ကွင်း(န်)တို့၏ထုံးစံအတိုင်း သူမကို ချစ်ခင်ပိုးပန်းသူတွေလည်း

www.burmeseclassic.com



[illegible] သူမအခန်းရှေ့တွင် လာကြည့်သော ယောက်ျားလေး[illegible]သတ်မှာ ခြေချင်းတောင် လိမ်နေသည်ဟု ကြားသိရသည်။ သူမ ဘယ်အခန်းမှာ တက်နေသည်ဆိုတာ သိသွားသော သူငယ်ချင်းတွေကတော့ သူ့ကို တန်းစီစာရင်းထဲဝင်ဖို့ မြှောက်ပေးကြသည်။

"ဟေ့ကောင် ... ကျက်သရေလေး အခန်းရှေ့ကို မသွားဘူးလားကွ"

"အေးလေ ... သွားမယ်လေ၊ ငါတို့လည်း လိုက်ခဲ့မယ်"

"အသာနေကြပါဦးကွာ၊ အေးဆေးပေါ့၊ ဘာဖြစ်လို့ အရေးတွေကြီးနေရတာလဲ"

"အံမာ ... ဒီက စေတနာနဲ့လည်း ပြောရသေးတယ်၊ အရေးမကြီးရအောင် မင်းက ဂဏန်းငြိမ်ပြီးသားမို့လို့လား၊ မျက်လုံးလေးချင်း နှစ်စက္ကန့်လောက် ဆုံဖူးတာနဲ့ အသားလွတ် ဘဝင်မြင့်ပြီး သွေးနာထင် ရောက်နေတယ်"

"ဟုတ်တယ်နော် ဟေ့ကောင်၊ မေကျက်သရေကို လိုက်တဲ့လူတွေက ဒီကျောင်းကတင်ကို မကဘူး၊ ဆေးတွေရော၊ UFL တွေရော အပြင်က လူတွေရော အပုံလိုက်"

"လိုက်စမ်းပါစေကွာ၊ လူချစ်လူခင်ပေါတာ ကောင်းပါတယ်"



"အံမယ် ... အံမယ် အထာတော့ ကျနေပြီ၊ ဘာအထာကြီးလဲ"

"ဘာအထာကြီးမှ မဟုတ်ဘူးလေ၊ ဒီမှာ ယောက်ဖတို့။ မင်းတို့ကို ငါ တစ်ခုပြောပြမယ်၊ အဲဒီလောက် လိုက်တဲ့သူတွေဝိုင်းနေတဲ့ မိန်းကလေးတစ်ယောက်ဟာ လွယ်လွယ်လေးနဲ့ ရည်းစားတစ်ယောက်ကောက်မထားဘူးကွ၊ သိလား၊ မှတ်ထား ...

မင်းတို့ စာမတတ်သေးလို့ သည်းနေကြတာ"

သူ့ရဲ့ ပိုင်ပိုင်နိုင်နိုင် အပြောကို သူငယ်ချင်းတွေက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့်ကြည့်ကာ ...

"ဘာရယ် ... ဘာ ... ဟေ့ကောင် ... မင်းက ရည်းစား ဘယ်နှယောက်ထားဖူးလို့ မိန်းမတွေအကြောင်းကို လက်ချာပေးနေရတာလ"

"အေးလေ ... တခြားလူကို သွားဖိန့်"

သူငယ်ချင်းတွေက သူ့အပြောကို အထင်မကြီးစွာဖြင့် ဘယ်သူကမှ လက်မခံပါ။ သူက အသာရယ်မောရင်းမှ ...

"ဟေ့ကောင်တွေ လက်တွေ့မရှိပေမယ့် စာတွေ့ရှိတယ်ကွ၊ နားလည်လား၊ ညိုမင်း ... မင်း ငါ့စကားကို လက်ခံတယ် မဟုတ်လား၊ မင်းမျက်လုံးတွေက စကားတွေပြောနေတာ ငါ မြင်နေရတယ်"

www.burmeseclassic.com



"အိုကော ... ဝေါ့ရွေ့က နားမလည်တာ"

ပလိန်းကြီး ဖွဲ့လိုက်သော ညိုမင်းရဲ့စကားကြောင့် နိုးဂျိုနင့် မိုးကိုမှာ ရှုးရှုးရဲရဲ ဖြစ်သွားသည်။ သို့သော် သူက အလျှင်အမြန်ပဲ ပွဲထိန်းလိုက်ပါသည်။

"ဒီလိုကွ။ လူကြိုက်အရမ်းများတဲ့ မိန်းကလေးတစ်ယောက်ဟာ သူ့ကို လူတွေက ဝိုင်းကြိုက်တာကို သိစိတ်ကဖြစ်စေ မသိစိတ်ကဖြစ်စေ ဂုဏ်ယူတတ်ကြတယ်၊ အဲဒါကို သူတို့ရဲ့ တန်ဖိုးတစ်ခုအနေနဲ့ ထားတယ်၊ ကျေနပ်တယ် ...

ပြီးတော့ ယောကျ်ားတွေဆိုတာကလည်း ဒီမိန်းကလေးကို Without မို့သာ ဝိုင်းအုံ ကြိုက်နေကြတာလေ၊ လိုင်စင်ရှိတယ်ဆိုရင် ဘယ်သူက တိုးတော့မလဲ ...

ဒါကို သူတို့ကလည်း သိတယ်။ ဒီတော့ အဲဒီဂုဏ်ကို ထိန်းတဲ့အနေနဲ့ အဲဒီလိုဆေါပြုလာဖြစ်တဲ့ လူတစ်ယောက်ဟာ ရည်းစားမထားတာ များတယ် ...

နောက်တစ်ခုက ငါးများတော့ ဟင်းဟုန်တဲ့သဘော ပေါ့ကွာ၊ ရွေးစရာများတော့ ဘယ်ဟာကိုရွေးရမှန်း မသိတော့ တာလည်း ပါတယ်၊ လူ့သဘာဝက တစ်ခုကနေ နှစ်ခုရွေး ရွေးရတာ များလာရင် ရွေးရခက်တယ်လေ၊ အဲဒီသဘော ပဲ"





သူ့စကားအဆုံးတွင် သူငယ်ချင်းတွေက တအံ့တသြဖြင့် ခေါင်းကျေညိတ်ကာ လက်ခံကြလေသည်။

"ဘယ်ဆိုးလို့လဲကွ၊ မင်း ပြောတော့လည်း ဟုတ်သလိုလိုပဲ"

"ဟုတ်သလိုလို လုပ်မနေနဲ့ ယောက်ဖ၊ အဲဒီအတိုင်းကို ဟုတ်နေတာ၊ တွေးကြည့်ရင် အဖြေဆိုတာ နီးစပ်တာ လောက်တော့ ထွက်လာတာပဲကွ"

"အေးပါ၊ အဲဒီတော့ မင်းက ဘာဆက်လုပ်ဖို့ စိတ်ကူးထားလဲ၊ သူ့အနားကို ဝိုင်းနေတဲ့ လူအုပ်ထဲကို မတိုးဘူးပေါ့ ဟုတ်လား"

"နီးစပ်လာပြီ"

"ဟေ ... မတိုးတော့ မင်းက ဘယ်လိုလုပ်ပြီး သူနဲ့"

သူမ မျက်စိတစ်ဖက်ကို အသာမှိတ်ပြလိုက်ကာ ...

"လူတွေမှာ သဘာဝလေးတွေ ရှိတတ်တယ်ကွ၊ အဲဒီသဘာဝလေးအတိုင်းပဲ ငါက ရိုးရိုးလေးနေသွားမှာပါ၊ အကြောင်းအရာတစ်ခုဟာ အချိန်မကျရင် ဘာမှလုပ်လို့မရဘူး၊ အဲဒါ သီအိုရီပဲ"

"ကဲ ... စောင့်ကြည့်ကြမယ်ကွာ၊ တစ်ခုတော့ မေးမယ်၊ မင်း မေတ္တာကျက်သရေကို ချစ်သွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



သူက မျက်ခုံးနှစ်ခုကို တွန့်ချိုးမိကာ လေးလေးနက်နက် စဉ်းစားဟန်ဖြင့် ...

"အချစ်ဆိုတာ ငါ တစ်ခါမှ မခံစားဖူးသေးတော့ မသိသေးဘူး၊ မပြောတတ်ဘူး၊ ဒါပေမဲ့ သူ့ကို စိတ်တော့ဝင်စားတယ်၊ ယောကျ်ားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို တွေ့တွေ့ချင်းမှာ အရမ်းစိတ်ဝင်စားသွားတာ၊ အရမ်းကြိုက်သွားတာ၊ အရမ်းစွဲလမ်းသွားတာ၊ အရမ်းငြိသွားတာ အမျိုးမျိုးပြောကွာ၊ ငါ လက်ခံနိုင်တယ် ...

မြင်မြင်ချင်းချစ်တယ်ဆိုတာကိုတော့ သိပ်လက်မခံချင်ဘူး၊ မြင်မြင်ချင်းကြိုက်တယ်ဆိုတာကို လက်ခံတယ်၊ စိတ်ဝင်စားတယ်၊ ဆက်ပတ်သက်မယ်၊ ပြီးတော့မှ အချစ်တစ်ခုဖြစ်လာမယ်၊ အဲလိုပဲထင်တယ်၊ စိတ်ထဲမှာတော့ ရှိတာပေါ့၊ ဒီတစ်ယောက်ကို ငါ ချစ်မိတော့မလား ဆိုတာမျိုးက ..."

ဒီနေရာမှာတော့ ဖိုးဂျိုက သူ့စကားကို အပြည့်အဝထောက်ခံပါသည်။

"ဟုတ်တယ်ကွ၊ ငါ့တုန်းကလည်း ငါ့ကောင်မလေးကို တွေ့တွေ့ချင်း သဘောကျသွားတာ၊ ကြိုက်သွားတယ်ပေါ့ကွာ၊ ကြိုက်တော့ သူနဲ့ ခင်မင်အောင်လုပ်၊ နီးစပ်အောင်လုပ်၊ တစ်ပတ်ဆယ်ရက်လောက်ကြာတော့မှ ချစ်တယ်ဆိုတဲ့ဖီလင် ဝင်လာတာ ...

စစချင်းဆုံးမှာတော့ ချစ်တယ်ဆိုတာ မပီပြင်သေးဘူး၊ ဒါပေမဲ့ စိတ်ထဲမှာ သူက ရှိတော့ရှိနေပြီ၊ တဖြည်းဖြည်းနဲ့ ချစ်တယ်ဆိုတာ သေချာလာတာ၊ ခိုင်မာလာတာ၊ ဒီတော့မှ သူ့အချစ်ကို လိုချင်တယ်ဆိုတာ ဖြစ်လာတာ"

"အားပါး ... ဆရာကြီးတွေပါလား၊ အချစ်ဗေဒဆရာတွေ၊ ကဲပါကွာ မင်းရဲ့ဖလော်တွေနဲ့ မေကျက်သရေရဲ့အလှအပတွေကို စိတ်ဝင်စားပါတယ် ...

ဆွတ်ပျံ့ဖွယ်ကောင်းတဲ့ အချစ်ဇာတ်လမ်း တစ်ပုဒ်ကို ကြည့်ရတော့မှာလို့ ရင်တောင် ကြားထဲက ခုန်လာတယ် ...

မျှော်လင့်နေပါတယ် သူငယ်ချင်း၊ အံချိန်မြန်မြန်ကျပါစေ"

သူက ဘာမှမပြောဘဲ အသာအယာ ပြုံးနေခဲ့သည်။ မျက်လုံးထဲမှာလည်း သူမရဲ့ပုံစံကို ဖျတ်ခနဲ မြင်ယောင်လာမိသည်။ သူမကို တစ်နေ့က ကန်တင်းမှာတစ်ခါ၊ ကျောင်းရှေ့မှာတစ်ခါ၊ မြန်မာစာဘက်သို့ ဘာကိစ္စလဲနဲ့မသိ (သူမဆီ သွားကြည့်တာတော့ မဟုတ်) ရောက်တုန်းကတစ်ခါ သုံးခါတည်း တွေ့ဖူးသေးတာဖြစ်





www.burmeseclassic.com

www.burmeseclassic.com



သည်။ ကံကောင်းထောက်မစွာပင် အဲဒီသုံးခါစလုံးမှာ သူသည် သူမနှင့် မျက်ဝန်းချင်းဆုံခွင့်ကို လက်ဆောင်ရခဲ့သည်။

ကိုယ်စီမျက်ဝန်းတွေထဲက ထွက်လာသော အလင်းရောင်တွေချင်း လမ်းမှာ ပွတ်တိုက်ထိခတ်သံတွေမှာ နှလုံးသားထဲ၌ မိုးခြိမ်းသံတွေလို ညံသွားသော်လည်း အဲဒီအသံတွေမှာ နားကြပ်နှင့် MP3နားထောင်နေသူလို ကိုယ်တစ်ယောက်တည်းသာကြားနိုင်သည့် အသံမျိုးဖြစ်သည်။ သေချာတာကတော့ စက္ကန့်လောက်သာကြာသည့်အချိန်ပိုင်းမှာ သူမရဲ့ မျက်ဝန်းအိမ်ထဲ၌ သူ ရောက်သွားခဲ့သည်ဆိုတာကို တွေးကြည့်ခြင်းဖြင့် သိနိုင်ခဲ့သည်။

♥ ❧ ♥



အဲဒီနေ့က သူနဲ့ သူမတို့ရဲ့ တွေ့ဆုံမှုမှာ နည်းနည်းတော့ ရုပ်ရှင်ဆန်နေခဲ့သည်ဟု ပြော၍ရသည်။ သူက အတန်းတစ်ခုတက်ပြီးနောက် သွားစရာကိစ္စရှိသဖြင့် အိမ်ပြန်ဖို့ ကစ်ယောက်တည်း ထွက်လာခဲ့သည်။ ဒီအချိန်က နေ့လယ်ခင်း ထမင်းစားချိန်အပြီး အားလုံးအတန်းပြန်တက်ချိန်မို့ ကျောင်းဝင်းထဲ၌ လူနည်းနည်း ရှင်းနေသည်။ သူက ကော်ရစ်တာတစ်ခုကို ချိုးကွေ့လိုက်စဉ်မှာပဲ သူ့ရှေ့ခပ်လှမ်းလှမ်းမှ အခြေအနေမဟန်သော အတွဲတစ်တွဲကို သွားတွေ့ရသည်။ ပထမတော့ အမှုမဲ့အမှတ်မဲ့ ကွေ့ရှောင်သွားမလို့ မြင်သော်လည်း ဘယ်လိုအာရုံက စေဆော်သလဲတော့ မပြောတတ်။

သူ့မျက်လုံးတွေသည် အတွဲထဲက မိန်းကလေးထံသို့ ရောက်သွားသည်။ မိန်းကလေးကလည်း သူ့ထံသို့ အကြည့်ရောက်လာသည်။ အဲဒီအကြည့်နှစ်ခု ပေါင်းဆုံပြီး ဖြတ်သန်းချိန်ဟာ ဘယ်လောက်မှကြာသည်ဟုမထင်ရပါ။ သို့သော် သူသည် သူမရဲ့

www.burmeseclassic.com

www.burmeseclassic.com



မျက်ခန်းထဲသို့ ကြည့်မိသည့်အခိုက်မှာပဲ သူမ ဘာအခက်အခဲဖြစ်နေတယ်ဆိုတာကို ချက်ချင်းရိပ်မိသွားသည်။ သူမ ဒုက္ခရောက်နေပါသည်။ အလိုမတူဘဲ ရည်းစားစကား အပြောခံရခြင်းဖြစ်သည်။ ဒီလိုဆိုတော့ အလိုတူအလိုပါ ရည်းစားစကား အပြောခံရတယ်ဆိုတာက ဘယ်လိုလဲဟု မေးစရာအကြောင်းရှိသည်။ ဒါကတော့ နောက်မှပဲ ရှင်းပြပါတော့မည်။

သူမတို့အတွဲနားသို့ ရောက်သွားသော သူ့ခြေလှမ်းတွေမှာ နည်းနည်းတော့ တုံ့သွားသည်။ ဒီလိုပဲ သူ့ကို လှမ်းကြည့်သော သူမရဲ့အကြည့်တွေမှာလည်း တစ်ခုခုကူညီပါဦး ဟူသော အရိပ်သင်္ကေတတွေ ပြေးနေပါသည်။ သူမဘေးက သကောင့်သားကလည်း သူ့ကို ဘာလဲဟူသော အထာဖြင့်ကြည့်သည်။ အဲဒီအကြည့်ကြောင့် သူ့မျက်နှာ နည်းနည်းမာသွားသည်။ ပြီးတော့ သူ့ပါးစပ်မှ မရည်ရွယ်သော စကားတစ်ခွန်းက လွတ်ခနဲထွက်သွားပါသည်။

"ဘာဖြစ်နေတာလဲ မေလေး"

အဲဒီအပြောကြောင့် သူမရဲ့မျက်လုံးမှ ရောင်စဉ်တချို့ ဖျတ်ခနဲလင်းသွားသည်။ ဟိုငနဲသားကလည်း သူ့ကို နည်းနည်းရှိန်သွားသောအကြည့်ဖြင့် ကြည့်ပါသည်။ အဲဒီအကြည့်ကိုရတော့မှပဲ သူသည် အသက်ပြန်ဝင်လာသူလို နည်းနည်းတုန်လှုပ်သွားသည်။





ဘာတဲ့ ... သူ့ပါးစပ်က ထွက်သွားတာ မေလေးတဲ့။ အများသူငှာ ခေါ်သလို ကျက်သရေမဟုတောင် မဟုတ်။ သူမသာ မလည်လျှင် သူ ကောင်းကောင်းကြီး သေဖွယ်ရာရှိတော့သည်။ အို ... မိန်းကလေး။ ဒီကလည်း မင်းရဲ့အကြည့်ကြောင့် ဒီလိုခေါ်ဖြစ်သွားတာပါ။

သူမရဲ့မျက်နှာက သုန်သုန်မှုန်မှုန် ဖြစ်သွားလျက် မြင်တဲ့အတိုင်းပဲလေဟု ပြောပြနေသလိုပဲဖြစ်သည်။ သူမ မျက်နှာကို တစ်ချိန်လုံး အကဲခတ်နေသော ဘေးကကောင်သည် အဲဒီမျက်နှာကြောင့် သူ့ကို နည်းနည်းရှိန်သွားဟန်တူသည်။ ပြီးတော့ ဘာဆက်လုပ်ရမှန်း မသိသလိုလို ဖြစ်သွားသည်။ သူလည်းပဲ ဘာဆက်လုပ်ရမှန်း မသိပါ။ မသိဆို သူမက ဘာမှ မပြောသောကြောင့်ဖြစ်သည်။ သူ့မျက်ခုံးက နည်းနည်းရှုံ့သွားလျှင် သူမက သတိဝင်လာသလိုဖြင့် ...

"နင် ပြန်တော့မလို့လား"

"အင်း"

"ငါလည်း ပြန်မလို့"

အဲဒီစကားသည် ဘေးနားက သူကောင်းသား၏ ခြေလှမ်းတွေကို နောက်ကျန်ရစ် ဖြစ်သွားစေသည်။ "ငါလည်း ပြန်မလို့"ဟူသော စကားက သူတို့နှစ်ယောက်၏ ခြေလှမ်းတွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ဘယ်ညာညိုပေးလိုက်သလို ညီညာသွားစေသည်။ တိုင်ပင်ထားခြင်းမရှိသော ခြေလှမ်းများဖြင့် သူတို့နှစ်ယောက်သည် ကော်ရစ်တာအတိုင်း လျှောက်လာခဲ့ကြသည်။ ဟို အူကြောင်ကြောင်ငနဲကတော့ ဘာလုပ်ရမှန်းမသိသူလို နောက်မှာ ကျန်ရစ်ခဲ့လေသည်။ ကော်ရစ်တာထောင့်ချိုးသို့ရောက်လျှင် သူက တာဝန်ကျေသည့်သဘောဖြင့် ခြေလှမ်းတွေကို နည်းနည်းတုံ့ကာ သူမကို ငဲ့ကြည့်ဖြစ်သည်။ သူမကလည်း ကျေးဇူးတင်သော အကြည့်များဖြင့် သူ့ကို မော့ကြည့်လာပါသည်။ သူမရဲ့အရပ်သည် ခြောက်ပေရှိသော သူ့အရပ်ရဲ့ပခုံးသာသာ အနေအထားကို မီသည်။ သူမစီးထားသော ဖိနပ်မှာ အနည်းဆုံးတော့ နှစ်လက်မခွဲ မြင့်လောက်ပါသည်။

သူက သူမရဲ့မျက်ဝန်းများထဲသို့ တည့်တည့်ငုံ့မိုးကြည့်ကာ ...

"အဆင်ပြေရဲ့လား"

"ဟုတ် ... ကျေးဇူး"

"ရပါတယ် ... ဆောရီးနော်"

သူမက နားမလည်သလို မျက်လုံးဝိုင်းများဖြင့် မော့ကြည့်ကာ ...

"ဘာကိုပြောတာလဲဟင်"





"ဩော် ... ခပ်တည်တည်နဲ့ မေလေးတွေ ဘာတွေ လျှောက်ခေါ်ပစ်လိုက်တာကိုပါ ... ဟက် ... မင်းကတော့ ထင်မှာပဲနော်၊ ကြောင်လိုက်တာလို့"

သူမက သူ့အပြောကို အသံအယာ ပြုံးသည်။ အဲဒီအပြုံးတွင် သူ တကယ်ပဲ ဒေးခနဲဖြစ်သွားသည်။ တခြားသူတစ်ယောက်ကို ပြုံးပြရင်တောင် ကြားထဲက ကိုယ်စားဝင်၍ ရင်ခုန်ရသော အပြုံးမျိုးကို သူမက ကိုယ်တိုင်ကိုယ်ကျ မှုပိုင်နှင်းအပ်လာသောကြောင့် သူ တကယ်ပဲ မျောသွားရသည်။ ဒီအပြုံးကို အသေအလဲ ရူးသွပ်နေကြသော သူကောင်းသားများကို သူက ကုပ်ကနေဆွဲခေါ်၍ ပြလိုက်ချင်ပါသည်။

"မထင်ပါဘူး၊ ဒီလိုမှ မဟုတ်ရင်လည်း အဲဒီတစ်ယောက်က လွယ်လွယ်နဲ့ကျန်ခဲ့မယ့်သဘော မရှိဘူးလေ ...

ဒါနဲ့ သူက တို့နာမည်ကို သိနေတယ်"

"ဩော် ... မြန်မာစာကွင်း(န်)ပဲဗျာ၊ သိတာပေါ့"

သူ့အပြောကြောင့် သူမက နှစ်လိုစွာပြုံးပြသည်။ ဒီအပြုံးသည် သူ့ကိုလည်း အသိအမှတ်ပြုချင်စိတ်ရှိသော အပြုံးဆိုတာ သိသောကြောင့် သူ့ကိုယ်သူ မိတ်မဆက်နိုင်လောက်သည် အထိလည်း သူက မာနမကြီးခဲ့ပါ။

"ကိုယ်က မင်းဂနိုင်ပါ၊ Maths ကပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဟုတ် ... မှတ်ထားပါ့မယ်"

"မှတ်ထားပြီး မတွေ့ချင်ယောင် ဆောင်တော့မယ်ပေါ့"

"ဟယ် ... အဲဒီလိုမဟုတ်ပါဘူး၊ နောက်တွေ့ရင် နှုတ်ဆက်ပါ"

"သြော် ... တော်သေးတာပေါ့၊ အခု ဘယ်သွားမှာလဲ၊ ဟို တစ်မျိုးမထင်နဲ့နော်၊ အကူအညီလိုရင် ထပ်ကူညီမလို့ပါ၊ သူငယ်ချင်းတွေ ဘာတွေ မပါဘူးလားလို့ပါ"

"ဟင့်အင်း ... သူငယ်ချင်းတွေက အတန်းတက်နေတယ်၊ ကျွန်မက ခေါင်းကိုက်နေလို့ အိမ်ပြန်နားတော့မလို့ပါ"

"သြော် ... ခေါင်းကိုက်ပါတယ်ဆို၊ ခေါင်းကိုက်တိုးအောင် ထပ်လုပ်တဲ့သူနဲ့ တွေ့နေတာပေါ့၊ အင်း ... အန္တရာယ်တွေ ကလည်း ဝိုင်းဝိုင်းလည်နေတယ်နော် ...

အိုကေ ... ကားပါကင်ကို သွားမှာမဟုတ်လား။ ကိုယ်လည်း ပြန်မှာပဲလေ"

သူမက ဟုတ်လားဆိုသော သဘောဖြင့် ခေါင်းတစ်ချက်ငုံ့ကာ ပြုံးပြသည်။ အဲဒီအပြုံးသည် ရင်ဘတ်ချင်းညှိလိုက်သောအပြုံးမျိုးမို့ သူ့ရင်ထဲသို့ တည့်တည့်ရောက်သွားသည်။ သူနှင့်သူမသည် ကားပါကင်ရှိရာဘက်သို့ အတူတူလျှောက်လာရာ လမ်းတစ်လျှောက်မှာ ပန်းတွေ လိုက်ပွင့်ပေးနေသလိုခံစားရသည်။





ပတ်ဝန်းကျင်က လူတချို့ ကွက်ကြည့် ကွက်ကြည့်လုပ်နေတာကို မြင်ရသောအခါ သူက နည်းနည်းကျေနပ်သည့်စိတ်မျိုး ဖြစ်ရသော်လည်း သူမ ဘယ်လိုများနေမှာပါလိမ့်ဟူသော အသိဖြင့် ငုံ့ကြည့်သည်။ သူမကလည်း သိပ်ထူးခြားခြားမရှိပါ။ နာမည်ကြီးတို့၏ ထုံးစံအတိုင်း နေတတ်သည်ဟု ပြောရမည်ဖြစ်သည်။

"အိမ်က လာကြိုမှာလား"

သူ့ရဲ့အမေးစကားကို သူမက ခေါင်းညိတ်ပြသည်။ လှမ်းမြင်နေရသော ကားပါကင်ကို တစ်ချက်လှမ်းကြည့်ကာ သူမကိုယ်တိုင်သူမ ပြောသလိုလိုဖြင့် မရောက်သေးဘူးထင်တယ်ဟု တိုးတိုးရေရွတ်သည်။ သူက ဘာဆက်ရမယ်မှန်းမသိဘဲ ဖြစ်လို့သွားသည်။ သူမကိုပဲ ဆက်စောင့်နေရမှာလား၊ သူ့ဟာသူပဲ ထွက်ရမလားဆိုတာ ရုတ်တရက် ဝေခွဲလို့မရ။ သူကတော့ ကားမပါပါ။ ကျောင်းဝင်းအပြင်ဘက်သို့ထွက်၍ ကားငှားစီးသွားရမည်ဖြစ်သည်။

သူမက သစ်ပင်ရိပ်လေးတစ်ခု၌ ခြေစုံရပ်လိုက်လျှင် သူပါ ရောယောင်ပြီး ရပ်ပြီးသား ဖြစ်သွားလေသည်။

"ဟို ... ဘယ်လိုလုပ်မလဲဟင်၊ ကိုယ်ရော စောင့်ပေးရဦးမလား"

"အချိန်ရရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ရပါတယ်၊ မဟုတ်ဘူး၊ ကိုယ်က မင်းကို အားနာနေလို့လား"

"အင်း ... တို့လည်း သူ့ကို အားနာနေလို့"

အဲဒီစကားကြောင့် သူက သူမကို ရွှန်းလဲ့စွာ ပြုံးကြည့်မိသွားသည်။ သူမကလည်း သူ့ကို ပြုံးပြုံးလေးကြည့်ကာ ခေါင်းတစ်ချက် ဆတ်ပြသည်။ အဲဒီတစ်ခဏတွင်းမှာပဲ သူတို့နှစ်ဦးကြားထဲ၌ နားလည်မှုဆိုသော အရာလေးက ဖြတ်စီးဆင်းသွားသည်ဟုထင်ရသည်။ သူက သစ်ပင်ရိပ်အောက်က ခုံတန်းပြာလေးကို မေးဆတ်ပြရင်းမှ ...

"ထိုင်လေ၊ ကိုယ် စောင့်ပေးပါ့မယ်"

သူမက ခေါင်းတစ်ချက် ညိတ်ပြပြီးနောက် ခုံမှာ ဝင်ထိုင်သည်။ ပြီးတော့ အိတ်ထဲမှဖုန်းကို ထုတ်ကာ တစ်နေရာသို့ ဆက်သည်။ ပြောပုံဆိုပုံတွေကို နားထောင်ရပုံထောက်တော့ သူ့အိမ်ကို ဆက်တယ်ဆိုတာ သိသာပါသည်။

"ကားသွားပြီလား မေမေ၊ အင်း ... မရောက်သေးလို့၊ အင်း ... အင်း ... ဒါပဲနော် ဟုတ် ... ဟုတ်ကဲ့"

သူမက ဖုန်းကိုပိတ်ကာ သူ့ကို မော့ကြည့်သည်။ သူက အဆင်ပြေပါတယ်ဟူသော သဘောမျိုးဖြင့် သူမကို ပြုံးပြမိသည်။ သူမက အာနာပြုံးလေး စွက်စွက်ဖြင့် ...





"ကားကတော့ အိမ်ကထွက်သွားပါပြီ၊ ရောက်တော့မယ်နဲ့ တူတယ်၊ သူ ကိစ္စရှိရင်လည်း သွားလေ၊ ရပါတယ်"

"ကိုယ်က ပြဿနာမရှိပါဘူး၊ ဘယ်လိုပဲဖြစ်ဖြစ် ရတယ်၊ မင်းအမေ ဆူမှာကြောက်ရင်တော့ တစ်မျိုးပေါ့"

"အို ... မဆူပါဘူး၊ ဘာမဆိုင် ညာမဆိုင်"

သူမက မျက်ခုံးရှုံ့ရှုံ့လေးနှင့်ပြောလျှင် သူက အဲဒီပုံစံလေးကိုကြည့်ကာ သဘောကျသွားသည်။ အင်း ... သဘောကတော့ အစောကြီးတည်းက ကျပြီးသားပါ။ လူချင်းနီးကပ်သွားသောအခါ ပိုပြီး သဘောကျသွားတာဖြစ်သည်။ အနီးကပ်ကြည့်လေလေ ငေးမဝချင်စရာ ကောင်းလေလေဖြစ်သော မျက်နှာတစ်ခုကို ဘယ်ယောကျ်ားလေးကများ သဘောမကျဘဲ နေမှာတဲ့လဲ။ သူမကို ယော ်ျားလေးတွေ ဘာကြောင့် သဘောကျရသလဲဆိုသည့်အဖြေကို သူ ဒီနေ့ ရှာဖွေတွေ့ရှိသွားပြီဖြစ်သည်။

သူမက ချောတာလှတာအပြင် နူးညံ့သိမ်မွေ့သော မိန်းမတစ်ယောက်၏ အသွင်သဏ္ဌာန်ကို ဆောင်သောကြောင့်ဖြစ်သည်။ သွားလာလှုပ်ရှားမှု မှန်သမျှသည် နူးညံ့သိမ်မွေ့ခြင်းတို့ဖြင့် အတိပြီးနေသည်။ ဒေါသထွက်ရင်တောင် နူးနူးညံ့ညံ့လေးနှင့် ဒေါသထွက်နေမည့်ပုံမျိုးဖြစ်သည်။ အဲဒီပုံစံလေးကိုလည်း သူ ခြင်ဖူးချင်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ ... ဒါဆိုလည်း မင်းအိမ်က ကားရောက်တဲ့အထိ ကိုယ် စောင့်ပေးပါ့မယ်၊ ကိုယ်က မင်းအတွက် အားလုံး စဉ်းစားပေးပြီး ပြောတာပါ ...

ဒီနေရာမှာ မင်းနဲ့အတူ ကိုယ့်ကို တွဲတွေ့တော့ မင်းအတွက် ရှော့တွေ ဘာတွေ ရှိနေမှာစိုးလို့"

သူ့အပြောကို သူမက တစ်ချက် မော့ကြည့်ကာ ဘာမှ ပြန်မပြော။ ရှော့မရှိပါဘူးတွေ ဘာတွေ မဖြေရှင်းပုံထောက် သူမလည်း စာနည်းနည်းတတ်သည်ဟု ယူဆ၍ရသည်။ အဲဒီအချိန်မှာပဲ သူမရဲ့အိတ်ထဲမှ ဖုန်းမြည်သံတစ်ခု ထွက်ပေါ်လို့လာသည်။ သူမက ဖုန်းကို ထုတ်ကြည့်ပြီးတော့ မကိုင်ပါ။

"ပြောပါ ကိုယ် ရှိနေလို့လား၊ ဟိုဘက်ခဏသွားပေးရမလား"

"အို ... မဟုတ်ပါဘူး၊ ဒီအတိုင်း မကိုင်ချင်လို့ မကိုင်တာပါ"

ဖုန်းမြည်သံက ထွက်ပေါ်လာသည်။ ဒီတစ်ခါတော့ သူမက Silence လုပ်ထားလိုက်သဖြင့် အသံထွက်မလာတော့။ သူက သူမကို ပင့်သက်တစ်ချက်ရှိုက်ပြီးကြည့်မိကာ ...

"မင်းလည်း မင်းသမီးတွေလောက်နီးနီး စိတ်ညစ်ရမှာပဲနော်၊ အင်း ... အဲဒါပေါ့၊ အရာတစ်ခုမှာ Side effect တွေကတော့ ရှိတတ်စမြဲပဲဆိုတာ။ သိပ်လှတော့လည်း ဒီလို စိတ်ညစ်စရာတွေ တွေ့ရတာပေါ့"





"ဟုတ်တော့ ဟုတ်တယ်"

သူမက အဲဒီစကားကိုတော့ တွေးတွေးဆဆဟန်ဖြင့် ပြန်ပြောသည်။ သူက သူမရဲ့မျက်နှာလေးကို တစ်ချက်ငုံ့မိုးကြည့်ကာ ...

"ဒါပေမဲ့ သူငယ်ချင်းတွေပါရင်တော့ ကြောက်စရာမရှိပါဘူး၊ ဟုတ်တယ်မှလား"

"အဟင်း ... ဟုတ်တာပေါ့"

သူမက သူ့ကို ပြန်မော့ကြည့်ရင်း ပြုံးပြုံးလေးဆိုသည်။ အဲဒီလိုမော့ကြည့်ပုံလေးဟာ သူ့ရင်ထဲကို ဘယ်လိုဖြစ်မိသွားစေသလဲတော့ မပြောတတ်ပါ။ သူမလို မိန်းကလေးတစ်ယောက်က သူ့ကို မော့ကြည့်တယ် ဟူသော ကိစ္စသည် ဘာမှ ဂုဏ်ယူဖွယ်ရာကောင်းသော ကိစ္စတစ်ခု မဟုတ်ပါဘဲနဲ့ကို သူ့အတွက် ဂုဏ်ယူချင်စရာကောင်းနေသည်။ သူက ပြုံးပြီး ငေးကြည့်နေတုန်းမှာပဲ သူမရဲ့အကြည့်က တစ်နေရာသို့ ရောက်သွားကာ ...

"ဟော ... ကားတောင် ရောက်လာပြီ"

သူက ကားသမားကို စိတ်ထဲမှ တစ်ချက်ကျိန်ဆဲမိသည်။ ကားသမားဟာ ဘာကြောင့် မြန်မြန်မောင်းလာတာပါလိမ့်။

သူမက အိတ်ကိုလွယ်လျက် ထိုင်ရာမှထကာ သူ့ကို ကျေးဇူးတင်သော အပြုံးတစ်ချက်ဖြင့်ကြည့်သည်။ ပြီးတော့ နူးညံ့ချိုသာသည့်စကားကို ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... သွားဦးမယ်နော် မင်း ဂ နိုင်။ ဟုတ်တယ်နော်၊ ကျောင်းသူကျောင်းသား အချင်းချင်းဆိုတော့ ကို တပ်မခေါ်တော့ဘူး ...

ဖြစ်တယ် မဟုတ်လား"

ဘာကြောင့်မဖြစ်ရမှာလဲ။ သူကလည်း ကျောင်းသူကျောင်းသားအချင်းချင်း သူမကို ခပ်စိမ်းစိမ်း မဆက်ဆံချင်ပါ။

"ရပါတယ်၊ မင်းဂနိုင်ထက် တိုတိုတုတ်တုတ် ခေါ်ချင်ရင် ဂနိုင်ပေါ့၊ ကိုယ်ကလည်း မင်းကို မေလေးလို့ ခေါ်လို့ဖြစ်မလား"

သူမ မျက်ခုံးတစ်ချက်တော့ ပင့်သွားသည်။ ပြီးတော့မှ တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်လိုက်သော အပြုံးမျိုးဖြင့် ခေါင်းတဆတ်ဆတ် ညိတ်ပြပါသည်။

"အိုကေ ... ဖြစ်ပါတယ်၊ ကဲ ... ကျွန်မကို ခွင့်ပြုဦးနော်။ စောင့်ပေးတဲ့အတွက် သင့်ခ်ယူ"

သူက နှုတ်ဆက်သည့်သဘောဖြင့် လက်ချောင်းလေးများကို လှုပ်ခတ်ပြကာ နဲ့ဗားမိုင်းဟု ပြန်ပြောမိသည်။ သူမက ခေါင်းတစ်ချက် ဆတ်ပြီးနောက် သူ့ရှေ့က အသာအယာထွက်ခွာကာ မလှမ်းမကမ်းတွင်ရပ်ထားသော အစိမ်းပုပ်ရောင် MARK II ကားကြီးထဲသို့ လျှောက်သွားလျက် ကားနောက်ခန်းထဲသို့ ဝင်ထိုင်လိုက်သည်။





သူမ ထိုင်ပြီးသည့်အချိန်မှာပဲ ကားကြီးက ငြိမ့်ခနဲပင် မောင်းထွက်သွားလေသည်။ ကားမှန်တွေက မည်းနေတာမို့ နောက်ခန်းထဲမှ သူမသည် သူ့ကို ငေးနေခဲ့သလား၊ မငေးနေခဲ့ဘူးလား ဆိုတာတော့ သူမကလွဲပြီး ဘယ်သူမှ သိမည်မထင်ပါ။ သူမရဲ့ကားက သူ့မြင်ကွင်းရှေ့တွင် ပျောက်ကွယ်သွားလျှင် သူသည် လေတစ်ချက်ချွန်ကာ ဘောင်းဘီထဲ လက်နှိုက်လျက် အေးအေးဆေးဆေးပဲ လျှောက်လာခဲ့သည်။

သူမဟာ တက္ကသိုလ်ကျောင်းရဲ့ ငွေလမင်းလေးတစ်စင်းဖြစ်သည်။ သူသည် အဲဒီ လမင်းလေးရဲ့အနားကို တမင်တကာ ရည်ရွယ်ချက်တွေနဲ့ ရောက်အောင်သွားခဲ့တာတော့ မဟုတ်။ လောကကြီးမှာ သူ မနှစ်သက်ဆုံးကိစ္စက ပြုပြင်ဖန်တီးထားသော ကိစ္စများဖြစ်သည်။ သူမနှင့် ဆုံတွေ့ခွင့်ရခြင်း၊ မမျှော်လင့်ဘဲ ခင်မင်ခွင့်ရသွားခြင်းများသည် ပြုပြင်ဖန်တီးယူထားသော ကိစ္စရပ်များ မဟုတ်သည့်အတွက် သူ တကယ်ပဲ ကျေနပ်လို့နေတာကိုတော့ ဝန်ခံရပါမည်။

♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## ဖြေကြည့်ပါ(၃)

လူတစ်ယောက်ကို ကြိုက်ပြီးမှ ချစ်တာလား၊
ဒါမှမဟုတ် ...
ချစ်ပြီးမှ သူ့ကို ကြိုက်သွားတာလား ...။
အကြိုက်နဲ့ အချစ်က ဘယ်ဟာက အရင်ဖြစ်သလဲ။
ဘယ်လိုရော ဆက်စပ်နေတယ်လို့ ထင်သလဲ ...??။

♥ ❧ ♥



## ၃

"ဟား ... ဒါဆို မင်းက ရေလည်လန်းနေတာပေါ့၊ မိုက်တယ်ကွာ၊ တခြားလူတွေထက်ကို မင်းက သာသွားတာပေါ့၊ ဟုတ်လား"

သူက ဖိုးဂျီရဲ့ အားတက်သရောအပြောကို လက်ဖက်ရည်တစ်ကျိုက် ငုံရင်းမှ အသာပြုံးကာ ဘာမှ ပြန်မပြောမိချေ။ တစ်နေ့တုန်းက မေကျက်သရေနှင့် ဆုံခဲ့သည့်အကြောင်းကို သူငယ်ချင်းတွေအား ပြန်ပြောပြနေသောကြောင့် သူငယ်ချင်းတွေက သူ့ကို Bravo ပေးနေကြခြင်း ဖြစ်ပါသည်။

"သာတယ်လည်း မဟုတ်ပါဘူးကွာ၊ ဒီလိုပါပဲ"

သူ့ရဲ့ ဘာမှ မဖြစ်သလို အပြောလေးကို မိုးကိုက ... မဲ့ပြကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ဘာမှမဖြစ်သလို အထာလေးနဲ့တော့ လာခြေပြမနေနဲ့၊ ရင်ထဲက ကုလားဘုရားပွဲ လှည့်သလို တဒိန်းဒိန်းနဲ့ ကျေနပ်နေတယ်ဆိုရင်လည်း ကျေနပ်နေတယ်ပြော၊ စိတ်ထဲမှာတော့ ပီတိတွေဖြာပြီး အီးအီးတွေ ပါနေတယ် မဟုတ်လား"

"ဟား ဟား ဟား ... မင်းတို့ကောင်တွေကွာ၊ ဒီလောက်လေးနဲ့ ငါက ဒီလိုဖြစ်စရာလား၊ မင်းတို့ပြောနေတာ ယောက်ျားသိက္ခာ ကျလိုက်တာ"

"ဟော့ကောင် သူက ကြိုက်တဲ့သူ ဝိုင်းဝိုင်းလည်နေတဲ့မိန်းကလေးလေကွာ၊ သူနဲ့ခင်ဖို့ဆိုတာ ယောက်ျားလေးတော်တော်များများ ကြိုးစားနေကြတာ ..."

ခင်အောင်ဘယ်လိုလုပ်ရမလဲ၊ သူ့စိတ်ထဲမှာ အများနဲ့ကွဲပြီး မှတ်မှတ်သားသား ဖြစ်သွားအောင် ဘယ်လိုနည်းလမ်းတွေ သုံးရမလဲဆိုတာ လူတိုင်းစဉ်းစားနေကြတာ ...

အဲဒါကိုမှ မင်းက ဘယ်သူကမှ မိတ်ဆက်ပေးတာမျိုးလည်း မဟုတ်၊ မင်းကိုယ်တိုင် ခင်မင်ခွင့်ရဖို့ တကူးတက သွားကြိုးစားတာမျိုးလည်းမဟုတ်ဘဲ အလိုအလျောက်ဖြစ်လာတာ၊ ဒီကိစ္စက မမိုက်ဘူးလားကွ ... ပြော"

"မိုက်ပါတယ်။ ဒါပေမဲ့ ဒီကိစ္စက သည်းသည်းလှုပ်နေရမယ့် serious ဖြစ်နေတဲ့ ကိစ္စမျိုးလည်း မဟုတ်ဘူးလေ"





"ဟား ... ထားပါတော့ကွာ။ မင်းက တွေ့တွေ့ချင်းမှာကို မေလေးတွေ ဘာတွေ ထည့်လာတဲ့ကောင် ဆိုတော့ ပြောအားရှိတာပေါ့ ...

မင်းတို့က မိန်းကလေးကြိုက်တွေပါ၊ ပီကြ ပိုင်ကြပါတယ်"

ဖိုးကျိုရဲ့ ငေါ့တော့တော့အပြောကို သူက ခေါင်းတစ်ချက်ယမ်းပြရင်းမှ ...

"အဲဒီလိုတော့ မဟုတ်ပါဘူးကွာ၊ မိန်းကလေးတစ်ယောက်ကို ပီတယ် ပိုင်တယ်လို့တော့ မပြောချင်ပါဘူး၊ မင်းတို့သိတဲ့အတိုင်းပဲ ငါက တကူးတကလုပ်ရတဲ့ ကိစ္စမျိုးကြီးတွေ စိတ်မဝင်စားတာ ...

ဒါက သူ့ဟာသူ အလိုအလျောက် ဖြစ်သွားတဲ့ကိစ္စပါ၊ ပြီးတော့ လူ့သဘာဝဆိုတာ လိုက်ရင် ပြေးတတ်တယ်ကွ၊ သူ့ကို သည်းသည်းလှုပ်နေကြတဲ့သူတွေကို သူလည်း စိတ်ပျက်မှာပဲ၊ ငါက အဲဒီလူတွေထဲမှာ မပါလို့ သူက ဆက်ဆံရဲသွားတာပါ၊ ရိုးရိုးအကန့်လေးပဲ"

ဒီနေရာမှာ စာသမား ပေသမား၊ ဒိုင်သမား ညီမင်းသလည်း ဒဿနတွေကို ဝင်ထည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတို့ကောင်တွေ မှတ်ထားကြကွ၊ မိန်းကလေးဆိုတာ ဘတ်စ်ကားနဲ့တူတယ်၊ သူတို့ကို စောင့်ပြီဆိုရင် မလာတော့ဘူး"

"ဟေ့ကောင် ... မင်းက ရည်းစားဘယ်နှယောက်ထားဖူးလို့ မိန်းကလေးတွေ အကြောင်းကို ဒဿနထုတ်နေရတာလဲ၊ လက်တွေ့မပါဘဲ မဖောနဲ့ကွာ"

ဒီစကားကိုတော့ ကိုးတန်းနှစ်တည်းက ရည်းစားထားခဲ့သူ ဖိုးဂျီက အထက်စီးကနေ အသားလွှတ်ဆော်သည်။ သို့သော် ညိုမင်းကတော့ ဖြုံဟန်မတူပါ။ ဆေးပေါ့လိပ်တစ်လိပ်ကိုတောင် ရှိုက်ဖွာလျက် ...

"ဖောနေတာမဟုတ်ဘူးကွ၊ လက်တွေ့ဆိုတာလည်း ကိုယ်တိုင်သာမကြုံတာ ဘေးပတ်ဝန်းကျင်မှာ မြင်တွေ့နေရတဲ့ မင်းတို့လို အချစ်ရူးတွေနဲ့တင် လုံလောက်နေပြီ ...

မင်းတို့ကမှ ကိုယ့်အတွေ့အကြုံလေးတင် ကွက်ကွက်ကွင်းကွင်းလေးရှိတာ၊ ငါတို့က လူတိုင်းရဲ့အတွေ့အကြုံကို မှတ်ထားပြီး လေ့လာပြီး သီးဆစ်လုပ်နေတာ ...

မင်းတို့က မင်းတို့ဆော်တွေအကြောင်းလောက်ပဲ ကွက်ကွက်လေးသိတာ၊ ငါက မိန်းကလေးတွေအကြောင်းကို ပိုသိတာကွ မှတ်ထား"





ညိုမင်းက ချက်ကျလက်ကျ ပြောလျှင် ဖိုးဂျီမှာ ရုတ်တရက် ပြန်မပြောနိုင်ချေ။ တကယ့် တကယ်တမ်း ယှဉ်ပြောကြစတမ်းဆိုလျှင် စာဖတ်သောသူကို စာမဖတ်သောသူက စကားယှဉ်ပြော၍မရပါ။

"မင်းတို့ကောင်တွေက တစ်ခါတစ်ခါကျတော့ တကယ်ခက်တယ်၊ အရာရာမှာ လက်တွေ့ ကိုယ်တွေ့ဆိုတာတွေနဲ့။ ဘာဖြစ်လို့ လက်တွေ့လက်တွေ့ဆိုပြီး အားလုံးကို ကိုယ်တိုင်ရှာနေမှာလဲ၊ တချို့က လက်တွေ့မလုပ်ဘဲ သိနိုင်တာတွေအများကြီး၊ သူများ ရှာထားပြီးတာတွေဆီက အတွေ့အကြုံရော အတွေးအခေါ်ရော ရသလောက်ယူပစ် ...

ကိုယ့်ဘဝနဲ့ ဆီလျော်တာကိုပဲ သုံးပေါ့။ နေရာတကာ ကိုယ်တွေ့ကြုံမှဆိုပြီး ခပ်နိမ့်နိမ့်တွေပြီးလုပ်နေရင် ကမ္ဘာတစ်သိန်းသာ ကုန်သွားမယ်၊ ဘုရားတော့ ဖြစ်မှာမဟုတ်ဘူး၊ ဘဝတွေသာ အချည်းနှီး ကုန်သွားမှာ"

အဲဒီအချိန်မှာ လက်ခုပ်သံတစ်ချက်က ထွက်လာသည်။ အဲဒီလက်ခုပ်ကိုတီးသူမှာ သူဖြစ်ပါသည်။ သူက ညိုမင်းရဲ့စကားကို အပြည့်အဝထောက်ခံဟန်ဖြင့် လက်မတစ်ချက်ထောင်ပြလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရိုက်ထိ ... မင်းရဲ့ဒိုင်တွေကို လေးစားတယ် သူငယ်ချင်း
မင်းကောင်းက အမှန်ဆုံးပဲ၊ တခြားလူတွေ လက်ခံချင်ခံ
မခံချင်နေ၊ ငါကတော့ အပြည့်အဝ ထောက်ခံတယ်"

သူ့အပြောကြောင့် ဖိုးဂျီနှင့် မိုးကိုက အီလည်လည်
ရှုံ့မဲ့မဲ့ လုပ်ပြရှိနေသည်။ ဖိုးဂျီက အရေးနိမ့်သွားမှန်းသိသဖြင့်
ညိုမင်းကို မျက်စောင်းကဲကာ ...

"ဒီတော့ ဘာလဲ၊ တို့တွေက ရည်းစားတစ်ယောက်
မထားဖူးသေးတဲ့ မင်းကို ဆရာတင်ရမယ်ဆိုတဲ့ သဘော
လား"

"နိုး ... အဲဒီလို ဆိုလိုတာမဟုတ်ဘူး၊ ငါ ပြောတဲ့စကား
တွေ၊ ငါပေးတဲ့အကြံဉာဏ်တွေက မင်းတို့ကို ဖောနေတာ
မဟုတ်ဘူးဆိုတာ ပြောပြနေတာ"

"ကဲ ... ထားပါတော့၊ အခုနကပြောနေတဲ့ ဘတ်စ်ကား
မစောင့်တဲ့ မိန်းမတွေအကြောင်းပြောပါဦး"

"ဟာ ... ဘာဘတ်စ်ကားမစောင့်တဲ့ မိန်းမတွေလဲ၊ မိန်း
ဆိုတာ ဘတ်စ်ကားလိုပဲလို့ပြောတာ၊ ဘတ်စ်ကားနဲ့တူတယ်
သူတို့ကို စောင့်နေရင် မလာတော့ဘူး ...

ပြီးတော့ လူ့သဘာဝဆိုတာ ယောကျာ်းပဲဖြစ်ဖြစ်
မိန်းမပဲဖြစ်ဖြစ် လိုက်ရင်ပြေးတယ်"





"ဒါဆိုရင် မေကျက်သရေကလည်း လိုက်ရင်ပြေးမယ့်အမျိုး
လား"

"အမှန်ပဲ၊ ဒီကောင့်ကို Favour ပေးဖြစ်သွားတယ်ဆိုတာ
ကလည်း သူ့အနားမှာ ဝိုင်းအုံပြီး တိုးနေတဲ့လူတွေထဲမှာ
ဒီကောင်မပါလို့။ စိတ်ဆိုတာ ဆန်းကြယ်တဲ့သဘောရှိတယ်
ကွ၊ ကိုယ့်ကို သည်းသည်းလှုပ်နေတဲ့ လူမျိုးကျပြန်တော့
လည်း လူတွေက ကြိုက်ချင်ကြိုက်တာ ...

ဟိုလူကသည်း ဒီလူကသည်း ဆိုတော့ သူ့အတွက်
ထူးခြားမှု မရှိတော့ဘူးလို့ ဖြစ်ရင် ဖြစ်ရော"

"ဒါဆို ငါက မေကျက်သရေကို မလိုက်ရဘူး ဆိုတဲ့
အဓိပ္ပာယ်လား"

"မလိုက်ရဘူးလို့တော့ မဟုတ်ဘူးလေ၊ ဘာလဲ ... မင်းက
လိုက်ဖို့ ဆုံးဖြတ်ထားပြီးပြီလား"

အဲဒီမေးခွန်းကိုတော့ သူ ရုတ်တရက် မဖြေနိုင်ချေ။
သူငယ်ချင်းတွေအားလုံးကလည်း သူ့အဖြေကို စိတ်ဝင်တစားဖြင့်
စောင့်နေကြသည်။ သူမကို သူ ချစ်သလား။ ဒီမေးခွန်းကို သူ့
ကိုယ်သူ ပြန်မဖြေနိုင်ပါ။ သူမအနားသို့ ရောက်သွားလျှင်တော့
ရင်ခုန်ကျေနပ်မှု စိတ်ခံစားမှုတို့ ဖြစ်တတ်ကြောင်း သူ သတိထား
မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုတော့ မဆုံးဖြတ်ရသေးပါဘူး"

"မင်း သူ့ကို ချစ်လား"

"အဲဒါလည်း မသိသေးဘူး"

"ဒါဖြင့်ရင် ကြိုက်ရော ကြိုက်လား"

"ဟား ... ကြိုက်တာတော့ ရေရေလည်လည်ကြိုက်တယ်"

"ဟုတ်ပြီ၊ ဒါဆိုရင် မင်းတော်တယ်၊ အခုခေတ် ယောကျ်ားလေးတွေ တော်တော်များများက ချစ်တာနဲ့ကြိုက်တာကို မခွဲခြားတတ်တော့ဘူးကွ ...

အတူတူပါပဲ မိန်းကလေးတွေရောပဲ၊ အဲဒီတော့ နောက်ကျရင် တိုင်တွေပတ်ကုန်ကြရော၊ တကယ်တမ်းကျတော့ ချစ်တာနဲ့ကြိုက်တာဟာ လုံးဝမတူဘူး ...

ဘာမှကို မဆိုင်တာ။ အဲဒါကို သွားဆွဲစိလိုက်ရင် နောင်အခါ တိုင်ပတ်ပြီသာ မှတ်ပေတော့"

ညီမင်းရဲ့စကားကြောင့် ရည်းစားငါးယောက်လောက် ထားခဲ့ဖူးသူ ဖိုးဂျိုက မျက်လုံးပြူးသွားသည်။ ညီမင်းရဲ့ စကားက ဖိုးဂျိုရဲ့အမှန်တရားကို တည့်တည့်သွားထိ၍ ဖြစ်ပါလိမ့်မည်။

"မှန်လိုက်တာကွာ၊ မင်းကိုတော့ ဒီတစ်ချက်နဲ့တင်လေးစားသွားပြီ၊ ဟုတ်တယ်ကွ၊ မင်းပြောတာ ဖြစ်နိုင်တယ်၊ ငါ ကောင်မလေးတစ်ယောက်ကို ကြိုက်တယ်၊ လိုက်တယ်ကွာ၊





ရင်တွေ ဘာတွေလည်းခုန်တယ်၊ အဲ ... သူနဲ့ ရည်းစားတွေ ဘာတွေဖြစ်ပြီး နောက်တစ်ယောက်ကို တွေ့တော့လည်း ကြိုက်မိသွားပြန်ရော ...

ကြိုက်တော့ လိုက်မိသွားပြန်ရော၊ အဲဒါ အရင်တစ်ယောက်က သိတော့ တိုင်တွေပတ်ရော၊ အဲ့ဒီလိုတွေ ခဏ ခဏ ဖြစ်တယ်၊ ဖြစ်လည်း အမှတ်မရှိဘူး ... ဟီး ဟီး"

"ဘယ်ရှိမလဲ၊ မင်းနဲ့လုံးသားက တကယ်မှ အထိမနာသေးတာ၊ အဲဒါပြောတာပေါ့၊ ဒီခေတ်ကြီးထဲမှာ အသည်းကွဲတဲ့ လူတွေ ပိုများလာတယ် ...

ဘာလို့လဲဆိုတော့ လူတွေက အကြိုက်နဲ့ အချစ်ကို တကယ်မခွဲခြားနိုင်လို့ ခုခေတ်ထဲမှာ မိန်းကလေးတော်တော်များများက ပြင်တတ်ဆင်တတ်လာကြတော့ လှတဲ့လူက ပိုလှတယ်၊ မလှတဲ့လူက ကြည့်ကောင်းတယ်၊ ယောကျ်ားလေးတွေအတွက်လည်း ကြိုက်ချင်စရာတွေ တစ်ယောက်ပြီးတစ်ယောက်ပဲ ...

မိန်းကလေးတွေကလည်း အရင်ခေတ်ကထက်စာရင် ပိုပြီး ပွင့်ပွင့်လင်းလင်း ရှိလာတယ်။ သိပ်စဉ်းစားနေတာမျိုးတွေ မရှိတော့ဘူး၊ ဒီတော့ ဒီခေတ်မှာ ရည်းစား



www.burmeseclassic.com

www.burmeseclassic.com



ထား‌ဖြစ်ဖို့ဆိုတာက သိပ်မြန်တယ်၊ အဲဒီသမီးရည်းစားနှစ်ယောက်စလုံးဟာ တစ်ယောက်နဲ့တစ်ယောက် ကြိုက်ရုံပဲဆိုရင် ပြဿနာမရှိဘူး၊ တစ်ယောက်ကချစ်ပြီး တစ်ယောက်က ကြိုက်တာဆိုရင်တော့ ချစ်တဲ့လူက အရှုံးပေါ့ကွာ၊ အထိနာပြီပေါ့"

"အင်း ... ဒါဆိုရင်တော့ ကိုယ့်ကို တကယ်ချစ်မိသွားတဲ့ ကောင်မလေးတွေကျတော့ သနားစရာပေါ့နော်"

"ဒါပေါ့၊ ဒါပေမဲ့ မတတ်နိုင်ဘူးလေ၊ အဲဒါကြောင့် စကားတစ်ခု တွင်နေတာပေါ့၊ အချစ်နဲ့စစ်မှာ မတရားတာ မရှိဘူးတဲ့ ...

တကယ်သေချာတာကတော့ ချစ်တဲ့လူက အရှုံးဆိုတာပဲ၊ ချစ်တယ်ဆိုတဲ့နေရာမှာ တကယ့်နှလုံးသားနဲ့ ရင်းချစ်ရတာလေ၊ နှလုံးသားမပါဘဲနဲ့ ချစ်လို့မှမရတာ"

"ငါကတော့ ဖူးသစ်ကို တကယ်ချစ်တာပါကွာ၊ အကြွင်းမရှိကိုချစ်တာ သေချာတယ်၊ သူ့ကို ကြိုက်လည်းကြိုက်တယ်၊ ချစ်လည်းချစ်တယ် ...

သစ္စာလည်းရှိမယ်၊ အဲဒါ ငါ့အချစ်ပဲ"

"အင်း ... ကောင်းပါတယ်၊ အဲဒီတော့လည်း မင်းရဲ့ဖူးသစ်က ကံကောင်းတာပေါ့"





"နေပါဦး၊ မေကျက်သရေအကြောင်း ပြောနေရင်းတန်းလန်းကနေ ဘယ်တွေရောက်သွားပါလိမ့်၊ ဟော့ကောင် ... ဒါဆိုမင်းက မေကျက်သရေကို ကြိုက်ရုံပဲကြိုက်တာ၊ မချစ်ဘူးဆိုတဲ့သဘောပေါ့"

"မချစ်ဘူး ချစ်တယ်ဆိုတာကို ငါ သိပ်မခွဲခြားတတ်ဘူးကွာ၊ ချစ်တယ်ဆိုတဲ့ ခံစားမှုက ဘယ်လိုလဲ၊ လူတစ်ယောက်ကို ချစ်တယ်ဆိုတာကို ကိုယ့်ကိုယ်ကိုယ် ဘယ်လို တိတိကျကျ သရုပ်ခွဲနိုင်လဲ"

ဒီတစ်ခါတော့ ညိုမင်းက ရှူးချင်ယောင်ဆောင်ကာ မဖြေတော့ချေ။ တဟားဟားနှင့် အော်ရယ်ကာ အဝင်ဝဘက်ကို မေးဆတ်ပြရင်း ...

"အဲဒီလောက်တော့ မဖြေတော့ဘူးကွာ၊ တော်ပြီ အများကြီးပြောရင် ပေါရာကျတယ်၊ ဟိုမှာ ဟိုတစ်ယောက်ကိုသာ သွားမေးတော့ ...

ထူးအိမ်သင်က ဆိုထားတာတော့ ရင်ခုန်ရင် အချစ်ပဲကွယ်တဲ့၊ အဲဒီတော့ သူနဲ့ စကားများများပြောကြည့်၊ ရင်ခုန်ရင် အချစ်ပဲ ... ဟား ဟား"

ညိုမင်းရဲ့ စကားအဆုံးတွင် သူက လက်ဖက်ရည်ဆိုင်၏အဝင်သို့ လှည့်ပြန်လှည့်ကြည့်ပြီးသားဖြစ်သွားသည်။ လက်



www.burmeseclassic.com

www.burmeseclassic.com



ဖက်ရည်ဆိုင်ထဲသို့ ရဲရွေတော်တွေကို ခြံရံပြီး ဝင်လာသူလို (သူမရဲ့ သူငယ်ချင်းတွေ့ကြားရင်တော့ သတ်လိမ့်မည်) ဝင်လာသူက အသက်ရှည်ဦးမည်ဖြစ်သော မေကျက်သရေပဲဖြစ်သည်။ သူမဝင်လာလျှင် ကန်တင်းတစ်ခုလုံး နည်းနည်းတော့ လှုပ်ခတ်သွားသည်ဟုထင်သည်။ ဖွင့်ထားသော သီချင်းသံတောင် တိုးသွားသည်ဟုထင်ရပါသည်။

သူက လည်ပြန်ကြည့်နေရာမှ ခေါင်းကို ပြန်မလှည့်ဖြစ်သေး။

ထူးခြားသော အာရုံအရ သူမ သူ့ကို မြင်သွားလိမ့်မည်ဟု သိနေသောကြောင့် သူ့ပခုံးပေါ် မေးစေ့တင်ကာ သူမကို ခပ်ပြုံးပြုံးပဲ လှမ်းကြည့်နေမိသည်။ သူ ထင်တာမမှားပါ။ သူမက သူ့ကို လှမ်းမြင်သွားပါသည်။ ယောင်ယောင်မျှ ပြုံးသွားသော နှုတ်ခမ်းများနှင့် နွေးထွေးစွာ လှမ်းကြည့်သော အကြည့်များသည် သူ့ကို အသံတိတ် နှုတ်ဆက်လိုက်သလိုပဲဖြစ်သည်။ အိုကေ ... ဒီလောက်ဆို သူ ကျေနပ်ပါပြီ။ သူက သူမကို ထပ်ပြုံးပြလိုက်ကာ မူလအနေအထားသို့ ပြန်လှည့်လိုက်သည်။

"ဟော့ကောင် ... သွားမနှုတ်ဆက်ဘူးလား"

"နေပါကွာ၊ ဘာဖြစ်လို့ နှုတ်ဆက်နေမှာလဲ"

"မင်း ဒါ တက်ကနီကွေး သုံးနေတာ မဟုတ်လား"





"ဒီမှာ ယောက်ဖရ၊ အရာတစ်ခုဟာ ရင်ထဲကို တစ်ဆင့်ချင်းသွားတာပဲ ကောင်းတယ်၊ သချ်ာတွက်သလိုပဲ တစ်ဆင့်ချင်း ရှင်းသွားတာ အဖြေမှန်ဖို့ အနီးစပ်ဆုံးပဲ ...

ဒါကို တက်ကနီကွေးလို့ ပြောချင်လည်းပြောလို့ရတယ်၊ မဟုတ်ပါဘူးလို့လည်း ငြင်းလို့ရတယ်"

"မှန်တယ် အခုနေ မင်း သွားလိုက်လို့ရှိရင် စားပွဲဝိုင်းတွေအားလုံးရဲ့မျက်လုံးတွေက မင်းအပေါ်ကို စုပြုံပြီး ကျလာမှာ ...

သူ့အတွက်လည်း မကောင်းဘူး၊ မင်းအတွက်လည်း မကောင်းဘူး"

သူနဲ့ ညိုမင်းရဲ့ လေပေးဖြောင့်နေသော စကားတို့ကို ဖိုးဂျီနှင့် မိုးကိုတို့က ခေါင်းတခါခါ လည်တခါခါနှင့်ရှိကာ ...

"တော်ပြီဟေ့ ... မင်းတို့ဒိုင်ဖွေ နားထောင်ရင် ကြာရင် မသောက်ဘဲနဲ့ မူးလာလိမ့်မယ်၊ ဘာတွေမှန်း မသိဘူး၊ ရှုပ်နေတာပဲ ...

ငါတို့ကတော့ မင်းတို့လို တက်ကနီကွေးလည်း မရှိဘူး၊ အိုက်ဒီယာလည်း မရှိဘူး၊ ရင်ထဲရှိတဲ့အတိုင်း ဘွင်းဘွင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ကောင်းပါတယ်၊ ကိုယ့်အတွေးနဲ့ကိုယ် ကယ်လ်ဆမ်ကွေကာသောက်တာပဲ၊ သောက်ကြပေါ့၊ ကဲ ... ဘယ်လိုလဲ လိမ့်ကြမလား၊ အတန်းချိန်နီးနေပြီ၊ ယောက်ဖမင်း နေခဲ့မလား၊ ရှိုးချင်သေးလား"

"မရှိုးချင်ပါဘူးကွာ လိုက်မှာပေါ့"

သူက ပြောပြောဆိုဆို ဘောင်းဘီအိတ်ကပ်နောက်မှ ဝေါလက်ကို ထုတ်ကာ ပိုက်ဆံရှင်းဖို့ ပြင်လိုက်သည်။ ဖိုးဂျီက စားပွဲထိုးကို လှမ်းခေါ်ပေးသည်။ စားပွဲထိုးလေးက ကျသင့်ငွေကို တွက်ချက်နေတုန်းမှာပဲ သူက သူမထံသို့ တစ်ချက်လှမ်းကြည့်မိသည်။ ကိုယ် စိတ်ဝင်စားသော မိန်းကလေးတစ်ယောက်ကို အသာလေး လှမ်းငေးနေရတာလောက် ကျေနပ်စရာကောင်းသည့်ကိစ္စမျိုးမရှိဟု ထင်ပါသည်။

သူမက သူ့ကို ကြည့်မနေပါ။ သူငယ်ချင်းတစ်ယောက်ရဲ့ဖုန်းထဲက တစ်စုံတစ်ရာကို စိတ်ဝင်တစား ကြည့်ရှုနေသည်။

မင်း ဘာကို စိတ်ဝင်စားတတ်သလဲ မေလေး။ သူမကို အဲဒီလိုခေါ်လိုက်လျှင် သူ့ရင်ထဲ၌ နည်းနည်းတော့ လှုပ်ခတ်သွားသည်ဟု ထင်ပါသည်။ မေကျက်သရေသည် လိမ္မော်ရောင်ဖျော့ဖျော့ အင်္ကျီပါးပါးလေးကို အထပ်ထပ်ပုံစံတွေဖြင့်





ချုပ်ဝတ်ထားသောကြောင့် လေပြည်လေးတစ်စလိုပင် နူးညံ့ပြီး သိမ်မွေ့နေသည်။ သူမကို ကြည့်ရသည်မှာ ဆည်းဆာညနေချမ်းလေးနှင့် ဆင်တူရှာသည်။ ဆံပင်တွေကို ငါးရိုးကျစ်ဆံမြီးဒီဇိုင်းကျစ်ထားသောကြောင့် တရုတ်သိုင်းကားထဲက မင်းသမီးလိုလိုဘာလိုလိုဖြင့် ခမ်းနားတင့်တယ်နေသည်။

သူက ပိုက်ဆံရှင်းပြီး ဝိုင်းမှ မတ်တတ်ထရပ်လိုက်လျှင် သူမကလည်း ဖုန်းထဲမှ တစ်စုံတစ်ရာကို စိတ်ဝင်စားမှုကုန်သွားဟန်ဖြင့် အေးဘီကို သတိထားရကောင်းမှန်းသိလာသည်။ မော့ကြည့်တဲ့အခိုက်မှာပဲ သူတို့ မျက်လုံးချင်း ဆုံဖြစ်သွားကြပါသည်။ ဒီတစ်ခါတော့ သူက သူမကို ခေါင်းတစ်ချက်ဆတ်ပြီး ပြုံးပြဖြစ်သွားသည်။

သူမကလည်း အကြည်လင်ဆုံးပဲ ပြန်လည်ပြုံးပြလာပါသည်။ သူတို့နှစ်ယောက်ပြုံးတာကို သူမရဲ့ သူငယ်ချင်းတစ်ယောက်က မြင်သွားသည်။ သူက ဆက်ကြည့်မနေဖြစ်တော့ပါ။ သူငယ်ချင်းတွေနဲ့အတူ ဆိုင်ထဲမှ ထွက်လာခဲ့ပြီဖြစ်သည်။

လမ်းပေါ်ရောက်တော့လည်း ဆိုင်ထဲကို ထပ်၍ ကြည့်ဖြစ်တော့။

သူ့ရဲ့ စပိုင်ချစ်သူ ညိုမင်းကတော့ ကန်တင်းအလွန်တွင် သူ့နားသို့ တိုးတိုးလေး ကပ်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ မင်းကို လိုက်ကြည့်နေခဲ့တယ်ကွ သိလား"

အဲဒီအပြောသည် သူ့ရင်ခွင်ကို ငြိမ့်ခနဲဖြစ်သွားစေသည်။ လက်ဖက်ရည်ဆိုင်မှ ပြန်အထွက်တွင် သူမကို နည်းနည်းမှ လှည့်မကြည့်ခဲ့ခြင်းအပေါ်လည်း နှော်င်တရချင်သလို ဖြစ်သွားသည်။ သို့သော် ဖြေစရာကောင်းတာတစ်ခုက သူသာကြည့်ခဲ့လျှင် သူမ သူ့ကို လိုက်ငေးနေခဲ့မည်မဟုတ်ပါ။

လောကကြီး၏ နိယာမသည် တစ်ခုခုအတွက် တစ်ခုခုကို ပေးရပါသည်။

♥ ♣ ♥





မမျှော်လင့်တဲ့ တိုက်ဆိုင်မှုတွေကို သဘောကျတတ်သူ သူ့အတွက်တော့ နောက်တစ်ကြိမ်မှာလည်း သူမကို တိုက်တိုက်ဆိုင်ဆိုင်ပဲ ဆုံစည်းကာ ကူညီခွင့်ရခဲ့သည်။ အဲဒါကတော့ ဗိုလ်ချုပ်ဈေးထဲမှာပဲဖြစ်ပါသည်။ သူက FMIက ဝယ်နေကျဆိုင်တစ်ဆိုင်မှာ ဂျင်း(န်)ဘောင်းဘီဝယ်ပြီးနောက် သူ့အမေကြိုက်တတ်သည့် ဗိုလ်ချုပ်ဈေးထဲ ကျောက်ကျောကိုဝယ်ဖို့ ဗိုလ်ချုပ်ဈေးထဲသို့ ရောက်လာခဲ့တာဖြစ်သည်။ အဲဒီအချိန်မှာပဲ သူ့ဘေးနားက လျှောခနဲဖြတ်သွားသော ကားတစ်စီးပေါ်မှာ သူမကို ကိုယ်တိုင်မောင်းလျက်သား အနေအထားဖြင့် လှမ်းမြင်လိုက်ရတာဖြစ်သည်။

သူမကလည်း သူ့ကို မြင်သွားပါသည်။ ရုတ်တရက် ပင့်သွားသော မျက်ခုံးများသည် တိုက်တိုက်ဆိုင်ဆိုင် ဆုံရတယ်နော် ဟူသော စကားတို့ကို လှမ်းပြောနေသလိုပဲဖြစ်သည်။ သူရော သူမရောဟာ တစ်ယောက်နဲ့တစ်ယောက် မြင်သွားသော်လည်း လှမ်းရယ်ပြချိန်တောင် မရလိုက်ပါ။ ကားက ကျော်သွား၍ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် သူသည် ဘာရယ်မဟုတ်ဘဲ သူမကို နှုတ်ဆက်ဖို့ စောင့်နေလိုက်သည်။ ဒါပေမဲ့ သူမကားက တော်တော်နှင့် ပါကင်ထိုး၍မရပါ။ စနေနေ့မို့ ကားတွေ သိပ်ကျပ်နေသောကြောင့် ပါကင်ထိုးရမည့်နေရာက အလွယ်တကူ ရှာမတွေ့။

သူက သူမရဲ့ကားအနားသို့ ခပ်သွက်သွက်လျှောက်သွားလိုက်ကာ သူမကို ငုံ့ကိုင်းကြည့်လိုက်ရင်း ...

"မေလေး ... ပါကင်ထိုးရတာ အခက်အခဲ ဖြစ်နေရင် ကိုယ် ကူညီပါရစေ"

သူမက သူ့ကို မော့ကြည့်ကာ လှစ်ခနဲပြုံးပြရင်း ခေါင်းညိတ်သည်။ ပြီးတော့ ကားပေါ်မှ ဆင်းပေးပါသည်။

"အရိပ်ထဲက စောင့်လိုက်လေ၊ ဟိုဘက်မှာတော့ လွတ်မယ်နဲ့တူတယ်"

"ဟုတ် ... ဟုတ်"

သူမက ခေါင်းတညိတ်ညိတ်ဖြင့် ဆိုင်ခန်းများရှိရာ အရိပ်ထဲမှာ သွားစောင့်သည်။ သူလည်းပဲ ကားပါကင်ထိုးဖို့ရာ ချွေးနည်းနည်းစို့အောင် ကြိုးစားလိုက်ရပါသည်။ နေရာလွတ်သေးသေးသာရှိသော လင်ခရူဆာကားကြီးရဲ့ဘေးမှာ သူမရဲ့ကားလေးကို မရမက ကပ်သပ်ထိုးထည့်ပေးလိုက်ရသည်။ သူမရှေ့သို့ ပြန်ရောက်သောအခါမှာတော့ ဘာမှ မဖြစ်သလို အထော်လေးနဲ့သာ ဖြစ်ပါသည်။





"အဆင်ပြေရဲ့လားဟင်"

မေးပုံလေးက နူးနူးညံ့ညံ့မို့ သူကလည်း သူမရဲ့ နှုတ်ခမ်းလေးကို နူးနူးညံ့ညံ့ စိုက်ကြည့်ရင်း ပြုံးပြလိုက်သည်။

"ပြေပါတယ်၊ နည်းနည်းတော့ ကျပ်နေတယ်၊ ဒါပေမဲ့ ချက်ချင်း မပြန်သေးဘူး မဟုတ်လား၊ ဘေးကကားတွေ ထွက်သွားရင်တော့ ချောင်သွားမှာပါ"

သူက ပြောရင်း ဆိုရင်းနဲ့မှ ကားသော့ကို သူမ လက်ထဲသို့ ထည့်ပေးလိုက်သည်။ သူမက လက်ဝါးဖြန့်ကာ သူက အဲဒီလက်ဝါးလေးထဲသို့ အသာချပေးလိုက်သော်ကြောင့် သူတို့ လက်ချင်း ထိမသွားကြပါ။

"တစ်ယောက်တည်းလားဟင်"

"အင်း ... တစ်ယောက်တည်းပဲပေါ့"

အဲဒီစကားကို မေးသူက သူမဖြစ်ပြီး ပြန်ဖြေသူက သူ ဖြစ်သည်။ သူမ ဆက်မပြောခင်မှာ သူက လက်ထဲကအိတ်ကို မြှောက်ပြလျက် ...

"FMI က ဝယ်နေကျဆိုင်မှာ ဘောင်းဘီလာဝယ်တာ၊ မေမေ့အတွက် ကျောက်ကျော ဝယ်ဖို့ ရှိတာနဲ့ ဗိုလ်ချုပ်ဈေးဘက်ကို ကူးလာတာ ...

မေလေးရော ရှော့ပင်းလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ... မေမေက ဗိုလ်ချုပ်ဈေးထဲမှာ ရွှေဆိုင်ဖွင့်ထားတာလေ၊ အဲဒါ မေမေ့ကို လာကြိုတာ"

"သြော် ..."

သူမက သူ့ကို တစ်ခုခုပြောမလိုဖြင့် ချီတုံချတုံဖြစ်နေပြီးမှ ဆုံးဖြတ်ချက်ချလိုက်ဟန်ဖြင့် ရဲရဲပြုံးကာ ...

"စားသောက်တန်းမှာ မုန့်အရင်သွားစားမလို့၊ ဂနိုင် အချိန်ရတယ်ဆိုရင် မုန့်လိုက်စားဖို့ ဖိတ်ပါတယ်"

"အချိန်ကတော့ ရပါတယ်၊ကိုယ်က မေလေးကို အားနာလို့ပါ"

သူမက မျက်လုံးဖွင့်သွားရင်းမှ ...

"ဟယ် ... ဘာအားနာစရာရှိလို့လဲ"

"သိဘူး၊ အဲဒီလိုမျိုးဆို ကိုယ် အားနာတယ်၊ အခု မေလေးက အရင်ဖိတ်ခေါ်တာကိုလည်း ကိုယ် အားနာတယ်၊ တကယ်ဆို ယောကျ်ားလေးဖြစ်တဲ့ကိုယ်က ဖိတ်သင့်တာပေါ့နော်၊ ဒါပေမဲ့ မေလေးရဲ့စိတ်ထဲမှာ ကူညီပေးပြီး ခွင့်ဖန်တယ်လို့ အထင်ခံရမှာ ကြောက်လို့ပါ"

သူ့ရဲ့ ရှည်ရှည်ဝေးဝေး အပြောကို သူမက အသာအယာရယ်မောကာ မကြောက်ပါနဲ့ဟု ပြောပေးရှာသည်။ အဲဒီလိုနှင့် သူတို့နှစ်ဦးမှာ ဗိုလ်ချုပ်ဈေး၏ စားသောက်တန်းထဲသို့





ရောက်သွားကြသည်။ စားသောက်တန်းမှာ လူသံ သူသံတွေနှင့် ကဗျာမဆန်လှပါ။ သို့သော် သူ့ဘေးနားမှာက ကဗျာအရှည်ကြီး တစ်ပုဒ်လုံးပါသဖြင့် သူ့အတွက် ပြည့်စုံသွားပြီဖြစ်သည်။

သူမက ဦးကြွဲဆီချက်ဆိုင်မှ ဘဲပေါင်းဆီချက်တစ်ပွဲမှာကာ စတော်ဘယ်ရီဖျော်ရည်တစ်ခွက်သောက်သည်။ သူကတော့ စတော်ဘယ်ရီဖျော်ရည်တစ်ခွက်သာ သောက်ပါသည်။ သူမက ဖျော်ရည်တစ်ခွက်သာမှာသော သူ့ကို ...

"Solid တစ်ခုခုစားဦးလေ၊ အားနာလို့လား" ဟု

"ဟင့်အင်း ... အားမနာပါဘူး၊ ကိုယ် သိပ်မဆာလို့ပါ"

"သြော် ... ဒါဖြင့်ရင် ဒီက အစားပုပ် ဖြစ်တော့မှာပဲ၊ အဟင်း ... မေလေးကတော့ ဗိုက်ဆာနေပြီ၊ ဒီလို သုံးနာရီ လောက်အချိန်ဆို အမြဲဗိုက်ဆာတတ်တယ် ... တစ်ခုခုစားနေကျ"

အဲဒီလိုကျတော့လည်း သူမက ကျောင်းမှာ တွေ့နေကျပုံစံနှင့် ကွဲပြားခြားနားစွာ ကလေးလေး တစ်ယောက်လိုပဲဖြစ်သည်။ ဒီနေ့လည်း သူမက သိပ်လှနေပြန်ပါသည်။ အင်း ... သူမ မလှတဲ့အချိန်ဆိုတာ ရှိရောရှိမှာမို့လို့လား။ နံနက်ခင်း အိပ်ရာထတော်င် သူက တော်တော်လှနေဦးမည့်ပုံဖြစ်သည်။ သူမသည် ညီသားလို အသားမျိုးဖြစ်သော ရှပ်အင်္ကျီအနီကွက်လေးကို



www.burmeseclassic.com

www.burmeseclassic.com



နီနှစ်ရောင် စကတ်ရှည်တစ်ထည်ဖြင့် ခေတ်မီပန်းရစွာ ဝတ်ဆင်ထားသည်။

ဆံနွယ်တွေကတော့ ခေါင်းလျှော်ထားသည်ဟု ထင်ရအောင် ပျော့ပျောင်း နူးညံ့ကာ ဝဲဖြာစင်းကျနေသည်။ သူက ဘဲပေါင်းဆီချက်ကို တူနှစ်ချောင်းနှင့် ဣန္ဒြေရစွာ စားနေသော သူမကို တစ်ချက်ငေးကြည့်ကာ ...

"မေလေးက စနေနေ့တိုင်း မားသားကြီးကို လာကြိုပေးနေကြလား"

"အင်း ... ပုံမှန်ဝတ္တရားကြီးတော့မဟုတ်ဘူး၊ ကြုံတော့ကြုံဖြစ်ပါတယ်၊ မုန့်ဖိုးတောင်းကောင်းအောင်ပေါ့ ... ဟင်းဟင်း"

သူမက ချိုလွင်စွာ ရယ်မောပြီးပြောလျှင် သူက အဲဒီအပြောကို ငေးခနဲဖြစ်သွားသည်။ ကြာလေလေ ဒီကလေးမကို သူ ကြိုက်လေလေဆိုတာကို သေချာသထက် သေချာသွားခဲ့ပြီဖြစ်သည်။ သူက ငေးနေတုန်းမှာပဲ သူမက စကားထပ်ဆက်လာသည်။

"ဒါနဲ့ ဂနိုင်က တစ်ယောက်တည်း ရှော့ပင်းထွက်တာပေါ့ ဟုတ်လား"

"အင်း ... ရှော့ပင်းရယ်တော့ မဟုတ်ပါဘူး၊ ဒီဆိုင်က ကိုယ်ဝယ်နေကျဆိုင်လေ၊ ဒီဇိုင်းသစ်ရောက်တယ်ဆိုတာနဲ့





ဖုန်းဆက်ခေါ်လို့ လာယူတာပါ၊ ဘယ်မှ မဝင်ဘူးလေ၊ ဒီဆိုင်ကို တန်းတန်းမတ်မတ်ပဲ၊ ရှော့ပင်းတော့ ရှော့ပင်းပဲ၊ ဒါပေမဲ့ တန်းတန်းမတ်မတ်ရှော့ပင်းပေါ့ ...

မြန်မာစာကျောင်းသူကြီးကို မေးရဦးမယ်၊ တန်းတန်းမတ်မတ်ရှော့ပင်းဆိုတဲ့ အခိပ္ပာယ်ကျတော့ ဘာအလင်္ကာမြောက်လဲ၊ ရူပကအလင်္ကာလား"

သူ့အပြောကို သူမက စတော်ဘယ်ရီတစ်ငုံ ငုံရင်း ရွှံ့ရွှံ့မဲ့မဲ့ဖြင့် ရယ်မောပါသည်။ သူက အဲဒီအရယ်မျက်နှာလေးငွေ့ ငေးမောတာ ...

"မေလေး"

သူမက သူ့အခေါ်ကို နှုတ်ခမ်းမဖွင့်ဘဲ ထူးသည်။

"ကိုယ်နဲ့ မေလေးက သူငယ်ချင်းတွေလား မိတ်ဆွေတွေလား"

"အင်း ... တက္ကသိုလ်မှာတော့ မိတ်ဆွေရယ်လို့ မရှိပါဘူး၊ သူငယ်ချင်းပေါ့၊ ဘာဖြစ်လို့လဲ"

"ဘာမှတော့မဖြစ်ပါဘူး၊ သူငယ်ချင်းဆိုတော့လည်း ကောင်းတာပေါ့၊ ဒါပေမဲ့ မေလေးနဲ့ သူငယ်ချင်းဖြစ်သွားတယ်ဆိုတာ ကိုယ့်အတွက်တော့ အိပ်မက်လိုပဲ ဖြစ်နေတယ်"

"အံမယ် ... အဲဒီလောက်လည်း မပိုပါနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



"မိတာမဟုတ်ဘူး၊ တကယ်ပြောတာ၊ ကိုယ်နဲ့ မေလေးက ကြားထဲက တစ်ယောက်ယောက် မိတ်ဆက်ပေးလို့ ခင်ခဲ့ကြ သိခဲ့ကြတာမျိုး မဟုတ်ဘူးလေ ...

ကိုယ့်အနေနဲ့ မေလေးကို သိပေမယ့် အဲဒီလိုခင်မင်ပတ်သက်ခွင့် ရဖို့ဆိုတာကလည်း အလှမ်းဝေးနေတယ် ...

ပြီးတော့ ကိုယ်က အမင်လုပ်တဲ့ကိစ္စတွေကို စိတ်မဝင်စားဘူး၊ ဒီလိုမျိုးလေးကျတော့ တိုက်တိုက်ဆိုင်ဆိုင်နဲ့ အမှတ်တရလည်းဖြစ်တယ်"

"ခုလည်း စတော်ဘယ်ရီသောက်တာ အမှတ်တရပေါ့လေ"

အဲဒီအပြောကိုတော့ သူမက မျက်ခုံးလေးပင့်ချီကာ ပြုံးမော့မော့လေးကြည့်ရင်း မေးတာဖြစ်သည်။ သူက အဲဒီပုံစံလေးကို သဘောတကျ ပြုံးငေးကြည့်ရင်းမှ ...

"ဟုတ်တယ်၊ ကိုယ်နဲ့ မေလေးတို့ ဆုံတဲ့အချိန်တွေတိုင်းမှာ တမင်တကာတွေ့အောင် လုပ်ကြံဖန်တီးမှု တစ်ခုမှ မပါဘူး၊ ဒါကြောင့် ဒီလို ဆုံတွေ့မှုတွေကို တန်ဖိုးထားတယ်"

သူ့အပြောကို သူမက စတော်ဘယ်ရီတွေကို အသာအယာသောက်ရင်း ပြုံးနေသည်။ သူမရော စတော်ဘယ်ရီ ဖျော်တတ်သလား မသိပါ။ စတော်ဘယ်ရီချစ်သည်းရှင်သီချင်းထဲကလို





သူမ ဖျော်တိုက်သော စတော်ဘယ်ရီဖျော်ရည်တစ်ခွက်လောက်တော့ သောက်ချင်ပါသေးသည်။

"ဒါပေမဲ့ တစ်ခုကတော့ ကိုယ်တိုင်မှ မကြိုးစားရင် ဖြစ်လာမှာမဟုတ်ဘူး ထင်တယ်နော်"

သူမက တစ်သျှူးတစ်ရွက်ကို ဆွဲထုတ်ရင်းမှ ဘာပါလိမ့်ဟူသော အကြည့်မျိုးဖြင့် သူ့ကိုကြည့်သည်။ သူကလည်း စိတ်ဝင်စားမှုကို ပိုမိုမြင့်တင်ပေးသောအားဖြင့် စကားကို ချက်ချင်း မဆက်သေးပါ။ သူ့စကားက ဘာလိုလို ညာလိုလိုဖြင့် အဓိပ္ပာယ်ကောက်၍ရသော စကားမျိုးဖြစ်သည်။

မျက်ဝန်းလေးတွေ ပိုတောက်လာသောအခါမှ သူက စကားကို ထပ်ဆက်လိုက်ပါသည်။

"မေလေးရဲ့ ဖုန်းနံပါတ်လေ၊ အဲဒါကတော့ မေလေးဆီက ကိုယ်တိုင်တောင်းမှပဲ ရမယ်နဲ့တူတယ်နော်"

ဒီအပြောကိုတော့ သူမက မျက်စောင်းလွန့်လွန့်လေး ထိုးပါသည်။

"သိခွင့်မရဘူးလားဟင်"

"အင်း ... ရပါတယ်၊ (xxx) တဲ့"

"အိုကေ ... ကိုယ့်နံပါတ်တော့ ပေးမနေတော့ပါဘူး၊ မေလေးဆီကိုဆက်ရင် သိမှာပဲလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... အဲဒီလိုတော့ မဟုတ်ဘူး၊ မေလေးက မသိတဲ့ ဖုန်းနံပါတ်တွေဆို မကိုင်ဘူး"

"ဪ ... အဲဒီလိုလား၊ မေလေးလည်း မင်းသားမင်းသမီး တွေလိုပဲပေါ့"

"ဟင် ... အဲဒီလိုတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ ဘယ်လို ပြောမလဲ တချို့ကျတော့လည်း စကားပြောရတာ မကောင်း ဘူးပေါ့နော်"

"အင်း ... နာမည်ကြီးရတဲ့ဒုက္ခကလည်း မသေးပါလား၊ ကိုယ့်ဖုန်းနံပါတ်က (xxx)ပါ၊ မေလေးဆီကို ဘယ်အချိန် တွေဆက်ရင် အဆင်ပြေမလဲ"

"ရပါတယ်၊ ညဘက်တွေဆိုရင်တော့ အေးအေးဆေးဆေး ရှိတာပေါ့"

"အိုကေ ... ဖုန်းနံပါတ်ကို အသာတကြည်ပေးတဲ့အတွက် သင့်ခ်ယူနော်"

"ဟုတ်ပါပြီ၊ စားလို့ပြီးသွားပြီဆိုတော့ မေလေး ရှင်းလိုက် တော့မယ်နော်"

"ကိုယ် မရှင်းရဘူးလား"

"မရှင်းနဲ့တော့"

"အိုကေ ... နောက်တစ်ခါဆိုရင် ကိုယ် ရှင်းမှာနော်"





သူမက ပြုံးပြုံးလေးဖြင့် ခေါင်းညိတ်သည်။ ဆိုင်ထဲက အတူပြန်ထွက်လာကြသောအခါ သူက သူမကို နှုတ်ဆက်သည့် အကြည့်ဖြင့်ကြည့်ကာ ...

"ဆိုင်အထိ ပြန်လိုက်ပို့ပေးရဦးမလားဟင်"

"ရပါတယ်၊ သူ့အမေအတွက် ကျောက်ကျော၀ယ်ဦးမယ် ဆို၊ မေ့နေဦးမယ်"

"သင့်ခ်ယူ ... မေလေးသာ သတိမပေးရင် မေ့တော့မှာ၊ အိုကေ ... အိုကေ ဆီးယူ"

သူက လက်ချောင်းလေးများကို လှုပ်ခတ်ပြရင်း ခြေလှမ်းတွေကို သုံးလေးလှမ်းဆုတ်ပြီးမှ လှည့်ထွက်လာခဲ့သည်။ သူမ သူ့နောက်ကျောပြင်ကို ငေးကြည့်ပြီးတော့များ ကျန်ခဲ့လေ မလား။ အဲဒီလိုတော့ သိပ်ဖြစ်နိုင်မည် မထင်တော့ပါ။

သို့သော် သူ့ရင်ထဲတွင် ဖုန်းနံပါတ်လေးတစ်ခုက လှည့်ပတ်ပြီး ခုန်ပေါက်မြူးတူးနေသည်။

လေလှိုင်းထဲက စီးဆင်းလာသည့် အသံချိုချိုလေး တစ်ခုအတွက် အခုတည်းက မျှော်လင့် ကျေနပ်နေခဲ့မိပါသည်။

♥ ❧ ♥



www.burmeseclassic.com

www.burmeseclassic.com



### ပြောကြည့်ပါ (၄)

ချစ်သူတွေကြားမှာ တစ်ယောက်နဲ့တစ်ယောက်
နားလည်မှုတွေ အပြည့်အဝရှိနေခဲ့ရင် ...
ဘယ်တော့မှ မဝေးဘူးလို့ ထင်မိသလား ...
အရာရာ အဆင်ပြေပြီလို့ ထင်ထားသလား ...။

♥ ❧ ♥



## အခန်း ၄

မိန်းကလေးတစ်ယောက်ထံက ဖုန်းနံပါတ်တစ်ခုကို တောင်းပြီး ဖုန်းမဆက်ခြင်းဟာ အဲဒီမိန်းကလေးကို စော်ကားရာကျသည်ဟု ယူဆထားသော သူသည် သူမထံကို နောက်တစ်ရက်မှာပဲ ဖုန်းခေါ်ခဲ့ပါသည်။ ဖုန်းခေါ်ခဲ့သည့်အချိန်ကလည်း သူမအားလောက်မည့် ကိုးနာရီအချိန်လောက်ဖြစ်သည်။ သူမထံသို့ ဖုန်းဝင်သွားပြီးတဲ့အချိန်တွင် ဖုန်းဖွင့်သံကို သူ တော်တော်စောင့်လိုက်ရသည်။ ပြီးတော့မှ သူမက ဖုန်းကို ဖွင့်ထူးပါသည်။

"ဟယ်လို"

"အင်း ... မေလေးလား၊ ကိုယ် မင်းဂနိုင်ပါ"

"ဩော် ... ဂနိုင်၊ ပြောလေ"

"မေလေး ကိုယ့်ဖုန်းနံပါတ်ကို မမှတ်မိဘူးနဲ့တူတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ရက်တရက် မမှတ်မိလို့ စဉ်းစားနေတာ"

"ဩော် ... Name List ထဲမှာ သိမ်းမထားဘူးလား မေလေးရဲ့၊ အဲဒါဆို ဖုန်းလာတာနဲ့ ချက်ချင်းသိနိုင်တာပေါ့"

"အဲဒါက အမြဲသုံးနေတဲ့ နံပါတ်တွေမှ သိမ်းထားတာလေ"

"ဩော် ... ကိုယ့်နံပါတ်ကလည်း နောက်ဆို မေလေး ဖုန်းထဲကို အမြဲဝင်တော့မှာလေ"

"အင်းပါ ... အင်းပါ။ ဟုတ်ပါပြီ"

အဲဒီစကားကို ဘာမှလဲ ရယ်စရာမပါဘဲနဲ့ သူ့မှာ ရယ်ပေးလိုက်ရသည်။ တစ်ခါတစ်ခါကျတော့လည်း မိန်းကလေးတွေနဲ့ ဖုန်းပြောရတာ နည်းနည်းတော့ ကြောင်သည်။ တစ်ဖက်မိန်းကလေးက သွက်နေရင်တော့ အကြောင်းမဟုတ်။ တစ်ဖက်က ခပ်အေးအေး ဒီဘက်က အတွေ့အကြုံမရှိသည့်ကောင် ဆိုလို့ကတော့ သွားပေတော့။

"မေလေး ဘာလုပ်နေတာလဲ၊ စားပြီးပြီလား"

"အင်း ... ဒီအချိန်ကြီးရောက်မှတော့ စားပြီးပြီပေါ့၊ ဘာလုပ်နေတာလဲဆိုတော့ ရုပ်ရှင်ကြည့်နေတာ"

"ဩော် ... အာရုံပျက်သွားပြီပေါ့၊ ဆောရီး ... ဆောရီး၊ ဘာကားကြည့်နေတာလဲ၊ ကိုယ်လည်း ရုပ်ရှင်ကြည့်တာတော့ ဝါသနာပါတယ် ..."





မေလေး ဘာကားတွေ ကြိုက်တတ်လဲ၊ ကိုယ့်ဆီမှာ ရုပ်ရှင်ကား တော်တော်များများ ရှိတယ်၊ ငှားမယ်လေ၊ နောက်ပြီး သူငယ်ချင်းတစ်ယောက်က အခွေငှားဆိုင်ဖွင့်ထားတာ သူ့ဆိုင်က တော်တော်စုံတယ်၊ ငှားရတာလည်း ကောင်းတယ်၊ ဗိုလ်တထောင်မှာ"

"ဟုတ်လား၊ မေလေးက နိုင်ငံခြားရုပ်ရှင်တွေ သိပ်မကြည့်ဖြစ်ပါဘူး၊ ကြည့်တော့ကြည့်တယ်၊ နာမည်ကြီးတယ်ဆိုတဲ့ ကားမျိုးမှ ကြည့်တာ၊ များသောအားဖြင့်တော့ မြန်မာကားတွေကြည့်တာများတယ်၊ ဟာသကားဆို ပိုကြိုက်တယ်"

"ဩော် ... အဲဒီလိုလား၊ ရယ်ချင်နေတဲ့ ကောင်မလေးပေါ့၊ ဒါဆို ဟာသစာအုပ်တွေ ဖတ်လား"

"ဖတ်တော့ဖတ်တယ်၊ ကာတွန်းကို ပိုကြိုက်တယ်"

"ဟား ဟား ... မေလေးကကွာ၊ အချစ်ဝတ္ထုတွေ ဘာတွေ မဖတ်ဘူးလား"

"ဖတ်တော့ ဖတ်ပါတယ် အဲဒါကျတော့ ကိုယ်ကြိုက်တာလောက်ပဲ ရွေးဖတ်တာပေါ့"

"ရသစာပေတွေ မကြိုက်ဘူးလား၊ ရှေးရှေးတုန်းက စာအုပ်တွေလေ"

"အမှန်အတိုင်းဝန်ခံရရင်တော့ ဖွဲ့ဖွဲ့လမ်းလမ်းသိပ်မရှိဘူး၊ မေလေးက ပေါ့ပေါ့ပါးပါးတွေပဲ ကြိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... မထင်ရဘူးနော်"

"ဘာမထင်ရတာလဲ"

"မေလေး ပုံစံက မြန်မာစာကျောင်းသူကြီးဆိုတော့ တကယ့် Classics တွေ ကြိုက်မလားလို့လေ"

"သြော် ... အဲဒီလိုထင်ထားတာလား၊ မဟုတ်ဘူး မေလေးက ပေါ့ပေါ့ပါးပါးပဲ"

"မေလေးက မြန်မာစာကို ဝါသနာပါလို့ ယူတာလား"

"အင်း ... အပါကြီးရယ်တော့လည်း မဟုတ်ဘူး"

သူက ဒီဘက်မှနေ၍ သူမ မမြင်နိုင်မှန်းသိသဖြင့် မျက်ခုံးကိုပင့်ကာ နှာခေါင်းတစ်ချက်ရှုံ့မိသည်။ ဘယ်လိုကောင် မလေးမှန်းလဲ မသိ။ သူကတော့ သချာကျောင်းသားဆိုတော့ နည်းနည်းလှုပ်ခတ်ခတ်မှ ကြိုက်သည်။ သူတို့တစ်ဖွဲ့လုံးမှာ တခြား ဟာ၌ ညှဲ့ချင်ညှဲ့ကြသည်။ သချာကျတော့ မတော်တော် မည့်ကျ သချာတွက်ရမည်ဆိုလျှင် ပျော်နေကြသူတွေဖြစ်သည်။ ယောကျာ လေးတွေဆိုတော့ ဖတ်ရတာတွေ၊ ကျက်ရတာတွေ သိပ်ဝါသနာ မပါဘဲ အတွက်သာ အားသန်သူများဖြစ်သည်။

သူ့အထင်တော့ တက္ကသိုလ်ကျောင်းသားကျောင်း သူတစ်ယောက်မှာ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တတ် စူးစူးနင့်နင့် ရွေးချယ်သင့်တာ မဟုတ်ပါ။ ဘာသာရပ်တိုင်း





သူ့သမိုင်းနဲ့သူ၊ သူ့အဓိပ္ပာယ်နဲ့သူ ရှိတတ်သည်မို့ ကိုယ် တကယ် စိတ်ဝင်စားသော ဘာသာရပ်ကို ရွေးချယ်တတ်ဖို့ လိုသည်ဟု ဆင်သည်။

ဒါမှလည်း ကျောင်းနေပျော်၍ ပညာသင်ကြားရာမှာ စိတ်ဝင်စား မှုရှိနိုင်မည် မဟုတ်ပါလား။

"ဒါဖြင့်ရင် မေလေး စိတ်ဝင်စားပြီး ဝါသနာပါတာ ဘာ ဖြစ်နိုင်မလဲ"

"အဟင်း ... အမှန်အတိုင်းပြောရင် ရယ်မှာလား"

"သြော် ... မရယ်ပါဘူး၊ လူတစ်ယောက်ရဲ့ဝါသနာဆိုတာ လှောင်ရယ်စရာမှ မဟုတ်တာ၊ ဘာလဲ Body Beauty ကစားတာလား"

"အင်း ... ကစားတော့ကစား ...ယ်၊ ဒါပေမဲ့ အဲဒီလောက် ကြီး မဟုတ်ဘူး"

"ဒါဆိုရင် ဘာလဲ၊ ထမင်းဟင်းချက်၊ မုန့်မျိုးစုံလုပ်တာ လား"

"အာ ... ထင်ရက်လိုက်တာ၊ ချက်တော့ချက်တယ်၊ မဟုတ် သေးဘူး"

"ဟင် ... အဲဒါဆို ဘာလဲ၊ သားလည်း မစဉ်းစားတတ်တော့ ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အလှပြင်ရတာလေ၊ မိန်းကလေး ဆိုတော့ အလှပြင်ရတာကို ဝါသနာပါတာပေါ့၊ လှလှပပဝတ်စား ပြင်ဆင်ရတာကို ဝါသနာပါတာရှင့်၊ သိပြီလား"

"ဩော် ... အဲဒီလိုလား၊ ဟုတ်သားပဲ၊ ကြည့်စမ်းကွာ၊ ဒါကို ကိုယ် ဘာကြောင့် မတွေးရတာပါလိမ့်၊ အင်း ... အင်း ... may be"

"သူများကိုသာ မေးနေတယ်၊ ဂနိုင်ကရော ဘာဝါသနာ ပါတာလဲ၊ ကောင်မလေးတွေနဲ့ ဖုန်းပြောတာကိုလား"

"ဟင်း ... ထင်ရက်လိုက်တာကွာ၊ ကိုယ့်ပုံစံက အဲဒီလို ပုံစံမျိုး ပေါက်နေလို့လား"

"အဲဒီလိုပုံစံမျိုး ပေါက်တဲ့လူဆိုတာ ရှိလို့လား"

"ဩော် ... သူ့ကို မေးကာမှ သူက ပြန်မေးနေပြန်ပါပြီ၊ အင်း ... ဟုတ်တော့ဟုတ်တယ်၊ ဒါမျိုးက အပေါ်ယံကြည့် ပြီး ဆုံးဖြတ်လို့ရတဲ့ကိစ္စမှ မဟုတ်တာ ...

တချို့ကျပြန်တော့လည်း တမင်ဟန်ဆောင်နေ တတ်တာမျိုးလည်း ရှိကြတယ်၊ ခက်တော့ခက်တယ်နော်"

"အင်း ... ပြောရင်းနဲ့ အတွေးဒိုင်တွေ ပါလာပြီ၊ ရိုးတန်း ပြော ရိုးတန်းပြော"

"ကဲပါ ... ရိုးတန်းပြောပါတယ်၊ ကိုယ်က ကောင်မလေးတွေ နဲ့ ဖုန်းပြောရတာ ဝါသနာမပါပါဘူး"





"ကောင်လေးတွေနဲ့ပဲ ဖုန်းပြောရတာ ဝါသနာပါတာပေါ့"

"ဟား ... နှိပ်ကွပ်ပြီကွာ၊ ယောကျ်ားချင်းများ ခပ်ပါးပါးပါ၊ ငါးမိနစ်ပြည့်အောင်တောင် ဖုန်းမပြောဖူးဘူး၊ အပြင်မှာသာ လေရိုက်ကြတာ ...

ပြောသာ ပြောရတာ မေလေးရေ၊ ယောကျ်ားလေး တွေက မိန်းကလေးတွေလောက် ဖုန်းကို Crazy မဖြစ်ကြ ဘူး၊ မိန်းကလေးတွေကမှ ဖုန်းဆိုရင် အရူးအမူး၊ တချို့ က ဘာရယ် မဟုတ်ဘူး၊ ဟာအကြောင်းမှ ပြောစရာမရှိ ဘဲနဲ့လည်း ပြောနေကြတာ၊ ပြောကိုပြောရမှ ဆိုတဲ့ဟာတွေ၊ မေလေးရော အဲသလိုပဲလား"

"အင်း ... အဲလိုမဟုတ်ဘူးလို့တော့ ငြင်းတော့ငြင်းချင်သား၊ ဒါပေမဲ့ အဲလို ဖြစ်နေတယ်"

သူမရဲ့ အဲဒီအပြောလေးကိုတော့ သူက တကယ် သဘောကျသွားရကာ ဟက်ဟက်ပက်ပက်ပဲ ရယ်မိပါသည်။

"ဟုတ်တယ်မှလား၊ မေလေး ဖုန်းပြောတာ ဝါသနာပါတယ် မဟုတ်လား"

"အင်း ... အဲဒါ ဝါသနာပါတယ်လို့ ပြောလို့ရလား၊ သိဘူး၊ မေလေးကတော့ သူငယ်ချင်းတွေနဲ့ ဖုန်းအမြဲပြော ဖြစ်နေတာပဲ၊ အဲလိုပဲ အကြာကြီး ပြော,ပြောနေတတ်တယ်၊ အနည်းဆုံးတော့ တစ်နာရီပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုက်ရှားဘား၊ ဒါဆို လေဒီဖုန်းပေါ့၊ မေလေးကို တစ်ခု မေးရဦးမယ်၊ တယ်လီဖုန်းကို ဘာကြောင့်တီထွင်ခဲ့ကြတာလဲသိလား"

"ဟင့်အင်း ... သိပါဘူး၊ ဂနိုင်ရော သိလို့လား"

"သိတာပေါ့"

"အဲဒါဆို ပြောပြလေ၊ ဘာလို့ တီထွင်ခဲ့ကြတာလဲ"

"စကားပြောလို့ ရအောင်လို့ပေါ့"

သူ့အပြောကို သူမက ရုတ်တရက်ကြောင်သွားပြီးတော့မှ ဟယ် ... ကြည့်စမ်း ဟု ပြောကာ ရယ်မောလေသည်။ သူကလည်း အသာအယာ လိုက်ရယ်မိသည်။ အင်း ... ဒါကြောင့်လည်း နောင့်တော် နောင်တော် ဘောဒါများကပြောတာ။ ကောင်မလေးနဲ့ ဘာမှ အရည်မရအဖတ်မရ ဖုန်းပြောနေရတာလည်း တကယ့်ကို Relax တစ်ခုတဲ့။ ကောင်မလေးက စိတ်မကောက်ဘဲ စကားပြောရတာ အဆင်တပြေပြေဆိုလျှင်တော့ ပို၍ ကြည်နူးဖို့ကောင်းပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းကိုများ လက်ကိုင်ဖုန်းသုံးစွဲသူများရဲ့ အသက်အရွယ် အနေအထားကိုများ ဆန်းစစ်ကြည့်မိလျှင် သမီးရည်းစား (သို့မဟုတ်) အိမ်စီကလီများရဲ့ အားပေးမှုနှုန်းထားက အမြင့်ဆုံးဖြစ်မည်ဟု ထင်ရပါသည်။





"ဟုတ်တယ်လေ ကိုယ် ရှိနေတာမှမဟုတ်တာ၊ ဖုန်းဆိုတာ ဘာလုပ်ဖို့လဲ၊ စကားပြောဖို့ပဲမဟုတ်လား၊ တစ်ယောက်နဲ့တစ်ယောက် မမြင်ရမတွေ့ရဘဲ လူကိုယ်တိုင်တွေ့ဖို့ မလိုတဲ့ ဆက်သွယ်မှု နည်းစနစ်ပေါ့ ...

စကားပြောဖို့အတွက် ဖုန်းကို တီထွင်တာပေါ့၊ တစ်ခါတလေကျရင် လူတွေက ရယ်ရတယ်ကွ၊ သိပြီးသားလေးတွေကိုပဲ ရိုးရိုးလေး မေးလိုက်တာကို ဟိုးအဝေးကြီးတွေ လျှောက်စဉ်းစားနေကြတာ ...

အဖြေက နီးနီးလေးမှာပဲ ရှိတယ်"

"အင်းပါ ... အင်းပါ၊ ကောင်မလေးတွေနဲ့ ဖုန်းပြောတာ ဝါသနာပါလားလို့မေးရာကနေ စကားတွေ လွဲသွားလိုက်တာ ...

မသိတဲ့လူ ဆိုရင်တော့ ရိပ်မိမှာတောင် မဟုတ်ပါဘူး"

"ရော် ... မဟုတ်ရပါဘူးကွာ၊ စကားလွှဲတာ မဟုတ်ပါဘူး မေလေးရဲ့၊ စကားဆိုတာ ဒီလိုပဲ ပြောရင်းနဲ့ ဟိုဟိုဒီဒီ ရောက်သွားတာပဲလေ"

"ဒါဖြင့်ရင် ကောင်မလေးတွေ ဖုန်းပြောတာ ဝါသနာပါတယ်ဆိုတာ ဘယ်လိုသိနေလဲ ပြောပြ"



www.burmeseclassic.com

www.burmeseclassic.com



ဒီတစ်ခါလည်း သူက သူမ မမြင်နိုင်မှန်းသိသဖြင့် လျှာထုတ်ပြောင်ပြမိသည်။ အင်း ... သူမလည်း ခေတော့မခေပေ ဘူးပဲ။ အခုတည်းက ဇာတိပြနေပြီဟု ပြောရတော့မည်ဖြစ်သည်။

"ဩော် ... ဒါကတော့ ကိုယ့်မှာလည်း သူငယ်ချင်းတွေ ရှိတာပဲကွာ၊ သိတာပေါ့ မိန်းကလေးတွေ ဖုန်းပြောတာ ဝါသနာပါတာများ၊ တကူးတက စုံစမ်းနေစရာတောင် မလိုပါဘူး မေလေးရယ်၊ ဘယ်သွားသွား မိန်းကလေးတွေ ဖုန်းပြောနေတာချည်းပဲ ...

နောက်ဆိုရင် ကိုယ့်ပါးစပ်က မိန်းကလေးတွေနဲ့ ပတ်သက်တဲ့ဒိုင်လေးတွေထွက်လာရင် မေလေး အထင်မလွဲ နဲ့၊ ကိုယ့်သူငယ်ချင်းတစ်ယောက်က ...

မိန်းကလေးတွေကြောင်း အရမ်းဒဿနထုတ်တတ် တာ၊ သူထုတ်တဲ့ ဒဿနတွေကလည်း တော်တော်မိုက် တယ်"

"ဟင်း ... မိန်းမကျွမ်းကျင်တဲ့ သူကြီးပေါ့"

"အင်း ... ဒါပေမဲ့ ရယ်ရတယ်၊ သူ တစ်ခါမှ ရည်းစား မထားဖူးဘူး"

"ဟင် ... ဘယ်လိုကြီးလဲ၊ ရည်းစားတွေ အများကြီးထား ဖူးလို့ မိန်းကလေးတွေအကြောင်း သိရမှာ မဟုတ်ဘူးလား"





"နိုး ... မဟုတ်ဘူး၊ သူက ရည်းစားတစ်ခါမှ မထားဖူးဘူး၊ ဒါပေမဲ့ အုပ်စုထဲမှာ ဆရာကြီးပဲ၊ ကိုယ်တို့အုပ်စုထဲမှာ ပွေတဲ့ကောင်တစ်ကောင်ရှိတယ်၊ ဒါပေမဲ့ သူက မိန်းကလေး တွေအကြောင်း သိပ်မသိဘူး၊ ဟိုတစ်ယောက်က ပိုသိတယ်"

"ဟင် ... ဘယ်လိုကြီးလဲ၊ သူ့သူငယ်ချင်းတွေက"

"ကိုယ့်သူငယ်ချင်းတွေက စိတ်ဝင်စားဖို့ ကောင်းပါတယ်၊ နောက်ကျမှ မေလေးနဲ့ မိတ်ဆက်ပေးရဦးမယ်"

"အမယ် ... စိတ်ဝင်စားဖို့ကောင်းလည်း စိတ်မဝင်စားပါဘူး နော်"

"မဟုတ်ပါဘူး၊ ကိုယ် ပြောတာက ခင်ဖို့ကောင်းတယ်လို့ ပြောတာပါ၊ ပြီးတော့ သူတို့ ကာရိုက်တာတွေက စိတ်ဝင်စား ဖို့ကောင်းတယ်လို့ပြောတာ၊ ရုပ်တွေကတော့ သုံးစားမရ ပါဘူး၊ ကိုယ့်အရှိန်ကြောင့်သာ နည်းနည်းလူရာဝင်နေတာ"

"အင်း ... ဖြစ်နိုင်ပါတယ်"

သူက နာရီကို တစ်ချက်ကြည့်လိုက်သည်။ ဒီလောက် ဆိုလျှင်တော့ သူမနဲ့ ဖုန်းပြောတာ နားဖို့ အချိန်ရန်ပြီဟု ထင်ပါ သည်။

"မေလေး နားချင်ရင်နားတော့လေ၊ တော်ကြာ နောက်ကျ မပြောချင်ဘဲ နေလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... အဲဒါဆို ဖုန်းချလိုက်တော့မယ် ဂွတ်ဒ်နိုက်နော်"

"ဂွတ်ဒ်နိုက် မေလေး၊ အိပ်မက်လှလှမက်ပါစေ"

"သင့်ခ်ယူ"

သူမက ခပ်တိုးတိုးနှုတ်ဆက်ကာ ဖုန်းအရင်ချသွားသည်။ သူသည် ဖုန်းလေးကို မျက်စိရှေ့မှာ ထောင်ကြည့်ရင်းမှ အသာအယာပြုံးကာ ငေးကြည့်နေမိသည်။ ကဲ ... အများက ချစ်ခင်နှစ်သက်ကြတဲ့ ပန်းတစ်ပွင့်နဲ့ တိတ်ဆိတ်တဲ့ ညတစ်ညမှာ စကားပြောခွင့်တော့ ရခဲ့ပြီးပြီ။ ရင်ထဲမှာ ဘယ်လိုခံစားရတယ်တဲ့လဲ။

သူ့ကိုယ်သူ ပြန်မေးသောမေးခွန်းကို ခဏလောက်တော့ စဉ်းစားလိုက်ရသည်ဟု ထင်သည်။

သူမနဲ့ စကားပြောနေတဲ့အခိုက်မှာ စိတ်ကြည်နူးမှုတစ်ခုကို သူ ရသည်။ ထပ်၍လည်း ပြောချင်သေးသည်။ သူမရဲ့ အသံလေးကို ကြားချင်သေးတာကရော အချစ်ဖြစ်လာနိုင်သလား။ မတွေးတတ်တော့ပါ။ အိပ်မက်ထဲမှာတော့ သူမက သူ့ချစ်သူ သူ့ပခုံးပေါ်မှာ ခေါင်းမှေးတင်နေခဲ့သည်။





"ဒါဖြင့်ရင် မင်းတို့အခြေအနေက လန်းနေပြီပေါ့၊ သူများသားသမီးတွေများ လက်သွက်လိုက်တာ၊ အားကျတယ်ကွာ"

အဲဒီစကားကိုတော့ မြန်မာစာမေဂျာက ကောင်မလေးကို လိုက်နေသည့် မိုးကိုက မစားရဝခမန်း ကန်တင်းမှာ ပြောတာဖြစ်သည်။ သူသည် ထမင်းပေါင်းကို ဗိုက်ဆာတုန်း စိတ်ပါလက်ပါ စားနေတာမို့ တစ်စုံတစ်ရာ ပြန်မပြောနိုင်သေး။

သူမနှင့် သူသည် ဗိုလ်ချုပ်ဈေးမှာ တွေ့ပြီးသည့်နောက်ပိုင်းမှစ၍ ဖုန်းပြော၊ လူချင်းကျောင်းမှာတွေ့ စသဖြင့် အခြေအနေတွေက ပုံမှန်တိုးတက်နေသည်ဟု ပြော၍ရသည်။ ဒီနေ့အထိ သူမကို ပြောတဲ့စကားတွေထဲမှာ ရိသဲ့သဲ့စကားတွေ၊ သမုဒယဆန်သည့် စကားမျိုးတွေ မပါပေမယ့် နှစ်ဦးစလုံးဟာ ခေတ်နဲ့အညီ နေထိုင်သည့် တက္ကသိုလ်ကျောင်းသား ကျောင်းသူ



www.burmeseclassic.com

www.burmeseclassic.com



[illegible] ဘယ်အရာက ဘယ်ကို ရည်ရွယ်နေသည်ဆိုတာ နှစ်ဦး စလုံးသိကြသည်။

"ဒီလောက်လေးက လန်းတယ် မဆိုသာပါဘူးကွာ"

"ဟော့ကောင် သူများဆိုရင်သာ မပြောပလောက်ပေမယ့် မေကျက်သရေ ကျတော့ လန်းတယ်၊ ပြောလို့ရတယ်ကွ ..."

ဒါနဲ့ မေးစမ်းပါရစေဦး၊ မင်းတို့နှစ်ယောက် ဖုန်းတွေပြောနေကြတယ်၊ မုန့်ဆိုင်တွေ ဘာတွေလဲ တစ်ခါတလေ ထိုင်ကြတယ်ဆိုတော့ အခြေအနေ ဘယ်လိုလဲ၊ မင်းကရော သူ့ကို ဘယ်တော့ဖွင့်ပြောမယ် စဉ်းစားထားလဲ"

"ငါ မစဉ်းစားရသေးပါဘူး"

"ဟာ ... မင်းကတော့ကွာ၊ ဟိုကကြားရင် ရိုက်ပေါက်ပဲ၊ သူ့ဘက်ကရော မင်းအပေါ်မှာ ဘယ်လိုသဘောထားလဲ"

"သူကလည်း အေးဆေးပါပဲ"

"မင်းကို ကြည်တယ်ပေါ့"

"မိန်းကလေးတစ်ယောက်ကို အဲဒီလိုကြီး ငါ မပြောချင်ပါဘူးကွာ၊ သူလည်း ခင်တာနေမှာပေါ့"

"မင်း သူ့ကို မချစ်သေးဘူးလား"

"ငါ သူ့ကို သဘောကျတယ်၊ သူ့ရဲ့ မိန်းမဆန်မှု၊ နူးညံ့သိမ်မွေ့မှု၊ ချောမောလှပမှု စတာတွေကို သဘောကျတယ်၊





ကြိုက်တယ်ကွာ၊ အဲဒါတွေကို ခံစားလို့လည်း ရတယ်၊ သူက ငါ့ရင်ဘတ်ထဲကို တော်တော်ရောက်တဲ့ မိန်းကလေးတစ်ယောက်ပေါ့ ...

ဒါတွေဟာ အချစ်ဖြစ်ချင်လည်းဖြစ်မယ်၊ ဒီအချိန်မှာ အချစ်လို့ ခေါင်းစဉ်တပ်ပြီး သူ့ကို Propose လုပ်ရင်လည်း ရတာပဲ၊ ရတာပဲဆိုတာ ငါ့ဘက်ကိုငါပြောတာပါ၊ ဒါပေမဲ့ အဲဒီလိုတွေ မလုပ်ချင်ဘူး၊ နားလည်မှုရှိတဲ့ အခြေအနေလေးတစ်ခုပဲ ငါ တဖြည်းဖြည်းချင်း တည်ဆောက်ယူချင်တယ် ...

သူနဲ့ ငါ့ကြားမှာ နားလည်မှုလေးတစ်ခု ခိုင်ခိုင်မာမာ ရှိပြီဆိုမှ အခြေအနေတစ်ခုကို ပြောင်းလဲဖို့ ကြိုးစားမယ် ...

ဒီအချိန်မှာတော့ ငါ ဒီလိုပဲ နေချင်သေးတယ်၊ သူ့ကိုလည်း ဒီအတိုင်းပဲ လွတ်လွတ်လပ်လပ် ရှိနေစေချင်တယ်၊ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုလေးနဲ့နေနေရတာက ပိုစိတ်ချမ်းသာဖို့ ကောင်းတယ်လို့ ထင်တယ်"

သူ့အပြောကို ဖိုးဂျီနဲ့ မိုးကိုကတော့ နှာခေါင်းကိုယ်စီရှုံ့ကာ အားပေးကြသည်။ ညိုမင်းကတော့ လက်မတစ်ချက်ထောင်ပြကာ အားပေးရှာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းဟာက ဘာကြီးလဲကွာ၊ မင်းကိုယ်မင်း ပီကာဆိုလိုလို အနုပညာရှင်လိုလိုနဲ့ သူများက သုတ်သွားမှ ငုတ်တုတ်မေ့နေမယ်"

"အေးလေ ... ဒါမျိုးဆိုတာ ကိုယ့်လက်ထဲ ရောက်နေတာတောင် စိတ်ချရတာ မဟုတ်ဘူး၊ သမီးရည်းစားဘ၀မှာတောင် အကြောင်းအမျိုးမျိုးကြောင့် ဝေးသွားကြသေးတယ် ...

မင်းဟာက မသိရင် လက်မထပ်သေးဘဲ စောင့်နေတဲ့ပုံတောင်ဖြစ်နေပြီ၊ အပီကြီး အပိုင်ကြီး သဘောမျိုးပေါ့လေ"

"ငါကတော့ ဂနိုင် ပြောတာကို သဘောကျတယ်၊ လက်ခံတယ်၊ ငါ့ခံစားချက်ကလည်း အဲဒီအတိုင်းပဲ၊ ကိုယ့်သဘောနဲ့ကိုယ်တော့ ကြိုက်သလို ဂီယာထိုးခွင့်ရှိတာပေါ့ကွာ ...

ဒါပေမဲ့ ဒီကောင့်ဖီးလ်က မိုက်တယ်၊ ခုခေတ်မှာ ရည်းစားတစ်ယောက်ထားဖို့ဆိုတာ လွယ်လွယ်လေးပဲ၊ ခုဖြစ်ပြီး ခုပြတ်တာတွေလည်း တစ်ပုံကြီးပဲ၊ ဘာလုပ်မှာလဲ၊ ငါကတော့ အဲဒါမျိုးတွေ အားမကျပါဘူး၊ ဒီကောင်ပြောသလို တစ်ယောက်နဲ့တစ်ယောက်ကြားမှာ နားလည်မှုလေး တစ်ခုရှိပြီး အဲဒီ Flowလေးနဲ့ သွားနေရတာမှ တကယ်ငြိမ့်တာ ...





သမီးရည်းစား ဘ၀ကတောင် ဇယားတွေကများသေးတယ်၊ အခန့်မသင့်ရင် တိုင်ပတ်တာတွေကပါသေး၊ ဒါက တကယ်ဇယားငြိမ်တာ"

"ဟင်း ... မင်းတို့ပဲ ငြိမ်ကြပေါ့ကွာ၊ ငါတို့ကတော့ နတ် မဟုတ်ဘူးဟေ့၊ အငွေ့တွေ အတွေ့တွေနဲ့ ရှောင်ရဲမနေနိုင်ဘူး၊ တုံးဆိုတိုက်၊ ကျားဆိုကိုက်၊ ကောင်မလေးဆို ဝိုက်ပစ်လိုက် ... ဒါပဲ"

"အေးပါ ... အေးပါ၊ ဝိုက်ပါ ... ဝိုက်ပါ၊ ကိုယ့်အကြိုက်နဲ့ ကိုယ်ပေါ့"

"ဒါပေမဲ့ တစ်ခုတော့ရှိတယ်ကွ၊ သူက ထင်ထားသလောက် မဖြစ်ဘူး၊ သူ့ စိတ်ဝင်စားတာတွေကလည်း သာမန်ထူးမခြားနားတွေပဲ၊ ငါနဲ့ စကားပြောရတာ ပြောရရင်တော့ ငါ့လယ်ဗယ်ကို မမီဘူးပေါ့ကွာ ... ဟဲ ဟဲ"

သူ့အပြောကို ညိုမင်းက ခေါင်းတဆတ်ဆတ်ညိတ်ကာ ဒိုင်အသစ်တစ်ခု ထုတ်ပေးသည်။

"မိန်းမချောတွေမှာ အားသာချက်တစ်ခုရှိတယ်ကွ၊ အဲဒါကတော့ ဉာဏ်ကောင်းတဲ့ပုံ ဟန်ဆောင်စရာ မလိုဘူး"

"ဒါပေမဲ့ ယောက်ျားလေးတွေက ဉာဏ်ကောင်းတဲ့မိန်းမကို ကြိုက်ဟလား၊ ရုပ်ချောတဲ့မိန်းမကို ကြိုက်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"ဉာဏ်ကောင်းတဲ့မိန်းမကို ကြိုက်မယ်ဆိုရင် မင်း ကာကွယ်ရေးဝန်ကြီး ကွန်ဒိုလီဇာရိုက်စ်ကို ကြိုက်မလား ပြော"

သူ့မျက်လုံးထဲ၌ ဉာဏ်ကောင်းပြီး ထက်မြက်ထူးချွန်သလောက် ရုပ်ဆိုးသည့် လူမည်းမကြီး၏ကို ပြေးမြင်လာကာ နှာခေါင်းရှုံ့မိသည်။

"မင်းကို ကွန်ဒိုလီဇာရိုက်စ်နဲ့ ဖုန်းပြောခိုင်းမယ်ကွာ၊ မင်းပြောမလား"

"တစ်ခါလောက်တော့ ပြောကြည့်ချင်တာပေါ့"

သူ့အပြောကို ညိုမင်းက အသံမထွက်ဘဲ ဆဲသည်။ ပြီးတော့ ဆေးပေါ့လိပ်ကို မီးညှိကာ ...

"မင်းတို့အားလုံး မှတ်ထားကြကွ၊ မိန်းမဆိုတာ လိမ္မော်သီးနဲ့တူတယ်"

"ဘာလဲ ... လိမ္မော်သီး အကြီးကြီးတွေလို ဖွံ့ဖွံ့ထွားထွား၊ ချိုတာမြိန်မြိန် အရည်တရွှမ်းရွှမ်းနဲ့ မို့လို့လား"

"မင်းကြီးတော်ကြီး၊ အရည်ရွှမ်းရမှာလား၊ ပြောတာကို ဆုံးအောင်နားမထောင်ဘဲနဲ့ နှာတွေး တွေးမနေနဲ့၊ အေး ... လိမ္မော်သီးတွေလိုပဲ အလှဆုံးဟာ အကောင်းဆုံး ဟုတ်ချင်မှဟုတ်မယ် ...



အသီးကြီးက ဖွံ့ထွားပြီး အထဲမှာ ချိုချင်မှ ချိုမယ်၊ ဒီသဘောပဲ၊ အလှဆုံးနဲ့ အကောင်းဆုံးဆိုတာ ထပ်တူမကျနိုင်ဘူး"

"ဟုတ်ကဲ့ပါ ဆရာ၊ အနော်တို့ မှတ်သားထားပါ့မယ်"

ဖိုးကျိုက ရွဲ့ပြီးပြောသော်လည်း ညိုမင်းကတော့ ဘယ့်နှယ်မှ မနေပါ။

သူကတော့ ညိုမင်းရဲ့ စကားတွေကို လိုက်လိုက်လှဲလှဲ လက်ခံပါသည်။ ညိုမင်းက သူ့ကို အဓိပ္ပာယ်ပါပါ တစ်ချက်ကြည့်ကာ ...

"မင်းကို ငါ တစ်ခုမေးမယ် ဂနိုင်၊ မင်းက သူနဲ့ မင်းကြားမှာ နားလည်မှုလေးတစ်ခုကို တဖြည်းဖြည်းချည်း တည်ဆောက်ပြီးမှ အခြေအနေတစ်ခုကို ပြောင်းလဲချင်တယ်လို့ ပြောခဲ့တယ်နော် ...

နားလည်မှုရှိရင် အားလုံး အဆင်ပြေတယ်လို့ မင်းထင်လား၊ ချစ်သူတွေရဲ့ဘဝမှာ နားလည်မှုရှိရင် အားလုံး အေးဆေးပဲလို့ တွက်ထားလား ...

နားလည်မှုမရှိရင် ဝေးမယ်၊ အဆင်မပြေဘူး၊ နားလည်မှုရှိရင်တော့ မဝေးဘူး အဲဒီလိုပဲထင်လား"

"အင်း ... အဲဒါကတော့ ..."

www.burmeseclassic.com

www.burmeseclassic.com



"မင်း ချက်ချင်းမဖြေနိုင်ဘူး မဟုတ်လား၊ အိုကေ ... အိမ်တယူသွား အောက်သက်ကျေဖို့အတွက် အိမ်စာပြီးအောင်ရေးခဲ့ ...

ဟိုကောင်တွေ မင်းတို့ပါ စဉ်းစားလို့ရတယ်"

"တော်ပြီပေါ့ ... နဂိုကမှ အုံးကိုက်နေရတဲ့အထဲ လာမစားနဲ့"

"ကိုယ်တို့က အဲဒီလောက် အလေးကြီးတွေ ထည့်မထားဘူးကွ"

သူကတော့ အငြင်းစကားမဆိုခဲ့ပါ။ အဲဒီမေးခွန်းကို နက်နက်နဲနဲပဲ စဉ်းစားနေခဲ့သည်။ သို့သော် သူ သတိလစ်သွားတာတစ်ခုက သူဟာ ပုစ္ဆာမရှိဘဲ အဖြေရှာနေသူလို ဖြစ်နေခဲ့တာကို သူ့ကိုယ်သူ သတိမထားမိလိုက်ခြင်းပဲဖြစ်သည်။

အဲဒီမေးခွန်းကို တိတိပပနှင့် လက်တွေ့ကျကျ ဖြေဆိုဖို့အတွက် ရင်ခွင်မှာ အချစ်တစ်ခုကို ပိုက်ထားရမှာဖြစ်သည်။ သူဟာ မရောက်သေးသော အနာဂတ်ကို လှမ်းကြည့်ကာ ရင်မောအဖြေရှာနေခဲ့သည်။ ပစ္စုပ္ပန်မှာက ငြိမ်သက်ဆဲ။

♥ ❧ ♥





ဖြေကြည့်ပါ (၅)

လူတစ်ယောက် ကောင်းတယ် ဆိုးတယ်ဆိုတာကို
ပတ်ဝန်းကျင်ရဲ့အမြင်နဲ့ ဆုံးဖြတ်မှာလား _
ကိုယ့်ရဲ့အမြင်နဲ့ ဆုံးဖြတ်မှာလား _။
ဒါမှမဟုတ် _
အဲဒီလူရဲ့ <u>အတွင်းစိတ်</u>နဲ့ ဆုံးဖြတ်ရမှာလား _။

♥ ❧ ♥

www.burmeseclassic.com

www.burmeseclassic.com



## ၁

သူဟာ နံနက်ငါးနာရီ နိုးစက်မြည်သံကြောင့် ပုံမှန်လုပ်နေကြအတိုင်း အိပ်ရာမှထကာ ကိုယ်လက်သန့်စင်လိုက်သည်။ သူက မနက်ခင်းတိုင်း ထပြေးနေကြ ဖြစ်ပါသည်။ မနက်ခင်းလမ်းလျှောက်တာတို့၊ ထပြေးသော အလေ့အကျင့်တို့ကို သူ့အဖေထံမှ သူက အမွေရထားခဲ့ခြင်းဖြစ်သည်။ လူတစ်ယောက်ဟာ ကျန်းမာကြံ့ခိုင်သော ကိုယ်ခန္ဓာကိုရဖို့အတွက် အားကစားတစ်ခုခုလိုက်စားသင့်သည်ဟူသော အသိကို သူ ငယ်ငယ်လေးတည်းက သွင်းပေးခဲ့ခြင်းဖြစ်သည်။ ဒါကြောင့် သူသည် ငယ်ငယ်တည်းက ဖေဖေနဲ့အတူ လမ်းလျှောက်သည်။ အရွယ်ရောက်လာသောအခါ ထပြေးတတ်သည်။ အဲဒီအတွက် သူသည် ကျန်းမာကြံ့ခိုင်သော အသွင်သဏ္ဍာန်ကို ဆောင်သည်။





သူသည် အိမ်ကနေ စပြေးလာတုန်းကတော့ ခပ်ဖွဖွ ခပ်ရှရှသာဖြစ်လျက် တဖြည်းဖြည်းနဲ့ အရှိန်ကို မြှင့်လာခဲ့သည်။ လမ်းအချိုးအကွေ့တစ်ခုသို့ အရောက်မှာတော့ သူ့မျက်စိရှေ့သို့ ဘွားခနဲပေါ်လာသော စကိတ်သမားတစ်ယောက်၊ စကိတ်သမားကလည်း အရှိန်ကိုမထိန်းဘဲ စွတ်တင်လာခြင်းဖြစ်လေရာ သူ့ဆီသို့ တည့်တည့်ကြီး ပြေးဝင်လာသည်။ သူ့မှာ ရှောင်ချိန်တောင်မရလိုက်။ စကိတ်သမားက သူ့ကို ဖြတ်တိုက်သွားသောအရှိန်ကြောင့် သူ့မှာ အင့်ခနဲဖြစ်သွားရကာ ဘေးသို့ လွင့်လဲသွားရသည်။ စကိတ်သမားလည်း သက်သာဟန်မတူပါ။ တစ်ဖက်က အုတ်တံတိုင်းတစ်ခုနှင့် ဘိုင်းခနဲ သွားရိုက်သည်။ နှစ်ယောက်စလုံးမှာ ကိုယ့်အနာနှင့်ကိုယ်မို့ ဘယ်သူ့ဘယ်သူကိုမှ လှည့်မကြည့်နိုင်ကြ။ သို့သော် သူကတော့ ဒေါသစိတ်ကြောင့် နာကျင်သည့်ကြားမှ အဲဒီတစ်ယောက်ကို အံကြိတ်ပြီး ကြည့်နိုင်သေးသည်။

အဲဒီကျတော့မှပဲ စကိတ်သမားဟာ မိန်းကလေးတစ်ယောက်ဆိုတာကို ကောင်းကောင်းကြီးသတိပြုမိရတော့သည်။ အနီကလေးမသည် အုတ်တံတိုင်းထောင့်တွင် ဒူးတစ်ဖက်က ထောင်ထိုင်လျက် ခြေတစ်ဖက်ကိုဆင်းထားကာ ခြေကျင်းဝတ်ကို ဖိနှိပ်နေသည်။ နောက် တံတောင်ဆစ်ကိုလည်း လှန်လှောကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



[illegible] ခံ့သိပ်နေရင်းမှ သူ့ကို နာကျင်နေသော မျက်နှာထား ဖြင့် လှမ်းကြည့်သည်။ သူကလည်း ရှုတည်တည်ဖြင့် ခြေကားယား လက်ကားယားထိုင်နေရာမှ ပေစောင်းစောင်း ပြန်ကြည့်မိသည်။

တစ်ယောက်နဲ့တစ်ယောက်သည် ထိုင်ရာမှ မထကြ တော့ဘဲ ဖုတ်လှိုက်ဖုတ်လှိုက် ဖြစ်နေကြပြီးမှ ထ,မယ့်ထ,တော့ လည်း နှစ်ယောက်စလုံး ပြိုင်တူဖြစ်သည်။

သူက အခုချိန်ထိ လှမ်း၍ မတောင်းပန်သေးသော မိန်းကလေးကိုကြည့်ကာ တစ်ခုခုပြောဖို့ စဉ်းစားနေတုန်းမှာပဲ သူမက စကိတ်ကို ယမ်းတမ်း ယမ်းတမ်းစီးကာ သူ့အနားသို့ ရောက်လာသဖြင့် သူ့မှာ အမြန်ရှောင်လိုက်ရသေးသည်။ မြင်လိုက် တာနဲ့ကို ခေတ်ကို ကျော်တက်ဖြတ်ပြေးထားပုံရသော ကောင်မ လေးသည် အညိုရောင်အလိပ်အရှည်ကြီးတွေရှိသော ကျောလယ် ခန့်ရှိသည့် ဆံပင်တွေနဲ့ဖြစ်သည်။ အင်္ကျီကလည်း အောက်က အဖြူအကျပ်အရှည်၊ အပေါ်က အစင်းကြားတစ်ထပ်၊ ဘောင်းဘီက Stocking လိုလို အကျပ်အကပ်ဖြစ်ကာ ပေါင်လယ်ခန့်ရှိသော ဂျင်း(န်)မှိုတက်စကတ်တစ်ထည်ကိုလည်း ဝတ်ထားသေးသည်။ မနက်စောစောစီးစီးမှာ ရှုပ်ယှက်ခတ်အောင် ဘာတွေဝတ်ထားမှန်း လဲ မသိပါ။





"ဘယ်ထိသွားသေးလဲ၊ နာသွားသေးလား၊ ဆောရီးနော်၊ ကိုကို့က စကိတ်စီးတာကတော့ Expertပါ၊ ဒါပေမဲ့ တစ်ညလုံး အိပ်မထားရတော့ လူက မှုးရိုပ် မှုးရိုပ် ဖြစ်နေလို့"

သူမက ပြေရာပြေကြောင်း ပြောသော်လည်း သူက မကျေနပ်နိုင်သေးပါ။ သူမ လုပ်လိုက်သည့်ဒဏ်ကြောင့် သူလည်း ခံလိုက်ရတာ အတော်ကို မသက်သာ။ လူက အီစလံဝေနေသည်။ ပခုံးတစ်ဖက်က အောင့်မျက်ကာ ခြေသလုံးက နည်းနည်းနာချင် သေးသည်။ သို့သော် မိန်းကလေးတစ်ယောက်ကို အသုံးမကျဘူး ဘာဘူး ညာဘူးဖြင့် ရန်မတွေ့ချင်ပါ။

ဒါပေမဲ့လည်း မကျေနပ်တာကိုတော့ မကျေနပ်ဘူး ဟု ပြောချင်သေးသည်။

"ဘယ်လိုပဲဖြစ်ဖြစ် မင်း ဂရုစိုက်စီးဖို့တော့ လိုတာပေါ့ကွ၊ အခုတော့ မင်းကြောင့် ကြားထဲက ငါလည်း မသက်သာဘူး"

"အဲဒီတော့ ဘယ်လိုလုပ်ပေးရမလဲ၊ အိမ်လိုက်ပြီး ဆေးလိမ်းပေးရမှာလား"

သူက အဲဒီအပြောကြောင့် သူမကို ရူးခနဲ မော့ကြည့်မိသည်။ သူမကတော့ ဘယ့်နှယ်မှ နေဟန်မတူပါ။ အမေရိကန်ဆယ်ကျော်သက် မြီးကောင်ပေါက်မလေးတွေသဖွယ် နှုတ်ခမ်းကို



www.burmeseclassic.com

www.burmeseclassic.com



[illegible]နှစ်ဖက်ကို ဟန်ပါပါတွန့်ပြသည်။ အဲဒီပုံစံနှင့် စကားကြောင့် သူက အခုနကထက်ပို၍ ဒေါသထွက်သွားသည်။

"မင်း ဘာစကားပြောတာလဲ၊ မင်းကလည်း မှားသေးတယ်၊ မင်းကြောင့်လည်း ငါက အနာတရဖြစ်ရသေးတယ်၊ ဒါကို ပြေရာပြေကြောင်း မတောင်းပန်ဘဲ ဒီလိုပဲ ပြောရသလား"

"ဟင် ... ဒီလိုမပြောလို့ ဘယ်လိုပြောရမှာလဲ၊ ယူ့ကို အကျိုးအကြောင်း ပြောပြပြီးပြီလေ၊ ညက တစ်ညလုံး အိပ်မထားရလို့ပါလို့၊ ပြီးတော့ စိတ်ရှိတိုင်း စီးပစ်ခဲ့တာလည်းပါတယ်၊ အဲဒါကြောင့် ဖြစ်သွားတာ ...

ဒါကိုမှ မကျေနပ်ဘူး ဆိုရင်တော့ အိမ်လိုက်ပြီး ဆေးလိမ်းပေးဖို့ပဲ ရှိတော့တာပေါ့"

သူက တမင် ကတ်သတ်ပြောနေသော ကောင်မလေးကို မျက်လုံးများ မှေးစင်းကြည့်မိကာ ...

"မင်း တကယ်လိမ်းပေးမှာလား ပြော၊ ငါ့အိမ်ကိုလိုက်ပြီး ငါ့ခြေသလုံးကိုလေ၊ ပြီးတော့ ငါ့လက်မောင်းတစ်ဖက်လည်း အောင့်သွားသေးတယ်"

"လိမ်းပေးမယ် ဆိုရင်ရော ယူက ကျေနပ်မှာလား"

"အေး ... မင်းသာ တကယ်လိမ်းပေးမယ် ဆိုရင်တော့ ကျေနပ်ရမှာပေါ့ကွာ၊ ကဲ ... ဘယ်လိုလဲ"





သူက လက်နှစ်ဖက်ကို ပိုက်ပြီး မိန့်မိန့်ကြီးပြုံးကာ ပြောလိုက်လျှင် သူမက နှစ်ခါပြန်တောင် စဉ်းစားနေပုံမပေါ်ပါ။ ခေါင်းတစ်ချက်ငဲ့ကာ ...

"အိုကေလေ ယူ့အိမ်က ဘယ်မှာလဲ၊ လိုက်ပြီး လိမ်းပေးမယ်၊ ဒါမှမဟုတ် တို့အိမ်မှာလိုက်ပြီး အလိမ်းခံမယ်ဆိုရင်လည်း ဖြစ်ပါတယ်"

"နီး ... နီး ... မင်းကြောင့်ဖြစ်တဲ့ဟာ၊ မင်းအိမ်ကိုလိုက်ပြီး အလိမ်းခံဖို့ ဖြစ်ပါ့မလား၊ မင်းကသာ ငါ့အိမ်ကိုလိုက်ပြီး လိမ်းပေးရမှာပေါ့ ...

ဘယ်လိုလဲ ဖြစ်ရဲ့လား၊ ငါက ဇွတ်မတောင်းဆိုဘူးနော်၊ ဒါပေမဲ့ မင်းလုပ်ထားတဲ့ အပြစ်ကို အဲဒီနည်းနဲ့မှ ငါက ခွင့်လွှတ်မယ်"

"နှစ်ခါမပြောဘူး၊ ယူ ရှေ့ကသွားလိုက်"

သူက ပြတ်သားလွန်းသော မိန်းကလေးကိုကြည့်ကာ စိတ်ထဲကတော့ နည်းနည်းဖျားသွားသည်။ သို့သော် သူမက မီးစိမ်းပြနေမှတော့ သူက ဘာမှ တွေဝေနေစရာ အကြောင်းကို မရှိတော့။

"အိုကေ ... ငါ့အိမ်က ဒီလမ်းကို ပြန်ချိုးရင် ရောက်ပြီ၊ သိပ်မဝေးဘူး၊ မင်း လမ်းလျှောက်ဖို့ဖြစ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်ရင် ယူပွေ့ချီမှာမို့လို့လား"

သူမကလည်း သူ့လိုပင် လက်နှစ်ဖက်ကို ပိုက်ကာ ပြုံးထေ့ထေ့ ပြန်မေးလျှင် သူက ထပ်၍ စကားမဆက်နိုင်အောင် ဖြစ်သွားသည်။ ဒါကို ရိပ်မိသည့်အလား သူမက ဟက်ခနဲ တစ်ချက်ရယ်မောကာ ...

"အဲဒါပဲနော် လူတွေက၊ စိတ်ထဲက မပါဘဲနဲ့လည်း အပိုတွေသိပ်လုပ်ပြီး မေးကြတာ၊ တစ်ဖက်က ဟုတ်ပြီဟုတ်ရဲ့ ဆိုလိုက်တော့ တကယ်တမ်း ဘာမှလုပ်ပေးနိုင်ကြတာလဲ မဟုတ်ဘူး ...

ကဲပါ ... ယူသွားတော့၊ တို့က ဘေးကနေ စကိတ်စီးပြီး လိုက်လာခဲ့မယ်"

"ဟာ ... ဟော့ ... ဟော့ ... မင်း ကိုယ့်ဘေးကနေတော့ ကပ်မလိုက်လာခဲ့နဲ့"

သူ့စကားကို သူမက နံနက်ခင်းနှင့် မလိုက်အောင် အော်ကြီးဟစ်ကျယ် ရယ်မောသည်။ သူက အဲဒီရယ်သံကြီးကို မနှစ်မြို့စွာဖြင့် သူမကို မျက်မှောင်ကုတ်ကြည့်မိသည်။ မိန်းကလေးဖြစ်ပြီး အဲဒီလို တဟားဟား အော်ရယ်တာလောက် ကြည့်မရတာ မရှိပါ။

"မကြောက်ပါနဲ့၊ ကဲ ... ရှေ့လမ်းချိုးကနေ စောင့်နေမယ်၊ ယူ့အိမ်နံပါတ်က ဘယ်လောက်လဲ"





"အမှတ်(၃၆)"

"အိုကေ ... အဲဒီရှေ့က စောင့်နေမယ်၊ လိုက်လာခဲ့ပေတော့"

သူမက စကိတ်ကို စတင်စီးရင်းမှ သူ့ကို လှည့်ကြည့်ပြီး ပြောသွားသည်။ ပြီးတော့ စကိတ်ကို တရွေ့ရွေ့စီးရင်း သူ့ရှေ့မှာ အသာပျောက်ကွယ်သွားလေသည်။ သူသည် ထူးထူးဆန်းဆန်းကောင်မလေးကို ကြည့်ကာ ခေါင်းတစ်ချက်ယမ်းရင်း အသာလျှောက်လာခဲ့သည်။ ဒီပုံစံအတိုင်းကတော့ သူလည်း ဆက်ပြေးနိုင်တော့မှာ မဟုတ်ပါ။ ခြေထောက်က နည်းနည်းနာနေသည်။ လက်ပြင်တစ်ဖက်ကလည်း တဖြည်းဖြည်းနှင့် အောင့်လာပါသည်။

သူ့အိမ်ရှေ့သို့ရောက်လျှင် ကလေးမကို အုတ်ခုံပေါ်၌ ထိုင်နေတာကို အဟုတ်ကိုပဲ တွေ့လိုက်ရသည်။ သူသည် စိတ်ထဲမှ တကယ်ကိုပဲ ဆလံသမိပါသည်။ သူက သူမရှေ့မှာ ခါးထောက်ရပ်လိုက်ရင်း ...

"ဘယ်လိုလဲ အမိ၊ တကယ်လိမ်းပေးဖို့ ဆုံးဖြတ်ထားတယ်ပေါ့"

"ဟေး ... ယူ၊ တို့က အပိုတွေ သိပ်မပြောတတ်ဘူး၊ ကဲ ဆေးဘယ်မှာလဲ၊ ယူလာခဲ့၊ ဘာဆေးရှိလဲ၊ ရှမ်းရိုးမလား၊ လင်ဇီးဒဏ်ကြေလိမ်းဆေးလား ...



www.burmeseclassic.com

www.burmeseclassic.com



ယူ့ဒဏ်ရာကရော ဘယ်လိုဖြစ်တာလဲ၊ သေချာ တောင် မကြည့်ရသေးဘူး”

သူက ဟုတ်တိပတ်တိပြောနေသည့် ကောင်မလေးကို ကြည့်ကာ ... ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။ ဒီကောင်မလေးဟာ ဘယ်လိုကောင်မလေးလဲ။ အခုမှတွေ့တဲ့ ယောကျ်ားတစ်ယောက်ကို ဒီလောက်တောင် လိုက်လျောသလား။ သူမပုံစံကြည့်ရတာ ဘာကိုမှ အလေးအနက်ရှိပုံလဲ မရ။ အေးအေးဆေးဆေးပဲပဲဟူသော ဒီနိုင်းထဲက ဖြစ်သည်။

“ဟိုတ် ... ဘာရပ်ကြည့်နေတာလဲ”

“အင်း ... မင်းကို အိမ်ထဲဖိတ်ရကောင်းနိုးနိုး စဉ်းစားနေတာ၊ တကယ်တမ်းကျတော့လည်း မင်းကို ဆေးလိမ်းခိုင်းရမှာ အားနာတယ်”

“ဟား ဟား ... အားနာပေမယ့် လိမ်းတော့ လိမ်းပေးစေချင်တယ်ဆိုတဲ့ အထာနဲ့ မဟုတ်လား ...

ကဲ ... ကြာတယ်ကွာ၊ လိမ်းမပေးရဘူးဆိုရင်လည်း ပြန်မယ်၊ တို့က သိပ်စိတ်မရှည်တတ်ဘူး”

“ကဲ ကဲ ... ဒီလိုတော့ ဘယ်ရမလဲ၊ မင်း လိမ်းပေးမယ်ဆိုလို့ ခေါ်လာတာလေ၊ လာ ... လာ အိမ်ထဲဝင်တော့”





သူမက ပခုံးကို တစ်ချက်တွန့်ကာ အိမ်ထဲသို့ လှမ်းဝင်လာသည်။ သူ့အဖေနဲ့ အမေကလည်း လမ်းလျှောက်ထွက်ကြသည်မို့ အိမ်မှာမရှိ။ သူ့ဒေါ်လေးကတော့ နံနက်စောစောထကာ ဆွမ်းဟင်းအတွက် ချက်ပြုတ်သည်မို့ နိုးနေပြီဖြစ်သည်။ အိမ်ရှေ့က လှုပ်လှုပ်ရှရှ အသံတွေကို ကြားသောကြောင့် ရှေ့ကို ထွက်လာကာ သူနဲ့ ကောင်မလေးကို မြင်သောအခါ မျက်လုံးပြူးသွားဟန်ရှိသည်။ သူ့ကို ထိတ်ထိတ်ပျာပျာကြည့်လာသော အကြည့်များကို သူက အမိပ္ပာယ်ပေါက်သည်။ စောစောစီးစီး မိန်းမခိုးလာသည်ဟုတော့ အထင်မခံနိုင်ပါ။

“ဒေါ်လေး သူနဲ့ ကျွန်တော် တိုက်မိကြလို့၊ အဲဒါ နည်းနည်းနာသွားကြတယ်၊ ဆေးလိမ်းချင်တယ်၊ ဒဏ်ကြေဆေးတစ်ခုခုပေးပါလား”

ဒေါ်လေးက သူမကိုပဲ အသည်းအသန်စိတ်ဝင်စားနေဟန်ဖြင့် ကွက်ကြည့် ကွက်ကြည့်လုပ်နေသည်။ သူမကတော့ ဘယ်နှယ်မှ နေဟန်မတူပါ။ ထိုင်ခုံမှာပဲ အေးအေးဆေးဆေးထိုင်နေသည်။ သူက “ဒေါ်လေး”ဟု လှမ်းခေါ်လိုက်တော့မှ ဒေါ်လေး ... ဆေးယူဖို့ လှည့်ထွက်သွားသည်။ သူမကတော့ ခပ်အေးအေး ...င်။

“ပြစမ်းပါဦး ယူ့ဒဏ်ရာ”



www.burmeseclassic.com

www.burmeseclassic.com



"ဒဏ်ရာက သွေးထွက်သံယိုတော့ မဟုတ်ဘူး၊ အတွင်းကြေ ကြေသွားတာ"

"ဖြူဖြူကျော်သိန်းပေါ့၊ ပြစမ်းပါဦး"

သူက မလွယ်ဘူးဟူသော သဘောဖြင့် ခေါင်းကို အသာယမ်းကာ သူမကို ခြေကျင်းဝတ်အား လှပ်ပြလိုက်ရသည်။ သူမက ဆရာဝန်သဖွယ် ထိုင်ရာမှ ထလာကာ စေ့စေ့စပ်စပ်ကြည့်ရှုပြီးလျှင် ...

"အင်း ... နည်းနည်းတော့ ယောင်နေသလိုပဲနော်၊ အိုကေ ဆေးလိမ်းလိုက်ရင် သက်သာသွားမှာပါ၊ တို့က ဆေးတိုးတယ်"

"ဘာလဲ ... မင်းက ဆရာဝန်လား၊ အင်း ... မင်းပုံစံက ကျောင်းပြီးဦးမယ့်ပုံတော့ မပေါ်သေးပါဘူး၊ ဆေးကျောင်းသူလား"

"စိတ်ဝင်စားမနေပါနဲ့၊ နှစ်နေရာတောင် နာသွားတာဆို၊ လက်ပြင်ရော ဟုတ်လား"

"တော်ပါပြီ လက်ပြင်တော့ လိမ်းမနေပါနဲ့တော့"

သူမက ပြီးတာပဲဟူသော သဘောမျိုးဖြင့် ပခုံးကို တွန့်ကာ ဒေါ်လေး ယူလာပေးသော ဒဏ်ကြေလိမ်းဆေးကို သူ့ခြေကျင်းဝတ်မှာ လိမ်းပေးလေသည်။ အဲဒါကို ဒေါ်လေးက





တစ်ခါမှ မမြင်ဖူးဟန်၊ မျက်လုံးအပြူးသားကြီးဖြင့် ကြည့်နေသည်။ သူမက သေချာပင် ဂရုတစိုက် လိမ်းပေးနေသောကြောင့် သူဟာ တကယ်ကိုပဲ မနေတတ် မထိုင်တတ် ဖြစ်လာသည်။ ဒေါ်လေးကပါ သူ့ကို တစ်မျိုးကြီး ကြည့်နေသောကြောင့် သူက သူမကို တော်ဖို့ တားမြစ်ရတော့သည်။

"ရပြီ ... ဒီလောက်ဆို ရပါပြီ"

"လုပ်လို့ရပြီပေါ့"

သူမက ဆေးပုလင်းအဖုံးကို ပြန်ပိတ်ရင်း သူ့ကို မော့ကြည့်မေးပုံမှာ ဘာမှကို မခံစားရသော ဒီဇိုင်းဖြစ်သည်။

"အင်း ... မင်းရော နာသွားတာမဟုတ်လား လိမ်းဦးလေ"

"နေပါစေ၊ တို့က ပြဿနာမရှိပါဘူး၊ ကဲ ... အဆင်ပြေတယ်ဆိုရင် လိမ့်တော့မယ်၊ ယူ့အပေါ်မှာ တာဝန်ကျေပါပြီနော်"

သူက ခေါင်းညိတ်ပြရတော့မလို၊ ခေါင်းခါပြရတော့မလိုဖြင့် အီလည်လည်ကြီး ကျန်ရစ်ခဲ့ရသည်။ သူမ ပြန်သွားလျှင် ဒေါ်လေးက အနှစ်နှစ်အလလက ဒီအချိန်ကို စောင့်နေခဲ့သောဟန်ဖြင့် အမောတကောမေးလေသည်။

"သားငယ် ... မင်းနဲ့ သူနဲ့က ဘယ်လိုလုပ်တွေ့ကြတာလဲ၊ ဒီအချိန်ကြီး ဟင်း ... ဒီကလေးမနဲ့မှပဲ တိုက်တိုက်ဆိုင်ဆိုင်ကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ဒေါ်လေးရဲ့၊ သူက ကျွန်တော့်ကို စကိတ်နဲ့ ဝင်တိုက်တာလေ၊ အဲဒါ တော်တော်အီဝေသွားတယ်၊ သူ စကားပြောပုံက မဖြောင့်တာနဲ့ ကျွန်တော်လည်း အငေါ်တူးပြီး ဆေးလိမ်းပေးမှ ကျေနပ်မယ်လို့ သွားပြောလိုက်တာ…

အဲဒါ အဟုတ်ကိုပဲ ဆေးလိုက်လိမ်းပေးတယ်လေ၊ ဒီလိုကျတော့လည်း မဆိုးပါဘူးပေါ့၊ စကားပြောတော့လည်း ထောင့်မကျိုးနဲ့၊ ဘယ်လိုကောင်မလေးမှန်းလဲ မသိပါဘူး"

ဒေါ်လေးက ရင်ဘတ်ကိုဖိကာ …

"အမယ်လေး သားငယ်၊ တကယ့်မီးခဲလေးကိုများ သွားပြီးကိုင်ကြည့်ရတယ်လို့၊ မင်းတို့ခေတ်စကားနဲ့ပြောရရင် စောစောစီးစီး မြွေကိုက်တာပဲ … ဟင်း"

သူက ဗန်းစကားတွေ ဘာတွေတောင် သုံးလိုက်သေးသည့် ဒေါ်လေးကို ရယ်ချင်စိတ်ဖြင့် ဟက်ခနဲ တစ်ချက်ရယ်မိကာ …

"ဘာမြွေကိုက်တာလဲ ဒေါ်လေးရဲ့၊ ဒေါ်လေးက သူ့ကို သိတယ်ပေါ့၊ ဟား … တို့ဒေါ်လေးတို့ကတော့ အိမ်ထဲမှာ တင်နေပြီး ခေတ်ကာလကို မျက်ခြည်မပြတ်ပါလားဗျို့"

"အမယ်လေး …မျက်ခြည်မပြတ်တာတောင် တော်ကာမကျဘူးဟေ့၊ အိမ်ထဲထိကို ဆိုက်ဆိုက်မြိုက်မြိုက်ပါလာတယ်၊ အဲဒီကောင်မလေးက လမ်းထိပ်ကခြံကလေ"





"ဪ … အသစ်ဆောက်ပြီးသွားတဲ့ တိုက်ကြီးကလား"

"ဟုတ်ပါ့ … ဟုတ်ပါ့၊ အဲဒီအိမ်က လူတွေက ပြောင်းလာတာတော့ကြာပါပြီ၊ သူကတော့ ဘယ်နိုင်ငံရောက်နေလို့ဆိုလား၊ အဲဒီအိမ်ရောက်တာ တစ်လလောက်ပဲ ကြာသေးတယ် အမယ်လေး … အော့ကြောလန်လေးတဲ့၊ ဆိုးလိုက်တာလည်း တာတေလန်လို့ဆိုပဲ၊ စကားပြောတာကလည်း ဘုကန့်လန့် ခွစာ ထောင့်မကျိုး ရည်းစားတွေကလည်း ထည်လဲ …

ဟင်း … သူများသားသမီးပြောရတာလည်း မကောင်းပါဘူး၊ ငါတော့ စိတ်ညစ်ပါတယ်၊ ငါ့တူလေးနဲ့များ တိုက်တိုက်ဆိုင်ဆိုင် သွားတွေ့ရတယ်လို့"

"ဟား ဟား … ဒေါ်လေးပြောတဲ့ ဂုဏ်ပုဒ်တွေက ကုန်ပြီလား"

"မကုန်သေးဘူး၊ ကျန်သေးတယ်၊ သူ့အိမ်မှာလည်း တစ်အိမ်လုံးနဲ့ ဘယ်သူနဲ့မှ တည့်တာ မဟုတ်ဘူးတဲ့၊ အို … ကောင်းသတင်းနည်းနည်းမှ မရှိတဲ့ ကောင်မလေးပါ သားငယ်ရယ်၊ သူနဲ့ ဝေးဝေးမှာသာ နေစမ်းပါ …

ကြည့်ပါလား ဘယ်လောက်ရဲတင်းတဲ့ မိန်းကလေးလဲဆိုတာ၊ အခုမှသိတဲ့ ယောကျ်ားလေးတစ်ယောက်ရဲ့အိမ်ကိုတောင် လိုက်ပြီး ဆေးလိမ်းပေးရတယ်လို့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ကျွန်တော်က လိမ်းခိုင်းလို့ပါ ဒေါ်လေးရဲ့"

"အို ... ဘာပဲဖြစ်ဖြစ်လေ တကယ့်မိန်းမကောင်းလေးဆိုရင် ဒါမျိုး လုပ်မလား၊ ဘယ်သူက လိုက်ရှုံမှာလဲ၊ တော်ပါ သားငယ်ရယ်၊ ဒီကောင်မလေးအကြောင်းကို ခေါင်းထဲ ထည့်မနေပါနဲ့တော့"

"လူဆိုတာ မသိနဲ့ဆိုမှ ပိုသိချင်တယ် ဒေါ်လေးရ၊ သူ့အကြောင်း ဘာတွေရှိသေးလဲ၊ ထပ်ပြောပြပါဦး"

ဒေါ်လေးက သူ့ကို ဒေါသထွက်လာသည့် မျက်လုံးများဖြင့်ကြည့်ကာ ...

"သားငယ်နော် ... မင်း ဒီလိုဆိုးနေရင် မင်းမေမေနဲ့ ငါ တိုင်တော့မယ်၊ မင်းတို့ ခေတ်ယောကျ်ားလေးတွေများ အသစ်အဆန်းဆိုရင် သိပ်မက်ကြတယ်၊ မကောင်းဘူးဆိုရင် ပိုလက်တည့်စမ်းပြီး စိတ်ဝင်စားကြတယ်"

"ဒေါ်လေးက မကောင်းတာတွေချည်းပဲ ရွေးပြောနေတာကိုး"

"အေးလေ ... သူကလည်း ကောင်းမှ မကောင်းတာ"

"ဒါက ဒေါ်လေးရဲ့ အကြားသတင်းတွေ မဟုတ်လား၊ ဒေါ်လေးလည်း ကျွန်တော့်အကြောင်းကို သိပါတယ် ဒေါ်လေးရာ၊ လူတစ်ယောက်ကို သေသေချာချာ ဂဃနဏ





မသိဘဲနဲ့ ဆိုးတယ်၊ မကောင်းဘူးလို့ တစ်ယူသန် ဝေဖန်တာမျိုးက နည်းလမ်းမှ မကျတာ"

"အောင်မယ်လေး ... မိကျောင်းသားရယ်၊ ကျုပ်ကိုများ ရေကင်းပြနေလိုက်တာ၊ ကျုပ် ဝါးခွန့်တဲ့ ထမင်းတွေနဲ့ ရှင်လေး ကြီးလာရတာပါ ...

ကျုပ်ရဲ့ဘော်ဒါ သင်းနွယ်အေးကိုတောင်မှ ကားနဲ့ ပွတ်ဆွဲထားလို့ ရပ်ကွက်လူကြီးရုံးရောက်ထားရတဲ့ ကောင်မလေးပါ၊ စဉ်းစားကြည့်တော့ ဆိုးလား မဆိုးဘူးလားဆိုတာ"

အဲဒါကိုတော့ သူက မျက်လုံးပြူးပြမိတော့သည်။ သူ့မျက်လုံးထဲတွင် နီညိုရောင် ဆံပင်ခွေလိပ်လိပ်ကြီးများဖြင့် ဖြူဖြူသွယ်သွယ်ကောင်မလေးကို ဖျတ်ခနဲ ပြန်မြင်ယောင်လာသည်။ ဘုရားရေ ... ဒီကောင်မလေးဟာ အဲဒီလောက်ထိအောင် တာတေလန်ပြီး ဆိုးရွားသတဲ့လား။ ဒီခေတ်ကြီးထဲမှာ ဒီလောက်ထိဆိုးတဲ့ မိန်းကလေးမျိုးရှိလား၊ သူ ယုံတောင် မယုံချင်ပါ။

"ဘာလဲ မယုံဘူးလား၊ မယုံရင် ရပ်ကွက်လူကြီးဆီကို သွားမေးကြည့်လို့ရတယ် နော်၊ ဓမ္မရုံဥက္ကဋ္ဌ ဦးချမ်းသာကိုလည်း ခွေးနဲ့ရှူးတိုက်ဖူးတဲ့သူ ...

အမယ်လေး ... ဘယ်ဘက်ကမှ ကောင်းကွက်မရှိဘူး၊ ဒါတောင် ရပ်ကွက်ထဲ ဖြစ်တဲ့အကြောင်းတွေပဲ



www.burmeseclassic.com

www.burmeseclassic.com



ပြောပြနေတာနော်၊ တခြားနေရာတွေမှာ ဘယ်လောက်များ တာတောလန်အောင် ဆိုးထားလဲတော့ ကိုယ်တွေလည်း မသိနိုင်သေးဘူး ...

- ဝေါင်ဝေါင်ရွှေး ဝေးဝေးကသာရှောင်ပါ မောင်မင်း ဂနိုင်ရေ"

ဒေါ်လေးက စကားအကုန်ပြောပြီးဟန်ဖြင့် မီးဖိုထဲသို့ ပြန်ဝင်သွားလျှင် သူသည် ထိုင်ခုံမှာ ထိုင်လျက် ငေးကြောင်ကြောင်ဖြင့် ကျန်ရစ်ခဲ့သည်။ သူမ ဆေးလိမ်းပေးသွားရာ ခြေကျင်းဝတ်သို့ ယောင်ယမ်းပြီး ငုံ့ကြည့်မိလိုက်လျှင် ဆေးအရှိန်က တဖြည်းဖြည်း တက်လာသည့်အလား ပူနွေးရှိန်းမြသည့်အရသာကို ခံစားရသည်။ သို့သော် နည်းနည်းတော့ နာနေသေးသည်။ သူက ထိုင်ရာမှ မတ်တတ်ထရပ်လိုက်ကာ သူ့အခန်းထဲသို့ သွားဖို့ပြင်လိုက်သည်။ သူ့အခန်းထဲရောက်မှ လက်ပြင်ကို ဆေးလိမ်းရဦးမည်။ ဒါကြောင့် ဒေါ်လေးကို ...

"ဒေါ်လေးရေ ... ကျွန်တော့်ဖို့ ကော်ဖီနဲ့ မုန့်နဲ့ လုပ်ပေးပါဗျို့"

ဒေါ်လေးထံမှ ပြန်ပြောသံ တစ်စုံတစ်ရာ မကြားရချေ။ သို့သော် သူ့အခန်းထဲသို့ ကော်ဖီနဲ့မုန့် လာပို့မည်ဆိုတာ သူ သေချာပေါက်သိသည်။ သူသည် သူ့အခန်းထဲသို့ ဝင်လာကာ





ခေါင်းရင်းက ပြတင်းတံခါးကို ဆွဲဖွင့်လိုက်သည်။ နေရောင်ခြည် ဖျိုဖျိုက သူ့အခန်းထဲသို့ ဝင်ရောက်လာသဖြင့် ကျေးငှက်သံ တီတီတာတာတွေက နံနက်ခင်း၏ရသကို ပို၍ ပြည့်စုံစေသည်။ အရက္ခဏ်တက်ချိန်ဆိုတာ နိုးနေတဲ့သူတွေအတွက်ပဲရှိတာတဲ့။ ဒါဆို မေလေးဆီမှာ အရက္ခဏ်တက်ချိန် မရှိဘူးပေါ့။

သူသည် မေလေးကို ရုတ်တရက် သတိရသွားသောအခါ သူမထံသို့ Message လှမ်းပို့လိုက်သည်။ မေလေးသာဆိုရင်ရော သူ အနာတရဖြစ်တဲ့အခါ ဆေးလိမ်းပေးမှာတဲ့လား။ မျက်လုံးထဲတွင် နူးညံ့လှပသော မေလေးရဲ့ လက်ချောင်းလေးများကို မြင်ယောင်မိသောအခါ တစ်ကိုယ်တည်း ကျေနပ်စွာ ပြုံးမိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြောကြည့်ပါ (၆)

လူတစ်ယောက်ကို
နားလည်ရတာနဲ့ ခွင့်လွှတ်ရတာ
ဘယ်ဟာက ပိုခက်မလဲ ...။



## ၆

ရေစက်ဆိုတာ ဆုံပြီးရင် ထပ်ဆုံတတ်သော သဘောတရား ရှိသလား ဆိုတော့ သူလည်း မပြောတတ်ပါ။ ရေစက်အကြောင်းကို သီးဆစ်လုပ်ထားသော ကျမ်းတွေလည်း မရှိသဖြင့် သူလည်း မပြောတတ်။ သူသည် စကိတ်နဲ့ မိန်းကလေးပေးခဲ့သော ဝေဒနာကြောင့် သုံးလေးရက်မျှ ထ,မပြေးဖြစ်ခဲ့။ ပြေးခဲ့သည့်နောက်ပိုင်းလည်း သူမနဲ့ ထပ်မဆုံဖြစ်ခဲ့။ ဆုံမယ့်ဆုံဖြစ်တော့လည်း သူတို့ကျောင်းရဲ့ ကားပါကင်မှာဖြစ်သည်။ သူတို့အုပ်စုသည် ဖိုးဂျီရဲ့ကားနောက်ဖုံးပေါ်မှာထိုင်၍ နေကြာစေ့အဖြောက်ဖြောက်ဝါးကာ ဟိုအကြောင်း ဒီအကြောင်းပြောလိုက်၊ ကောင်မလေးတွေ ဝတ်ပုံစားပုံကို ဟိုတစ်ယောက် အထာကျတယ်၊ ဒီတစ်ယောက်ကတော့ အထာမကျဘူး ဝေဖန်ပြောလိုက်၊ အတွဲတွေ

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်လည်း ဘယ်အတွဲက ဘယ်နေရာမှာ ဘယ်လိုကဲထားတာ၊ စသဖြင့် အမျိုးမျိုးပြောဆိုနေကာ ယောက်ျားလေးချင်းကျတော့ ခပ်ပါးပါးဖြစ်လျက် သိပ်မပြောပါ။

အဲဒီအချိန်မှာပဲ ဆူညံပေါက်ကွဲစူးရှနေသည့် တီးလုံးများဖြင့် ဂျစ်ကားတစ်စီးက သူတို့ကားဘေးသို့ အကြမ်းပတမ်း ထိုးဆိုက်ဝင်ရောက်လာတာဖြစ်သည်။ ဂျစ်ကားမှာ မန္တလေးစတိုင်လ် ဂျစ်ဖြစ်လျက် တိုင်တွေ၊ မီးလုံးတွေ စသဖြင့် အလှဆင်ယင်လို့ ရသမျှ အကုန်ဆင်ယင်ထားကာ ဆင်လွန်းအားကြီးသောကြောင့် ကားပုံစံပျောက်နေလျက် ဂြိုဟ်သားတွေစီးသည့် ပန်းကန်ပြားပျံ လိုလို ဘာလိုလိုဖြစ်နေသည်။ သူတို့အားလုံး၏ အာရုံတွေသည် အဲဒီဂျစ်ကားပေါ်သို့ အားလုံးစုပြုံကျရောက်သွားသည်။ ကားပေါ်မှ သီချင်းသံက တိတ်သွားပြီးနောက် ကားမောင်းသူနေရာမှာ တစ်ဦး တစ်ယောက်က ဖျတ်ခနဲ ဆင်းလာသည်။

မြင်လိုက်တာနှင့်ကို အလန်ဒီဇိုင်းထွက်နေသည့် သူ့ မှာ တစ်နေ့က သူဆုံခဲ့သည့် မိန်းကလေးဖြစ်တာကြောင့် သူသည် အံ့သြသည့်စိတ်ဖြင့် ရုတ်တရက် ငေးနေမိသည်။

သူမကို ကျောင်းမှာ မတွေ့ဖူးပါ။ ကျောင်းဖွင့်တာ တစ်လကျော်နေခဲ့ပြီး အခုမှ မြင်တွေ့ရခြင်းသည် သူ့အဖို့ တော့ ထူးဆန်းနေသည်။ ကျောင်းကို လာလည်တာများလား





ဒါလည်း မဖြစ်နိုင်ပါ။ သူမပုံသဏ္ဌာန်က ကျောင်းကို လာလည်သော ပုံသဏ္ဌာန်မဟုတ်။ ပခုံးမှာလွယ်ထားသော အိတ်ကြီးကြီးနှင့် ကျောင်းလာတက်သော ဒီဇိုင်းမျိုးဖြစ်သည်။ ကျောင်းမှာက စကတ် အတိုတွေ၊ အကွဲတွေ၊ ဘောင်းဘီတွေ ဝတ်ခွင့်မရသောကြောင့် အပေါ်က အင်္ကျီဒီဇိုင်းကိုသာ ရှုပ်ယှက်ခတ်အောင် ဝတ်ဆင်ထား လျက် အောက်ပိုင်းကတော့ စကတ်ရှည်ရှည် လုံလုံခြုံခြုံ ဒီဇိုင်း ဖြစ်သည်။

Police မျက်မှန်အကြီးကြီးကို တပ်ထားသော သူမ သည် သူ့ကို မြင်ဟန်မတူပါ။ သူ နှုတ်ဆက်လိုက်လျှင် ကောင်း မလား။ အသာလေးလျှိုနေလိုက်ရင် ကောင်းမလား။ သူတို့အုပ်စု ထဲက ကောင်တွေကတော့ အသီးသီးငေါ်နေကြသောကြောင့် သူ့ ဖြစ်အင်ကို မရိပ်မိကြသေး။ ဒီကြားထဲ ဖိုးကျိုက သီချင်းတစ်ပုဒ် ကိုထ,ဆိုကာ ခေတ်ကာလသားတို့၏ ထုံးစံအတိုင်း ဖိုသံပေးသည်။

"အသည်းလေးများခွဲလည်း ကိုယ်ခွင့်ပြုမှာ ... နောက်တစ် ယောက်နဲ့တွဲလည်း ကိုယ်ခွင့်လွှတ်တာ ... သူ မသိဘူး ... အချစ်ဦးမို့ပါ ..."

သူမကလည်း ခေတ်ကာလသမီးတို့ ထုံးစံအတိုင်း မြုပ်မပေါ်ပါ။ ဖိုးကျိုရဲ့သီချင်းသံကို တစ်ချက်လေးမှ အရေးမစိုက်ဘဲ ကော့တော့ ကော့တော့ လှည့်ထွက်သွားသည်။ သူမ လှည့်ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားတော့မှပင် သူ့ပါးစပ်မှ စကားတစ်ခွန်းက လုံစ်ခနဲ ထွက်သွားသည်မှာ သူ့ကိုယ်သူတောင် မသိလိုက်ချေ။ မသိစိတ်က လှမ်းခေါ်လိုက်သလိုပဲ ဖြစ်ပါသည်။

"ဟိတ်"

သူ့ဘော်ဒါတွေက သူ့ကို အံ့သြသလို လှည့်ကြည့်ကြသည်။ သူမကတော့ ဒါမျိုးကို အတွေ့အကြုံရှိသည့်အလား ဘစ်ချက်လေးမှ စောင်းငဲ့ပြီး လှည့်မကြည့်ပါ။ ဒါမျိုးနဲ့တော့ သူ့ငပေါကြီး အဖြစ်မခံနိုင်ပါ။ ထပ်၍ စွန့်စားဦးမည်။

"ဟိတ် ... ကောင်မလေး"

"ဟိတ် ... ဒီမှာ ... ဒီမှာ ... ဟိတ် ... ဟိတ်"

သူက တစ်ခွန်းတည်း အော်လိုက်ရသေးသည်။ နောက်ကကောင်တွေက စိုင်းစိုင်း၏သီချင်းအလိုက်အတိုင်း လိုက်၍ အော်ကြသည်။ ဒီလောက် သံပြိုင်အော်ကြမှတော့ သူမက လှည့်မကြည့်ဘဲ မနေတော့ပါ။ လှည့်တော့ကြည့်သည်။ သို့သော် အပြတ်ချဲတော့မည့်ဒီဇိုင်းမျိုးနှင့် မျက်မှန်တွေ ဘာတွေတောင် နဖူးပေါ် ဆတ်ခနဲ ပင့်တင်လိုက်တာ ဖြစ်သည်။ အီမိုစတိုင်လ် လုပ်ထားသော မျက်လုံးမည်းမည်းတွေသည် သူတို့ကို အသေအကြေ တိုက်ခိုက်တော့မည့် ကွန်မန်ဒိုလို မျက်လုံးမျိုးတွေဖြင့် ကြည့်နေသောကြောင့် သူ့ဘော်ဒါတွေတောင် တွန့်သွားသည်။





သူမက အနားသို့ သုံးလေးလှမ်းမျှ တိုးလာရင်းမှ ...

"ဘာလဲ၊ ဘာကိစ္စခေါ်တာလဲ"

သူက ကားနောက်ဖုံးပေါ်မှ ဖျတ်ခနဲ ခုန်ဆင်းလိုက်ရင်း ...

"ကိုယ် ခေါ်လိုက်တာပါ၊ ဒီကောင်တွေက ဟာမိုနီလိုက်တာ"

သူမက သူ့ကို မှတ်မိနေသော ပုံစံဖြင့် ရူးခနဲကြည့်သည်။ ဒါပေမဲ့ သေချာအောင် သူက မေးခွန်းထုတ်လိုက်ပါသည်။

"မင်း ကိုယ့်ကို မှတ်မိလား"

"အချိုမှုန့် ဖြတ်ထားတာကြာပြီဆိုတော့ မှတ်မိပါတယ်"

အဲဒီအပြောကြောင့် သူက ပခုံးတွန့်သွားသည်။ ဒီအပြောအဆိုတွေကို လူကြီးတွေက ခံစားလို့မရပေမယ့် သူတို့လူငယ်ချင်းချင်းကတော့ အထာကျပြီး အဆင်ပြေပါသည်။ သူက သူမအနားသို့ သုံးလေးလှမ်း လျှောက်သွားသည်။

"မင်း ဒီမှာ ကျောင်းလာတက်တာလား"

"ဟုတ်တယ်"

"အင်း ... အခုမှတက်တာနဲ့ တူတယ်၊ ဘယ်မေဂျာကလဲ"

"ဘာလဲ ယူက ကျောင်းသားရေးရာကလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလိုတော့လည်း မဟုတ်ပါဘူး၊ အကူအညီလိုတာရှိရင် ကူညီရအောင်လို့ မေးကြည့်တဲ့ သဘောပါ၊ ဘယ်လိုလဲ မင်း စကိတ်စီးဖြစ်သေးလား"

"ယူ ကံဆိုးလို့သာ အဲဒီနေ့က ဆိုက်ဆိုက်မြိုက်မြိုက် သွားဆုံရတာပါ၊ တို့က စကိတ်ကို ကွင်းထဲမှာပဲစီးတာ"

"ဩော် ... ဩော် ... မှတ်ထားဦးလေ၊ ကိုယ့်နာမည် မင်းဂနိုင်တဲ့၊ အကြင်နာကျောင်းသားတွေပေါ့၊ ကိုယ်တို့ တစ်အုပ်စုလုံးက"

သူမက မျက်ခုံးကို ဟန်ပါပါပင့်ချီကာ ...

"အတွက်အချက်သမားလေးတွေပေါ့၊ ကောင်းပါတယ်၊ ခုခေတ်ယောက်ျားလေးတွေမှာ အတွက်အချက် Talent က ပါလာပြီးသားဆိုတော့ ကွာလီဖိုင်းတွေ ဘာတွေဝင်ဖို့ သိပ်ခဲယဉ်းမှာ မဟုတ်ပါဘူး ...

အိုကေ ... စကားပြောရတာတော့ ကောင်းပါရဲ့၊ တို့က ဒီနေ့မှ ကျောင်းစတက်တာဆိုတော့ လုပ်စရာလေးတွေရှိသေးလို့ သွားလိုက်ဦးမယ် ... ဆီးယူ"

သူမက လက်တစ်ဖက်ဖြင့် တာ့တာပြကာ နှုတ်ဆက်ထွက်ခွာသွားသည်။ သူသည် အဲဒီပုံစံကို အမှတ်တမဲ့ဖြင့် လိုက်လံငေးမောနေမိသောကြောင့် ဖိုးဂျီရဲ့ ဆောင့်တွန်းခြင်းကို အလစ်မှာ အငိုက်မိသွားသည်။





"ဟော့ကောင် သစ္စာဖောက်၊ ဒါ ဘယ်တုန်းက လန်းထားတဲ့အဆင်လဲ၊ အထာကျတယ်ကွာ"

"အေးလေ ... တစ်ယောက်နဲ့ တစ်ယောက် ပြန်တွေ့ပြီး အဝိတ်ဓာတ်လမ်းကို ပြန်လျှောက်နေလိုက်ကြတာ၊ လေဒီ ဒီဇိုင်းက ဘာလဲကွ၊ မျောနေတဲ့တိမ်လား ...

အချိုမှုန့် ဖြတ်ထားတာ ကြာပြီတွေ ဘာတွေနဲ့၊ တော်လီကီတွေကတော့ လာကတည်းက စိတ်ဝင်စားဖို့ကောင်းနေပြီ၊ မင်းနဲ့ ဓာတ်လမ်းလားကွ ဟေ ...

ဟာ ... ဒီကောင်ကတော့ မလှုပ်ဘူး မလှုပ်ဘူးနဲ့ လှုပ်မယ့်လှုပ်တော့လည်း ရှယ်ဇယားတွေနဲ့ချည်းပါပဲလား"

"ဒါကတော့ ပုလိပ်အမြင်ကို ကိုဘချစ်ရဲ့"

သူက ဗိုလ်အောင်ဒင်ဓာတ်ကားထဲက ခင်မောင်ရင်၏လေသံဖြင့် သရော်တော်တော်ဖြင့် ပြောလိုက်လျှင် သူ့ကောင်တွေ အကုန်လုံးက ပွဲကျသွားကြသည်။ သူတို့အုပ်စုမှာ ကြုံရင်ကြုံသလို ရှေးဟောင်းအခေါ်အဝေါ်လေးတွေ အသုံးပြုကြပါသည်။ အရာအားလုံးတို့သည် ဟောင်းလွန်းအားကြီးသောအခါ သစ်သွားတတ်ကြသည်။ လူတွေသည် အသစ်အဆန်းတွေကို မက်မောတတ်ကြသော်လည်း အဟောင်းတွေ တန်ဖိုးရှိကြတာကိုတော့ ဘယ်သူမှ မငြင်းနိုင်ကြပါ။



www.burmeseclassic.com

www.burmeseclassic.com



ဒါဆိုရင် အချစ်မှာရော အပေဟာင်းနဲ့အသစ် ဘယ်ဟာက ကောင်းသလဲ။ ဒါကတော့ နှစ်မျိုးလုံး ချစ်ဖူးသည့်သူမှသာ ကောင်းကောင်း ဖြေနိုင်ပါလိမ့်မည်။

"ကဲ ... ပုလိပ်အမြင်တွေ ဓားပြအမြင်တွေ လုပ်မနေပါနဲ့၊ မင်းနဲ့ သူနဲ့ ဘယ်လိုရာဇဝင်လေးတွေ ရှိခဲ့ကြတယ်ဆိုတာသာ မိန့်တော်မူပါ"

"မင်းတို့ကကွာ တစ်ခုခုဆို စွတ်အထင်ကြီးကြတာပဲ"

"ဟ ... မကြီးလို့ ရမလား၊ မင်းဇယားတွေက အလန်းတွေချည်းပဲကိုး၊ မေလေး ဆိုတာလည်း တကယ့် Queen၊ ဒီတစ်ယောက်ကလည်း အိမ်မိုလိုလို၊ ပန့်ခ်လိုလို အထာနဲ့၊ အငြင်မှာဆို ပိုတောင် မိုက်ပါလိမ့်ဦးမယ်"

"အေး ... အဲဒီလို မိုက်လို့ပဲ ငါ့ကို စကိတ်နဲ့ ဝင်ဆော်သွားတာပေါ့၊ ငါ ထ,ပြေးတဲ့တစ်မနက်မှာကွာ၊ စကိတ်စီးလာရင်းနဲ့ ငါ့ကို ပစ်တိုက်သွားတာ၊ သူလည်း အုတ်နံရံနဲ့သွားရိုက်တာပဲ၊ ငါလည်း နာသွားတာပဲ ...

အဲဒါနဲ့ ငါလည်း တင်းရော၊ သူ ပြောပုံဆိုပုံကိုလည်း မကြိုက်တာနဲ့ ဆေးလိမ်းပေးမှ ကျေနပ်မယ်လို့ဆိုတော့ လေဒီက အဟုတ်ကိုပဲ အိမ်ထိလိုက်ပြီး ဆေးလိမ်းပေးတယ်လေ၊ ဒါပေမဲ့ သူ့နာမည်တောင် မသိရပါဘူး ...





မင်းတို့ မြင်တယ်မဟုတ်လား အခု သူ့ဒီနိုင်းကို"

"ဟော ... သူက မင်းကို ဆေးတောင် လိမ်းပေးတယ်၊ ဟုတ်တယ်"

ဖိုးဂျီက သူ့ကို မယုံသလို မေးမြန်းသေး၏။ သူက ပခုံးကို တစ်ချက်တွန့်ပြရင်းမှ ...

"ဟုတ်တယ်၊ ဘယ်လို ကောင်မလေးမှန်းလဲ မသိဘူး၊ ငါ့ဒေါ်လေး ပြောတာတော့ သူက လေဒီမိုက်ခဲ့တဲ့"

"ဘာလဲ အဆိုတော်ရှူး၊ ရှူးနေတာလား"

"မဟုတ်ဘူး၊ တကယ် မိုက်ခဲ့တာကိုပြောတာ၊ မိုက်ကယ်လ်ပေါ့ကွာ၊ ရပ်ကွက်ထဲက ချဥ်ဖတ်လေးတဲ့"

"ဟော ... ဟော ... ကမ်ချီလေးပေါ့၊ ဟား ... မယုံနိုင်စရာပဲ"

"ဖြစ်တော့ဖြစ်နိုင်တယ်၊ ကျောင်းကိုတောင် အခုမှ လာတက်တယ်ဆိုတော့ သူက စောင့်ကြည့်ရမယ့် အနေအထားမှာရှိတယ်"

"မင်းက မမိုက်တာပါကွာ၊ ကိုယ့်ကို ဆေးလိမ်းပေးတဲ့ကောင်မလေးကိုတောင် နာမည်မသိဘူးဆိုတော့ တော်တော်ပိန်းတာပဲ"

"နာမည်မသိသိ လူကိုတွေ့လို့ မှတ်မိရင်ပြီးတာပဲ၊ အခုလည်း ငြိမ်နေတဲ့ဟာပဲကို"



www.burmeseclassic.com

www.burmeseclassic.com



"အေး … နောက်တစ်ခါထပ်တွေ့ရင်တော့ တို့လည်း သူ့ကို ပြန်ဖွဲ့ရမယ်ကွ၊ ငနဲမက နောက်ဆုံး ပြောသွားတဲ့စကားကို ကြားတယ်မဟုတ်လား၊ ခုခေတ်ယောကျ်ားလေးတွေက အတွက်အချက်နဲ့ပတ်သက်လာရင် Talentရှိတယ်လို့ ပြောသွားတာ ရိုးရိုးပြောသွားတာ မဟုတ်ဘူးဂွ"

"ရှယ်ပြောသွားတာလား"

"မနောက်နဲ့ သားလေး၊ အဲဒါ အထာနဲ့ ပြောသွားတာ၊ ငါတို့ကောင်တွေကို တွက်တယ် ချက်တယ်ပေါ့ကွာ၊ မိန်းကလေးတစ်ယောက်ကို တွက်ချက်ပြီးမှ လိုက်တယ်ပေါ့၊ အဲဒီလို ဆော်သွားတာ"

"ဟုတ်တယ် … ဟုတ်တယ်၊ ငါလည်း သတိထားမိလိုက်တယ်၊ ဘာလဲကွ လူကို ပလိန်းကြီး လာဖွဲ့နေတယ်၊ အခင်အမင်ပျက်ချင်ပြီနဲ့တူတယ်၊ နောက်တစ်ခါ တွေ့လို့ကတော့ တို့ကလည်း ချဲရလိမ့်မယ် …

မင်းလေဒီကကွာ ကျောင်းမှာလည်း ပေါပြူလာဖြစ်မယ့်ဒီဇိုင်းနဲ့ပါ၊ ဒီလိုပါ သူ့ခေတ် သူ့အခါတိုင်းတော့ ဒါမျိုးတွေက ရှိတတ်ကြတာပဲ …

နာမည်ကောင်းနဲ့ သတင်းမွှေးပျံ့တဲ့လူရှိသလို ဗရုတ်ဗရက်နဲ့ ကျော်ကြားတဲ့သူမျိုးလည်း ရှိတာပဲ …





စောင့်ကြည့်ရမှာပေါ့ကွာ၊ ဘာသံတွေကြားလာရမလဲလို့၊ ဟော့ကောင် ဟိုမှာ မင်းရဲ့ မေလေး"

မိုးကိုက သူ့ကို စကားပြောနေရင်း တန်းလန်းမှ သူငယ်ချင်းတွေနှင့် လမ်းလျှောက်လာသော မေလေးကို မြင်လျှင် လက်တို့ကာ လှမ်းပြသည်။ သူက လှမ်းအကြည့် မေလေးကလည်း ဒီဘက်ကို လှမ်းအကြည့်နှင့်ဆုံလျှင် သူက အသာပြုံးကာ လက်တစ်ဖက်ပြလျက် လှမ်းနှုတ်ဆက်လိုက်သည်။ သူ့ရဲ့နှုတ်ဆက်မှုကို မေလေးက နူးညံ့သော အပြုံးလေးတစ်ခုနှင့် တုံ့ပြန်ကာ ဣန္ဒြေရရပဲ ဆက်လျှောက်သွားသည်။ မေလေးက ဣန္ဒြေရသော်လည်း သူမရဲ့ သူငယ်ချင်းတွေကတော့ ရုပ်တွေက ပြုံးစိစိ။

ဘာကိုဆိုလိုချင်သလဲ ဆိုတာ သူက သိပါသည်။ အများအမြင်တွင် သူသည် မေလေးကို လိုက်မနေသော်လည်း နှစ်သက်နေသည့်လူ၊ မေလေးကလည်း သူ့အပေါ်တွင် ထူးထူးခြားခြား မျက်နှာသာပေးသူ၊ တစ်မျိုးသော ဆက်ဆံရေးရှိသူ စသဖြင့် သူတို့နှစ်ယောက်ကို သူငယ်ချင်းတွေက အသိအမှတ်ပြုဘွဲ့စနေတတ်ကြပြီဖြစ်သည်။ သူရော မေလေးရောသည် အဲဒီအခြေအနေလေးကို တစ်စုံတစ်ရာ ငြင်းဆန်ဖို့ မကြိုးစားဘဲ ငြိမ်သက်နေကြတာကတော့ နှစ်ဦးချင်းယောင်ဆောင်ထားတာလား မပြောတတ်တော့ပြီ။

♥ ၁၈ ♥



www.burmeseclassic.com

www.burmeseclassic.com



သူတို့အုပ်စုသည် ဟိုကလေးမကို နိမိတ်ဖတ်ခဲ့သည်မှာ တကယ်တော့ မမှားပါ။ လာတည်းက ယဥ်သကို ဟူသော ကောင်မလေးသည် ကျောင်းတက်ပြီး တစ်ပတ်အကြာမှာကို နာမည်ကြီးစာရင်းထဲ ဝင်သွားခဲ့သူဖြစ်သည်။ သူမကို ကားကျော်တက် ရန်စသွားသော ကားနံပါတ်ကို မှတ်ထားကာ အဲဒီကားပိုင်ရှင်ကောင်လေးကို အတန်းထဲဝင်၍ ခပ်တည်တည်ဖြင့် ဆရာမစတိုင်လ်ဖမ်းကာ စာတွေမေး၊ မရသဖြင့် ဒက်စတာနှင့် လက်ဆစ်တွေကို စပါယ်ရှယ်နာအောင် ခေါက်ပစ်ခဲ့သည်ဟု ကြားရသည်။ ဟိုကောင်က ပထမတော့ ဘုမသိ ဘမသိ ခံရလျက် နောက်ပိုင်းသိသွားတော့မှ ဌာနမှူးနှင့်သွားတိုင်သဖြင့် နှစ်ယောက်စလုံးကို ဌာနမှူးက ခေါ်သတိပေးထားရသည်တဲ့။

ဒါတင်မကသေး ကျောင်းသူတစ်ယောက်က သူမကို ရိသည် ထေ့သည်ဟု ခံစားရသောကြောင့် အဲဒီကျောင်းသူရဲ့အိတ်





ထဲကို ကင်းခြေများကြီး ထည့်ထားခဲ့တာကြောင့် စာသင်ခန်းတစ်ခန်းလုံး အုတ်အော်သောင်းနင်း ရုတ်ရုတ်သဲသဲ ဖြစ်တာကိုလည်း ကြားရသည်။ အတန်းခေါင်းဆောင်ကိုလည်း ကြည့်မရဟုဆိုကာ ဗင်မှာ အမြီးတပ်ပေးလိုက်တာမျိုးလည်း ရှိသလို၊ သူမကို စကားလိုက်ပြောသည့် ကျောင်းသားတစ်ယောက်ကိုလည်း ခြေထိုးခံလိုက်သောကြောင့် မှောက်လျားထိုးလဲကာ တမံသလင်းနှင့် မေးစိဆောင့်မိလျက် မေးကွဲသွားတာမျိုးလည်းရှိသည်။ သူမကို သတင်းကြားရုံနှင့် အမြင်ကတ်ကာ စာခဏခဏ မေးတတ်သော ဆရာမအပျိုကြီး၏ မ၁းရက် မသောက်ရက် စုဝယ်ထားသော Revlon နှုတ်ခမ်းဆိုးဆေးတောင့်ကိုလည်း အရင်းမှ အတောင့်လိုက်ချိုးပစ်ထားကာ အဲဒီနှုတ်ခမ်းနီတွေဖြင့် မိန်းကလေးအိမ်သာ၌ နှစ်လုံးဗာန်းတွေ ရေးထားတာကလည်း သူမပဲဟု အခိုင်အမာ ဆိုသူတွေက ဆိုကြသည်။

မည်သို့ဆိုစေ သူမသည် ကျောင်းတက်ရက် နှစ်ပတ်လောက်အရှိမှာကို သတင်းတွေကား မေဂျာတိုင်းရှိ ကွင်း(န်)တွေထက်တောင် နာမည်ကြီးနေခဲ့သည်မှာတော့ အဟုတ်ပဲဖြစ်သည်။ အသားအရေက ဖြူလွန်းသဖြင့် သွေးမရှိတော့သည့်ဘက်ကိုတောင် ရောက်ချင်သလိုဖြစ်ကာ ပိန်ပိန်ပါးပါးနှင့် ကောင်မလေးသည် ဆံနွယ်ညိုအကွေးအလိမ်၊ မျက်လုံးက Eye shadwo အမည်းများ



www.burmeseclassic.com

www.burmeseclassic.com



ချောင်းလ်တစ်ခုလို သီးသန့်ထွက်နေသေးသည်။ အသားဖြူ မျက်လုံးမည်းမည်း၊ ဆံပင်အညိုရောင် အလိပ်ကြီးများဖြင့် ကောဘတ်ရုပ်တစ်ရုပ်နှယ်တူသော အနီမိန်းကလေးမှာ ဘာကြောင့် ဗရုတ်သုတ်ခ ဖြစ်နေလဲဆိုတာ သူပင် မစဉ်းစားတတ်ပါ။ တစ်ခုခု ဆိုလျှင် ဘယ်တော့မှ နောက်မကျတတ်သော ဖိုးဂျိကတော့ သူမရဲ့ Information အပြည့်အစုံကို သယ်ချလာသည်။

"သူ့နာမည်က အမ်ချမ်းဘိုတဲ့ကွ၊ ဖစ်ဆစ်က။ ကျောင်းတက် နောက်ကျရတဲ့ ကိစ္စကတော့ နိုင်ငံခြား သွားနေလို့လို့ပြောတယ်"

"ဟုတ်လား၊ ရှော့ပင်းသွားတာလား"

"အဲဒါတော့ မင်းနဲ့တွေ့မှပဲ မေးကြည့်တော့၊ သူ့ဒီဇိုင်းက State ကျောင်းမှာတည်းကလည်း အဲဒီ ဒီဇိုင်းပဲလို့ ပြောတယ်၊ လုံးဝ အပေအတေပဲတဲ့ ဆရာ ...

ချစ်သူတွေလည်း အများကြီးဆိုပဲ၊ အီစီကာလီဆိုတာတွေကလည်း ရှင်းမရအောင် ရှုပ်ထွေးနေတယ်တဲ့၊ ရန်သူတွေလည်း ပတ်လည်ဝိုင်းနေတဲ့သူဆိုပဲ"

"ဟား ... တို့ထက်တောင် မိုက်နေပါလား"

"မိုက်တာကတော့ ဘာမိုက်သလဲ မေးမနေနဲ့၊ ကလပ်တွေလည်း သွားတာပဲတဲ့၊ ဆရာ၊ ရှိုးပွဲဆိုရင်လည်း မလွတ်





စေရတဲ့၊ သူ့ကို တစ်ခုခုထိလာရင် တုံ့ပြန်ဖို့ ဝန်မလေးတတ်တဲ့သူတဲ့၊ ဒါကတော့ အထူးပြောဖို့မလိုပါဘူး၊ သူ Lessons ပေးထားတဲ့သူတွေကိုပဲ ကြည့်လေ"

"အမယ်လေး ... ကြားရတာနဲ့တင် ကြက်သီးထစရာကောင်းလိုက်တာ"

ဖိုးဂျိက ကျောချမ်းဟန် အသံတုန်တုန်ဖြင့် အိုဗာ င်းဖျော်သည်။ မိုးကိုကတော့ ခေါင်းတညိတ်ညိတ်ဖြင့် ...

"နေပါဦး၊ သူ ဒီလောက်ဆိုးနေတာ သူ့မိဘတွေက မဆုံးမဘူးတဲ့လား"

"အဲဒီလောက်တော့ မသိတော့ဘူးကွာ၊ တချို့ကျတော့လည်း အပြင်မှသာ ဆိုးတာ၊ အိမ်ထဲကျ ကုပ်နေတာမျိုးလည်း ရှိတတ်တာပဲ"

အဲဒါတော့ သိပ်မဖြစ်နိုင်ဘူးဟု ထင်သည်။ အဘယ် ောင့်ဆိုသော် သူမဟာ ရပ်ကွက်ထဲမှာလည်း အော့ကြောလန် ဘာကို သူက သိထား၍ဖြစ်သည်။ သူမအကြောင်းကြားရသော သူလည်း မျက်လုံးထဲတွင် ကျက်သရေရှိရှိ ဣန္ဒြေရှိရှိ ရှာနေတတ်သော မေလေးကို ဖျတ်ခနဲ မြင်ယောင်လာမိသည်။ လိုက်တာ။ မေလေးနဲ့ ဘာကြောင့်များ အကွာကြီးကွာရတာပါ ဟု မဆီမဆိုင်တွေးမိသွားသည်။ မေလေးက တစ်ခါမှ မချစ်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရှုံးသေးသောသူ၊ သူမကတော့ ရည်းစားတွေ အီစီကလီတွေ
မရေမတွက်နိုင်အောင်တဲ့။ ရည်းစားများရုံတင်မကသေး။ အကျင့်
စရိုက်ကလည်း ဗရုတ်သုတ်ခနိုင်ကာ ဆိုးဝါးလွန်းသည်။ လူဆိုး
တာ တူရာ ဟူရာ ပေါင်းသင်းသလားတော့ မပြောတတ်ချေ
သူမရဲ့ ဘော်ဒါတွေမှာလည်း အဲဒီပုံစံတွေထဲကပဲဖြစ်သည်။

“အေးကွာ ... ဘာကြောင့်များ အပေအတေ ဖြစ်နေတာလဲ
မသိဘူး”

သူ့စကားကို ညိုမင်းက ခေါင်းတဆတ်ဆတ်ညိတ်
ကာ ...

“ငါကတော့ လူတော်လူကောင်းတွေထက် အပေအတေ
သမားတွေကို စိတ်ဝင်စားတယ်ကွ၊ လူဆိုးနဲ့ လူယုတ်မာ
ဆိုတာ တူမှမတူတာ၊ တချို့က ဆိုးပေမယ့် မယုတ်မာကြ
ဘူး၊ တချို့က လူတော်ပေမယ့် လူယုတ်မာတွေလည်းရှိတတ်
ကြတယ် ...

ငါက မင်းသိခ်ရဲ့ စနေမောင်မောင်တို့ ပုဏ္ဏားဘကွန်
တို့ အဲဒီဇာတ်ကောင်တွေနဲ့ ကြီးလာတာဆိုတော့ အဲ
လူဆိုးကာရိုက်တာတွေကို ပိုကြိုက်တယ် ...

လူဆိုးပေမယ့် လူယုတ်မာတွေ မဟုတ်ဘူး
တကယ်တမ်းကျတော့ သူတို့က အနစ်နာခံပေးဖို့ ဝန်မလေး





ဘူး၊ စနေမောင်မောင်ရဲ့စိတ်ဓာတ်ကို ငါက သိပ်ကြိုက်တာ၊
အပေအတေပဲ။ ဒါပေမဲ့ အရမ်းလေးနက်တယ်၊ စွန့်နိုင်
တယ် ...

မင်းသိခ်ဝတ္ထုတွေထဲမှာ ကြိုးပေးခံရတဲ့ ဇာတ်ကောင်
တွေဟာ အဲဒီဝတ္ထုရဲ့ဇာတ်လိုက်တွေချည်းပဲ၊ လူဆိုးတွေ
အများအမြင်မှာ လူဆိုးတွေ လူဆိုးမတွေပေါ့၊ ဒါပေမဲ့
လူယုတ်မာတွေမဟုတ်ကြဘူး၊ လူယုတ်မာတွေကို ပညာပေး
တဲ့လူဆိုးတွေ”

“ဟင်း ... မင်းကလည်း အမ်ချမ်းဘိုအကြောင်း ပြောနေရာ
ကနေ မင်းသိခ်တို့ စနေမောင်မောင်တို့ဆီ ပါလာပြန်ပြီ၊
တကယ့်လိုရင်းပျောက်”

“ဘာလိုရင်းမှ မပျောက်ဘူး၊ မင်းတို့သာ နလပိန်းတုံး
တွေမို့ နားမလည်တာ၊ လူတစ်ယောက် ကောင်းတယ်
ဆိုတာ စိတ်ဝင်စားဖို့ မရှိဘူး၊ ဆိုးတယ် ဆိုတာကသာ
စိတ်ဝင်စားဖို့ ကောင်းတာ၊ ဆိုးတယ်ဆိုတဲ့နေရာမှာ Source
က ရှိစမြဲပဲ ...

တို့ဘုရားကလည်း အနိုင်အမာ ဟောထားပြီးသား၊
အကြောင်းကြောင့် အကျိုးဖြစ်တာ၊ ဆိုးဖို့ အကြောင်းတရား
တွေက ရှိလို့ဆိုးတာ”



www.burmeseclassic.com

www.burmeseclassic.com



"ဟင် … ဗိုဆိုးသွားပြန်ပြီ၊ နေရင်းထိုင်ရင်း ဘုရားတော

အဆစ်ပါလာပြန်ပြီ"

"မင်းတို့ကောင်တွေ ခက်တာပဲ၊ အမှန်တရားတွေ ထ

ပြောတော့လည်း ဒိုင်သမားဆိုပြီး ဟားကြပြန်တယ်

ငါကတော့ ဝေဖန်စရာ အကြောင်းမရှိဘူးဟေ့၊ သူ့ဟား

ဆိုးဆိုးကောင်းကောင်း သူ့ရိုက်ထိပဲ၊ လူဆိုတာ ကို

သမိုင်းကိုယ်ရေးတာ၊ လူတစ်ယောက်ဟာ သူ့ဘဝတစ်

လုံးမှာ လုပတဲ့သမိုင်းစာမျက်နှာတစ်မျက်နှာလောက်တော

ရေးတတ်ကြစမြဲပဲ"

"အေးပါ … အေးပါ၊ ဒီနေ့အဖို့ မင်း တရားတွေကိုပဲ

နေရတာ၊ ဗိုက်တောင်ဆာလာပြီ၊ အတန်းပြန်မတက်

ကန်တင်းသွားရအောင်ကွာ …

လက်ဖက်ရည်နဲ့ ကော်ပြန့်ကြော်လေးဖြစ်ဖြစ် သွာ

ဆွဲကြရအောင်"

ဒါမျိုးဆို နှစ်ခါမဆွယ်ရသည့် ကျန်တဲ့ကောင်တွေ

ကလည်း တညီတညွတ်တည်း ကန်တင်းသို့ ချီတက်ကြသည်

ကန်တင်းမှာက နေ့လယ်ခင်းအချိန်ဖြစ်ပေမယ့်လည်း သူ့ဆိုင်နှ

ကျောင်းသားကျောင်းသူတွေ ရှိနေကြသည်။ သူတို့က လက်ဖ

ရည်ဆိုင်ထိုင်ကာ မှာစရာရှိတာ အသီးသီး မှာပြီးကြပြီးနော





သူ့မျက်လုံးတွေမှာ လက်ဖက်ရည်ဆိုင်နှင့် မျက်စောင်းထိုးလောက်မှာရှိသည့် ဗာဒံပင်အောက်က ဝက်သားတုတ်ထိုးဆိုင်သို့ အကြည့်ရောက်သွားသည်။

အဲဒီမှာ ဝက်သားတုတ်ထိုး စားနေသူက တခြားသူ မဟုတ်။ အခြေသတင်းကြီးလှသည့် ရွှေမင်းသမီး အမ်ချမ်းဘိုသာဖြစ်သည်။

သူမက ပတ်ဝန်းကျင်ကို ဂရုတောင်စိုက်ပုံမပေါ်ပါ။ ဝက်သားတုတ်ထိုးသည်ကြီးကို ဟိုဟာလှီး၊ ဒါလှီးဖြင့် လက်ညှိုးညွှန်ပြကာနေသည်။ လက်ကလည်း အကင်တံတွေ တစွပ်စွပ်ယူကာ အချဉ်ရည်ဖြင့်တို့လျက် အားပါးတရစားနေသည်။ သူမစားသောက်နေပုံမှာ တက္ကသိုလ်ကျောင်းသူတစ်ယောက်မပီသစွာဖြင့် အားပါးတရ တလွတ်တလပ်ရှိလှသည်။ တုတ်ထိုးသည်နှင့်လည်း ဘော်ဒါတွေ ဖြစ်နေဟန်တူကာ ဘာတွေပြောပြီး သဘောကျမှန်းမသိ။ တဟားဟားနဲ့လည်း အော်ရယ်လိုက်သေးသည်။ သူကြည့်နေရာကို ဖိုးဂျိကလည်း မြင်သွားကာ ထအော်သည်။

"ဟာ … ဟိုမှာ တုတ်ထိုးဆွဲနေတာ အမ်ချမ်းဘို မဟုတ်လား"

"ဟုတ်ပါ၊ တို့နဲ့ကလည်း ရေစက်ပါလိုက်တာ"

"လုံးဝ အပေအတေပဲနော်၊ ဒီဓိုင်းကတော့ မိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးဂျိုက သဘောကျသော မျက်လုံးများဖြင့်ပြောလျှင် သူက အသာပြုံးမိသည်။ သူမသည် ရှပ်အင်္ကျီပုံစံ မိန်းမဝတ်အင်္ကျီ မီးပြာရောင်လွင်လွင်လေးကို လက်ခေါက်ဝတ်ထားကာ လက်နှစ်ဖက်မှာလည်း ဘာတွေမှန်းမသိ။ ကြိုးတွေ လက်ကောက်တွေဖြင့် ရှုပ်ယှက်ခတ်နေသည်။ မျက်လုံးတွေကတော့ ထုံးစံအတိုင်း အမည်းတွေဖြစ်ကာ ဆံနွယ်အခွေအလိပ်တွေကို တစ်ချက် တစ်ချက် သပ်တင်လိုက်၊ တုတ်ထိုးစားလိုက်ဖြင့် တစ်လောကလုံးမှာ တစ်ယောက်တည်းရှိသူလို ဘယ်သူ့ကိုမှ ဂရုမစိုက်အား။ သူမရှေ့က တုတ်တိုးဗန်းသည်သာလျှင် သူမရဲ့ကမ္ဘာလိုဖြစ်နေသည်။

သူသည် တုတ်ထိုးကို အားရပါးရ စားနေသည့် သူမရဲ့ပုံစံကိုကြည့်ကာ စိတ်ကူးတစ်မျိုးပြောင်းသွားသည်။ ထိုင်ရာမှ ရုတ်တရက် ထရပ်လိုက်ကာ ...

"ငါ တုတ်ထိုးသွားစားလိုက်ဦးမယ်ကွာ"

"ဟာ ... ဟုတ်ကောင်"

ဖိုးဂျိုနှင့် မိုးကိုက တစ်ယောက်တစ်ပေါက် လှမ်းအော်သော်လည်း သူက လှည့်မကြည့်တော့။ သူ့ခြေလှမ်းတွေသည် ဗာဒံပင်အောက်က တုတ်ထိုးဆိုင်လေးသို့ ဦးတည်နေပြီဖြစ်သည်။ သူက သူမထိုင်နေသောခုံရဲ့ တစ်ခုံကျော်မှာ အသာအယာပဲ ဝင်ထိုင်လိုက်သည်။ သူ့ကို တုတ်ထိုးဆရာကြီးနှင့် သူမက မြင်ဖူး လိုလိုပင် မော့ကြည့်ကြသည်။





"ဘာစားမလဲ ငါ့တူ"

"အဆီပိတ်အူ၊ နားရွက်၊ အခေါက်၊ လျှာ"

"အိုကေ ခဏပဲစောင့်"

သူက ခေါင်းတစ်ချက်ဆတ်ပြရင်း သိထားသော အကင်တံတစ်ချောင်းကိုယူကာ ပါးစပ်ထဲ ထည့်လိုက်သည်။ ပြီးတော့ သူမဘက်သို့ အသာအယာ လှည့်ကြည့်ရင်း ... ဘာလို့

"တစ်ယောက်တည်းလား" ဂ်ဘဲ ...

"ဘယ်နှယောက် တွေ့နေလို့လဲ" ဘ်နိုင်တဲ့

သူမက အခေါက်ကင်တစ်ဖတ်ကို ပါးစပ်ဝှင်တိုက်မိ ထည့်ရင်းမှ ဂရုမစိုက်လေဟန်ဖြင့်ပြောသည်။ သူက တို့ တတ် မျက်လုံးပြူးပြရင်းမှ ... ဘရိုက်တာ

"ကိုယ့်ကို နှုတ်ဆက်တဲ့လူကို အဲဒီလိုပဲ ပြန်နှုတ် လား၊ ခင်စရာမကောင်းလိုက်တာ" ပြည်း တစ်ဖက်

သူ့အပြောကို သူမက ဟက်ခနဲရ ထင်ချင် ထင်နေဦး

"ဟက် ... ဩော် ... တစ်ယောက်တည် ဆက်တဲ့စကားပေါ့၊ တစ်ယောက်တည်အားဆေးသော အသံကို ယောက်တည်းလားလို့မေးတာ တော့ ဘုးရသည်။ သူ ကြားထား ဆက်စကားပဲနော်၊ ဘယ်သူတွေ လူပဲမှားနေလား၊ ဒါမှ ပါလိမ့် ... တော့ သိနေပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကို ဆက်သုံးနေကြတဲ့ လူတွေကလည်း သုံးနေကြတုန်းပဲ၊ မှားနေကြတယ်"

သူက လူလေးနှင့်မလိုက် စကားကြီးစကားကျယ်တွေပြောနေသော ကောင်မလေးကို ကြည့်ကာ ပခုံးတစ်ချက်တွန့်လိုက်သည်။

ဒ၊ "ဟုတ်လား၊ အဲဒီတော့ ဘယ်လိုနှုတ်ဆက်ရမှာလဲ၊ တုတ်ထိုး

ဓ၊ စားနေတာလားလို့ နှုတ်ဆက်ရမှာလား"

တု၊ "ဒါလည်း မှားနေတာပဲ၊ စားနေတာ တွေ့ရဲ့သားနဲ့ စားနေတာလားလို့မေးတာ အပိုအလုပ်တွေပေါ့"

သူမရဲ့ "ဒါပေမဲ့ ဒါက နှုတ်ဆက်တဲ့ ယဉ်ကျေးမှုအစဉ်အလာမှ ရတဲ့စကားတွေပဲလေကွာ၊ ဒါကို မင်းပြောသလို ဘယ်သူမှ အပိုအလုပ်လို့မမြင်ဘူး၊ ဒါဟာ ကိုယ့်ကို နှုတ်ဆက်တာ "ဟပ့်၊ တစ်ယောက်နဲ့တစ်ယောက် အသိအမှတ်ပြုတာပဲလို့ ခံကြတယ်"

သော်လည်း သူကမက အပိုတွေ လာပြောနေသော ဒီဇိုင်းမျိုးနှင့် ဇာခံပင်အောက်က ဖော်ရှဲ့သည်။ သူက သူ့ရှေ့သို့ ရောက်လာပြီဖြစ် သူက သူမထိုင်နေသော်တိုးပန်းကန်ကို ဆွဲကာ တစ်ဇွန်းစားလိုက်ရင်း ထိုင်လိုက်သည်။ သူ့ကို

လိုလိုပင် မော့ကြည့်ကြ်းကျောင်းတက်ရတာ အဆင်ပြေလား"





"အဆင်မပြေတော့ ယူက ကူညီမှာမို့လို့လား"

"မင်းဟာလေ စကားပြောရင် အမြဲတမ်း ကန့်လန့်ချည်းပဲ"

"အင်းပေါ့၊ လူတွေနဲ့ စည်းတစ်ဖက်မှာခြားနေတော့ သပ်သပ်လိုဖြစ်နေပြီ၊ ကန့်လန့်လို့ ထင်ကြတာပေါ့၊ ခက်တာက လူတွေကလည်း စိတ်ထဲကမပါတဲ့ စကားတွေကို ဟန်လုပ်ပြောနေကြတာပဲ၊ ယူက အခု တို့ကို အဆင်ပြေရဲ့လားလို့ မေးတယ်၊ အဆင်မပြေရင် ယူ ကူညီနိုင်မှာမှ မဟုတ်ဘဲ...

အဲဒီလိုပါပဲ၊ တို့ကတော့ တို့ တကယ်တတ်နိုင်တဲ့ စကားကိုပဲ ပြောတာ၊ ယူ့ကို တို့ စက်တ်နဲ့ ဝင်တိုက်မိတယ်၊ ဆေးလိမ်းပေးမှ ကျေနပ်မှာလားဆိုတာ တို့ တတ်နိုင်တဲ့တာဝန်မို့ မေးခဲ့တာပဲ၊ အလကား အာရိုက်တာ မဟုတ်ဘူး ...

ဒါပေမဲ့ အဲဒီလို လုပ်ပေးပြန်တော့လည်း တစ်ဖက်ယောက်ျားလေးရဲ့အမြင်မှာက တစ်မျိုးထင်ချင် ထင်နေဦးမှာ၊ ခက်တော့ ခက်တယ်နော်"

သူက သူမရဲ့ တည်ငြိမ်အေးဆေးသော အသံကို ကြားရလျှင် နည်းနည်းတော့ အံ့သြသွားရသည်။ သူ ကြားထားတဲ့သတင်းတွေကပဲ မှားနေလား၊ လူပဲမှားနေလား၊ ဒါပေမဲ့ မမှားဘူးဆိုတာလည်း သူ့ကိုယ်သူတော့ သိနေပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ထင်သလောက်လည်း မဟုတ်ပါဘူး။ ကိုယ်က အကောင်းမေးနေတာပါ၊ တက္ကသိုလ်ကျောင်းသားအချင်းချင်းပဲ၊ ကူညီနိုင်တာကတော့ ကူညီမှာပေါ့၊ ဘာအခက်အခဲရှိလဲ"

"မရှိပါဘူး"

"စာတွေရော လိုက်နိုင်ရဲ့လား"

"တို့က ဖစ်ဆစ်ကို Roll No (1)နဲ့ ဝင်တာလေ၊ ယူ မသိသေးတာ တစ်ခုကြွားရဦးမယ်၊ တို့က ဆေးကျောင်းကနေ ဒီဘက်ကို ပြောင်းလိုက်တာလေ"

"ဟာ ... ဟုတ်လား၊ ဘာလို့လဲ နှမြောစရာကြီး"

"ဘာလဲ... ဖစ်ဆစ်ဆိုတာ အသုံးမဝင်တဲ့ဘာသာလို့ ယူက ထင်နေတာလား"

"အဲလိုတော့မထင်ပါဘူး၊ ဘာသာရပ်တိုင်းမှာတော့ သူ့တန်ဖိုးနဲ့သူ ရှိတာပဲလေ၊ ဒါပေမဲ့ ဆေးကျောင်းအမှတ်မီရဲ့သားနဲ့ ဒီမေဂျာကို ယူတယ်ဆိုတာကတော့ နည်းနည်း ထူးဆန်းနေသလားလို့ပေါ့"

"ဘာမှ မထူးဆန်းဘူး၊ တို့မှ ဆရာဝန်လုပ်ဖို့ ဝါသနာမပါတာ"

"ဟင် ... ဒီလိုလူမျိုးလည်း ရှိတာပဲနော်"





"ဒါပေါ့၊ တို့က နဂိုတည်းက ဖစ်ဆစ်ကို စိတ်ဝင်စားတာ၊ အခု မေဂျာအနေနဲ့ သင်ရတော့ ဒီဘာသာကို ယူမိတာ တစ်နေ့တခြား မှန်လာလေလေလို့ သိလာရရော ...

ဒီခေတ် လူဘောင်အဖွဲ့အစည်းကြီး တစ်ခုလုံး တိုးတက်နေတာ ရူပဗေဒဘာသာရဲ့ အခြေခံအကြောင်းအရာတွေကြောင့်ပဲ၊ ကမ္ဘာမြေကြီးရဲ့ အမှန်တရားအားလုံးနဲ့ နီးစပ်တာ ဖစ်ဆစ်ပဲ ...

ဘယ်လောက်ထိ ဆက်စပ်သလဲ ဆိုရင် ဘုရားဟောတရားတွေကတောင် ရူပဒေဗဘာသာရပ်နဲ့ ဆက်နွယ်နေတယ်၊ ဒါကြောင့် ဗုဒ္ဓဟာ ရှေးအကျဆုံး စိနီယာအကျဆုံး သိပ္ပံပညာရှင်ကြီးလို့ ပြောကြတာပေါ့"

"ဟုတ်ကဲ့၊ မှတ်သားထားပါ့မယ်၊ ခုလို ရှင်းပြတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်"

"ရင်ထဲကမပါတဲ့ စကားတွေကို ခြွေမနေစမ်းပါနဲ့"

သူက သူမရဲ့အဖြေကို တဟားဟားနဲ့ အော်ရယ်မိကာ သဘောကျစိတ်ဖြင့် ခေါင်းယမ်းမိသည်။

"မင်း စကိတ်မစီးတော့ဘူးလား"

"ရှာမတွေ့လို့ မေးတာလား"



www.burmeseclassic.com

www.burmeseclassic.com



သူမက စားနေရင်းတန်းလန်းမှ သူ့ကိုတော့ လှည့်ကြည့်ဘဲ မျက်လုံးကိုဖွေကာမေးလျှင် သူသည် အဲဒီအမေးစကားကြောင့် ကိုယ်ပူချင်သလို ဖြစ်သွားသည်။ သို့သော် သူမရဲ့ပုံစံကို ကြည့်လိုက်တော့လည်း အေးဆေးဆေးဆေး၊ ဘာအထာမှရှိမနေပါ။ ဒီကောင်မလေးဟာ တော်တော်တော့ နားလည်ရခက်သည့် ကောင်မလေးမျိုး ဖြစ်နိုင်သည်။ သူက ရုတ်တရက် မဖြေလျှင် သူမက ခေါင်းကို တစ်ချက်ညိတ်ကာ ...

"တွေ့တယ်မှလား၊ လူတွေက အမှန်တရားကို ဝန်မခံရဲကြဘူး"

"အမှန်တရားဆိုတာ အမှားတစ်ရန် ဖြစ်တတ်တယ်လေ"

"ရိုက်ထိ ဒါကိုတော့ ထောက်ခံတယ်"

သူမက အထာကျစွာဖြင့် လက်မတစ်ချက်ထောင်ပြသည်။ အဲဒီပုံစံသည် သူ့ရင်ထဲသို့ လွတ်လပ်စွာ စီးမျောသွားပါသည်။

"ကဲ ... ပြောပါဦး၊ စကိတ်မစီးရတော့တဲ့အကြောင်းရင်းကို၊ နောက်ထပ် ဆေးထပ်လိမ်းပေးရမှာ ကြောက်လို့လား"

"မဟုတ်ပါဘူး၊ တို့က ကိုယ့်အမှားတစ်ခုအတွက် တာဝန်ယူရဲတဲ့သူပါ။ အဲဒီနေ့တည်းက ယူ့ကို တို့ပြောသားပဲ၊





စကိတ်က ကွင်းထဲမှာပဲ စီးဝ ၁ပါလို့၊ အဲဒီနေ့မိနက်ကတော့ အရှမ်းကို မွန်းကျပ်နေတာနဲ့ လွတ်လပ်မလားလို့ ထွက်စီးလိုက်တဲ့သဘောပဲ ...

စောစောစီးစီးဆိုတော့ ဘာရှော့မှလဲ မရှိဘူးထင်လို့၊ ဒါပေမဲ့ ကိုယ့်အမှားအတွက် ကိုယ်လိပ်ပြာသန့်ခဲ့ပါတယ်"

"အင်း ... အရင်က မင်းကို ရပ်ကွက်ထဲမှာ မတွေ့ဖူးပါဘူး"

"May be ! ။ တို့ ပြောင်းလာတာ သိပ်မကြာသေးဘူး"

"ဟုတ်လား၊ နေရတာ ဘယ်လိုနေလဲ အဆင်ပြေလား"

သူက သူမကို သွေးတိုးစမ်းပြီး မေးလိုက်လျှင် သူမက ခနိုးခနဲ့ပြုံးသည်။ ပြီးတော့ သူ့ဘက်သို့ လှည့်ကြည့်ကာ...

"တစ်ရွာလုံးနဲ့ တစ်ယောက်ဆိုပါတော့"

"ဟုတ်လား၊ မင်းက အဲဒီလောက်ဆိုးလား"

"သိဘူးလေ၊ ဒါပေမဲ့ သူများတွေနဲ့ အမြင်မတူတာတော့ အမှန်ပဲ၊ တို့လည်း သူများတွေလိုပဲ အကောင်းကြိုက်တတ်ပါတယ်၊ လူတိုင်းကြိုက်တဲ့ ဝက်သားတုတ်ထိုးကိုလည်း တို့ ကြိုက်တာပဲ၊ ဒါပေမဲ့ တကယ်နေ့ရာတွေကျမှ ဘာလို့ အမြင်တွေ ကွဲပြားနေသလဲတော့ မပြောတတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... မင်းနာမည် အမ်ချမ်းဘိုနော်"

"ဟုတ်တယ်၊ ကွင်း(န်)ချုပ်ဆိုတာ တို့ပေါ့"

သူမက ပြောင်စပ်စပ်ပြောလျှင် သူက အဲဒီအပြော ကို နားမလည်နိုင်အောင်ဖြစ်သွားရသည်။

"ဘာလဲ ကွင်း(န်)ချုပ်ဆိုတာ"

"ဩော် ... မေဂျာတိုင်းက ကွင်း(န်)တွေရဲ့ အချုပ်ကိုပြော တာ၊ လုလွန်းလို့တော့ မဟုတ်ပါဘူး၊ ဂေါ်လီမို့လို့ နာမည် ကြီးတာပါ"

"အဲဒါတွေက မကောင်းမှန်းသိရင် ပြင်ပါလား"

သူ့ပါးစပ်က အဲဒီစကားကို ဘာကြောင့် လွှတ်ခနဲ ထွက်သွားမိလည်းတော့ မပြောတတ်ပါ။ သူ့ကိုယ်သူတော င် မသိလိုက်။ သူ သိလိုက်သည့်အချိန်မှာ စကားက ပြောပြီးနေပြီ ဘယ်လိုမှ လိုက်လံသိမ်းဆည်း ဆွဲယူ၍မရတော့။ သို့သော် သူမ ကတော့ သူ့ကို စူးခနဲကြည့်ကာ သရော်တော်တော်ပြုံးသည် ပြီးတော့ လက်ဝါးနှစ်ဖက်ကို ထောင်ပြကာ လက်ငါးချောင်းစိ က ကျဲဖြန့်ပြလျက် ...

"အကြွေးခံတက်ကားထဲက ကျော်ဟိန်းပြောတဲ့စကား ကြာ ဖူးတယ်မဟုတ်လား၊ ဆယ်နှစ် ... ဆယ်နှစ်၊ ဆယ်နှစ်ကြ စားလိုက်ဦး သိလား"





"ဟာ ... ဘာလဲ မင်းကို ပြုပြင်ဖို့ တခြားလူတွေက ဆယ်နှစ်ကြိုးစားရမယ်ဆိုတဲ့ အဓိပ္ပာယ်လား"

"ဒါပေါ့၊ ကဲ ... စားလို့လည်းဝပြီ၊ ဦးလေးကြီး ဘယ် လောက်ကျလဲ"

"တစ်ထောင့်ခြောက်ရာ"

"အိုကေ ... ရော့"

"ကိုယ် ရှင်းလိုက်မယ်လေ"

"နေပါစေ၊ ယူလည်း ကျောင်းသား၊ တို့လည်းဂေ မိဘပိုက်ဆံကို ထိုင်ဖြုန်းနေကြတာချင်းအတူတူ၊ အတွက်ပဲ ကိုယ်ပြန်ဖြုန်းကြတာပေါ့ ... အိုကေ"

သူမက သူ့ကို မေးဆတ်ပြပြီးနောက် ဟုတ် သည်ကြီးထဲမှ ပြန်အမ်းငွေလေးကို ယူကာ သူ့ကို လက်ချောင်း လေးများ လှုပ်ခတ်နှုတ်ဆက်ပြလျက် ဖျတ်ခနဲ ထွက်သွားသည်။ သူက သူမကို လိုက်မမီသောပုံစံဖြင့် ငေးကြည့်နေခဲ့ပြီးမှ ပိုက်ဆံ ရှင်းမည်အလုပ်မှာ သူ့သူငယ်ချင်းတွေက သူ့ဆီသို့ ဝုန်းဝုန်း ဒိုင်းဒိုင်းပင် ရောက်လာကြသည်။ "ဟေ့ကောင် မင်း ဘယ်လိုလုပ်" "ဘာအချိုး" "လိုက်မမီ" စသော အပြောတွေကို တစ်ငက်တစ် ပျက်မှာတင် ရပ်တန့်ထားကာ သူက အမြန်ထထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမနောက်သို့ လိုက်မလို့တော့မဟုတ်ပါ။ အတ
သွားထက်ဖို့သာ ဖြစ်ပါသည်။ ကျောင်းနေပျော်၍ စာတော်ရမည်
သော ဆောင်ပုဒ်မှာ တက္ကသိုလ်အထိ အသုံးဝင်သော ဆောင်
မဟုတ်ပါလော။

♥ ♥





ဖြေကြည့်ပါ (၇)

ဗယ်လင်တိုင်းဒေးရယ် ...
ကိုယ့်ချစ်သူက ကိုယ့်ကို အဖြေပေးတဲ့နေ့ (သို့)
ကိုယ့်ချစ်သူကို ကိုယ်က အဖြေပေးလိုက်တဲ့နေ့
ချစ်သူတွေ စဖြစ်တဲ့နေ့ကို
နှစ်ပတ်လည်ကြုံလာတဲ့နေ့ (Anniversary Day)...
အဲဒီနေ့ နှစ်ခုမှာ ဘယ်နေ့က ...
ကိုယ့်အတွက် ပိုအဓိပ္ပာယ်ရှိမယ်လို့ထင်လဲ။

♥ ♥

www.burmeseclassic.com

www.burmeseclassic.com

ကြီး ၇ ကြိမ်

ဒီနေ့သည် ဖေဖော်ဝါရီ (၁၀)ရက်နေ့ ဖြစ်သည်
ဒါကြောင့် ကျောင်းထဲတွင် အခုတလော ကြားနေရသော အသံ
မှာ ချောကလက်၊ ဗယ်လင်တိုင်းကတ်၊ ပန်းစည်း၊ အရုပ်၊ စုံ
သီချင်းခွေ၊ အကျီဆင်တူ၊ စသဖြင့် အဲဒီအသံတွေသာဖြစ်သည်
သူတို့အုပ်စုထဲမှာလည်း အဲဒီအသံတွေသာ ညံနေသည်။ ဘ
ရှော့ပင်းမောလ်ကိုပဲသွားသွား အနီရောင်တွေကိုသာ အများဆုံ
တွေ့နေရလျက် အသည်းကြီးတွေ အသည်းလေးတွေ ပလူပျံ
သည်။ ဖိုးကျီနှင့် မိုးကိုမှာလည်း အဲဒီနေ့အတွက် အသေအ
ရှုးသွပ်ကာ ပြင်ဆင်နေကြသည်။ ကျော်အန်းနီးက စုံတွဲအကျီဆင်
က မိုက်တယ်။ PIM က အာဒမ်ဝေအကျီက မိုက်တယ် စသဖြ
အကျီဆင်တူအရှုးတွေကလည်း ထနေကြသေးသည်။





သူနဲ့ ညိုမင်းကတော့ အေးဆေးပဲဖြစ်သည်။ သိပ်
တော့လှုပ်လှုပ်ရွရွမရှိပါ။ ဟိုနှစ်ယောက်ကတော့ သူတို့ အသည်း
သန်ဖြစ်တိုင်း ကိုယ့်ကိုပါ ဆွယ်သည်။ စိတ်ဝင်တစားမေးမြန်း
သည်။

"ဟော့ကောင်တွေ ဖေဖော်ဝါရီ (၁၄)မှာ မင်းတို့ရော ဘာ
အစီအစဉ်ရှိလဲ၊ ချောကလက်ရော ဝယ်ပြီးပြီလား"

သူ မဖြေခင် ညိုမင်းက အရင်ဝင်ဖြေသည်။

"ငါက ငါချစ်သူကို ချောကလက်မကျွေးဘူး၊ သူများထက်
ထူးအောင် မြန်မာယဉ်ကျေးမှုနဲ့လည်း ကိုက်ညီအောင်
ပုန်းရည်ကြီးသုပ်ကျွေးမှာ၊ ပြီးတော့ ကပ်စေးနဲကို ငုံခိုင်း
ထားမယ်"

"ဟော့ကောင် မင်းကို မမေးဘူး၊ ဂနိုင် ... မင်း မေလေးကို
ချောကလက်နဲ့ပန်းစည်း ပေးမှာလား၊ ဒါမှမဟုတ် အရုပ်
လား ..."

စုံတွဲအခွေတွေလည်း ထွက်တယ်ကွ၊ GIORDANO
က စပို့ရှပ်လေးတွေလည်း မိုက်တယ်"

"မသိသေးပါဘူးကွာ"

"ဟာ ... မင်းကလည်း ဒီနေ့ပဲ (၁၀)ရက်နေ့ရှိနေပြီ၊ မသိ
သေးပါဘူးလုပ်နေတယ်၊ ပြင်ဆင်ထားတော့လေ"



www.burmeseclassic.com

www.burmeseclassic.com



"ပေးရမပေးရကို သေချာမစဉ်းစားရသေးဘူး၊ နေပါဦး အဲဒါက ချစ်သူရည်းစားတွေမှ ပေးရတာမဟုတ်ဘူးလား"

"အာ ... မဆိုင်ပါဘူးကွာ၊ ကိုယ်ချစ်နေတဲ့ ဘယ်သူ့ကို မဆို ပေးလို့ရတာပဲ၊ တချို့ကျတော့လည်း အပြန်အလှန် ပေးကြတာပေါ့၊ တချို့ကျတော့လည်း ကိုယ်ချစ်တဲ့ကောင်မလေးကိုပဲဖြစ်ဖြစ် ကောင်လေးကိုပဲဖြစ်ဖြစ် ပေးကြတာပဲ ... ဘာပဲဖြစ်ဖြစ် ပေးလို့ရတယ်ကွာ၊ Romantic ဖြစ်တာပဲဟာ၊ တချို့ကျတော့လည်း လျှို့ဝှက်ပြီး ပေးတာမျိုးလည်းရှိတာပဲ၊ မဆိုင်ပါဘူး သမီးရည်းစားမှ ပေးရတာမှ မဟုတ်တာ"

သူက ခေါင်းတဆတ်ဆတ်ညိတ်ရင်းမှ မေးစေ့ကိုကိုင်နှင့်ပွတ်ရင်း စဉ်းစားကာ ...

"ငါတစ်ခုစဉ်းစားမိတယ်ကွ၊ ငါက မေလေးကို ကတ်နဲ့ ချောကလက်လေး ပေးရတာ ဘာမှ အပန်းမကြီးပါဘူး၊ ဒါပေမဲ့ အဲဒီလိုပေးလိုက်ခြင်းဟာ သူ့ကို သွယ်ဝိုက်ပြီး Propose လုပ်ရာ ကျမသွားဘူးလား"

သူ့မေးခွန်းကို ဖိုးဂျီက ရုတ်တရက်မဖြေနိုင်သလို ဖြင့် ပြုံးပြီးကြည့်နေသည်။ ဖိုးဂျီက မဖြေပေမယ့် ညိုမင်းက တော့ ဝင်၍ဖြေသည်။





"သွယ်ဝိုက်ပြီး Propose လုပ်ရာတော့ မရောက်ဘူး၊ ဒါပေမဲ့ အကြို Propose လုပ်ရာတော့ ရောက်သွားတယ်၊ Pre Propose ပေါ့ကွာ ... ဟဲ ဟဲ ဟဲ"

ညိုမင်းက စပ်ဖြဲဖြဲရယ်နေသော်လည်း သူက ညိုမင်း ပြောသော စကားလေးကို အဟုတ်ကိုပဲ သဘောကျသွားသည်။ ပြီးတော့ နည်းနည်းလည်း ကိုယ်ပူချင်သလို ဖြစ်သွားသည်။

"ဘာလဲ ... ဒါဆို နောင်အခါ တစ်နေ့မှာ မမေ့စတမ်း ချစ်ရေးဆိုရမယ်ဆိုတဲ့ သဘောလား"

"သဘောလားဆိုတာ အဲဒီအတိုင်းဖြစ်နေတာပေါ့ကွ၊ ချစ်သူတွေချင်း နွဲ့တဲ့နေ့၊ ဒါမှမဟုတ် ကိုယ်ချစ်တဲ့လူတစ်ယောက်ယောက်ကို လက်ဆောင်လေးတွေပေးပြီး Romantic ဖြစ်အောင်လုပ်တဲ့နေ့မှာ ချစ်သင်္ကေတလက်ဆောင်တွေ သွားပေးထားတာ ဒါ ဒီမိန်းကလေးကို ချစ်နေလို့ဆိုတာ အရှုံးတောင်သိတယ်"

"ချစ်မနေဘဲနဲ့ ပေးရင်ရော"

"ဟာ ... မင်းဘာသာမင်း ချစ်မနေဘဲနဲ့ပေးပေး၊ ကြိုက်မနေဘဲနဲ့ပေးပေး ဒီလိုပေးပြီ ဆိုကတည်းကတော့ ဒါ အထာနဲ့ပေးတာပဲ၊ မင်းကို ကောင်မလေးတစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



လာပေးပြီဆိုရင် မင်းလည်း 'ဒါ အထာတစ်ခုတော့ ရှိရမယ်ဆိုပြီး တွေးမှာပဲ ...

သဘောတရားကတော့ ဒီအပေါ်မှာပဲ အခြေခံနေတယ် ကိုယ့်လူ၊ မင်းက တခြားနေ့ ပေးရင်တောင် ဒီလောက်ထူးခြားမှာ မဟုတ်ဘူး၊ ဖေဖော်ဝါရီ (၁၄)မှာပေးလို့ကို ထူးသွားတာ၊ အဲဒါပဲ"

သူက သက်ပြင်းတစ်ချက်ကိုချကာ ခေါင်းယမ်းမိသည်။ ဖိုးဂျိုက သူ့ကို တံတောင်နှင့် တွက်ကာ ...

"ဘာလဲ ဟေ့ကောင်၊ မင်းက မေလေးကို Valentine's Present မပေးဘူးဆိုတဲ့ အထာလား"

သူက အဲဒီစကားကို ပြန်မဖြေမိချေ။ အဲဒါဟာ ဝန်ခံရာလည်း မရောက်ပါ။ သူ စဉ်းစားတွေဝေနေခြင်းသာဖြစ်ပါသည်။

"Present မပေးဘူးဆိုရင်တော့ မင်းကို မေလေးက တင်းမှာပဲ"

"ဘာဆိုင်လို့ တင်းရမှာလဲကွ"

"ဟုတ်တယ်လေ၊ သူလည်း မျှော်လင့်ထားတာပဲ၊ မင်းနဲ့ သူနဲ့ကို သူငယ်ချင်းတွေက တစ်မျိုးတစ်မည် ခေါင်းစဉ်တပ်ထားကြတာပဲ မဟုတ်လား ..."





မင်းပေးလိုက်ရင် အခြေအနေက ဒီထက်ပိုသွက်မှာ အမှန်ပဲ၊ ဒီလိုနေ့မျိုးဟာ ယောက်ျားလေးတွေအတွက် ဖန်တီးပေးထားတဲ့နေ့မျိုးပဲကွ၊ ယူတတ်ရင် ကိုယ့်အကျိုးချည်းပဲ ... ဟား ဟား"

သူက မိုးကိုရဲ့ အောင်မြင်သော ရယ်သံဝါဝါကြီးကို နှစ်မြို့စွာဖြင့် နာခေါင်းတစ်ချက်ရှုံ့မိသည်။ အခုချိန်ထိ သူ့ရင်ထဲတွင် တွေဝေဒွိဟစိတ်များဖြင့် ဝေခွဲမရနိုင်ပါ။

"ငါတို့ကတော့ ဝယ်ပြီးသွားပြီ၊ ကတ်ရယ်၊ ရေမွှေးရယ်၊ ချောကလက်ကတော့ နီးမှပဲ ဝယ်တော့မယ်"

"မင်းဟာမင်း နီးမှပဲဝယ်ဝယ်၊ ဝေးမှပဲဝယ်ဝယ်၊ ဒီချောကလက်က ချောကလက်ပဲကွ သိလား၊ စီးပွားရေးသမားတွေက မင်းတို့လို အရူးတွေအတွက် အစောကြီးတည်းက ကြိုပြီးလှောင်ထားတာကွ သိလား၊ မှိုတက်ဟာ မှိုတက်ပဲ"

ညိုမင်းက ဝသီအတိုင်း ဆေးပေါ့လိပ်ကိုဖွာကာ မျိုးဖွဲ့ဖွဲ့ပြောသည်။ ညိုမင်းသည် မသိလျှင် ကိုရီးယားမင်းသားပင်ကေဖြင့် စတိုင်လ်ကျစွာ ဂုဏ်စားဆင်ယင်တတ်သော်လည်း ကြောင့်မှန်းမသိ ဆေးပေါ့လိပ်ကိုကျမှ အသည်းအသန်ကြိုက်သက်သူဖြစ်သည်။ ညိုမင်းရဲ့ စကားကြောင့် အောင့်သက်သက်သွားသော ဖိုးဂျိုက ...



www.burmeseclassic.com

www.burmeseclassic.com



“မင်းကို မပြောဘူး ဟော့ကောင်၊ မင်း ဘာမှ ဝင်မပြောနဲ့၊ မင်းက ဘုံကန့်လန့်ခွစာဆိုတာ သိပြီးသား”

“အေး ... အမှန်ကိုပြောတော့ မင်းတို့က လက်မခံကြဘူး၊ ဟုတ်တယ်လေ၊ ဒီနေ့ကို အကြောင်းပြုပြီး စီးပွားရေးသမားတွေက မင်းတို့အိတ်ထဲက ပိုက်ဆံတွေကို နှိုက်ထုတ်နေကြတာ၊ ဘာမှ မဟုတ်တဲ့ ကတ်လေးတစ်ကတ်ကို နှစ်ထောင်သုံးထောင်နဲ့ရောင်း၊ အရုပ်ပိစိလေးတွေကို လေးငါးထောင်နဲ့ရောင်း၊ ရောင်းလို့ရတာမှန်သမျှ အကုန်ရောင်းပြီး စီးပွားရှာကြတာ၊ နောက်ဆုံးတော့ သူတို့ပဲ သူဌေးဖြစ်တာပဲ”

“သူတို့ သူဌေးဖြစ်ပေမယ့် ငါတို့ခွေး မဖြစ်ဘူးကွ သိလား၊ အဲဒီလောက်ပိုက်ဆံနဲ့လည်း မွဲမသွားဘူး၊ ဒါပေမဲ့ ရတဲ့ ဖီလင်ကျတော့ ပေးလိုက်ရတဲ့ပိုက်ဆံ ကုန်သွားတဲ့ပိုက်ဆံထက် အများကြီးပိုတယ်”

“ဘာလဲ ဟိုကာတွန်းထဲကလို ကန်တော်ကြီးထဲသို့ သွားသည်။ ဝင်ကြေးသုံးရာ ပေးရ၍ချိုးနပ်ပါသည် ဆိုတာမျိုးလား ... ဟား ဟား ...

မင်းတို့သာ ဒီလောက်ပိုက်ဆံနဲ့ ခွေးမဖြစ်ဘူး ပြောနေပေမယ့် အဲဒီလောက်ပိုက်ဆံကို မတတ်နိုင်တဲ့ကောင်





တွေက အများကြီးပဲကွ၊ ယောက်ျားလေးတွေက မတတ်နိုင်၊ မိန်းကလေးတွေက ရှုံကြတော့ နှမြောမြောနဲ့ တုန့်ချိပြီးထွက်ရတဲ့ကောင်တွေ တစ်ပုံကြီးပဲ ...

တကယ်တော့ သမီးရည်းစားတွေက တော်တော်ပါကွာ၊ စီးပွားရေးသမားတွေက သူတို့အိတ်ဖောင်းအောင် လှောက်ချဲ့ရတာနဲ့ ဒီလောက် ပေါ်ပြူလာဖြစ်သွားတာ ...

ခုဆို အဲဒီနေ့ကို ကလေးကအစ သိတယ်၊ လွတ်လပ်ရေးနေ့ ဘယ်နေ့လဲ၊ အာဇာနည်နေ့ဘယ်နေ့လဲဆိုရင် သိမှာမဟုတ်ဘူး၊ တော်တော်တော့ လွဲနေတဲ့ ကိစ္စတွေပဲ”

ညိုမင်းရဲ့စကားကို နားထောင်နေကြသော ဖိုးဂျိုနဲ့ ကိုတို့၏ မျက်နှာတွေမှာ အီးမှန်ထားသကဲ့သို့ ရှုံ့မဲ့၍နေကြလေသည်။ သကတော့ ဘယ်ဘက်ကမှ မပါသူပီပီ ခပ်ပြုံးပြုံးပဲရှိသည်။ ...က်ဝေ၊ ဖိုးဂျိုက ကျောပိုးအိတ်ကို ကောက်လွယ်ကာ ...

“တော်ပြီကွာ၊ မင်းလိုလူကပ်နဲ့ စကားဆက်မပြောတော့ဘူး၊ ငါ့ကောင်မလေးဆီသွားတာပဲ ကောင်းတယ်၊ ဖိုးကို မင်းရော လိုက်မှာလား”

“လိုက်မှာ ... လိုက်မှာ၊ ကြာရင် ငါပါ ရူးသွားလိမ့်မယ်”

ဘော်ဒါနှစ်ကောင် ထွက်သွားပျောင် သူနဲ့ ညိုမင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ပြုံးမိကြသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အဲဒီအချိန်မှာပဲ ကန့်တွင်းထဲသို့ မေလေးနဲ့ သူမရဲ့သူငယ်ချင်းတစ်ယောက်တို့ ဝင်ရောက်လာသည်။ [illegible] ကိုင်နေရာမှ မတ်တတ်ထရပ်ကာ မေလေးကို [illegible] ပြုံးကြိုဆိုလိုက်သည်။ မေလေးက ချစ်စရာကောင်းစွာနှင့် သူတို့စားပွဲရှိရာသို့ လျှောက်လာပါသည်။

"ဒီမှာပဲ ထိုင်လေ၊ [illegible] နှင်ယောက်တည်းပဲ ဘာစားမလဲ"

"ပါဝ့်အင်း … [illegible] ခေါင်းနည်းနည်းနောက်နေလို့"

"ပန်းခြောက်တွေ [illegible] အရှုလွန်ပြီး ခေါင်းနောက်သွားရတာပေါ့"

မေလေးရဲ့ [illegible] ချင်းက [illegible] နေ၍ ဝင်ပြောသည်။ သူက မေလေးကို [illegible] ငေးကြည့်မိကာ …

"ဟုတ်လား မေလေး [illegible] အများကြီးလား၊ သူများသားသမီးတွေများ အားကျတယ်ကွာ၊ ကိုယ်တို့ဖြင့် ခုထိတောင် ချောကလက်အနံ့လေး မရှူရသေးဘူး"

"အောင်မယ် … ယောက်ျားလေးတွေကို ဘယ်သူက ပေးမှာလဲ"

"ဟာ … ပေးတာပေါ့ မေလေးကလည်း၊ ကိုယ်ဆို မနှစ်တုန်းက အိမ်ကို ပန်းစည်းနဲ့ ချောကလက် ရောက်လာတာ"





"ဟုတ်လား၊ ဒီနှစ်ရော"

"ဒီနှစ်တော့ [illegible] အဲဒီနေ့ကျရင် ဘာအစီအစဉ်ရှိလဲ"

"ဟယ် … ဘာအစီအစဉ် [illegible] မရှိဘူး"

"မဟုတ်ပါဘူး၊ ကိုယ်က [illegible] အဲဒီနေ့ကျရင် ရှိုးပွဲတွေလည်းရှိတယ်လေ [illegible] ဘာတွေ လုပ်မှာလဲ၊ အဲဒါမျိုး [illegible]"

"အင်း … ရှိုးက [illegible] မေလေး အိမ်က အဲဒီလို [illegible] ပိုက်ဆံမျှော်လေး အဲဒီနေ့က [illegible] အိမ်မှာပဲ [illegible] ရှိဖြစ်မှာပါ"

သူက [illegible] …

"အိမ်မှာပဲ တစ်နေကုန်လား [illegible] ပန်းတွေကိုမွှေးရှိုက်၊ [illegible] သီချင်းတွေ [illegible] စီ၊ အဲဒီလိုတွေ လုပ်နေမှာလား"

မေလေးက သူ့ကို အကြည့် [illegible] ကြည့်ကာ …



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလောက်ကြီးများတော့လည်း လုပ်ရမှာ ပျင်းလာတယ်၊ မလုပ်တော့ဘူး"

"ဟုတ်တယ်ဗျ၊ အဲဒါမျိုးဆိုတာ တစ်စုံတစ်ယောက်က အဓိပ္ပာယ်ရှိရှိ ပေးလာတဲ့ ကတ်လေးတစ်ခုကို ဖွင့်ဖောက်တာလောက် ကဗျာဆန်မှာ မဟုတ်ဘူး ...

အများကြီးဆိုတော့ ဘယ်လိုလုပ် အဓိပ္ပာယ်ရှိတော့မှာလဲ၊ ဟုတ်တယ်မှုလား"

ညိုမင်းရဲ့အပြောကို မေလေးက ဣန္ဒြေရရပြုံးကာ အသာတိတ်ဆိတ်နေသည်။ အဲဒါသည် ခေါင်းမညိတ်တော့သော်လည်း ထောက်ခံသည့်သဘော သက်ရောက်သည်ဟု မှတ်ယူရပါသည်။

"သူများကိုသာ မေးနေတယ်၊ ရှင်တို့ကရော ဘာတွေလုပ်ကြမှာတဲ့တုန်း"

မေလေးရဲ့ သူငယ်ချင်းက စတော်ဘယ်ရီသောက်ရင်းမှ ဝင်မေးသည်။ သူ မဖြေခင် ညိုမင်းက ပခုံးကို တစ်ချက်တွန့်ကာ ...

"ကျွန်တော်လား ... ကျွန်တော်တို့ကတော့ ထူးထူးထွေထွေ မရှိပါဘူး၊ သာမန်နေ့တွေလိုပဲ။ ကျွန်တော်က အဲဒီနေ့အထော် သိပ်ဖီးလ်မရှိဘူး"





"အံမာ ... လူထူးလူဆန်းကြီးပေါ့၊ ကဲ ... ဒီဘက်ကပုဂ္ဂိုလ်ကရော"

မေလေးရဲ့သူငယ်ချင်း ကေခိုင်က သူ့ဘက်သို့ သွက်သွက်လက်လက်ဖြင့် လှည့်မေးသည်။ သူကလည်း ရှုးချင်ယောင်ဆောင်ကာ ဖြေလိုက်ရပါသည်။

"ကျွန်တော့်မှာလည်း အတူလျှောက်လည်ရမယ့် ကောင်မလေးမျိုး မရှိသေးပါဘူး"

"တကယ်လား၊ ဒါဖြင့်ရင် အဲဒီနေ့မှာ ချောကလက်ကျွေးချင်တဲ့သူ တကယ် မရှိဘူးပေါ့"

"သြော် ... ကျွေးချင်တဲ့သူကတော့ ရှိတာပေါ့"

"ဟုတ်လား ဘယ်သူလဲ၊ နီးနီးနားနားထဲကလား"

"ဘာလို့ ပြောပြရမှာလဲ"

သူ့အပြောကို မေလေးရော ကေခိုင်ကရောပါ အသာပြုံးကြသည်။ ကေခိုင် ဆိုသည့် မိန်းကလေးကလည်း ဘယ်သူ့စပိုင်လဲတော့ မပြောတတ်။ သူ့ကို ထပ်မံ၍ အစ်ပြန်သည်။

"မင်းဂနိုင်ကရော ဗယ်လင်တိုင်းဒေးကို ဘယ်လောက်ထိ ရင်ခုန်လဲ"

"ကျွန်တော့်ကောင်မလေးလောက်တော့ ရင်မခုန်ပါဘူး ... ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... အတူတူပဲ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ အဲဒါက သူများတီထွင်ထားတဲ့နေ့ကြီးပဲဟာ၊ ကိုယ်ပိုင်နေ့မှမဟုတ်တာ၊ လူငယ်ပီပီ ဖီးလ်တော့ရှိတာပေါ့၊ ဒါပေမဲ့ အရမ်းကြီး မဟုတ်ပါဘူး။ ပြီးတော့ အဲဒါက တစ်ရက်တည်းနဲ့ ပြီးသွားတာလေ၊ တကယ်တမ်း သူနဲ့ ကိုယ်နဲ့ ရှေ့ဆက်ဖို့က အကြောင်းပာရားမှာ အမှ... ကြီးနဲ့ ဆက်ရမှာ"

"ကောင်းပါ၊ အဲဒီတော့ အဲဒီနေ့အတွက် အခုတည်းက ကြိုတင်ရင်ခုန်နေပြီလား"

"အဟား .. ရယ်က အမြဲတမ်းခုန်နေတာပဲဟာ ကေခိုင်က လည်း"

"ကြည့် ... ရှုချင်ယောင် ဆောင်နေပြန်ပြီ၊ အဲဒီနေ့ ကိုယ် သဘောကျတဲ့ ကောင်မလေးကို လက်ဆောင်ပေ... ပေးမှာလားလို့ မေးနေတာရှင့်"

"ဪ ... ဒါကတော့ ကေခိုင်ကို ဘယ်ပြောမလဲ၊ ဟု... တယ်မှုလား မေလေး"

သူက သူမကို မျက်စပစ်ကာ လှမ်းမေးလိုက်လ... မေလေးက မျက်ပြူးလေးပြူးကာ နှုတ်ခမ်းကိုက်ပြသည်။ အဲဒီ... သည် ရှုချင်ဲ့ကို နှုတ်ခမ်းကြည့်ရွှာ ဖြတ်စီးသွားသော်လည်း ညကျ...





ပြန်တွေးဖြစ်သော အကြောင်းအရာတစ်ခု ဖြစ်ပါသည်။ သူက သိပ်ကွေ့ရှောင်လွှန်းလျှင်လည်း သူများအမြင်ကတ်မှာစိုးတာကြောင့် ဗယ်လင်တိုင်းဒေးနှင့်ပတ်သက်သော သူ့အမြင်ကို ရိုးရိုးသားသား ရင်ဖွင့်လိုက်သည်။

"အဲဒီနေ့မှာ ကျွန်တော်သဘောကျတဲ့ကောင်မလေးကို လက်ဆောင်ပေးရင်တောင် ကျွန်တော်က ပေါ်တင်ပေးမှာ မဟုတ်ဘူးဗျ ...

သူ မသိအောင်ပေးမှာ၊ ပေးရင့်လည်း ကျွန်တော်ပါလို့ သိစေတဲ့ အမှတ်အသားမျိုး ပါမှာမဟုတ်ဘူး"

"အလဲ့ ... ယျို့ဝှက်ချစ်သူပေါ့"

"အဲလိုတော့ မဟုတ်ပါဘူး၊ အဲလိုပြောရင်လည်း ရပါတယ်"

"ဟင်း ... ရှုပ်နေတာပဲ၊ မသိတော့ဘူး"

မေလေးရဲ့သူငယ်ချင်းက ဆက်မပြောတော့ဘဲနေ လိုက်လျှင် သူက မေလေးကို အသာပြုံး၍ကြည့်မိသည်။ မေလေး ကလည်း သူ့ကို တစ်ချက်ကြည့်ကာ အသာအယာ ပြုံးလို့နေသည်။ မေလေးသည် နူးညံ့သည်။ သိပ်မွှေ့သည်။ မိန်းမဆန်ကာ လိမ္မာ ရေးခြားရှိသည်။ အများအယွင်း နာမည်ပျက် တစ်စုံတစ်ရာမရှိ။ မေလေးတွင် ချစ်လိုသောသူတွေ ဝိုင်းဝိုင်းလည်နေသည်။ အဲဒီ မိန်းကလေးက သူ့ကို ကြည်ဖြူသည်။



www.burmeseclassic.com

www.burmeseclassic.com



သူလက်ကမ်းလျှင် လှမ်းလာမည့် အခြေအနေ
ရှိသည်။ သို့သော် သူက ဘာကိုတွေဝေမှန်းမသိ တွေဝေနေ
သည်။ ဒီအခြေအနေအတိုင်းလေးပဲ သာယာနေခဲ့သည်ဟု ဖြေ
ရမလား။ ဒါဆို သူဟာ မိန်းကလေးတစ်ယောက် အပေါ်မှ
စိတ်ပိုင်းဆိုင်ရာအရာ အခွင့်အရေးယူရာ ရောက်သွားခဲ့ပြီလာ
သူ့ကိုယ်သူပင် မတွေးတတ်တော့ပါ။ သူသည် အဲဒီအကြောင်
အရာတွေကို တွေးလိုက်လျှင် ငြိမ်းချမ်းအေးဆေးနေသော မလေး
မျက်နှာလေးကို မြင်လိုက်ရတာတောင် စိတ်ရှုပ်သလိုတွေ ဖြစ်
လာနေသည်။

♥ ၁၉ ♥





ဒီနေ့သည် လူငယ်တွေ၊ ချစ်သူစုံတွဲတွေ တော်တော်များများ မျှော်လင့်စောင့်တကြသည့် ဖေဖော်ဝါရီလ (၁၄)ရက်နေ့ဖြစ်လေသည်။ သူတို့အုပ်စုထဲမှာ ဖိုးကျော်နှင့် မိုးကိုက ရည်းစားရှိသူတွေမို့ ကိုယ့်ရည်းစားနှင့်ကိုယ် လည်ကြ ပတ်ကြလေရာ သူတို့နှင့်အတူ မရှိနိုင်။ သူနဲ့ ညိုမင်းကတော့ လက်မဲ့သမားတွေဖြစ်သည့်အတွက် တစ်ယောက်နဲ့တစ်ယောက် အဖော်ပြုကာ ဒဂုံစင်တာသို့ လစ်ကြသည်။ ဒီနေ့ဟာ ကျောင်းပိတ်သော စနေနေ့လည်းဖြစ်သည့်အတွက် အိမ်ထဲမှာလည်း မအောင်းလိုပေရာ သူများအတွဲတွေကို အားကျဖို့အတွက် အပြင်ထွက်ရခြင်းဖြစ်သည်။ ဒဂုံစင်တာရောက်တော့ အဆိုတော်တစ်ယောက်၏ စီးရီးခွေအသစ်တစ်ခွေ ထွက်ရှိခြင်း အထိမ်းအမှတ်အဖြစ် လက်မှတ်ထိုးရောင်းချနေလေရာ အဲဒီအခွေဝယ်ကြသည်။

ပြီးတော့ ကော်ဖီဆိုင်မှာ ကော်ဖီသောက်ကြပါသည်။ ကော်ဖီသောက်ရင်းမှနေ၍ ဖြတ်သန်းသွားလာကြကုန်သော အကို



www.burmeseclassic.com

www.burmeseclassic.com



ဆင်တူဝတ် စုံတွဲများ၊ အကျီဆင်တူမဝတ်သော်လည်း လက်ချင်
ချိတ် ပျော်မြူးနေကြသည့် စုံတွဲများကို မျက်စိစားပွဲထိုင်ကြသည်
လူတွေ လူတွေ ချစ်နေလိုက်ကြတာ။ ချစ်ကြည်နူးနေကြသည်
စုံတွဲတွေကို တွေ့သော်လည်း ဒါဟာ ရင်ထဲက တကယ့်အချစ်လာ
ဟု သူက သရုပ်ခွဲနေခဲ့သေးသည်။ အဲဒီအချိန်မှာပဲ ညိုမင်းက
ဖုန်းလာသဖြင့် ဖုန်းပြောသည်။ ဆိုင်ထဲမှာက ဖုန်းလိုင်းသိပ်မ
သဖြင့် အပြင်ခါက်သို့ ထွက်သွားလျှင် သူသည် စားပွဲဝိုင်းမှ
တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။ ကော်ဖီကိုငုံလိုက်၊ အာလူ
ချောင်းကြော်လေးတွေကို ဝါးလိုက်ဖြင့် တစ်ယောက်တည်း ဟိုဟိုဒီ
ငေးဝဲကြည့်နေရာမှ သူ့မျက်လုံးတွေသည် တစ်နေရာအရောက်မှ
တော့ ရပ်တန့်ရူးစိုက်သွားကြသည်။

အမ်ချမ်းဘို။ ဟုတ်တယ် အမ်ချမ်းဘို အစစ်
သူမသည် ဒီတစ်ခါတော့ Punk ဒီဇိုင်း ပီပီပြင်ပြင်ဖြင့် လှန်ထွ
နေသည်။ အနီရောင်ကော်လာပါ အသားကပ်အကျီ တံတောင်ဆ
ကို အပေါ်က အမည်းရောင်ဆွယ်တာအပါးဖားအကျပ်ဖြင့် ထပ်ဝ
ထားလျက် ဂျင်း(န်)စကတ်အတိုတစ်ထည်ကို ဟော့ရှော့ဝတ်ထ
သည်။ ဖိနပ်က AllStar ဒီဇိုင်းဖြင့် ထုံးစံအတိုင်း မျက်ဝန်းတွေ
အမည်းရောင်။ သို့သော် သူမတစ်ယောက်တည်း မဟုတ်
ဘေးမှာ ကောင်လေးတစ်ယောက်ပါကာ အဲဒီကောင်လေး





သူမသည် ပြဿနာတစ်ခုကို အခြေအတင် ဆွေးနွေးနေပုံရသည်။
မှန်အတိုင်းပြောရလျှင်တော့ အခြေအတင်ဆွေးနွေးသည်ဆိုတာ
က် ကောင်လေးက ဒေါသတကြီး ပြောဆိုနေသည်ဆိုလျှင်
နှုန်မည်ဖြစ်သည်။

တစ်ချက် တစ်ချက်မှာ စားပွဲခုံတောင် ပုတ်လိုက်
က် ဘာတွေမှန်းမသိ ပြောဆိုနေသော်လည်း သူမကတော့
အေးအေးပင်။ ထုံးစံအတိုင်း ဘယ်သူ့ကိုမှ ဂရုမစိုက်သည့်
ဖြင့် ပေစောင်းစောင်း ရိုက်ပေါက်ရုပ်ဖြစ်သည်။ နောက်ဆုံး
တော့ သူမက ဘာပြောလိုက်လဲမသိ။ ကောင်လေးက လက်ညှိုး
က်ငေါက်ထိုးကာ တစ်ခွန်းတည်းပြောလျက် ဆိုင်ရာမှ ထထွက်
သွားသည်။ ဒီတော့မှပဲ သူမက လွှတ်လပ်အေးဆေးသွားပုံဖြင့်
တွေဘာတွေတောင် ချိုးချလိုက်သေးကာ အရှေ့မှ အအေးခွက်
ပြီး ကောက်မော့နေသည်။ သူသည် သူမပုံစံကို ကြည့်ကာ
ချင်သွားသည်။ ကြည့်ပါဦး အများတကာတွေ ချစ်ကြသည့်နေ့
မှာမှ သူမက ရည်းစား (ထားပါတော့လေ ရည်းစားပဲဖြစ်ဖို့များ
)နဲ့ ရန်ဖြစ်နေတယ်ဆိုတော့ ဒီမိန်းကလေးက ကြားဖူးထား
အတိုင်း တော်တော်ဆိုးသည့် မိန်းကလေးပဲ ဖြစ်တော့မည်။

သူသည် ဒီလိုဆိုးသည့် ကောင်မလေးကို ရှောင်ကွင်း
တ်မရှိဘဲ ရူးစမ်းချင်စိတ်တွေ ရှိတာကတော့ နည်းနည်းထူးဆန်း



www.burmeseclassic.com

www.burmeseclassic.com



ထင်ပါသည်။ သို့သော် သူထင်တာတွေကို ဘေးချိတ်ထားပြီး အခုလောလောဆယ်တော့ သူက ဖုန်းပြောနေသည့် ညိုမင်းကို တစ်ချက် လှမ်းကြည့်လိုက်သည်။ ညိုမင်းကား တော်တော်နှင့် ပြီးဦးမည့်ပုံ မပေါ်သေးချေ။ သူသည် ဆုံးဖြတ်ချက်တစ်ခုဖြင့် ထိုင်ရာမှ ထလိုက်ကာ သူမဆီသို့ တန်းတန်းမတ်မတ် လျှောက်လာခဲ့လိုက်သည်။ အနားသို့ရောက်လာသော သူ့ကို သူမက အမည်းရောင်ညှို့နေသည့် မျက်လုံးကြီးများဖြင့် ဖျတ်ခနဲ မော့ကြည့်သည်။

"တစ်ယောက်တည်းလားလို့တော့ နှုတ်မဆက်တော့ဘူးနော်၊ ဒီမှာထိုင်လို့ရမလား"

"ရပါတယ် ထိုင်ပေါ့"

သူက ဝင်ထိုင်လိုက်လျှင် သူမက သူ့ကို တစ်ချက်ငဲ့ကြည့်ကာ ...

"ယူ့ကိုတော့ တို့က တစ်ယောက်တည်းလား လို့တော့ ပြန်မေးလို့ရမယ်နဲ့တူတယ်၊ ဘာလဲ ... အဖော်မလာသေးလို့ စောင့်နေတာလား"

"နို ... အဖော်က ပါတယ်၊ အပြင်ထွက်ပြီး ဖုန်းပြောနေလို့"

"ဝေ ... ယူ့အဖော်ပြန်ဝင်လာရင် စိတ်ကောက်နေဦးမယ်"

"သူက စိတ်ကောက်တတ်တဲ့အဖော်မျိုး မဟုတ်ပါဘူး"





"ဟုတ်လား၊ စိတ်မကောက်တတ်တဲ့ မိန်းကလေးဆိုတာ ခပ်ရှားရှားပဲနော်"

"ဘာလဲ၊ မင်းလည်း အဲဒီထဲမှာ တစ်ယောက်အပါအဝင်မို့လို့လား"

"နိုးပါ၊ တို့က တခြားမိန်းမတွေနဲ့ သိပ်မတူဘူး၊ သိပ်မတူတာ မဟုတ်ပါဘူး၊ တော်တော်ကို မတူတာပါ၊ အခု ပြောနေတာက ယူ့အတွက် ပြောနေတာလေ ...

ဒီလိုနေ့မျိုးမှာ စိတ်ကောက်ရတယ်ဆိုရင် ဘယ်ကောင်းမလဲ၊ ချစ်ချစ်ခင်ခင်နေမှပေါ့"

သူမက အဲဒီစကားတွေကို အတည်အတံ့ပုံစံမျိုး ပြောနေတာမဟုတ်ဘဲ ပြုံးစိစိမျက်နှာပေးဖြင့် တမင်လုပ်ပြောနေတာဖြစ်သည်။ သူက ကျလည်း ကျလောက်သည့် မိန်းကလေးကို ပြီး ကြည့်မိကာ ...

"မင်းကျတော့ရော ချစ်ချစ်ခင်ခင်နေလို့လား"

သူမက သူ့ကို ရှင် သိနေတယ်ပေါ့ ဟူသော မျက်ချိဖြင့် မေးစင်းကြည့်သည်။ အနက်ရောင်မျက်လုံးတွေကို စင်းကြည့်သောအခါ သူမပုံစံက အေဗရာလာဗင်း(န်)လိုလို၊ စ်တနေစပီးယားစ်လိုလို ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းက တကယ်သစ်တယ်နော်၊ သူများတွေ အရမ်းချစ်ကြတဲ့နေ့မှာမှ မင်းက ကွိုင်တက်ပြနေတယ်၊ ရန်ဖြစ်ပြီးရင် ပြန်ချစ်မယ့် System နဲ့ မင်းက မနက်ဖြန်ကျမှ ဗယ်လင်တိုင်းဒေး မလို့လား"

"ဘယ်နေ့မှ မဗယ်လင်တိုင်းဘူး၊ ဗယ်လင်တိုင်းဒေးမှာ ရည်းစားတွေနဲ့ အကုန်ဖြတ်နေတာ"

"ဟိုက်ရှားဘား ... ဒီလိုကိစ္စမျိုးတွေ တကယ်ရှိလား"

"ရှိလို့ အခု ကြားနေရပြီ မဟုတ်လား၊ မနက် အိမ်ကစထွက်ကတည်းက ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ဖြတ်လာတာ အခုတစ်ယောက်က နောက်ဆုံးပဲ ပြီးပြီ၊ ဇယားတွေတော့ ရှင်းသွားပြီ၊ အခုမှပဲ တကယ်နားအေးသွားတယ် ...

ကြားဖူးတဲ့စကားတစ်ခွန်းက တော်တော်မှန်တာပဲ၊ ရည်းစားထားရတာထက် ရည်းစားကိုဖြတ်ရတာက ပိုခက်တယ်တဲ့၊ ဟူး ... တော်ပါပြီ နောက်များတော့"

သူက သူမရဲ့စကားကို ပါးစပ်အဟောင်းသားဖြင့် နားထောင်နေရလေသည်။ သူမရဲ့အကြောင်းကို သူတကာတွေ ပြောနေကြတုန်းက သူသည် ဒီလောက်ဆိုးမယ်ဟု တကယ်ပင် မထင်ခဲ့ပါ။ အခု ကိုယ်တိုင် ပြောပြနေတာကို ကြားတော့မှပင်





ဘာပြန်ပြောရမှန်း မသိအောင် ဖြစ်ရလေသည်။ သို့သော် သူမကတော့ သူ့ရှေ့မှာ ဒီလိုပြောလိုက်ရ၍လည်း ဘယ်လိုမှနေဟန်မတူပါ။ ကိုလာဖန်ခွက်ကို အေးအေးဆေးဆေးပဲ ကောက်မော့နေသည်။

သူက အထစ်ထစ် အငေါ့ငေါ့ဖြင့် ...

"နေ ... နေပါဦး၊ အဲဒီရည်းစားတွေကို မင်းက ချစ်လို့ ထားခဲ့တာ မဟုတ်ဘူးလား"

သူမက ကိုလာဘူးထဲမှ ကိုလာအရည်တွေကို ဖန်ခွက်ထဲ ထပ်လောင်းထည့်ရင်းမှ သူ့ကို မျက်မှောင်ကုတ်ကြည့်ကာ ...

"ညံ့လိုက်တာ၊ အဲဒီလောက် အများကြီးချစ်လို့ရပါ့မလားဟဲ့"

"ဟင် ... အံ့တာပဲ၊ မင်းကွာ တကယ့်ကောင်မလေးပဲ"

"မမြင်ဖူးရင် သေချာကြည့်သွား၊ ဒါပေမဲ့ ရည်းစားများတယ်ဆိုတဲ့ နာမည်က ဒီနေ့ရာမှာတင်ပဲ ပြီးဆုံးသွားပြီနော်၊ မနက်ဖြန်က ကိုယ့်အတွက် အသစ်ပဲ ...

အမ်ချမ်းဘိုဟာ တစ်ယောက်တည်းပဲ ဘယ်သူနဲ့မှ မသက်ဆိုင်တော့"

"ဟင်း ... လေပါတယ်ကွာ၊ ရည်းစားတွေနဲ့ ဖြတ်တာတောင် ဒီနေ့ကျမှ ရွေးပြီးဖြတ်ရတယ်၊ စံပါပဲ။ ဒီနေ့လေး



www.burmeseclassic.com

www.burmeseclassic.com



အော့ ရောယောင်ရှိလုပ်ပြီး ပျော်လိုက်တာမဟုတ်ဘူး၊ ချော ကလက် မစားရဘူး ဖြစ်သွားတာပေါ့"

"ချောကလက်များ စကားထဲထည့်ပြောလို့ကွာ၊ ကဲ ... ယူ မသွားသေးဘူးလား၊ ယူ့အဖော်ကရော ဘယ်မှာလဲ၊ ဘာလဲ ... သူလည်း တို့လိုပဲ ဒီနေ့မှာ ရည်းစားနဲ့ပြတ်တာ လား"

"ပြတ်စရာ ရည်းစားကို မရှိတာ၊ ကိုယ်က ဘော်ဒါတစ် ကောင်နဲ့လာတာပါ၊ အထင်ကြီးမနေပါနဲ့၊ ဒီလိုပဲ သူများ အတွဲတွေ လာခံစားတာပေါ့ ...

ခုလို ထူးထူးခြားခြား ဒီနေ့မှာ ပြတ်တဲ့အတွဲတွေ တွေ့ရတော့လည်း လာရကျိုး ပိုနပ်သွားတာပေါ့"

သူမက ခေါင်းတဆတ်ဆတ်ညိတ်ရင်းမှ ဘေးဘီဝဲ ယာကိုကြည့်ကာ ...

"တကယ်တမ်းကျတော့ ဒီနေ့ကို သည်းတဲ့လူတွေက သည်းနေကြတာပါ၊ အမှန်တော့ စီးပွားရေးသမားတွေ အဆွယ်ကောင်းလို့ ဒီနေ့က ပေါ်ပြူလာဖြစ်နေတာ ...

တကယ်ပြောရမယ်ဆိုရင် ဒါတွေဟာ အဲဒီလောက် အရေးကြီးတာ မဟုတ်ဘူး။ တစ်ယောက်နဲ့တစ်ယောက် သစ္စာရှိပြီး တကယ်ချစ်ဖို့လိုတာ၊ ပြီးတော့ ကိုယ့်ရဲ့





Anniversary ကမှ တကယ်အနှစ်အရသာရှိတာ၊ လေးနက် တာ ...

အဲဒီ Anniverasry ကို ချစ်သူနှစ်ယောက် ဘယ်နှ ကြိမ် ဖြတ်ကျော်ပြီးပြီလဲ ဆိုတာကသာ မှတ်ကျောက်တင် စရာကောင်းတာ၊ ချစ်သူသက်တမ်း တစ်နှစ်ပြည့်၊ နှစ်နှစ် ပြည့် စတာတွေဟာ အဲဒီချစ်သူတွေရဲ့ သစ္စာတရား၊ သည်းခံမှု စတာတွေကို ပြနေတာလေ၊ မနေ့တစ်နေ့ကမှ ရည်းစားဖြစ်ပြီး Valentine's နဲ့ ဆုံခိုက် ချောကလက်ကျွေး၊ အရုပ်ပေး နောက်တစ်လနေတော့ ပြတ်ရော ဆိုတာတွေက ဘာမှအဓိပ္ပာယ်မရှိဘူး"

သူက ဒီလိုကျပြန်တော့လည်း အနှစ်တွေ ထွက်နေ သည့် သူမကို ငေးကြည့်နေရပြန်သည်။

"မင်း ဒီလောက် တွေးခေါ်တတ်နေရဲ့သားနဲ့များ ဘာကြောင့် အမှားတွေကို လုပ်နေတာလဲ"

သူမက သူ့စကားကို ဟာသတစ်ခုအလား နှစ်နှစ် ကြိုက်ကြိုက် ရယ်မောသည်။

"အမှားဆိုတာ ခါးသီးတယ်လို့ ယူ ထင်နေလား၊ အမှား တွေက ချိုမြိန်တယ်၊ တချို့အမှားတွေက ပီကေနဲ့တူတယ်၊ ချိုမြိန်တဲ့ အရသာကို ပထမပိုင်းမှာ အပြည့်အဝဝါးထား၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးရင်တော့ ထွေးထုတ်ပစ်လိုက်တော့၊ ခံတွင်းရှနဲ့ ရှင်းသွားတာကတော့ အမှားထဲက သင်ခန်းစာတစ်ခုပေါ့ ...

ယူ မကြားဖူးဘူးလား၊ အင်္ဂလိပ်စကားပုံတစ်ခု ရှိတယ်လေ၊ မိန်းမတစ်ယောက် ဉာဏ်ကောင်းလေလေ မိုက်မဲတာကို ပိုလုပ်လေလေတဲ့၊ နည်းနည်းကြွားပြောရရင်တော့ တို့က ဉာဏ်ကောင်းတဲ့မိန်းမထဲမှာ မပါတယ် ... ဘြော် ... ဒါကို ယူ အခုန သိပြီးသားပါနော်"

သူမက သူ့ကို လက်ညှိုးတစ်ချောင်းထိုးကာ မေးလျှင် သူသည် တကယ်ပဲ သဘောကျစွာဖြင့် ခေါင်းတွေယမ်းနေမိတော့သည်။ တစ်ခု ထူးဆန်းတာက ဒီလောက်ဆိုးလှသည့် ကောင်မလေးမျိုးကို စိတ်ပျက်စိတ်ကုန်တာမျိုးမဖြစ်ဘဲ စိတ်ဝင်စားနေမိတာပဲ ဖြစ်တော့သည်။ သူမ ဘာကြောင့် ဒီလိုတွေ ဆိုးနေတာလဲ၊ အဲဒီနောက်ကွယ်မှာ အကြောင်းရင်း ခိုင်ခိုင်မာမာတစ်ခု ရှိနိုင်သည်။ အဲဒါကို သူ သိလိုလှပါသည်။

"ဒါဖြင့်ရင် မင်း ရည်းစားတွေ အများကြီးထားတာလည်း ပီကေဝါးသလိုပဲပေါ့၊ အဲလိုလား"

"အင်း ... သူတို့ကတော့ တကယ့်ပီကေတွေလိုပဲ၊ ပထမပိုင်း သာချိုတာ၊ နောက်ပိုင်းကျတော့ ဖွယ်တယ်တယ်ကြီးဖြစ်သွားရော၊ အရသာ မရှိတော့ဘူး"





"ဒါကြောင့် ဖြတ်လိုက်တယ်ပေါ့"

"အေးပေါ့။ ရည်းစားထားရတာ ပျော်ချင်လို့ထားတာလေ၊ မပျော်ရင်တော့ ဘာမှ သုံးမရတော့ဘူးပေါ့"

သူမစကားကို သူက သဘောကျစွာဖြင့် ဟက်ခနဲ ရယ်မိသည်။ သူက မေလေးကို ချစ်ခွင့်ပန်ဖို့ နည်းအမျိုးမျိုးတွေကာ စဉ်းစားဆုံးဖြတ်နေချိန်တွင် သူမက ရည်းစားထားတာကို ငှက်ပျောသီးအခွံနွှာသလို လွယ်လွယ်ကူကူရှိလှသည်။ မိန်းကလေးမို့လို့ သိပ်မစဉ်းစားတာတော့ ဖြစ်နိုင်ပါသည်။ အဲဒီလိုတွေးမိတော့ သူမကို သူ ပိုခင်သွားပါသည်။

"မင်းက ခင်ဖို့ကောင်းတယ် အမ်ချမ်းဘို၊ မင်းနဲ့ စကားပြောရတာ ပျော်စရာကောင်းတယ်လို့ ထင်တယ်၊ မင်း ဖုန်းနံပါတ် ကိုယ့်ကို ပေးပါလား"

သူမက နှုတ်ခမ်းကို တစ်ချက်မဲ့ကာ လာပြန်ပြီလား တစ်ယောက်ဟူသော အကြည့်မျိုးဖြင့်ကြည့်လျှင် အဲဒီအကြည့်ကိုတော့ သူ မခံချင်ဖြစ်သွားသည်။ ဒါကြောင့် ခပ်မြန်မြန်ပင် စကားထည့်လိုက်ရသည်။

"ဟေ့ ... တစ်လွဲတွေ လျှောက်မတွေးနဲ့နော်၊ ကိုယ်က မင်းနဲ့ ဆော်ဒါဖြစ်ချင်ရုံသက်သက်ပဲ၊ နောက်တစ်ခု ပြောချင်တာက မင်း ရည်းစားတွေ အများကြီးထားတာကို ကိုယ် သဘောကျလို့"



www.burmeseclassic.com

www.burmeseclassic.com



ဒီအပြောကိုတော့ သူမတောင် လည်သွားပုံပေါက်သည်။ သူ့ကို နားမလည်သလို တစ်ချက်ကြည့်ကာ ...

"ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့၊ ကိုယ်က မိန်းကလေး တစ်ယောက်ကို Propose လုပ်ဖို့ စဉ်းစားနေတဲ့သူပေါ့၊ အဲဒီကိစ္စက ကိုယ့်အတွက် ခက်ခဲနေတယ်၊ မင်းအတွက်ကျတော့ လွယ်နေသလိုပဲ၊ အဲဒါကြောင့် မင်းကို အားကျတာယ်"

"အားကျမနေပါနဲ့၊ ရည်းစားထားရတာ ယောကျ်ားလေးနဲ့ မိန်းကလေးမှာ မိန်းကလေးတွေက ပိုလွယ်တာပေါ့"

"ဟာ ... အဆန်းကြီးပါလား၊ ဘာဖြစ်လို့လဲ တကယ်ပြောနေတာလား"

သူမက မျက်ခုံးတစ်ဖက်ကို လှပစွာ ပင့်ချီပြကာ ...

"တကယ်ပေါ့။ ယောကျ်ားလေးတစ်ယောက်က မိန်းကလေးတစ်ယောက်ကို လိုက်တယ်ဆိုတာ အဲဒီမိန်းကလေးပေါ်မှုတည်ပြီး အတိမ်အနက် ဆိုတာ ရှိတတ်တယ်၊ Tr ရတာတွေရှိတာပေါ့၊ ဖုန်းဆက်ရတယ်၊ တွေ့အောင်ကြိုးစားရတယ်၊ ကံကို ဘေးချိတ်ထား ဉာဏ်နဲ့ ဝီရိယ ပြည့်ပြည့်ဝဝ အသုံးချရတယ် ...





မိန်းကလေးတွေကတော့ အဲ့ဒါတွေ ဘာမှ လုပ်စရာမလိုဘူးလေ၊ အငြိမ်ထိုင်နေတဲ့လူဆိုတော့ ထားရတာလွယ်တာပေါ့"

"ဟား ... မင်းရဲ့အတွေးအခေါ်က တစ်မျိုးပါလား၊ သူများတွေနဲ့ပြောင်းပြန်"

"တို့က သူများနဲ့မတူဘူးလေ ဖစ်ဆစ်ကျောင်းသူဆိုတော့ တစ်ခုခုကို သိပ္ပံနည်းကျပဲတွေးတယ် ...

ဘာတဲ့ ဟိုတလောကမှ သိပ္ပံပညာရှင်တွေ နောက်ဆုံးရှာဖွေတွေ့ရှိခဲ့တာ၊ အချစ် ဆိုတာ နှလုံးသားကဖြစ်တာမဟုတ်ဘူးတဲ့ ...

ဦးနှောက်ကဖြစ်တာ ဆိုပဲ ...

တကယ်တော့ အဲဒါကို တို့က အစောကြီးတည်းက ရှာဖွေတွေ့ရှိသားပါ၊ နှလုံးသားက အချစ်ဖြစ်တယ်ဆိုတာဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ၊ နှလုံးသားကို အကြိမ်ပေါင်းများစွာ ခွဲစိတ်ကြည့်လိုက်၊ သွေးလွှတ်ကြောတွေ သွေးပြန်ကြောတွေကိုပဲ တွေ့ရမှာပဲ၊ ဘာအချစ်အမြုတေမှ ထွက်လာစရာမဟုတ်ဘူး၊ ရင်ထဲကအချစ်တို့ နှလုံးသားထဲကသစ္စာတို့ဆိုတာ အတိသယဝုတ္တိအလင်္ကာတွေပါ ...



www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ကို ချစ်တဲ့စိတ်တို့ ကြိုက်တဲ့စိတ်တို့ ဆိုတာတွေက ဦးနှောက်ထဲက Memory ထဲကဖြစ်တာပဲ၊ ဘယ်သူနဲ့မှ မတူတဲ့ ထူးခြားတဲ့ စိတ်တစ်မျိုးဖြစ်နေလို့ နှလုံးသားထဲက ချစ်တာပါလို့ တင်စားပြောလိုက်တာပဲ၊ ဒါပဲ အနှစ်ချုပ်က"

သူမက ကျောင်းသားတစ်ယောက်ကို စာရှင်းပြသလို့ သူက သဘောကျစွာ ပြုံးရသည်။ အတွေးအခေါ်ကောင်းတွေ ရှိ လျက်သားနဲ့ သူမဟာ ဘာကြောင့်များ လူတွေနဲ့ ဆန့်ကျင်ဘက် ဖြစ်နေသည့် အလုပ်တွေကို လုပ်နေရတာပါလဲ။ သူမကို တကယ်ပဲ သူ နားမလည်နိုင်ပါ။ ဒါပေမဲ့ ဒီကောင်မလေးဟာ နားမလည်ခြင်း များစွာနဲ့ကို စိတ်ဝင်စားဖို့ကောင်းနေတာကို ဘယ်လိုမှ ငြင်းမ နိုင်ပါ။

"ဒါဖြင့်ရင် လူတစ်ယောက်ကို ချစ်တယ်ဆိုတာ ဦးနှောက်နဲ့ ချစ်တာပေါ့ ဟုတ်လား"

"ဒါပေါ့၊ လူတစ်ယောက်ကို တွေ့တယ်၊ စိတ်ဝင်စားတယ် မေ့မရဘူး၊ စွဲလမ်းတယ် စသဖြင့် အဲဒါတွေဟာ ဦးနှောက် ကဖြစ်တာပါ၊ ဒါပေမဲ့ ဦးနှောက်နဲ့ တွက်ချက်တာတော့ ဘယ်ဟုတ်မလဲ၊ ဘာစိတ်မှမပါဘဲ ရိုးရိုးသားသားလေးချ တာကို နှလုံးသားက ချစ်တယ်လို့ ပြောတာပေါ့"





"မင်း မှတ်မိဦးမလား၊ ဟိုးတစ်ခါတုန်းက မင်း ကိုယ်တို့ ကို ပလိန်းကြီးဖွဲ့သွားဖူးတယ်လေ၊ ခုခေတ်ယောက်ျားလေး တွေက အတွက်အချက် တတ်ကြတယ်ဆိုတာ ...

မင်းတို့ မိန်းကလေးတွေကရော ချမ်းသာတဲ့ ယောက်ျားကို မရှာကြဘူးလား"

"မိန်းမတွေ ချမ်းသာတဲ့ယောက်ျားကိုရှာတာ မှန်တယ်လေ၊ ဆင်းရဲတဲ့ယောက်ျားကိုတော့ ရှာစရာမှ မလိုတာ၊ ဟုတ်တယ် မို့လား"

သူက စကားပြောတတ်လွန်းသော သူမကို နိုင်အောင် ပြန်မပြောနိုင်တော့ဘဲ ခေါင်းသာ ခါနေရတော့သည်။ သူမက မလေးလိုမဟုတ်ပါ။ မေလေးဆိုလျှင် နူးနူးညံ့ညံ့လေးနှင့် သူ ပြောသမျှ တော်ရုံသိပ်မပြောနိုင်။ အမှန်အတိုင်းပြောရလျှင် မေလေးနဲ့ စကားပြောရတာ ကြည်နူးမှုတစ်စုံတစ်ရာကို ပေးစွမ်းနိုင်သော်လည်း စိတ်လှုပ်ရှားစရာ၊ စိတ်ဝင်စားစရာ မကောင်းပါ။

အဲဒီအချိန်မှာပဲ သူ့ပခုံးကို တစ်စုံတစ်ယောက်က ပုတ်ခနဲ လာရိုက်တာကို ခံစားရ၍ မော့ကြည့်လိုက်လျှင် မချိုမချဉ် မျက်နှာထားဖြင့် ကြည့်နေသော ညိုမင်းကို တွေ့လိုက်ရသည်။

"ညိုမင်း ထိုင်လေ၊ မင်းနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဒါ ငါ့ ဘော်ဒါ အမ်ချမ်းဘိုတဲ့ ဖစ်ဆစ်က။ အမ်ချမ်းဘို ... သူက ကိုယ့်သူငယ်ချင်း ညိုမင်းကျော်တဲ့၊ Maths ကပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မှတ်ထားပါ့မယ်"

သူမက အပြုံးတစ်ချက်နှင့် ခပ်အေးအေးပဲဆိုသည်။ ညိုမင်းက သူ့ပခုံးကို တစ်ချက်ပုတ်ရင်း ...

"ငါက မင်း ဘယ်များရောက်သွားပြီလဲလို့၊ အမှတ်တမဲ့ နှစ်ယောက်တွဲလှမ်းမြင်လိုက်တော့ ဟာ ... ဒီကောင်တော့ ငါ့ကို ကျွေးပြီပေါ့"

"အေးဆေးပါကွာ၊ မင်းဖုန်းပြောနေတုန်း ငါလည်း မျက်စိ ကစားလိုက်တာ သူ့ကို သွားတွေ့တာနဲ့ လာနှုတ်ဆက်တာ"

"ကဲ ... နှစ်ယောက်စလုံးကိုပဲ နှုတ်ဆက်တယ်၊ ဒီမှာ ထိုင် ရတာ နည်းနည်းမျက်စိနောက်လာပြီ၊ အိမ်ပြန်ပြီး အေ ဏစ်ခွေနဲ့ နှပ်တာပဲ ကောင်းမယ်ထင်တယ်၊ နှစ်ယောက် စလုံး ဘိုင့်ဘိုင်"

သူမက မတ်တတ်ထရပ်ရင်း လက်ပြကာ နှုတ်ဆက် လျှင် သူက အယောင်ယောင်အမှားမှားဖြင့် ခေါင်းညိတ်ပြမိသည်။ သူမ ထွက်ခွာသွားတော့မှပင် ဒီကလေးမ သူ့ကို ဖုန်းနံပါတ် မပေးခဲ့ဘူးဆိုတာ သတိရသည်။ အဲဒီတော့ သူ နည်းနည်းတင်းသွ ပါသည်။ မေလေးတောင် သူ ဖုန်းနံပါတ် တောင်းသောအခ ရှောရှောရှူရှူ ထုတ်ပေးခဲ့သေးသည်။ သူမက ဘာမို့လဲ၊ အဲဒီအချိ မှာပဲ ညိုမင်းက သူ့ကို တံတောင်နှင့်တွက်ကာ ...





"ဟော့ကောင် ... ငါတို့လည်း မျက်စိနောက်လာပြီ၊ ပြန် ကြတာ ကောင်းမယ်နဲ့တူတယ်"

"အေး ... ပြန်တာပေါ့"

"မင်းက သူနဲ့ ဘယ်လိုလဲ၊ မေလေးဆီရော ဖုန်းမဆက် ဘူးလား"

"ညကျမှပဲ ဆက်တော့မယ်ကွာ"

"သူကရော ဘယ်သူနဲ့ လာတာလဲ၊ တစ်ပွဲတည်းတွေ့ရတာ ထူးဆန်းလိုက်တာ"

"အမျိုးသမီးက ဒီနေ့မှာ ချစ်သူတွေကို တစ်ပွဲပြီး တစ်ပွဲ ဖြတ်နေတာတဲ့ကွ၊ သိပြီလား"

"ဟား ... မိုက်ကယ်ပါလား၊ အလန်းပဲကွာ"

"အေး ... အဲဒါပြောတာ"

"ဘာလဲ၊ မင်းက သူ့ချစ်သူတွေ ဖြတ်လိုက်ပြီဆိုတာနဲ့ စိတ်ဝင်စားနေပြီလား"

"ဟော့ကောင် ... မဆီမဆိုင်ကွာ"

"ဘာလို့ မဆိုင်ရမှာလဲ၊ မင်းမျက်လုံးတွေထဲမှာ သူ့အပေါ် စိတ်ဝင်စားရိပ်တွေ တွေ့နေရတယ် သူငယ်ချင်း"

"အဲဒီလိုတွေ့တယ်ဆိုလည်း ဒါဟာ သူ့ကာရိုက်တာကို စိတ်ဝင်စားတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ... ငါကလည်း ဘာကို စိတ်ဝင်စားတယ်လို့မှ မပြောဘဲ၊ ဘာကိုပဲ စိတ်ဝင်စား စိတ်ဝင်စား။ စိတ်ဝင်စားတာပဲ။ ကဲ ... ငါတို့လည်း ပြန်မယ်ကွာ၊ သူ့ကို အားကျပြီး အိမ်ထဲမှာပဲ နှပ်ကြစို့၊ ဒီလိုနေ့မျိုးက ငါတို့အတွက်တော့ အဓိပ္ပာယ်မရှိလှပါဘူး"

သူက ညိုမင်းရဲ့စကားကို ပြန်မထောက်ခံမိသော်လည်း ထိုင်ရာမှ ထရပ်မိသည်။ အိမ်ပြန်လမ်းတစ်လျှောက်မှာတော့ ပျော်ရွှင်မြူးတူးနေသည့် အတွဲတွေကိုငေးကာ ဒီနေ့မျိုးမှာမှ ရည်းစားတွေကိုဖြတ်သော ထူးထူးဆန်းဆန်း ကောင်မလေးတစ်ယောက်အကြောင်းကို သူမ ပြောသလိုပင် နှလုံးသားထဲမှာ မဟုတ်ဘဲ ဦးနှောက်ထဲအထိ အပြည့်အဝ နေရာယူလို့ လာခဲ့လေသည်။

♥ ❧ ♥



ဖြေကြည့်ပါ (ဂ)

လူတစ်ယောက်ကို တကယ်ချစ်တယ်ဆိုရင် — ကိုယ့်ရဲ့မကောင်းတဲ့ အချက်တချို့တလေကို — အဲဒီသူ့အတွက် ပြောင်းလဲပစ်နိုင်တယ် ဆိုတာ ဟုတ်လား။

♥ ❧ ♥

www.burmeseclassic.com

www.burmeseclassic.com



"ငါထင်တာတော့ မေလေးက မင်းကို တင်းနေတယ်လို့ ထင်တယ်ကွ"

ဖိုးဂျီက ဘူးသီးကြော်တစ်ချောင်းကို အချဉ်ရည်ထဲ နှစ်ထည့်ရင်းမှ သတိရသွားဟန်ဖြင့် စပြောသည်။ တကယ်တော့ သူလည်းပဲ အဲဒီလိုတော့ ခံစားရပါသည်။ ပြောရမယ်ဆိုလျှင် ဗယ်လင်တိုင်းဒေးညက သူ မေလေးထံသို့ ဖုန်းမဆက်ဖြစ်ခဲ့ပါ။ သူငယ်ချင်းတွေက ဘီယာဆိုင်ခေါ်တာနှင့် ဘီယာဆိုင် ရောက်သွားပြီး မဆက်ဖြစ်တော့။ နောက်တစ်နေ့ကျတော့ မေလေးရဲ့ အထာက စိတ်ကောက်ချင်သလိုလိုဖြစ်၍ သူက ပြေရာပြေကြောင်း ပြောပြတော့လည်း လက်မခံ။ ဘီယာဆိုင်ရောက်သွား၍ ဖုန်းဆက်ဖို့ မေ့သွားတယ်လို့ အမှန်အတိုင်း ပြောတော့မှပင် ပို၍ ဆိုးသွား





တော့သည်။ ကောက်ချိတ်ချိတ်နှင့် စကားအငြင်းပြော၍မရ။ သူ့မှာ မိန်းကလေးတစ်ယောက်က စိတ်ကောက်တာကို မခံဘူးသဖြင့် ရယ်ဟဟနှင့် အံ့အားသင့်ရလေသည်။

"ငါက မိန်းကလေးတွေနဲ့ စိတ်ကောက်ရတာကို မကြုံဘူးတော့ သူ ဘာဖြစ်နေမှန်းကို မသိတာကွ၊ တကယ်ဆိုကွာ ငါတောင် သူ့ကို ဘာမှမဆိုင်သေးလို့ Valentine's Present မပေးသေးတာ။ သူ့မှာ ငါ့ကို အဲဒီလောက် စိတ်ကောက်ပိုင်ခွင့်ရှိလို့လား"

"အဲဒါကို သူ့ရှေ့မှာ သွားမေးလိုက်လေ၊ မင်း ငါ့ကို စိတ်ကောက်ပိုင်ခွင့်ရှိလားလို့ ... ဟား ဟား"

"မင်းကြီးတော် အဲဒါမှ ဟိုက တစ်ခါတည်း ဟိုသီချင်းထဲကလို ရင်ဝဖနောင့်နဲ့ ဆောင့်ကန်သလို နောက်ပြန်လဲကျဆိုတာမျိုးဖြစ်မှာ၊ မင်းကို ငါ တစ်ခုမေးပါဦးမယ် ဂနိုင်ရာ၊ အခုဆိုရင် စာမေးပွဲလည်းဖြေရတော့မယ်၊ First semester ပြီးလို့ ကျောင်းတွေလည်း ပိတ်တော့မယ်၊ အခုချိန်ထိ မေလေးကို ချစ်,မချစ်ဆိုတာ မကွဲပြားသေးဘူးလား"

အဲဒီမေးခွန်းသည် သူ့ကို တကယ်ပဲ တွေဝေသွားစေသည်။ မျက်လုံးထဲတွင် နူးညံ့ချိုသာသော မေလေးရဲ့ပုံစံကို မြင်ယောင်ကာ သူ့ချစ်သူလေးအဖြစ် ခံစားကြည့်သော်လည်း ပုံရိပ်တ

www.burmeseclassic.com



အမြင်ပြင် ရှိမလာပါ၊ သူက သက်ပြင်းတစ်ချက် ချလိုက်မိကာ ခေါင်းကို ဖြည်းဖြည်းချင်း ယမ်းမိသည်။

"ငါ တဖြည်းဖြည်းနဲ့တော့ ကွဲပြားလာပြီ"

"ဘာ ... ဘာကွဲပြားတာလဲ၊ မင်းက အစိုလား အခြောက်လား"

"ဟောကောင် အကောင်းပြောနေရင် မနောက်နဲ့ကွာ၊ အမှန်အတိုင်းပြောရရင်တော့ မေလေးကို ငါ မချစ်ဘူးကွ"

သူ့စကားအဆုံးတွင် သူတို့တစ်အုပ်စုလုံး ငြိမ်သွားကြသည်။

အတန်ကြာမှ ညိုမင်းက ဆေးပေါ့လိပ်တစ်လိပ်ကို မီးထ,ညှိသဖြင့် ထောက်ခနဲ အသံကမြည်သွားသည်။ ညိုမင်းက ဆေးလိပ်မီးခိုးငွေ့များကို မှုတ်ထုတ်ရင်းမှ သူ့ကို ခပ်လွှင့်လွှင့်ကြည့်ကာ ...

"အဲဒါ မင်း ဘယ်သူနဲ့ သေချာသွားတာလဲ"

အဲဒီမေးခွန်းကို ရုတ်တရက် သူ မပြောနိုင်ချေ။ ဖြေဖို့ ပါးစပ်ဟလိုက်တော့လည်း သူ့ပါးစပ်ကို တစ်စုံတစ်ရာက နှောင့်နှေးသွားစေသည်။ အဲဒီအချင်းအရာမှာ တစ်စုံတစ်ယောက်က သူ့နာမည်ကို အော်ခေါ်လိုက်ခြင်းကြောင့် ဖြစ်ပါသည်။

"ဟိတ် ... မင်းဂနိုင်"





မနီးမဝေးက အဲဒီခေါ်သံသည် သူ့ဦးခေါင်းကိုသာမက သူ့သူငယ်ချင်းတွေရဲ့ ခေါင်းတွေကိုပါ ချာခနဲ လှည့်သွားစေသည်။ သူ လှည့်ကြည့်လိုက်သောအခါ သူ့ကို လက်ယပ်ပြီးခေါ်နေသော အမ်ချမ်းဘိုကို တွေ့လိုက်ရသည်။ သို့သော် သူမ တစ်ယောက်တည်းတင်မဟုတ်ဘဲ ဘေးမှာကမှန်ကုပ်ကုပ်ဖြင့် ကောင်လေးတစ်ယောက်က ပါသေးသည်။

"ဟောကောင် ... မင်းကို ခေါ်နေတာကွ"

"အေး ... ဘေးမှာလည်း ရယားနဲ့၊ ဘာလုပ်မလို့လဲတော့ မသိဘူး၊ သတိတော့ထားနော်၊ သွားမှာလား"

"ခြော် ... မိန်းကလေးတစ်ယောက်က ခေါ်နေတာပဲ သွားရမှာပေါ့"

သူက ပြောပြောဆိုဆိုနှင့် ထိုင်ရာမှ ထကာ သူမထံသို့ အေးအေးဆေးဆေး လျှောက်လာလိုက်သည်။ သူမက သူ့ကို မကြိုစပူ နူးနူးညံ့ညံ့ ဆီးကြိုပြုံးပြနေရာ သူပင် နည်းနည်းကြောင်သွားသည်။ သို့သော် သူက မီးစင်ကြည့်က,တတ်ပါသည်။ သူမကိုလည်း ပြုံးပြုံးလေး ပြန်ကြည့်ဖြစ်လျက် မေးဆတ်ပြမိသည်။ အဲဒီမှာ သူမက သူ့ကို ရုတ်တရက် မျက်စိမှိတ်ပြလာသည်။ မြန်ဆန်လွန်းသောကြောင့် သူပင် မယုံနိုင်ဖြစ်သွားရသည်။ သို့သော် ခေတ်ယောကျ်ားလေးပီပီ သူမ တစ်ခုခုလုပ်တော့မည် ဆိုတာကို နားလည်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမက ဘေးက ကောင်လေးဘက်သို့ တစ်ချက်ငဲ့ကြည့်ကာ ...

"မိုးဟိန်း ... ငါ ပြောတာ သူပဲ၊ ဗယ်လင်တိုင်းဒေးတုန်းက သူ့ရှေ့မှာတင် ငါ ဇယားတွေ အကုန်ရှင်းခဲ့တာ၊ မယုံရင် သူ့ကို မေးကြည့်လို့ရတယ်"

ထိုကောင်လေးက သူ့ကို မျက်လုံးတစ်ချက်လှန်ကြည့်ကာ ခေါင်းငိုက်စိုက် ကျသွားသည်။ ပြီးတော့ သူမကို အသနားခံသည့် မျက်လုံးများဖြင့်ကြည့်ကာ ...

"ဘာပဲဖြစ်ဖြစ် နင် အဲဒီလိုတော့ ရက်စက်သွားဖို့ မကောင်းပါဘူး ချမ်းရယ်၊ နင်နဲ့ ငါ့ကြားက သံယောဇဉ်တွေကို ထည့်တွက်ဖို့ ကောင်းပါတယ်"

"ကျွတ် ... ဘာပဲဖြစ်ဖြစ် နင့်ကို ငါ မနှစ်ချင်တော့ဘူး မိုးဟိန်းရာ၊ ငါ သူ့ကိုပဲ တကယ်ချစ်တာ၊ ဒါကြောင့် လမ်းတွေအားလုံး ရှင်းပစ်ထားတာ၊ သူ့ကိုပဲ အတည်ထားတော့မှာ၊ ကတိလည်း ပေးပြီးသွားပြီ၊ ဒီကရှေ့လျှောက် ရည်းစားတွေ အများကြီးလည်း ထပ်ထားမှာ မဟုတ်တော့ဘူး ...

နော် ... နင်လည်း ငါ့ကို နားလည်ပေးလိုက်ပါတော့ဟာ"





"အေးပါဟာ၊ နင့်ကို ငါ သိပ်ချစ်လို့ နားလည်ပေးလိုက်ပါမယ်၊ နင် ကံကောင်းပါစေ ချမ်း၊ ဂွတ်ဒ်ဘိုင်"

ကောင်လေးက သူ့ကိုပါ ရီဝေဝေ တစ်ချက်ကြည့်လျက် ထွက်သွားလျှင် သူ့မှာ ယောက်ျားချင်း ဖက်ငိုချင်စိတ်ပင် ပေါက်သွားသည်။ သူမ ဘာခွင်ဆင်လိုက်သလဲ ဆိုတာကိုလည်း ခေတ်လူငယ်ပီပီ သဘောပေါက်သွားပါသည်။

"မင်းက ငါ့ကို အသုံးချလိုက်တာပေါ့လေ ဟုတ်လား"

"ဆောရီးကွာ၊ အဲဒီလိုတော့လည်း မဟုတ်ပါဘူး၊ အကောင်းမြင်စိတ်ဆိုတာ အခြေအနေတစ်ခုကို အသာစီးရတဲ့ဘက်က လှည့်တွေးခြင်းပဲတဲ့၊ မင်းရဲ့ အကူအညီကို မဖြစ်မနေ ယူလိုက်ရတယ်လို့ပဲ တွက်ပါ ...

ဒီလိုမှ မလုပ်ရင် သူက ဘယ်လိုမှ လက်ခံနိုင်မှာမဟုတ်ဘူးလေ၊ တို့က ရည်းစားအားလုံးကို စိတ်ကုန်လို့ဖြတ်တယ် ဆိုတာကို သူက ဘယ်လိုမှ လက်မခံနိုင်ဘူးဖြစ်နေတာ၊ ဒါကြောင့် တစ်စုံတစ်ယောက်ကို တကယ်ချစ်သွားလို့ တစ်ယောက်တည်းကို သတ်သတ်မှတ်မှတ် ထားမှာမို့သာလို့ ပြောလိုက်ရတာပေါ့ ...

အမယ်လေး ... အဲဒီလိုကြီး ပြောလိုက်ရတာ ပါးစပ်ယားလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



သူမက တကယ်ကို ပါးစပ်ယားလာဟန်ဖြင့် နှုတ်ခမ်းပါ ကိုက်ပြလျှင် သူ့မှာ ဘယ်လိုမှ မအောင့်နိုင်တော့ဘဲ ပြုံးမိသွားရသည်။

"တစ်စုံတစ်ယောက်ကို တကယ်ချစ်သွားလို့ တစ်ယောက်တည်းကိုပဲ သတ်သတ်မှတ်မှတ် ထားတော့မယ်ဆိုတာမျိုးက တကယ့်အချစ်စစ်ကို တွေ့လာရင် တကယ်ဖြစ်လာနိုင်လား"

"အာ ... သိဘူးလေ၊ ဟုတ်ရင်လည်း ဟုတ်မှာပေါ့၊ ကဲပါ ဝက်သားတုတ်ထိုးစားမလို့ ထွက်လာတာ၊ အဲဒီဇယားကို ရှင်းနေရတာနဲ့ကို မရောက်နိုင်ဘူး၊ ကူညီတဲ့အနေနဲ့ ယူ့ကို တုတ်ထိုးကျွေးမယ်၊ စားမှာလား"

"စားတော့ စားမယ်၊ ဒါပေမဲ့ တုတ်ထိုးလောက်နဲ့တော့ မလုံလောက်သေးဘူး ထင်တယ်"

"အေးပါ ... ခုလောလောဆယ် တုတ်ထိုးပေါ့၊ သွားမယ်"

သူက အဝေးကလှမ်းကြည့်နေသော သူငယ်ချင်းတွေကို လက်လှမ်းပြကာ သူမနောက်သို့ ကောက်ကောက်ပါအောင် လိုက်လာခဲ့သည်။ တုတ်ထိုးဆိုင်သို့ရောက်လျှင် သူမက သိတ်များကို တဖြုတ်ဖြုတ် စားသောက်နေတာကို သူက သဘောတကျ ကြည့်မိသည်။ သူမက အားရပါးရ စားနေရင်းမှ သူ့ကို လှည့်ကြည့်ကာ ...





"စားလေ ... ဘာလဲ မျိုမကျဘူးလား"

ဒီတော့မှ သူက ပြုံးရင်း သိတ်တစ်ဖတ်ကို ကောက်ဝါးမိသည်။

"ဒါနဲ့ နေပါဦး၊ မင်းပြောတော့ ဗယ်လင်တိုင်းဒေးတုန်းက ရှိသမျှ ရည်းစားတွေ အကုန်ဖြတ်တာဆို၊ ဒီတစ်ယောက်က ဒီနေ့ထိ ဘာလို့ပါလာရတာလဲ"

"သြော် ... သူက ခရီးလွန်နေလို့ ... အဟင်း ဟင်း"

သူမက အဆီပိတ်အူ ဝက်သားဖတ်ကို အချဉ်ရေနှင့်တို့ကာ အားရပါးရစားရင်းဖြေလျှင် သူသည် ဒီကောင်မလေးကို ခပ်စပ်စပ် ရိုက်ပစ်ချင်စိတ် ပေါက်သွားသည်။

"မင်းကွာ၊ ယောကျ်ားလေးတွေကိုများ ဆော့ကစားစရာ ကျနေတာပဲ၊ မင်းကြောင့် အသည်းကွဲခဲ့တဲ့လူတွေရှိရင် မင်း ဝဋ်လည်မှာ မကြောက်ဘူးလား"

"ဟင့်အင်း ... မကြောက်ပါဘူး၊ သူတို့ကလည်း ကိုယ့်ကို တကယ်ချစ်ခဲ့တာမှ မဟုတ်တာ၊ ဘာအသည်းမှကွဲတဲ့ကောင်တွေ မဟုတ်ဘူး"

"ဟာ ... မင်းက သိနိုင်တာမို့လို့လား"

"သိတာပေါ့၊ ဒီလူတစ်ယောက် ကို ... ကယ်မချစ်ဘူး ချစ်တယ်ဆိုတာ သိနိုင်တာပေါ့ ... ယ့်ကို တ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ? ၊ အဲဒါကို ဘယ်လို သိနိုင်တာလဲ"

"ဝေါ် ... ဒီကျောင်းသားကတော့ ပိန်းလိုက်တာ၊ ယူ ရည်းစားမထားဖူးဘူးလား"

"ဟင့်အင်း ... နီး"

"ဟော့ ... ဟော့ ... အဲဒါ ဘာပြောတာလဲ၊ လော့ဂျစ်သဘော တရားနဲ့ ပြောမယ်ဆိုရင် နီး ... နီး နှစ်ခါဆိုရင် ရက်စ် ဖြစ်တယ်တဲ့နော်၊ မဟုတ်ဘူး မဟုတ်ဘူးလို့ နှစ်ခါပြော တာဟာ ဟုတ်တယ်ပဲတဲ့"

"အမယ်လေး ... အစ်မရယ်၊ အချစ်အကြောင်းပြောရာက နေ လော့ဂျစ်တွေပါ ပါလာပြန်ပြီ၊ မင်း သိပ်တော်မှန်း၊ ဗဟုသုတစုံမှန်း သိပါတယ်၊ ဒါပေမဲ့ ရိုးရိုးပဲ လုပ်စမ်းပါ"

"လိုက်မမီဘူး မဟုတ်လား"

"ဟင်း ... ဘယ်မီမလဲ၊ မင်းက 2050 ကိုရောက်နေတာ ကိုး"

"ဘာလဲ Love story 2050 ဆိုတဲ့ ကုလားကားကို ပြော နေတာလား"

"ဟား ... သူမက ကားတွေလည်း ပါလာပြန်ပြီ၊ အကောင်း ... ကုလား ,

မေ ...းနေတာပါကွာ"





"သြော် ... ဒီကာလသားနှယ်၊ လူတစ်ယောက်ကို တကယ် ချစ်,မချစ် မသိနိုင်ဘဲနဲ့တောင်များ မိန်းကလေးတစ်ယောက် ကို ရည်းစားထားဖို့ စဉ်းစားနေသေးတယ်"

"စဉ်းစားရတယ်လေ၊ မင်းပြောသလိုပေါ့၊ ယောကျ်ားလေး တစ်ယောက်က မိန်းကလေးတစ်ယောက်ကို လိုက်တယ် ဆိုတာ လွယ်တာမှတ်လို့၊ ကံကို အသာထား၊ ဉာဏ်နဲ့ ဝီရိယကို ပြည့်ပြည့်ဝဝ အသုံးချရတယ် ဆိုတာလေ ... ဒီတော့ မလိုအပ်ဘဲနဲ့ ဉာဏ်နဲ့ ဝီရိယကို စိုက်မထုတ် ချင်ပါဘူး၊ ကိုယ် တကယ်ချစ်မှပဲ စိုက်ထုတ်ချင်တယ်"

"အမယ် ... သူများပြောတဲ့ဒိုင်တွေကို လာစွတ်ပြနေပြန် ပြီ"

သူမက တုတ်ထိုးစားရင်းနဲ့မှ ချစ်စဖွယ်မျက်စောင်း ထိုးလျှင် သူသည် အဲဒီမျက်စောင်းမှာ တစ်ခဏတာ မျောသွား သည်။ သူမကို နူးနူးညံ့ညံ့ပုံစံမျိုး တစ်ခါမှ မမြင်ဖူးသူမို့ ငေးမိ သွားတာလည်း ဖြစ်နိုင်ပါသည်။ ပြီးတော့မှ သတိတွေဝင်လာကာ အဟမ်း အဟွတ်တွေ လုပ်ရသည်။ သူမက ရေနွေးကြမ်းပူပူ တစ်ခွက်ကို ငုံ့သောက်ရင်းမှ ...

"လူတစ်ယောက်ကို တကယ်ချစ်,မချစ် တွေဝေစဉ်းစား နေတယ် ဆိုကတည်းကိုက အဲဒါ သေချာပြီ၊ မချစ်လို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအပြောကြောင့် သူ့ရင်ထဲတွင် အေးခနဲ ဖြစ်သွားသည်။ သူ လပေါင်းများစွာ စဉ်းစားရကျပ်နေခဲ့သော ပြဿနာကို သူမက တုတ်ထိုးတစ်ဖတ်စားရင်းနဲ့ အေးအေးဆေးဆေးပင် အသာလေး ပြောပြသွားသည်။

"တကယ့်အချစ်စစ်ကို ခံစားနေရတဲ့ လူတစ်ယောက်ဟာ အဲဒီလိုတွေ doubt ဖြစ်နေစရာ အကြောင်းကို မရှိဘူး၊ အချစ်စစ်ဆိုတာ လုံးဝ သေချာနေတယ်၊ အဲဒါ ကိုယ့်ကိုယ်ကိုယ်လည်း သိတယ်"

သူက သူမကို ကြောင်ပြီးကြည့်နေသည်။ ဘာစကားမှ ဆက်မပြောနိုင်။ သူမကတော့ တုတ်ထိုးစားရင်း mood ဝင်နေသလားတော့ မပြောတတ်။ တုတ်ထိုးနှင့် အချစ် ဘယ်လိုဆက်စပ်နေသလဲတော့ မပြောတတ်ပါ။ တုတ်ထိုးစားရင်းနှင့် အချစ်ဒိုင်ခွေကို စပါယ်ရှယ်ထုတ်နေသည်။

သူမက နောက်ဆုံးစကားကိုတော့ လက်ညှိုးတစ်ချောင်းပင် ထောင်လိုက်သေးလျက် ...

"ပြီးတော့ မှတ်ထားဦး၊ အချစ်စစ်ဆိုတာ ကိုယ့်ချစ်သူရဲ့ ပကတိအခြေအနေကို လက်ခံပေးနိုင်မှ အချစ်စစ် ဆိုတာပဲ"





သူကတော့ အဲဒီစကားကို မျက်မှောင်တစ်ချက်ရှုံ့သွားမိကာ ချက်ချင်းတော့ လက်မခံလိုပေ။ သို့သော် သူမလိုလည်း စာမတတ်လေရာ ဒိုးဒိုးဒေါက်ဒေါက်လည်း ပြန်မပြောနိုင်။ တစ်ခုခု ပြန်ပြောဖို့ စဉ်းစားနေတုန်းမှာပင် သူမက တုတ်ထိုးစားခြင်းကို လက်စသတ်ကာ အတန်းသွားတက်ဖို့ ပြင်ဆင်နေပြီဖြစ်တာကြောင့် သူသည် အဲဒီစကားကိုတော့ ရင်ထဲမှာပဲ သိမ်းဆည်းထားလိုက်ရသည်။ သူမ ပြောခဲ့သော စကားတွေကိုတော့ ညနေရောက်မှပဲ လက်ဖက်ရည်ဆိုင်မှာ သူ့ငယ်ချင်းတွေနဲ့ ဆက်၍ ဆွေးနွေးတော့မည်။

သူမကတော့ နှစ်ယောက်စာ ဝက်သားတုတ်ထိုးဖိုးတွေကို သွက်သွက်လက်လက် ထုတ်ရှင်းကာ သူ့ကို ကြည်နူးရွှင်ပျမျက်နှာထားမျိုးဖြင့်ကြည့်လျက် ...

"ကဲ ... တာ့တာ ... သွားတော့မယ်"

"မင်း ဖုန်းနံပါတ်တော့ ပေးခဲ့ဦး အမ်ချမ်းဘို"

သူမက နှာခေါင်းတစ်ချက်ရှုံ့ပြရင်းမှ နံပါတ်တစ်ခုကို ရေရွတ်ပြသည်။ ပြီးတော့ သူ့ကို တာ့တာပြကာ ချာခနဲ လှည့်ထွက်သွားပါသည်။ သူသည် သူ့ငယ်ချင်းတွေရှိရာ လက်ဖက်ရည်ဆိုင်သို့ ပြန်ရောက်သောအခါ ယောင်ယောင်ကန်းကန်းဖြင့် "အချစ်



www.burmeseclassic.com

www.burmeseclassic.com



ကို ခွဲခြားတတ်သွားပြီ"ဟု တိုးတိုးပြောမိသောအခါ အားလုံး၏ ဝိုင်း၍ ထောပနာပေးကြလေသည်။

"အရှေး"



"ဟုတ်တယ်ကွ၊ သူ ပြောတာမှန်တယ်၊ လူတစ်ယောက်ကို တကယ်ချစ်မချစ် ဇွေဝေစဉ်းစားနေတယ် ဆိုကတည်းကိုက အချစ်မဟုတ်တော့ဘူးဆိုတာ သိပ်မှန်တယ်၊ ငါတော့ ထောက်ခံတယ်"

သူငယ်ချင်းတွေကို သူမ ပြောပြခဲ့သော စကားတွေအား ပြန်လည်ပြောပြသည့်အခါမှာ ညိုမင်းက အထက်ပါစကားကို ထပြောခြင်း ဖြစ်ပါသည်။ ကျန်တဲ့လူတွေကတော့ ဘာမှမပြောကြသေးဘဲ ငြိမ်သက်နေကြသေးသည်။ သူလည်းပဲ ငြိမ်သက်နေပေမယ့် ရင်ထဲကတော့ တကယ်ကို လှိုက်လှိုက်လှဲလှဲ ထောက်ခံနေသည်ဆိုတာ သူ့ကိုယ်သူ သိသည်။ သူ မေလေးကို မချစ်ခဲ့ပါ။ အစစအရာရာ ဘယ်ဘက်ကမှ ပြောစရာမရှိသော အလှပဂေးလေးတစ်ယောက်ကို နှစ်သက်ခဲ့တာတော့ ဟုတ်သည်။ ယောကျ်ားလေးတစ်ယောက်ပီပီ ကြိုက်ခဲ့တာလည်းရှိသည်။ တစ်ဖက်က သူ့ကို favourပေးတာကို သာယာခဲ့တာလည်း မှန်သည်။

www.burmeseclassic.com



တစ်ခါမှ ချစ်သူရည်းစားမထားဖူးသော ယောကျ်ားလေးတစ်ယောက်ဟာ Queenတစ်ယောက်ကို ရည်းစားဖြစ်ခွင့်ရမယ်ဆိုလျှင် သူ့လိုတောင် သိပ်စဉ်းစားနေမှာမဟုတ်။

သို့သော် သူ စဉ်းစားခဲ့တာသည် သူ့အတွက်တင်မဟုတ်ဘဲ မေလေးအတွက်ပါ ပါခဲ့သည်။ အခုတော့ သူ့ရင်တွင်းမှာ တစ်စုံတစ်ရာကို ရှင်းရှင်းလင်းလင်း သိမြင်လို့သွားခဲ့ပြီဖြစ်သည်။ အဲဒီလို သိမြင်ခြင်းနဲ့ ထပ်တူမှာ တစ်စုံတစ်ယောက်ရဲ့ ဂျစ်ကန်ကန် သရော်မော်ကား မျက်နှာပေးကလည်း သူ့မျက်လုံးထဲမှာ ထင်ဟပ်ပြီးလာသည်။ အဲဒီ ဂျစ်ကန်ကန်မျက်နှာပေးကိုတော့ သူ ရင်မခုန်ပါ။ ဒါပေမဲ့ အမြဲမြင်တွေ့ချင်နေမိပြီ ဆိုတာတော့ သေချာသွားခဲ့ပြီဖြစ်သည်။

"နေပါဦး၊ မင်းက အခု လိုင်းပြောင်းသွားတဲ့ သဘောလား။ မေကျက်သရေကနေ အမ်ချမ်းဘို ဖြစ်သွားတာလား၊ မင်းတို့ယောကျ်ားတွေ တတ်လည်းတတ်နိုင်လွန်းတယ်"

"အောင်မာ ... မင်းက မိန်းမမို့လို့လား"

"ဟုတ်တယ်လေ၊ ငါ ပြောတာက အစကတော့ မေလေးတွေ ဘာတွေနဲ့ ဟုတ်ပြီဟုတ်ရဲ့၊ ခုတော့လည်း ဟို ... ဂေါ်လီမလေး ဖြစ်သွားပြန်ပြီ၊ မင်း အမ်ချမ်းဘိုကိုတော့ မလိုက်စမ်းပါနဲ့ကွာ၊ သူက ဖယားပါ၊ အကြောင်းမသိတာ





လည်း မဟုတ်ဘဲနဲ့၊ မင်းရှေ့မှာတင် ရည်းစားပြတ်တာကို ငှက်ပျောသီးအခွံနွှာသလို လုပ်လာတာ ...

မင်းနဲ့ ဖြစ်မယ်မထင်ပါဘူး"

"ဟုတ်တယ်၊ ငါလည်း ဖိုးဂျီပြောတာကို ထောက်ခံတယ်၊ မင်းက အမြဲတမ်း အေးဆေးနူးညံ့တဲ့ မေလေးကို မြင်တွေ့နေရာကနေ လျှပ်စီးလက်သလို ပြိုးပြိုးပြက်ပြက်လက်နေတဲ့ အမ်ချမ်းဘိုကို တွေ့လိုက်ရတော့ အပြောင်းအလဲ ခံစားဖြစ်သွားတဲ့ သဘောပါကွာ ...

ပြီးတော့ ဒီမိန်းမက တော်လ်ကီ ရေလည်ကောင်းတယ်မဟုတ်လား၊ လူဆိုတာက ယောကျ်ားပဲဖြစ်ဖြစ် မိန်းမပဲဖြစ်ဖြစ် တော်လ်ကီကောင်းရင် သဘောကျတတ်စမြဲပဲ ...

ဖေမြင့်ရေးတဲ့ စာအုပ်တစ်အုပ်ထဲမှာတောင် ဖတ်ဖူးသေးတယ်၊ ဘာတဲ့ ရုပ်ချောနဲ့ အပြောကောင်းတွင် အပြောကောင်းသူကို ပိုပြီးချစ်ကြသည် ဆိုပါလား"

"ဟွန်း ... အထောက်အထား အကိုးအကားတွေနဲ့တောင် ပြောနေပြန်ပြီ"

"ဟုတ်တယ်ကွာ၊ အဲဒီတော့ မင်း သေချာစဉ်းစားသင့်တယ်၊ စောစောစီးစီးတည်းက ရှောင်ထားတာ ကောင်းပါတယ်ကွာ၊ မေလေးကိုပဲ ရွေးချယ်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုင်လဲကွ၊ မေလေးကိုမှ ငါ မချစ်တာ"

သူ့စကားကြောင့် သူငယ်ချင်းတွေက တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။

"နို့ ... ဒါဖြင့်ရင် မင်းက အမ်ချမ်းဘို့ကို ချစ်တယ်ဆိုတဲ့သဘောလား"

"ဟုတ်တယ်ကွာ၊ ငါ သူ့ကို ချစ်ချင်နေတယ်"

"ဟင်း ... စားပြန်ပြီ၊ မင်းနဲ့ကျမှပဲ ဒိုင်အသစ်တွေ ကြားဖူးနေပြန်ပြီ၊ ချစ်ရတယ်ထင်တယ်တို့၊ ချစ်ချင်နေတယ်တို့၊ ဘာတွေမှန်းလဲ မသိဘူး"

"ဘာပဲဖြစ်ဖြစ်ကွာ သေချာတာတစ်ခုကတော့ ငါ မေလေးကို မချစ်ဘူး၊ အဲဒါ သေချာသထက် သေချာတယ်၊ လုံးဝအနိုင်အမာပဲ၊ ကျောင်းဖွင့်စတုန်းကတော့ မင်းတို့ပြောသလို ချောချောလှလှ မိန်းကလေးမို့ စိတ်ဝင်စားတာ၊ ရင်ခုန်တာရှိခဲ့တယ်၊ ဒါဟာ အချစ်များ ဖြစ်လာမလားလို့ ထင်ခဲ့တာလည်း မင်းတို့အသိပဲ ...

ဒါပေမဲ့ ဒီအချိန်မှာတော့ ငါ လုံးဝကွဲပြားသွားပြီပိုပြီး သေချာသွားတာကတော့ အမ်ချမ်းဘို့ ပြောလိုက်တဲ့စကားတစ်ခွန်းကြောင့်ပဲ အချစ်သာ တကယ်ဟုတ်ရိုးမှန်ရင် တွေဝေနေစရာအကြောင်းကို မရှိဘူးတဲ့၊ ရင်ထဲမှာ ဒိုင်းခနဲဖြစ်ပြီးသားတဲ့ကွ"



"ဒါကတော့ 100%မသေချာနိုင်ဘူးကွ၊ တချို့ဆို နီးတုန်းက ချစ်နေမှန်းမသိဘဲနဲ့ ဝေးသွားမှာ သိတာတို့ ဘာတို့ကျတော့ ရော"

"အဲဒါကတော့ ကာယကံရှင် အသုံးမကျလို့ပေါ့၊ ရင်ထဲမှာလည်း စစ်စစ်မှန်မှန်အချစ် မဖြစ်ထွန်းသေးလို့ပေါ့၊ အချစ်သာသေချာနေရင် ဘာမှ ဒွိဟဖြစ်စရာအကြောင်းမရှိဘူး၊ ဒါပေမဲ့ သူ ပြောသွားတဲ့ စကားတစ်ခွန်းတည်းမှာ တစ်ခုတော့ ငါ လက်မခံနိုင်ဘူး"

"ဘာဖြစ်ရပြန်တာလဲ"

"ဟုတ်တယ်လေ၊ သူ ပြောတာက လူတစ်ယောက်ကို တကယ် ချစ်တယ်ဆိုရင် ပကတိအခြေအနေအတိုင်း လက်ခံလို့ ပြောတာ၊ မင်း သူ့ကို ငြိစဉ်တွေ စ,နေမှန်းသိလို့ အထာနဲ့ဖြေလွှတ်တာ"

"ထားပါ၊ သူ့ဟာသူ အထာနဲ့ပဲပြောပြော ဘာနဲ့ပဲပြောပြော၊ ဒါပေမဲ့ ငါကျတော့ တစ်မျိုးစဉ်းစားတာကွ၊ ငါ တွေးသလို မင်းတို့လည်း တွေးမှာပဲ၊ ငါတို့ယောကျ်ားလေးတွေမှာတောင် ရှိတာပဲ၊ မိန်းကလေးတစ်ယောက်ကို တကယ် ချစ်မိပြီဆိုရင် သူ ပြင်နိုင်းတဲ့ မကောင်းတဲ့ အချက်တွေကို ပြင်တာလေ ...

www.burmeseclassic.com



[illegible] ကိုယ့်ကို ကောင်းစေချင်လို့ပြောတဲ့ အမှားတွေကို [illegible] ချစ်တဲ့စိတ်နဲ့ ဖြုပြင်ယူရတာ အမှန်မဟုတ်ဘူးလား၊ ကိုယ်တစ်စုံတစ်ယောက်ကို တကယ်ချစ်လာပြီဆိုရင် အနေအထိုင် အသွားအလာတွေကို အားလုံးမဟုတ်တောင် အတော်အသင့်တော့ ပြောင်းလဲယူပစ်ကြတာပဲလေ"

"ဒါက ပုလိပ်အတွေးကို ကိုဘချစ်ရဲ့"

"လာပြန်ပြီ ဒီမိုလ်အောင်ဒင်အရူးကတစ်မျိုး၊ ငါ ပြောတာ ဟုတ်မဟုတ် မင်းတို့ပဲ စဉ်းစားကြည့်စမ်းပါ၊ တို့ယောကျ်ားလေးတွေတောင် ဒီလိုပြင်ရကောင်းမှန်းသိရင် သူက မိန်းကလေးလေ၊ ပိုပြီး ပြင်ရမှာပေါ့ မဟုတ်ဘူးလား …

လူတစ်ယောက်ကို တကယ်ချစ်တယ်ဆိုရင် ကိုယ်ကလည်း မှားနေတယ်ဆိုရင် ဒါ ပြင်သင့်တဲ့ကိစ္စပဲ မဟုတ်လား"

"ဒါပေမဲ့ အဲဒါက တရားသေတွက်လို့တော့ မရဘူးကွ၊ မင်း ပြောချင်တဲ့မိန်းကလေးက အမ်ချမ်းဘို ဖြစ်နေတယ်"

"အမ်ချမ်းဘိုဖြစ်ဖြစ် ဘယ်သူဖြစ်ဖြစ်ကွာ၊ ငါပြောတဲ့စကားက ရှင်းရှင်းလေး၊ ယောကျ်ားမိန်းမ ခွဲမနေဘူး၊ လူတစ်ယောက်ဟာ ကိုယ့်ချစ်သူကို တကယ်ချစ်မိသွားပြီဆိုရင် ချစ်သူအတွက် ပြောင်းလဲနိုင်ရမယ် …



အဲဒါ မင်းတို့ လက်ခံလား"

"အင်း … လက်တော့ လက်ခံနိုင်သလိုပဲ"

"ဖြစ်နိုင်တယ် … ဖြစ်နိုင်တယ်။ ရင်ထဲမှာ တကယ်ကို ခိုင်မာတဲ့ အချစ်စစ်ရှိနေတယ် ဆိုရင်ပေါ့"

"ဒါကတော့ ကြားနေသမားဟော့၊ ဒါမျိုးက သီအိုရီ မရှိဘူး"

"သီအိုရီ ဘယ်ရှိတော့မလဲ၊ သားစိုးရော ဘာဘူရော မိန်းမရသွားပြီကိုး"

ညိုမင်းရဲ့စကားကို ဖိုးဂျိက လျှာထုတ်ကာ ဝင်နှောက်သည်။ သို့သော် ညိုမင်းကတော့ မဖြုပါ။

"ဟော့ကောင် … ဗွတ်ဒ်တယ်ထင်ရင် ဒူးသာဒူးကွနော်၊ ဘာကိုမှ စဉ်းစားမနေနဲ့၊ မင်းကို ငါ တစ်ခုပြောမယ်၊ မေ ဂျက်သရေနဲ့တုန်းက မင်းကို အားလုံး ဝိုင်းပြီး တွန်းပို့နေတော့ မင်း လုပ်ချင်စိတ်မရှိဘူး၊ တွန်းတာတောင် မင်း မလုပ်ခဲ့ဘူး …

အခု အမ့်ချမ်းဘို ကျတော့ ပတ်ဝန်းကျင်ကရော ငါတို့ကရောပါ တားတာတောင် မင်းက ရှေ့ဆက်တိုးချင်စိတ်ပေါက်တယ်၊ သူ့ကို ကောင်းကောင်းမွန်မွန်နေထိုင်တဲ့ မိန်းကလေးတစ်ယောက် ဖြစ်စေချင်တယ်၊ အဲဒီမှာကိုက

www.burmeseclassic.com

www.burmeseclassic.com



မင်း ရင်ထဲမှာ သူ့အတွက် ဘာရှိနေပြီဆိုတာ သိတော့ပေါ့ သူငယ်ချင်း ...

သိပ်စဉ်းစားမနေပါနဲ့တော့၊ လှုပ်လို့ရပြီ ဒီလောက်ဆို လှုပ်လို့ရပြီ"

ညိုမင်းရဲ့စကားက သူ့နှလုံးသားပြတင်းပေါက်ကို လှစ်ခနဲ ဖွင့်ပေးလိုက်သလိုရှိ၏။ သူသည် နားထဲတွင် အဆိုတော်သားစိုး ဆိုထားသော သီချင်းသံကို မြိုင်မြိုင်ဆိုင်ဆိုင်ကြီး ကြားယောင်လာသည်။ သီချင်းထဲမှာတော့ ကိုသားစိုးနဲ့ ဖိုးချစ် ပေါင်းရင် လှုပ်လို့ရပြီတဲ့၊ သူ့ဘဝမှာရော ဘယ်သူနဲ့ပေါင်းရင် လှုပ်လို့ရမည်တဲ့လဲ၊ သူသည် မျက်လုံးထဲတွင် မျက်နှာတစ်ခုကို တရေးရေးပြေးမြင်လို့လာကာ သူ့နှုတ်ခမ်းတွေက တဖြည်းဖြည်းပြုံးလာခဲ့သည်။

လှုပ်လို့ရမလား အမ်ချမ်းဘို ...။ ။

♥ ♥





### ဖြေကြည့်ပါ(၉)

တစ်ခါတလေမှာ
တချို့ အချစ်တွေဟာ လှည့်ဖြားတတ်တယ် ...။
လူတစ်ယောက်ကို ချစ်တယ်ထင်ပြီးမှ
တကယ်မချစ်တာမျိုးပေါ့။
လူတစ်ယောက်ကို တကယ်ချစ်မချစ်
ဘယ်လိုသိနိုင်မလဲ ...။

♥ ♥

www.burmeseclassic.com

www.burmeseclassic.com



# ၉

လူတစ်ယောက်ကို ချစ်ခင်စွဲလမ်းခြင်းရဲ့ နောက်ဆက်တွဲ အကြောင်းအရာတွေမှာ အဲဒီလူတစ်ယောက်ကို အမြဲမပြတ်တွေ့မြင်လိုခြင်းက စ,မည်ထင်ပါသည်။ သူသည် အမ်ချမ်းဘိုဆိုသည့် ကောင်မလေးကို အများတွေနဲ့ နေထိုင်သော ကောင်မလေးအဖြစ် တစ်စတစ်စ စိတ်ဝင်စားလာခဲ့ရာမှ သူမက ရင်ထဲကို ဘယ်လိုရောက်လာခဲ့မှန်း မသိခဲ့ပါ။ သို့သော် မေလေးကို ရင်ခုန်ခံစားခဲ့သောစိတ်များသည် အချစ်မဟုတ်ခဲ့ဘူး ဆိုတာတော့ သူ့ဟာသူ သေချာသွားခဲ့ပြီဖြစ်သည်။ အချစ်ဆိုတာ အဲဒီလောက်ထူးဆန်းမှန်း သူ တကယ်ပဲမသိခဲ့ပါ။ ခပ်ဆိုးဆိုးကောင်မလေးတစ်ယောက်ကို လိမ္မာရေးခြားရှိသော ကောင်မလေးတစ်ယောက်အဖြစ် ပြောင်းလဲမြင်ချင်တာကိုက သူ့ရဲ့ အချစ်စစ်တစ်ခုပဲ ဖြစ်လိမ့်မည်။





သူသည် အတန်းတစ်ခုပြီးသွားသောအခါ ဘာရယ်မဟုတ်ဘဲ ဖစ်ဆစ်အတန်းတွေဘက် သွားလျှောက်ချင်စိတ် ပေါ်လာသည်။ မိုးကိုနဲ့ မိုးဂျိကတော့ သူတို့ကောင်မလေးတွေနဲ့ တွေ့စရာရှိတာမို့ သူ့နောက်ကို မလိုက်နိုင်။ ညိုမင်းကတော့ အေးဆေးပဲ လိုက်ပေးသည်။ သူတို့နှစ်ယောက်မှာ ဖစ်ဆစ်အတန်းဘက်တွေသို့ လျှောက်လာရင်းမှ သူက စကားစမိသည်။

"ငါ အရင်တုန်းက ကောင်မလေးတွေရှိတဲ့ အတန်းဘက်ကို သွား,သွားပတ်တတ်တဲ့ကောင်တွေကို ကိုယ်ချင်းမစာတတ်ဘူးကွ ...

အခုတော့ စာနာတတ်သွားပြီ၊ အဲဒီလို သွားရတာကိုက ဖီးလ်တစ်မျိုးပဲနော်"

သူ့ရဲ့စကားကို ညိုမင်းက ထုံးစံအတိုင်း ပြုံးကာ ခပ်မဆိတ်သာ။ သူက ညိုမင်းကို တစ်ချက်စောင်းငဲ့ကြည့်လျက်...

"မင်း ငါ့ကို နားလည်ပေးနိုင်လား ညိုမင်း၊ ဟိုကောင်တွေလို အကန့်မျိုး မင်းမှာ မရှိဘူး မဟုတ်လား"

"နပိုလီယန် ပြောခဲ့တဲ့ စကားတစ်ခွန်းရှိတယ်၊ အချစ်ဆိုတာ လူနှစ်ယောက် ကျူးလွန်တဲ့ မိုက်မဲမှုတဲ့၊ အဲဒီတော့ မင်းနဲ့ မိုက်ဖော်မိုက်ဖက်တစ်ယောက် ရှာတဲ့ကိစ္စမှာ ငါက ကန့်ကွက်စရာ အကြောင်းမရှိပါဘူး ...

စေတနာ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားပဲကွာ ကိုယ်ကြိုက်တာ ကိုယ်လုပ်မှာပေါ့၊ မင်း မှန်တယ်ထင်တယ် မဟုတ်လား၊ မမှားဘူး သူငယ်ချင်း"

ညိုမင်းက လက်မတစ်ချက်ထောင်ကာ ပြောလျှင် သူသည် အားတက်ဝမ်းသာသွားပြီး ညိုမင်းရဲ့ပခုံးကို လှမ်းဖက်မိသည်။ တဖြည်းဖြည်းနှင့် ဖစ်ဆစ်ဆောင်နားသို့ ရောက်လာလျှင် သူ့ရင်ခုန်သံတွေ တဒိတ်ဒိတ်မြန်လာသလို ခံစားရသည်။ မေလေးနဲ့ တုန်းကရော ရင်မခုန်ခဲ့ဘူးလား။ သူကတော့ ခုန်ခဲ့တယ်ဟု ထင် သည်။ သို့သော် ထင်တာက ထင်တာပဲဖြစ်လျက် ဒီခံစားချက်နဲ့ နှိုင်းယှဉ်သောအခါမှ အဲဒီရင်ခုန်သံဆိုတာ ဘာမှမဟုတ်ဟု နားလည် ရသည်။ တစ်ခါတလေမှာ ခံစားချက်ဆိုတာ တစ်ယောက်တည်း တုန်းက မသိသာပေမယ့် နောက်တစ်ယောက်နဲ့ ယှဉ်ကြည့်တော့ မှ ဘယ်ဟာက အတုအယောင် ဆိုတာကလည်း သိလာရသော သည်။

(ဒီနေရာမှာ စာဖတ်သူ မိန်းကလေးများသည် အပြောင်းအလဲများလွန်းသည့် ယောက်ျားလေးတွေဟု ထင်ကောင်း ထင်နိုင်စရာရှိပါသည်။အပြောင်းအလဲများတာမဟုတ်ပါ။ ယောက်ျား လေးများ၏ ထင်ယောင်ထင်မှား ရင်ခုန်သံသဘာဝသာဖြစ်ပါသည်





သူသည် ဖစ်ဆစ်ဘက်သို့ ရောက်သောအခါ ရင်ခုန် သံနည်းနည်း မြန်လာပါသည်။ သူမအတန်းရှေ့သို့ ရောက်သော အခါ ပို၍ ရင်ခုန်သံမြန်လာသည်။ သူမရော သူ့ကို မြင်သွားလျှင် ဘယ်လိုများ ဖြစ်သွားမှာပါလိမ့်။ သေချာတာကတော့ အံ့ဩသွား လောက်သည်။

ပြီးတော့ သရော်တော်တော်လည်း ပြုံးပါလိမ့်ဦးမည်။ အပေါ်နှုတ်ခမ်းကို တွန့်ကာ သရော်မော်ကားပြုံးသောပုံစံကို သဘော မကျသည့်ကြားမှ ဘာကြောင့် နှစ်သက်နေရသလဲတော့ မပြောတတ် ပါ။ သူသည် သူမရဲ့ အတန်းရှေ့မှာရပ်ကာ သူမကို ဟိုဟိုဒီဒီ ဝေ့ဝဲရှာဖွေကြည့်မိသည်။ မတွေ့ပါ။ အတန်းထဲမှာလည်း ဆရာဝင် နေသဖြင့် ဘယ်သူ့ကိုမှလဲ မေးလို့မရ။ သို့သော် အတန်းပြီးဆုံး ချိန်က သိပ်မလိုတော့ပြီမို့ သူက ခဏစောင့်ဖို့လည်း မပျင်းပါ။

သိပ်မကြာမီ ထင်ထားသလိုပင် အတန်းချိန်က ပြီးဆုံးသွားသည်။ ဆရာ ထွက်သွားပြီးလျှင် ကျောင်းသားကျောင်းသူ တွေကလည်း တဖွဲဖွဲ ထွက်လို့လာကြသည်။ သို့သော် သူမ မပါသေးပါ။ နောက်ဆုံး လူတွေရှင်းသွားသည့်အထိ သူမကို မတွေ့ရသောအခါ ညိုမင်းကတောင် မေးလာသည်။

"ဟော့ကောင် ... မင်း လေဒီက ကျောင်းရောလာရဲ့လား"

"အင်း ... ငါလည်း မသိဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



သူက အိတ်ထဲက ဖုန်းကိုထုတ်ကာ သူမထံသို့ ဖုန်းခေါ်ဖို့ စဉ်းစားလိုက်သည်။ သူမ တကယ်ပဲ ကျောင်းမလာတာလား။ ဒါမှမဟုတ် တစ်နေရာကိုများ ...။ ဒီလိုတွေးလိုက်တော့ သူ့ရင်ထဲ နည်းနည်းပူသွားသည်။ သူမက ကျောင်းပျက်ရေ့ပျက်ထ မရှိသူဖြစ်သည်။ ကျောင်းနေပျော်၍ စာတော်သူကောင်မလေး ဘယ်ကိုများ လျှောက်သွားနေပါလိမ့်။ သူသည် သူမရဲ့ ဖုန်းနံပါတ်တွေကို နှိပ်လိုက်သည်။ ဆက်သွယ်ရေးကွန်ယက်တွေက ချက်ချင်း အလုပ်ရှုပ်သွားကြကာ သူမ ရှိနေသောနေရာကို အပြေးအလွှားရှာဖွေလျက် ခေါ်ဆိုပေးကြသည်။

သို့သော် သူမက ခေါ်ဆိုမှုကို လက်မခံ။ ဖုန်းမကိုင်ပါ။ သူသည် ခေါ်ဆိုမှုပြီးဆုံးသွားချိန်ထိ စောင့်၍ ခေါ်သေးသည်။ တစ်ခါ ... နှစ်ခါ ... သုံးခါ ...။ သူမ ဖုန်းမကိုင်ပါ။

"ဖုန်းမကိုင်တာလား"

ညိုမင်းကတောင် အထာသိစွာဖြင့် မေးသည်။ သူက ခေါင်းတစ်ချက်ညိတ်ပြရင်းမှ ကော်ရစ်တာပေါင်ကိုမှီကာ စဉ်းစား အကြံထုတ်မိသည်။ သူမ ဘာကြောင့် ဖုန်းမကိုင်တာလဲ။ သူသည် ဖုန်းထပ်ခေါ်ဖို့ကိုတော့ လက်လျှော့လိုက်ကာ သူမဖုန်းထဲသို့ Message တစ်ခုပို့လိုက်သည်။





"လေဒီချမ်း ...

မင်း ဘယ်ရောက်နေတာလဲ၊ ဖုန်းမကိုင်လို့ စိတ်ပူနေတယ်၊ ဒီစာကိုဖတ်ရရင် (အဆင်ပြေရင်) ဖုန်းပြန်ဆက်ပေးပါ။ ကျေးဇူးပြု၍ ...

ဂနိုင်"

သူက ညိုမင်းကို သွားရအောင်ဟု အချက်ပြကာ စ်ဆစ်ဘက်မှ ပြန်ထွက်လာခဲ့သည်။ သူတို့ အတန်းပြန်ရောက်တဲ့အထိ သူမဆီက တစ်စုံတစ်ရာ အကြောင်းပြန်ချက်မလာသေးပါ။ ဒီအခါမှာ သူ့ရင်ထဲ၌ တနုံ့နုံ့ဖြစ်လာသည်။ ထိုင်ရလို ထရမလို ဖြစ်နေသော သူ့ကို ညိုမင်းက ပြုံးစစဖြင့်ကြည့်ကာ ...

"အဲဒါပဲကွ အချစ်ဆိုတာ၊ အခုတည်းက မင်း ပျာနေပြီမဟုတ်လား၊ ဟိုက ဘာမှမတုံ့ပြန်တော့ မင်း လှုပ်ဖို့ခက်နေပြီ၊ မေလေးတုန်းက မင်း ဒါမျိုးဖြစ်လား"

"အေးပါကွာ၊ မင်း ပြောထားပေါ့"

"ငါက အစတည်းက ပြောချင်တာ၊ မင်းက အမ်ချမ်းဘို ပြောလိုက်မှ နားဝင်သွားတာကို၊ အချစ်ဆိုတာ တကယ်ချစ်လာပြီဆိုရင် သူ့ဟာသူ သေချာပြီးသားကွ၊ ဘာကိုမှ သံသယရှိစရာ မလိုဘူး၊ အခု မင်း သူ့ကို ချစ်သွားတယ်



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်၊ သူ့မှာ ဘာအကန့်တွေပဲ ရှိခဲ့ ရှိခဲ့ အေးဆေးပဲ ဖြစ်နေတယ်မှလား ...

မေလေးလို နူးညံ့သိမ်မွေ့တဲ့ Queen ကိုကျတော့ မင်း ခံစားလို့တော့ ရပါတယ်၊ အချစ်ဟုတ်ခဲ့တော့မဖြစ်ဘူး၊ အဲဒါပဲကွ၊ အချစ်ဆိုတာ ဘာနဲ့မှ မငြိဘူး ...

သူ့ဟာသူ လွတ်လပ်စွာဖြစ်တည်နေတာ အချစ်ပဲ"

"မင်းပြောတဲ့ ဒိုင်တွေက တကယ်မှန်တယ်၊ ငါ သူ့ကို မတွေ့ရဘူးဆိုမှ ပိုတွေ့ချင်လာတယ်၊ အသံမကြားရဘူးဆိုမှ ပိုကြားချင်လာတာ"

"ဟက် ... မင်းနဲ့မှ ချစ်တတ်ပြီပေါ့၊ အချစ်အကြောင်းများ မသိခဲ့ဘူး ... ငယ်စဉ်က အသက်အရွယ်မှာ ... ရူးလောက်တဲ့အချစ်မျိုးလည်း ... ကိုယ်တိုင်မတွေ့မိသေးပါ"

ညိုမင်းက သူ့နှလုံးသားကို ဂုဏ်ပြုသောအားဖြင့် မင်းနဲ့မှချစ်တတ်ပြီ ဟူသော သီချင်းကို တစ်ပိုင်းတစ်စ ညည်းပြသည်။ ဒီလိုနှင့် စာသင်ချိန်ကုန်ဆုံးတော့မည့် နေ့လယ်ခင်းသုံးနာရီလောက်အချိန်ကိုတောင် ရောက်လာသည်။ ဒီတစ်ချိန်ပြီးလျှင်တောင် သူတို့လည်း ပြန်ရတော့မည်ဖြစ်သည်။ မိုးကိုကတောင် သူ့အနားသို့ တိုးတိုးကပ်ကာ ...





"ငါ မြန်မာစာဘာက်ကို ရောက်တော့ မေကျက်သရေနဲ့တောင် တွေ့ခဲ့သေးတယ်ကွ၊ မင်းအကြောင်းပြောတော့ တင်းနေတဲ့အထာနဲ့၊ မင်းကလည်း ချော့လိုက်စမ်းပါကွာ၊ တောင်တောင်အီအီတွေ လျှောက်စဉ်းစားမနေစမ်းပါနဲ့၊ မင်းနဲ့ အလိုက်ဖက်ဆုံးက မေကျက်သရေပါ"

"ချစ်သူထားတယ်ဆိုတာ လိုက်ဖက်တာကို ရွေးထားတာ မဟုတ်ဘူးကွ၊ မင်းလည်း ချစ်သူရှိတာပဲ၊ နည်းနည်းပါးပါး ကိုယ်ချင်းစာကြည့်ပေါ့"

"စာလို့ပြောနေတာပေါ့၊ အမ်ချမ်းဘိုနဲ့ဆိုရင် မင်း စိတ်ညစ်ရမှာ"

"ဟော့ကောင် ... လောလောဆယ်မှာတော့ ငါ ပျော်နေတယ်ကွ သိလား"

ပြောရင်းဆိုရင်းမှာပင် သူ့ဖုန်းက အသံမြည်လို့လာသည်။ သူသည် Displayပေါ်မှာ ပေါ်နေသည့်နံပါတ်ကို မြင်လျှင်ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားသည်။ ဟုတ်မှဟုတ်ရဲ့လားဟူသော သံသယစိတ်အပြင် ဝမ်းသာသည့်စိတ်ကြောင့်ပါ ငေးကြည့်နေခြင်းဖြစ်သည်။ ကြည့်စမ်း ... သူမဆီက ဖုန်းသံကို သူ အသည်းအသန်မျှော်လင့်နေမိတာပါလား။ သူမဆီက အဆက်အသွယ် မရမချင်း



www.burmeseclassic.com

www.burmeseclassic.com



ရေဝေးကြာလို နွမ်းနေခဲ့သည်။ တကယ်တော့ သူမ ပြောတာ ဖြစ်နိုင်ပါသည်။

မေလေးကို သူ ရင်ထဲမှ နှစ်နှစ်ကာကာ မချစ်ခဲ့ခြင်းကြောင့် ဇဝေဇဝါ အတွေးတွေနှင့် ဟိုဟိုဒီဒီ ဖြစ်ခဲ့ရသည်။ သူမကိုတော့ နှစ်နှစ်ကာကာ ချစ်မိသွားသောကြောင့် မသေချာမရေရာဆိုတာတွေသည်လည်း မရှိတော့။ အချစ်စစ်မှာ ဒီလူတစ်ယောက်ကို ချစ်သလား မချစ်ဘူးလားဆိုတာ ဝေဝါးနေစရာကို အကြောင်းမရှိပါ။ ဖုန်းပေါ်က Display ကို ပြုံးကြည့်ပြီး ဖုန်းကသိုဏ်းမှ နေသော သူ့ကို ဖိုးဂျိုက တံတောင်နှင့်တွက်ကာ ...

"ဟေ့ကောင် ဘာကြောင်ကြည့်နေတာလဲ၊ ဖုန်းမကိုင်ဘူးလား"

ဒီတော့မှ သူက ကပျာကယာဖြင့် ဖွင့်ကိုင်မိသည်။ သူက ဟယ်လိုဟု ထူးလိုက်လျှင် တစ်ဖက်မှ ချိုလွင်လတ်ဆတ်ရသော အသံရှရှလေးက နားထဲသို့ စီးဝင်လာသည်။ သူမအသံက မေလေးလို နူးညံ့တိုးသက်သော အသံမျိုးတော့ မဟုတ်ပါပေမဲ့ ကြားနာသူရဲ့ တစ်ဖက်နားထဲမှာ Active ဖြစ်မှုကို ဆေွွမ်းသည်။

"ဟေး ... ယူ ဘယ်မှာလဲ"





"မင်းကများ ကိုယ့်ကို ပြန်မေးရတယ်ရှိသေး၊ တစ်နေကုန် ဘယ်ပျောက်နေတာလဲ လေဒီချမ်း"

"ယူ တို့ကို ရှာနေတယ်ပေါ့"

သူမအသံက အပိုင်တွက်သလို မေးသောအသံမို့ သူ နည်းနည်းတော့ အမြင်ကတ်ချင်သလို ဖြစ်သွားသည်။ သို့သော် ဒါဟာ သူမရဲ့ စတိုင်လ်ဆိုတာ နားလည်ရသည့်အတွက် အတွေ့အထူးတော့ ခံစားမနေတော့ပါ။

"အင်း ... ရှာနေတယ်၊ မင်း ဘယ်ရောက်နေတာလဲ"

"တို့နေရာ ပြောလိုက်ရင် ယူ လိုက်လာမှာလား"

သူ ရုတ်တရက် အသံတိတ်သွားမိသည်။ သို့သော် အကြောင်းထူး တစ်ခုခု ရှိရမည်ဟု ယူဆသောကြောင့် ...

"မင်း ဘယ်မှာလဲ"

"ဆေးရုံကြီးမှာ"

"ဘာရယ် ... ဟေ့ ... မင်းကိုယ့်ကို လာဖုတ်မနေနဲ့နော်"

"ရော် ... တကယ်ပြောနေတာ၊ မယုံလည်း မတတ်နိုင်ဘူး၊ ယူ့ရဲ့ Missed Calls တွေ ခြောက်ခုလောက်တွေ့လို့၊ တွေ့ရင် အကြောင်းပြန်ပါဆိုတဲ့ Message လည်း မြင်လို့ လှမ်းဆက်လိုက်တာ ...



www.burmeseclassic.com

www.burmeseclassic.com



ယူ့မှာ အရေးကြီးကိစ္စမရှိဘူး မဟုတ်လား၊ အဲဒါ ဆိုလည်း ဒါပဲလေ”

“ဟာ ... နေပါဦး၊ မင်း ဆေးရုံကြီးမှာ ရောက်နေတာတော့ ယုံသွားပါပြီ၊ ဒါပေမဲ့ မင်း တစ်ခုခုတော့ ဖြစ်မနေဘူး မဟုတ်လား”

“အင်း ... ဘာမှမဖြစ်ပါဘူး”

“ဘာမှ မဖြစ်ဘူးဆိုလည်း ပြီးတာပါပဲ၊ ဒါပေမဲ့ ကိုယ် အဲဒီကိုတော့ လိုက်လာခဲ့မယ်၊ ဘယ်နေရာမှာလဲ ပြော”

“အဆောင်(၃) အခန်း(A)မှာ”

“အိုကေ ... အတန်းပြီးပြီ၊ ကိုယ် လာခဲ့မယ်”

“ဆီးယူ”

သူမက နှုတ်ဆက်ပြီး ဖုန်းချသွားသည်။ သူ့ဘော်ဒါ တွေက သူ့ကိုကြည့်ကာ ...

“ဘာလဲ ... မင်း လိုက်သွားမလို့လား”

“အင်း ... လိုက်သွားမယ်၊ သူ ဘာမှ မဖြစ်ပေမယ့် တစ်ခုခု တော့ ဖြစ်နေတာ သေချာတယ်”

“ဟာ ... ဘာလဲကွာ၊ မင်းဟာကလည်း ဖလော်ဆော်ဖီကျ နေတာပဲ”





“မသိဘူးကွာ၊ ငါလည်း ရင်ထဲရှိတဲ့အတိုင်း ပြောတာ၊ ကဲ... ငါ သွားတော့မယ် ဘော်ဒါတို့”

“သွားပေ့ ... သွား ... သွား၊ မင်းပါ ဝင်ပြရင်လည်း ပြခဲ့ ဦး”

သူက သူငယ်ချင်းတွေကို မျက်စိတစ်ဖက်မှိတ်ပြကာ ထွက်လာခဲ့သည်။ သူမ ဘာမှ မဖြစ်ဘူးဆိုတာကို သိသော်ငြား လည်း ဘာကြောင့် ပြည်သူ့ဆေးရုံကြီးသို့ ရောက်နေရသလဲဆိုတာ ကိုတော့ နည်းနည်းမှ မစဉ်းစားတတ်အောင် ဖြစ်ရသည်။ သူမ အိမ်ကလူတွေများ တစ်ခုခု တစ်စုံတစ်ရာ ... ? ?။ ဒါလည်းပဲ သိပ်တော့မဖြစ်နိုင်ပါ။ သူသည် ရှည်ရှည်ဝေးဝေးတွေ လျှောက် စဉ်းစားမနေတော့ဘဲ စိတ်ကို တည်တည်ငြိမ်ငြိမ်ပဲထားကာ ဆေးရုံ ကြီးသို့ ရောက်လာခဲ့သည်။ သူမပြောသည့် အဆောင်ကိုလည်း အလွယ်တော့ ရှာ၍ရပါသည်။ သို့သော် လူကိုတော့ မတွေ့သေး သဖြင့် တာဝန်ကျဆရာမတစ်ယောက်ကို မေးကြည့်လိုက်လျှင် ...

“သြော် ... အမ်ချမ်းဘို၊ သူက ဒီဘက်အခန်းထဲမှာ ခဏ နားနေတယ်၊ သွေးလှူထားလို့ပါ၊ တွေ့ချင်ရင် ဝင်တွေ့ လိုက်”

“ဗျာ ... သွေးလှူထားတယ်၊ ဟို ... ဘယ်သူ့အတွက် လှူတာလဲဟင်”



www.burmeseclassic.com

www.burmeseclassic.com



"ကားအက်ဆီးဒင့်ဖြစ်လာတဲ့ ကလေးတစ်ယောက်ကိုပါ"

ဗျာ ... သူ ဝင်တိုက်မိတာလား၊ စိုးရိမ်ရလာ ဆိုတာတွေကိုတော့ သူက ဆက်မမေးချင်တော့တာ မဟုတ်ပါ။ မေးဖို့ အခွင့်မသာတော့အောင်ပင် ဆရာမက သုတ်သီးသုတ်ပျာ ထွက်သွားသောကြောင့်ဖြစ်သည်။ သူသည် စိတ်လျှော့လိုက်ကာ ဆရာမပြသည့် အခန်းထဲသို့ ဝင်ခဲ့လိုက်သည်။ ခန်းဆီးလိုက်ကာ လေးကို ဖယ်လိုက်သည့်အချိန်တွင် သူမကို ထင်မထားသောပုံ ဖြင့် ခုတင်ပေါ်မှာ ပက်လက်အနေအထား တွေ့လိုက်ရသည် အဲဒီပုံစံသည် သူ့ရင်ကို ဘယ်လိုဖြစ်သွားစေမှန်းမသိပါ။ တစ်မျိုး တော့ တစ်မျိုးပဲဖြစ်ပါသည်။

"လာလေ"

သူမက ပြုံးပြီးခေါ်လျှင် သူသည် အဲဒီအသံနှင့် ဟန်လေးကို အဆုံးမရှိ ချစ်မြတ်နိုးသွားပြီဖြစ်ကြောင်း ဝန်ခံရ မည်။ ကြည်စမ်း ... အချစ်ဆိုတာ ထူးဆန်းလိုက်တာ။

သူက သူမရဲ့ဘေးမှာ ဝင်ရပ်မိရင်းမှ ကြင်နာစွာ ငုံ့ကြည့်မိကာ ...

"ဘာဖြစ်တာလဲ လေဒီချမ်းရယ်"

"ကလေးတစ်ယောက် တို့ရှေ့မှာတင် ကားအက်ဆီးဒင့်ဖြ သွားတော့၊ တို့က ကူညီပေးတဲ့သဘောပါ၊ သွေးလိုကာ





သွေးလည်းလှူလိုက်တာ၊ ကလေးလည်း စိတ်ချသွားရပါ ပြီ၊ သူ့အိမ်ကလူတွေလည်း ရောက်လာကြပြီ၊ အားလုံး အေးအေးဆေးဆေး ဖြစ်သွားပြီ ...

တို့သာ သွေးလှူထားတာမို့ ဆရာဝန်က ချက်ချင်း ထမပြန်နဲ့ဦး၊ ကားမမောင်းသေးနဲ့ဦးလို့ ပြောထားလို့ နားနေတာ"

သူမ စကားကို နားထောင်ပြီးသောအခါ သူ့ရင်ထဲ ၌ တစ်မျိုးတစ်မည် ဆွတ်ပျံ့လို့သွားခဲ့သည်။ အများပတ်ဝန်းကျင် က လူဆိုးမလေးဟု သတ်မှတ်ထားခဲ့သော ကောင်မလေးသည် ကိုယ်ကျိုးမပါသည့် ဝရဟိတအလုပ်ကို လုပ်ဆောင်ခဲ့သတဲ့လား။

ဒါကို ဘယ်သူများ သိပါသလဲ။ သူတောင် သူမထံ ဖုန်း ကိမိ၍ သိခြင်းဖြစ်သည်။

'အတော်ပဲ၊ ယူမှ ရောက်မလာရင် တို့ ကားမောင်းပြန်ဖို့ အခက်အခဲ ဖြစ်နေတာ၊ ဒါကြောင့် ခေါ်လိုက်ရတာ"

"လေဒီချမ်းရယ် ... မင်း နေရောကောင်းရဲ့လား"

သူက အင်မတန် သနားကြင်နာသောစိတ်ဖြင့် သူမကို စိုးမိုးကြည့်ကာ ငုံ့ကိုင်းပြီး မေးလိုက်လျှင် သူမ မျက်ဝန်း တွေက တစ်မျိုးတစ်မည် အရောင်ပြောင်းသွားသည်။ သူတို့နှစ် ယောက်ရဲ့အကြည့်တွေသည် တစ်စက္ကန့် နှစ်စက္ကန့်တွေးမှာကို



www.burmeseclassic.com

www.burmeseclassic.com



အမွေးဓာတ်တွေ ကူးလူးဆက်သွယ်သွားကြသည်ဟု ထင်မိသည်။ သူမက သူ့အကြည့်တွေကို ဖျတ်ခနဲ မျက်လုံးလွှဲသွားကာ အမွေးဓာတ်တွေကို ခြေဖျက်ပစ်လိုက်သည်။

"ကောင်းပါတယ်၊ နည်းနည်းမူးနေတာကလွဲလို့ပါ"

"မင်း ဘာစားပြီးပြီလဲ၊ တစ်ခုခုစားချင်လား"

"နွားနို့နဲ့ ကြက်ဥ သောက်ထားတယ်၊ ဘာမှ မစားချင်ပါ ဘူး၊ ထိုင်လေ၊ အဲ ... နေဦး ယူ အားရောအားရဲ့လား"

"အားပါတယ်၊ အတန်းပြီးသွားပြီပဲ၊ ညနေတောင်စောင်းနေ ပြီ လေဒီချမ်းရဲ့၊ မင်း အိမ်တွေ ဘာတွေကိုရော ဖုန်းဆက် ပြီးပြီလား၊ စိတ်ပူနေဦးမယ်"

သူက သူမနံဘေးကခုံမှာ ဝင်ထိုင်ပြီး ပြောလိုက် လျှင် သူမက ယောင်ယောင်မှု ပြုံးသည်။ ထုံးစံအတိုင်းပဲ သူ့ မျက်လုံးတွေက သရော်မော်ကားပုံစံသို့ ပြောင်းလဲသွားကြသည်။

"ဒီအိမ်မှာ တို့ကို စိတ်ပူမယ့်သူ မရှိပါဘူး"

အဲဒီအပြောသည် ခံစားချက်တစ်စုံတစ်ရာပါနေသော အသံမို့ ဝပူ တစ်မျိုးဖြစ်သွားသည်။ သူမကို ငဲ့ကြည့်လိုက်သောအခါ သူမရဲ့ပုံစံက ရွဲ့ပြောနေတာ မဟုတ်သလို အတည်အတံ့ဟန်ပန်ဖြ ရှိနေသည်။ သူက သူမကို ကြင်နာစွာဖြင့် တစ်ချက်စိုက်ကြည့် ကာ ...





"မင်း အိမ်နဲ့ မခေါ်လို့လား"

သူ့အမေးကို သူမက ဟက်ခနဲ ရယ်မောလျက် ...

"မခေါ်တာမဟုတ်ဘူး၊ မတွေ့တာ"

"ဘာရယ်"

"ဟုတ်တယ်၊ တို့အိမ်သားတွေနဲ့ တို့က တွေ့တောင်မတွေ့ ဖြစ်ဘူး၊ တို့အမေက တို့တစ်တန်းနှစ်လောက်က ဆုံးသွား တာ၊ တို့အဖေက တို့လေးတန်းမှာ နောက်မိန်းမယူတယ်၊ နောက်မိန်းမနဲ့ မွေးတဲ့ သားသမီးတွေကို တို့ထက်ပိုချစ်တယ်၊ ပိုအလိုလိုက်တယ်၊ သူ့အတွက် တို့က သမီးဆိုးပဲလေ ...

ပြီးတော့ ဒက်ဒီက အလုပ်များတယ်၊ အိမ်သိပ်မကပ် ဘူး၊ အဲဒီတော့ တို့နဲ့ မတွေ့ဖြစ်တာများတယ်၊ မိထွေးဆို ဘလည်း အဆင်မပြေတော့ တမင်မတွေ့အောင် ရှောင်နေ ရင်းကကို မတွေ့ဖြစ်ကြတော့တာပါပဲ ...

တို့ အိမ်ပြန်နောက်ကျလို့ အပြင်မှာ တစ်ခုခုဖြစ်လာ မှာတို့ စိုးရိမ်တဲ့သူမျိုး တို့အိမ်မှာ မရှိပါဘူး"

သူသည် သူမရဲ့ စကားတွေကို တစ်ခါမှ မကြားဖူး သလို ကြောင်ပြီး ငေးကြည့်နေသည်။ ဒီလိုမျိုးကျတော့လည်း သူမဟာ သူသိသည့် အမ်ချမ်းဘို မဟုတ်သလိုပဲ ဖြစ်သည်။ သူသိသော ကောင်မလေးသည် ဒီလိုခံစားချက်နက်သော စကား



www.burmeseclassic.com

www.burmeseclassic.com



များနှင့် ဒီလိုလေးနက်သော မျက်နှာပေးမျိုး မရှိပါ။ အမြဲတမ်း သွက်လက်သောစတိုင်လ်၊ သရော်မော်ကားအပြုံးများဖြင့် အပေ အတေဒီဇိုင်းဖြစ်သည်။

သူမထံမှ သူ မထင်ထားတာတွေလည်း ဆက်တိုက် ကြုံနေကြားနေရသဖြင့် သူသည် ဘာပြန်ပြောရမှန်းမသိဘဲ စကား လုံးတွေ တိတ်ဆိတ်ဆွံ့အနေသည်။ တိတ်ဆိတ်စွာ သူမ မျက်နှာ ကို ငေးကြည့်နေရင်းမှ သူသည် သူမဘဝနဲ့ စိတ်နေစိတ်ထားကို တစေ့စေ့ သိမြင်နားလည်သလို ဖြစ်လာလေသည်။ ဒီတော့မှ သူမကို တိုးတိတ်စွာ မေးမိသည်။

"မင်းက အဖြူရောင်ကို အရောင်ဆိုးခံလိုက်ရတဲ့သူမျိုးလား လေဒီချမ်း"

သူ့စကားကြောင့် ပြုံးနေသော သူမရဲ့မျက်နှာမှာ ဖျတ်ခနဲ တည်သွားသည်။ သို့သော် အဲဒါမှာ ခဏလေးပဲဖြစ်ပါ သည်။ မျက်လုံးတွေနှင့် နှုတ်ခမ်းတွေက သရော်တော်တော်ပုံစံ သို့ ချက်ချင်းပြောင်းလဲသွားလျက် ...

"လူတွေက ရိုးသားမှုနဲ့ မတန်ဘူး၊ ဖြူစင်မှုနဲ့ မတန်ဘူး လေ၊ တို့ ကျင်လည်ရတဲ့ ပတ်ဝန်းကျင် အသိုင်းအဝန်းမှာ က အဲဒီလိုမျိုးဖြစ်နေတော့ ကိုယ့်ဟာကိုယ် အရောင်ပြောင်း ယူလိုက်တဲ့ သဘောပဲ"





"ဒါပေမဲ့ အများနဲ့တစ်ယောက်၊ အမှားနဲ့အမှန်လေ အမ် ချမ်းဘိုရဲ့၊ အမှားတွေ အများကြီးထဲမှာ မင်းတစ်ယောက် တည်း မှားနေရင် မသိသာပေမယ့် အမှန်တွေ အများကြီး ထဲမှာတော့ အမှားသေးသေးလေးကလည်း သိသာတာပဲ မဟုတ်လား ...

မင်းက ပင်ကိုစိတ်ရင်းစေတနာ ကောင်းရဲ့သားနဲ့ လူတွေကို ဘာကြောင့် အရွဲ့တိုက်ချင်နေရတာလဲ၊ သိသိ ကြီးနဲ့ မှားတာမျိုးကကျတော့ ခွင့်လွှတ်ချင်စရာ မကောင်း ဘူးပေါ့"

သူမက နှုတ်ခမ်းတွန့်ရုံပြုံးကာ ...

"ဘယ်သူကရော ခွင့်လွှတ်မှုကို တောင်းဆိုနေလို့လဲ၊ တစ်ခုတော့ရှိတယ်၊ တို့က ကိုယ့်ဘာသာပဲ မှားတာ၊ ကိုယ့် ကိုယ်ကိုယ် ထိခိုက်တဲ့အမှားမျိုး၊ သူများကို ထိခိုက်အောင် တော့မလုပ်ဘူး၊ တစ်ခါတလေကျတော့လည်း လူဆိုးကြီး တွေကို အားကျတယ်သိလား၊ တို့ သိပ်ကြိုက်တဲ့ သီချင်း တစ်ပုဒ်ရှိတယ် ...

နေဦး တစ်နေ့ကျမှ ယူ့ကို ဂစ်တာတီးပြီး ဆိုပြ ဦးမယ်"

"မင်းက ဂစ်တာတီးတတ်တယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"တီးတတ်တာပေါ့၊ အရမ်းကို ကျွမ်းကျွမ်းကျင်ကျင် တီးတတ်တာပေါ့"

"ဟုတ်တယ် ?။ အင်း … မင်းသာ တီးပြမယ် ဆိုရင်တော့ နားထောင်ချင်သား၊ ဘယ်နေ့ လာတီးပြမှာလဲ"

"တစ်နေ့နေ့ပေါ့၊ အဲလိုသာ တီးပြီး သီချင်းဆိုပြဖြစ်မယ် ဆိုရင်တော့ မင်းဟာ တို့ ပထမဆုံးဂစ်တာတီးပြီး သီချင်းဆိုပြတဲ့ ယောကျ်ားလေးတစ်ယောက်ဖြစ်မှာ အမှန်ပဲ"

အဲဒီစကားဟာ ဘာကို ရည်ရွယ်ပြီး ဘာအဓိပ္ပာယ်နဲ့ ပြောသလဲတော့ မသိပါ။ သူလည်း သူမကို ခပ်နက်နက်စိုက်ကြည့်ဖြစ်သွားသည်။ သူမကတော့ သူ့ကို သာမန်ပဲကြည့်နေကာ အတန်ကြာတော့မှ တစ်ချက်ပြုံးပြသည်။

"ဘယ်မှာ တီးပြ ဆိုပြမှာလဲ"

"မင်းတို့အိမ်ရှေ့မှာပေါ့"

သူ့မျက်နှာက ဖျတ်ခနဲ တည်သွားသည်။

"အဲလိုတွေ လျှောက်မပြောစမ်းပါနဲ့ လေဒီချမ်းရာ၊ မိန်းကလေးဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားစမ်းပါ၊ အဲဒီလိုစကားတစ်ခွန်းကို စည်းလွတ်ဝါးလွတ်ပြောတတ်တဲ့ အကျင့်တွေကိုလည်း ပြင်ဦး၊ အဲဒါ မကောင်းဘူး …





ကိုယ့်ကိုယ်ကိုယ် Inpression downစေတဲ့ အပြောမျိုးတွေ မပြောစမ်းပါနဲ့၊ ကိုယ်က မင်းအတွက် ပြောနေတာပါ"

"ယူက ဘာကြောင့် ခုတလော တို့ကို ပြုပြင်ရေးတရားတွေ ဟောနေရတာလဲ"

"မင်းကို ကောင်းစေချင်လို့ပေါ့"

"အခု တို့က ဆိုးနေလို့လား"

"မင်းရဲ့ပင်ကိုစိတ်ရင်းက မဆိုးဘူး၊ ဗီဇကောင်းတယ်၊ ဒါပေမဲ့ မင်းက တမင်ဆိုးအောင်နေနေတာ၊ ပတ်ဝန်းကျင်ကို အရွဲ့တိုက်နေတာ၊ အဲဒါတွေက ကြာခဲ့ပြီပဲ၊ အခု မင်းကောင်းအောင် နေနေတော့ပေါ့"

"လူတွေက ခက်တယ်နော်၊ ဘဝမှာ ကောင်းတာနဲ့ ဆိုးတာနဲ့ တစ်ဖက်စီပါလို့ဆိုရင် ဘာဖြစ်လို့ ကောင်းတာနဲ့ မလုံလောက်ရတာလဲ မသိဘူး၊ လူတစ်ယောက်ဟာ ငါးဆယ်က ဆိုးပြီး ငါးဆယ်ကကောင်းနေရင် အဆိုးဘက်ပဲ သတ်မှတ်ကြတယ်၊ လူကောင်းပါလို့ နာမည်ခံထားပေမယ့် လူဆိုးတွေအများကြီးပဲ၊ ဒါပေမဲ့ လူကောင်းဟန်ဆောင်ထားတဲ့အတွက် လူတွေက အဲဒါကိုကျတော့ လက်ခံကြတယ် …



www.burmeseclassic.com

www.burmeseclassic.com



"တော်တော်အလိမ်ကြိုက်တဲ့လူတွေ၊ အဲဒီထဲမှာလေ တို့အဖေလည်းပါတယ် လောကကြီးမှာလေ လိမ်ညာတာ အခွန်မကောက်တာ တော်သေးတာပေါ့၊ မဟုတ်ရင် အားလုံး မွဲကုန်ကြမှာ"

သူမရဲ့စကားတွေက တစ်ခုခုကို နာကြည်းသလိုနှင့် ပြောနေသော စကားမျိုးဖြစ်သည်။ သူသည် သူ မျက်နှာကို နားမလည်ခြင်းကြီးစွာဖြင့် ငေးနေမိသည်။ သူမမှာ အရွယ်နှင့်မမျှအောင် ဘာခံစားချက်တွေများ ရှိခဲ့လဲ။ ဘာပဲဖြစ်ဖြစ် သူမကို လွတ်လပ်ပေါ့ပါးသော နှလုံးသားဖြင့် အေးချမ်းစွာ ရှင်သန်စေချင်ပါသည်။ အခုတော့ သူ သဘောပေါက်ခဲ့ပြီ။ သူမရဲ့ပုံစံသည် အပြင်ဘက်မှာ ပေါ့ပေါ့ပါးပါးဖြစ်သော်လည်း အတွင်းသဏ္ဍာန်ကတော့ နာကြည်းမှုများ၊ လောကကြီးကို အရွဲ့တိုက်စိတ်နာမှုများဖြင့် ဒဏ်ရာတွေရှိနေသည်ဟု ထင်ပါသည်။

"မင်း သိပ်ပင်ပန်းနေပြီ လေဒီချမ်း၊ နားလိုက်ပါတော့"

"အဲဒီစကားက ဘာကို ဆိုလိုတာလဲ၊ ဘဝမှာ သိပ်ပင်ပန်းနေပြီလို့ ပြောတာလား"

သူက တွေးခေါ်တတ်လွန်းသော သူမကို သဘောကျစိတ်ဖြင့် တစ်ချက်ပြုံးကြည့်ကာ နဖူးကဆံစလေးတွေကို သပ်တင်





ပေးချင်စိတ် ပေါက်သွားသည်။ သို့သော် အဲဒါကို ရင်ထဲမှာပဲ သိမ်းထားလိုက်ပါသည်။

"ဟုတ်တယ်၊ မင်း မဆိုးဘူး၊ ကိုယ် ဆိုလိုချင်တာကို ချက်ချင်းသဘောပေါက်တယ်၊ မင်း အမောဖြေဖို့ ရင်ခွင် တစ်စုံ လိုအပ်တယ်ဆိုရင်တော့ ကိုယ့်ရင်ခွင်ကို သတိရ လိုက်ပါ၊ မင်းအတွက် ဆိုရင်တော့ အဲဒါအဆင်သင့် ပေါ့ ...

အဲ ... ဒါပေမဲ့ Just for you နော်"

သူမက သူ့စကားကို မဲ့ပြုံးတစ်ချက်ပြုံးကာ ဘာမှ ပြန်မပြောဘဲ ခုတင်ပေါ်က ထ,ဖို့ပြင်သည်။ သူက ကူထူပေးဖို့ သတိရသော်လည်း သူမ မနှစ်သက်မှာစိုးသဖြင့် လုပ်မပေးဖြစ် တော့ပါ။ ပြီးတော့ သူ ထင်ထားတာက သူသာ အဲဒီလိုပြောလိုက် လျှင် သူမက တစ်ခုခု တုံ့ပြန်လိမ့်မည်ဟု ထင်ထားခဲ့သည်။ အဲဒီ တုံ့ပြန်မှုပေါ်မှာ သူက စဉ်းစားလျှောက်လှမ်းသွားဖို့ စီစဉ်ထားခဲ့ သော်လည်း သူမက အဲဒီအထာတွေကို ကြိုသိနေသလားတော့ မပြောတတ်ပါ။

"ပြန်တော့မှာလား လေဒီချမ်း"

"ပြန်မယ်၊ ယူ မောင်းပို့မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"ပို့မယ်လေ၊ မင်း အိမ်ကိုပဲ မဟုတ်လား"

"အိမ်ကိုမပြန်လို့ ဘယ်ကို ပြန်ရမှာလဲ"

"ဩော် ... မသိပါဘူး၊ မင်းများ တစ်ခုခု စားချင်မလားလို့ပါ"

"နိုး ... မစားချင်ပါ၊ သွားကြစို့"

သူမက တာဝန်ကျဆရာဝန်မကို သွားနှုတ်ဆက်ကာ သူ့နောက်မှ လိုက်ပါလာသည်။ ပြီးတော့ ကားနားသို့ရောက်သောအခါ သူ့လက်ထဲသို့ ကားသော့ထည့်ပေးသည်။ သူက ကားပေါ်သို့ ရောက်သွားလျှင် သူမရဲ့ဂျစ်ကားကို ညင်သာစွာ မောင်းထွက်လိုက်သည်။ သူမက သူ့ကို စကားတစ်ခွန်း တစ်စုံတစ်ရာ မပြောဘဲ အပြင်ဘက်သို့ ငေးရင်း ငြိမ်သက်စွာလိုက်လာခဲ့ပါသည်။ သူကလည်း အနှောင့်အယှက်မပေးချင်သဖြင့် စကားဆက်မပြောမိတော့ပါ။ ညနေစောင်းချိန်မို့ ကားတွေကျပ်နေသောကြောင့်သာ ဂရုတစိုက်မောင်းနှင်ဖြစ်သည်။

သူတို့ရပ်ကွက်ဘက်သို့ ရောက်လာချိန်မှာတော့ တစ်ချိန်လုံး ငြိမ်နေခဲ့သော သူမက သူ့ကို စကားလှည့်ပြောသည်။

"ယူ့အိမ်ရှေ့မှာ ကားရပ်လေ၊ တို့အိမ်ကို ကိုယ့်ဟာကိုယ် ဆက်မောင်းသွားလို့ ရပါတယ်"





"နေပါစေကွာ၊ ပို့မယ့်ပို့တော့ ကူ့တို့ရောက်အောင် ပို့မှာပေါ့"

"ဩော် ... အဲဒီလောက်ကြီးလည်း မဆိုးသေးပါဘူး၊ ယူ လမ်းလျှောက်နေရမှာစိုးလို့ပါ"

"အညောင်းပြေတာပေါ့"

"သင့်ခ်ယူ ဂနိုင်"

"အင်း ... ကျန်းမာရေးကို ဂရုစိုက်ဦး၊ နားတော့"

သူမက မျက်လွှာအသာချပြကာ အပြုံးတစ်ချက်ဖြင့် နှုတ်ဆက်သည်။ သူကလည်း အပြုံးတစ်ချက်ဖြင့် ခေါင်းတစ်ချက် ညိတ်ကာ လက်အသာပြရင်း နှုတ်ဆက်ထွက်ခွာလာခဲ့သည်။ နောက်ကိုတော့ ထပ်ပြီးလှည့်မကြည့်ဖြစ်တော့ပါ။ နေရောင်လျော့သွားသော ဆည်းဆာညနေခင်းသည် လိမ္မော်ရောင်ဖျော့ဖျော့ကာလာပြီး လွမ်းမောစရာ ခမ်းနားနေသည်။ ဒီလို ခမ်းနားသော ညနေခင်းမျိုးမှာ ချစ်သူနဲ့အတူတူ လမ်းလျှောက်ခွင့်ရလျှင် ဘယ်လောက်များ ကြည်နူးစရာ ကောင်းပါမည်လဲ။

သူ့ရင်ထဲတွင် ဘာကြောင့်မှန်းမသိ နွမ်းလျသလို ဖြစ်နေသည်။ တစ်စုံတစ်ခုကို ရပေမယ့် တစ်စုံတစ်ခုကို ဆုံးရှုံးသလို ခံစားရတာဟာလည်း ဘာကြောင့်မှန်း မသိပါ။ အပြုံးလေးတစ်ခုကို ထာဝစဉ်ပိုင်ဆိုင်နေလိုသည်။ အမြဲတမ်း ငေးကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



ချင့်မိသည်။ ဒီအပြုံးလေးဟာ လွတ်လပ်သန့်စင်ပါစေ။ သေချာ
ပါပြီ အမ်ချမ်းဘို။

မင်းကို ချစ်တယ်ဆိုတာ တစ်လောကလုံးသိအောင်
ကြော်ငြာရဲတဲ့အထိ သေချာခဲ့ပါပြီ။

♥ ❧ ♥





ဖြေကြည့်ပါ (၁၀)

အချစ်တစ်ခု ရှိတယ် ဆိုပါတော့။
အဲဒီအချစ်မှာ အရင်စချစ်မိတဲ့လူက
ပိုချစ်တတ်တဲ့လူလား။
ဒါမှမဟုတ် ပိုချစ်ရတဲ့လူလား ? ။

♥ ❧ ♥

www.burmeseclassic.com

www.burmeseclassic.com



## ၁၀

သူက ချစ်စနိုးခေါ်ဝေါ်ရသော လေဒီချမ်း ဆိုသည့် ကောင်မလေးရဲ့ အတိတ်ရာဇဝင်ကို သိချင်စိတ်ဖြင့် ဒီကောင်မ လေးကို မေးကြည့်တော့လည်း သူမက မပြောပြခဲ့ပါ။ သူမ ဘာ ကြောင့် ခပ်ဆိုးဆိုး နေခဲ့သည်။ ဘာကြောင့် ခပ်ပေပေတေတေ နေခဲ့သည် စသဖြင့် သူက သိလိုသမျှ မေးမြန်းခဲ့သော်လည်း သူမက မပြော။ သူမ ပြောခဲ့တာက တစ်ခုတည်းဖြစ်သည်။ သူ ကို စေ့စေ့ကြည့်လျက် ...

"ယူ ဘာကို သိချင်တာလဲ။ တို့အကြောင်းတွေကိုသိပြီး တို့ကို ပြုပြင်ပြောင်းလဲချင်တဲ့စိတ်မျိုးနဲ့ မေးတာလား ဒါမှမဟုတ် တို့နဲ့ခင်လို့ တို့အကြောင်းကို သိမှဖြစ်မယ်ဆို ပြီး မေးနေတာလား။ အဲဒါတွေ မလိုပါဘူး"





"အဲဒါမျိုး မဟုတ်ပါဘူး။ ဒါပေမဲ့ မင်းရဲ့ History ကို တော့ သိချင်တာ အမှန်ပဲ။ ကိုယ်တို့ဘုရားက ဟောထား တယ်လေ၊ အကြောင်းအကျိုး အားလုံးဟာ ဆက်စပ်နေ တယ်၊ လူတစ်ယောက်ဟာ ဆိုးတယ် မကောင်းဘူးဆိုရင် လည်း ဒါဟာ သူ့မှာ ဆိုးရတဲ့အကြောင်းရင်း ခိုင်ခိုင်မာမာ ကို ရှိရလိမ့်မယ် ...

ဘယ်အရာမှတော့ အကြောင်းအကျိုးမဲ့ ဖြစ်မလာဘူး လေ"

သူ့အပြောကို သူမက အတန်ကြာ ငေးကြည့်နေ သည်။ ပြီးတော့မှ ခေါင်းကို ဖြည်းဖြည်းချင်းယမ်းကာ ...

"ယူ တွေးသလို လူတွေအများကြီးက မတွေးကြဘူး၊ အဲဒီအတွက် ယူ ထင်သလိုလည်း ဘယ်သူကမှ မထင်ကြ ဘူး"

"ကိုယ်ကတော့ မင်းကို ပြောင်းလဲရှင်သန်လာတဲ့ ပန်းလေး တစ်ပွင့်အဖြစ်ပဲ မြင်ချင်တယ်၊ ပြောင်းလဲစမ်းပါ အမ်ချမ်း ဘိုရယ်။ မင်းကို ကိုယ် ယုံကြည်ချင်ပါတယ်"

"တို့က လူတွေကို ဂရုမစိုက်ပါဘူး"

"ဟား ... အဲဒီလိုတော့ လက်လွှတ်စပယ် မပြောနဲ့ကွာ။ မင်းက လူတွေကြားထဲမှာ လူ့ပတ်ဝန်းကျင် အသိုင်းအဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ နေတာ။ လူတွေကို သိပ်ဂရုမစိုက်စရာ မလိုဘူးဆိုပေမယ့် ကိုယ့်ကို ထိခိုက်လာတဲ့ကိစ္စမျိုး ဆိုရင်တော့ ဂရုစိုက်ရမှာပေါ့"

"ဒီမယ် မင်းဂနိုင်။ တို့ ဖစ်ဆစ်မှာ Newton ရဲ့ Inertia ဆိုတာ သီအိုရီတစ်ခု ရှိတယ်။ နေမြဲ နေလိုခြင်းပေါ့။ ရပ်တန့်နေတဲ့ အရာဝတ္ထုတွေဟာ ရုတ်တရက် မရွေ့ချင်ကြဘူး။ ရွေ့ချင်စိတ် မရှိကြဘူးပေါ့ကွာ။ ရွေ့လျက်ရှိတဲ့ အရာဝတ္ထုတွေကလည်း ရုတ်တရက် မရပ်ချင်ကြဘူး။ အခြေအနေတစ်ခုမှာပဲ နေမြဲနေလိုတဲ့ သဘောထားရှိကြတယ် ...

ပြောင်းလဲတယ် ဆိုတာ မလွယ်ဘူး။ ပြောရရင် လူတွေဟာ အပြောင်းအလဲကို လွယ်လွယ်ကူကူ လက်မခံတတ်ကြတာ။ တကယ်တော့ ရှေးမှီးစွဲတာ မဟုတ်ဘူး။ အဲဒါကိုက သိပ္ပံသဘောတရားတစ်ခုပဲ။ Inertia (အင်နားရှား)ပဲ။ လောကကြီးမှာရှိတဲ့ အရာတော်တော်များများဟာ Intertia သဘောတရားနဲ့ပဲ သွားတာ ...

အဲဒီလိုပဲ လူတစ်ယောက်ကို ချစ်တယ်ဆိုတာကလည်း ချစ်မြဲချစ်လိုခြင်းပေါ့၊ လွယ်လွယ်မပြောင်းလဲနိုင်ဘူး။ အဲလိုရှိတယ်"





"သီအိုရီတွေနဲ့ ကိုင်ပေါက်မနေနမ်းပါနဲ့ကွာ၊ မင်း ဘာပြောချင်တယ်ဆိုတာ ကိုယ် သိပါတယ်"

"လောဘတွေ သိပ်မကြီးပါနဲ့ မင်းဂနိုင်။ ကိုယ် အခုနေနေတဲ့ပုံစံက မင်းအတွက် မလုံလောက်သေးဘူးလား"

သူမရဲ့အမေးက သူ့ရင်ကို အေးခနဲ ဖြစ်သွားစေသည်။ သူမ ဘာကိုဆိုလိုပြီး မေးတာပါလိမ့်။ သူမဟာ ခပ်အအနမ်းမကတစ်ယောက် မဟုတ်သည့်အတွက် သူ့အကြည့်တွေက တစ်ဆင့် ပြောနေသော မျက်ဝန်းစကားတွေကို ဘာသာပြန်တတ်သူဟု ယုံကြည်ပါသည်။

သူသည် အသက်ကို ဝဝရှူလိုက်ကာ အန္တရာယ်ကြီးသော စကားတစ်ခွန်းကို ထပ်ပြောလိုက်သည်။

"ကိုယ့်အတွက်က မင်း ဘာပဲဖြစ်နေ ဖြစ်နေ အရေးမကြီးပါဘူး။ ဒါပေမဲ့ ပတ်ဝန်းကျင်မှာတော့ မင်းရဲ့ အရင်က ထင်ဟပ်ခဲ့တဲ့ Image ကို ပြောင်းလဲပစ်လိုက်ရလိမ့်မယ် ...

လူတွေနဲ့ ဆန့်ကျင်ဘက်မှာ မနေပါနဲ့ လေဒီချမ်းရယ်"

"ဟင့်အင်း ... ယူ မှားနေပြီ။ တို့က ဆန့်ကျင်ဘက်မှာ နေနေတာ မဟုတ်ဘူး။ လူတွေနဲ့ ဆန့်ကျင်ဘက်အမြင်



www.burmeseclassic.com

www.burmeseclassic.com



တွေကို သုံးသပ်နေတာ။ တချို့လူတွေအတွက် မှားတယ်လို့ ထင်နေရတဲ့ လူတွေဟာ ကိုယ့်အတွက်တော့ မှန်နေတတ်တယ် ...

တချို့သူတွေအတွက် မှန်နေတယ်လို့ ထင်ရတဲ့ အရာတွေကျတော့ ကိုယ့်အတွက် အမှား။ တကယ်တော့ လောကကြီးမှာ အဆိုးနဲ့ အကောင်း ရောသွေးနေတတ်တာပါ။ ကိုယ်က အဲဒါကို မြင်အောင်ကြည့်ပြီး ငယ်ရွယ်တဲ့ သဘာဝနဲ့ မခံချင်စိတ်တွေ များလာတဲ့ အခါကျမှ လူတွေနဲ့ဆန့်ကျင်ပြီး ဆန့်ကျင်ဘက်ကို ရောက်သွားတာ ...

တို့က ငယ်ငယ်လေးတည်းက အမေ့မေတ္တာ ငတ်ခဲ့ရတဲ့သူပါ။ မိခင်ရင်းရဲ့ နွေးထွေးတဲ့ ဆုံးမပဲ့ပြင် သွန်သင်မှုအောက်မှာ ကြီးပြင်းလာခဲ့ရတာ မဟုတ်ဘူး။ အဖေကလည်း သူ့အလုပ်နဲ့သူ တို့ကို လှည့်မကြည့်နိုင်ဘူး။ မိထွေး တစ်ယောက် ရှာပေးထားပြီး အဲဒီမိထွေးရဲ့ ဆုံးမပဲ့ပြင်မှုနဲ့ တို့ကို့ ကောင်းလာလိမ့်မယ်လို့ ထင်ထားခဲ့တာ ...

အဖေ့ရှေ့မှာတစ်မျိုး၊ အဖေ့ရဲ့ကွယ်ရာမှာတစ်မျိုး ဆက်ဆံခဲ့တဲ့ မိထွေးရဲ့ပရိယာယ်တွေကြားမှာ တို့က နာမည်တပ်ခံရတော့ Problam Child တဲ့လေ။ ငယ်ငယ်ကတော့





Problam Child ဖြစ်မှန်းမသိ ဖြစ်ခဲ့တာပေါ့။ ကြီးလာတဲ့ အခါမှာကျတော့ လူတွေရဲ့စိတ်ဓာတ်ကို ချဉ်စုပ်တာနဲ့ပဲ ကိုယ်တိုင်က လက်ခံခဲ့တာ ...

ကိုယ့်အပေါ်မှာ အမြင်ကြည်ကြည်နဲ့ မကြည့်ဘဲ၊ မျက်မှန်စိမ်းတပ် ကြည့်ချင်နေတဲ့ လူတွေအတွက် ပြောင်းလဲမပေးနိုင်ဘူး။ တကယ်တမ်း လူတစ်ယောက် ဆိုးတယ်ဆိုတာလည်း ပတ်ဝန်းကျင်နဲ့ အများကြီးဆိုင်တယ်။ သူ ရှင်သန်ကြီးပြင်းလာခဲ့ရတဲ့ ဘဝပတ်ဝန်းကျင်၊ လက်ဦးဆရာ စတာတွေဟာ အဲဒီလူအပေါ်မှာ အများကြီး လွှမ်းမိုးမှုရှိတယ်။ တချို့က အဲဒီလောက်ထိ နားလည်မပေးနိုင်ကြဘူး"

သူမကတော့ ရှည်လျားစွာ ပြောရင်း စကားတွေကို အဆုံးသတ်သွားသည်။ သူက သူမရဲ့မျက်နှာကို ငေးကြည့်နေမိပြီးမှ ဘာမှပြန်မပြောမိ။ သို့သော် အဲဒီညဘက် သူမဆီ ဖုန်းဆက်တော့ သူ မတောင်းဆိုရပါဘဲနှင့် စကားတစ်ခွန်း ပြောလာပါသည်။

"ယူ့ကို တို့ ဂစ်တာတီးပြီး သီချင်းဆိုပြရမလား"

"တကယ်လား။ ဆိုပြလေ"

"ယူရော ဂစ်တာတီးတတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... နည်းနည်းပါးပါးပေါ့၊ ဒါပေမယ့် မင်းလောက်ကောင်းမယ် မထင်ဘူး"

သူမက အသာအယာ ရယ်မောကာ "နားထောင်ကြည့်ပြီးမှ ဆုံးဖြတ်ပါလေ"ဟု ပြောသည်။ ခဏကြာသောအခါ သူ့နားထဲသို့ အကျွသံသဲ့သဲ့လေး တိုးဝင်လာသည်။ သူမဆိုမည့် သီချင်းစာသား၏ အလိုက်ဖြစ်နိုင်သည်။ ပြီးတော့ ဂစ်တာသံသဲ့သဲ့ကို စတင်ကြားရပါသည်။ ခဏကြာလျှင် သူမ၏ ချိုလွင်ကြည်ရှသော အသံလေးက သူ့နားထဲသို့ တိုးဝင်လာသည်။

"ဝလုံးလေးမှ ဝိုင်းအောင်မရေးနိုင်ခင် ... ရွှေလင်ပန်းနဲ့ ထမင်းဆီစမ်းရယ် အမေဆိုပြလိုက်ဖော့ ရွှေသားအတိပြီးတဲ့ လင်ပန်းကြီးပဲ မက်မောကာ ... ငါဟာ လောဘတက်လာတယ် ...

ပုခက်တွင်းမှဆင်း မြေကြီးပေါ် နင်းကာစ ... ရွှေယုန်လေးနဲ့ ရွှေကျားပုံပြင်ရယ် အင်မတန် ကောက်ကျစ်တဲ့ ယုန်ဆိုးလေးကို သိပ်ပြီး အားကျနေခဲ့မိတော့ ငါဟာ ကောက်ကျစ်တတ်လာတယ် ...

Cho: ဒီလိုနဲ့ ဆန့်ကျင်ဘက်အမြင်တွေကို သုံးသပ်ရင်း လူတွေအပေါ် ... ဘယ်သူကမှားပြီး မှန်တယ်လို့ ... ဆုံးဖြတ်ခက်လာတယ် ... အဆိုးနဲ့အကောင်း ဒွန်တွဲနေတတ်





တာကို မြင်နိုင်ဖို့ လေ့ကျင့်ခဲ့တယ် ... ဒါပေမဲ့ အကျိုးဆက်က အများတကာ မေးငေါ့ကာ အမြင်ကတ်လို့ မုန်းစရာဖြစ်ကာ ... အရိုင်းအစိုင်းအဖြစ် မြင်လာ"

သူသည် သီချင်းထဲမှာ မျောနေသောကြောင့် ဘယ်အချိန်မှာ သီချင်းပြီးသွားမှန်းတောင် မသိပါ။ သူမရဲ့အသံက ဖောက်ထွက်လာတော့မှပင် သတိဝင်လာတော့သည်။

"ဟိတ် ... ကောင်းလား။ စိတ်ညစ်ဖို့"

"ဘယ်ကလာ။ အရမ်းကောင်းတယ်။ စိတ်ညစ်ဖို့တော့ မဟုတ်ဘူး။ နားထောင်လို့။ မင်း အဆိုတော်လုပ်ရင်တောင် ရတယ်။ Melody World မှာ ဝင်ပြိုင်ပါလား။ The Best ဆုကိုတော့ ရမှာသေချာတယ် ...

အခြေအနေပေးရင် မင်း အဆိုတော်တောင် ဖြစ်သွားနိုင်တယ်။ အခုလက်ရှိ တချို့အဆိုတော်တွေထက်တောင် မင်း အသံက ကောင်းတဲ့ဟာပဲ။ တကယ့်ကို အတီးရော၊ အဆိုရောက ပရော်ဖက်ရှင်နယ်လ် တစ်ယောက်လိုပဲ"

"ဟုတ်လား ... အရင်က ကော်ဖီဆိုင်လေး တစ်ဆိုင်မှာ အန်ပလက်ကျီး ဆိုသေးတယ်။ ကိုယ့်ဟာကိုယ် ဂစ်တာတီးပြီးတော့လေ။ အဖေက နာရင်းအုပ်ပြီး အိမ်ပေါ်ကနှင်ချတာနဲ့ မဆိုဖြစ်တော့တာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့မှာ ဖြစ်မှ ဖြစ်ရလေ ဟူသော စကားကိုတောင် မပြောနိုင်ပါ။ သူမကတော့ ဘယ်နှယ်မှ နေဟန်မရှိ။

“ဘာလဲ ... မင်းအဖေဓာ သီချင်းဆိုတာကို ခွင့်မပြုဘူးလား”

“ဘယ်ခွင့်ပြုမလဲ။ သူက စီးပွားရေးလုပ်ငန်းရှင်ကြီး၊ ဂုဏ်သိက္ခာရှိတဲ့ ပုဂ္ဂိုလ်ကြီးဆိုပြီးတော့လေ။ သူကျတော့ Restaurant က သီချင်းဆိုတဲ့ ကောင်မလေးတွေကို ပန်းကုံးစွပ်တာ နေ့တိုင်းပဲလေ”

“ဟာ ... ကိုယ့်အဖေကိုယ် အဲဒီလိုပဲ ပြောရလား”

“ကိုယ့်အဖေကိုယ် ရှုတ်ချနေတာ မဟုတ်ဘူး။ အမှန်တရားကိုပဲ ပြောပြနေတာ၊ အမှန်တရားကိုမှ လူတွေက လက်မခံကြတာ။ အဲဒါကြောင့် တို့က အခုန ဆိုပြခဲ့တဲ့ ‘မှားတဲ့ဘက်မှာ’ ဆိုတဲ့ သီချင်းကို ဆိပ်ကြိုက်တာ။ လူတွေက မှားတယ်လို့ သတ်မှတ်ထားတဲ့ Side တွေကနေ နေကြည့်တယ်။ မှားတဲ့ဘက်က ခံစားကြည့်တယ် ....

အဲဒီတော့ သီချင်းထဲကလိုပဲ အမြင်ကတ်လို့ မှန်းစရာဖြစ်လာ၊ အရိုင်းအဖိုင်း မြင်လာ ဆိုတဲ့အတိုင်း ဖြစ်သွားတာပေါ့’





“ဟင်း ... မင်းအတွက်နဲ့ ခက်ပါတယ် လေဒီချမ်းရယ်”

“ယူ ... သက်ပြင်းတွေ မချစမ်းပါနဲ့။ ပေါ့ပေါ့ပါးပါးပဲ နေစမ်းပါ။ တို့တောင် ဒီဘဝထဲမှာ အသားကျနေပြီ”

“မဟုတ်သေးဘူး လေဒီချမ်း။ စိုင်းထီးဆိုင် ဆိုထားတဲ့ ကိုယ့်အချစ်နဲ့ အရာရာကို အကောင်းအတိုင်း ဖြစ်စေမည် ဆိုတဲ့ သီချင်းကို မင်း ကြားဖူးတယ် မဟုတ်လား”

“ကြားဖူးတယ်လေ၊ ယူရော အဲ့ဒီသီချင်းရဲ့ အဓိပ္ပာယ်ကို ဂယနဏ သဘောပေါက်ရဲ့လား”

သူမကတောင် မေးခွန်းပြန်ထုတ်သဖြင့် သူက ...နည်း တွေသွားသည်။ သူ ဆက်မပြောနိုင်တော့ဘူး ထင် ...ဖြင့် သူမကပဲ ဆက်ပြောပါသည်။

“သီချင်းထဲမှာ ပါတယ်လေ၊ ပျိုတယ် အိုတယ်ဆိုတာ ကျဉ်းမြောင်းတဲ့ အယူအဆပါကွယ်၊ ကိုယ့်အချစ်နဲ့ အရာရာကို အကောင်းအတိုင်း ဖြစ်စေမယ် ဆိုတာလေ ...

သီချင်းရှင် ဆိုလိုတာက သူ ချစ်တဲ့သူဟာ ပျိုပျို အိုအို ဘာပဲဖြစ်နေ ဖြစ်နေ သူ့အတွက်ကတော့ သူ့အချစ်နဲ့ စင်းလုံးချောပဲ မြင်တယ်။ အကောင်းအတိုင်းပဲ မြင်တယ်။ အဲလို ဆိုလိုတာ”



www.burmeseclassic.com

www.burmeseclassic.com



"နိုး ... အဲလို မဟုတ်ပါဘူး။ သူ့အချစ်နဲ့ အရာရာကို အကောင်းအတိုင်း ပြုပြင်ဖန်တီးမယ်။ ကောင်းသွားစေ မယ်၊ အဲလို ပြောတာ"

"ဟာ ... မဟုတ်ပါဘူး။ စာသားထဲမှာ အတိအကျ ပါပြီး သားပဲ၊ ပျိုတယ် အိုတယ်ဆိုတာ ကျဉ်းမြောင်းတဲ့ အ အသပါကွယ်တဲ့။ သူ တကယ်ချစ်တော့ ပျိုတယ် အိုတ တစ်ခုလပ် အဲဒါတွေကို မမြင်ဘူး။ အဲဒီ...အတိုင်းကို အရှိအတိုင်း လက်ခံတာ ...

သူ ချစ်တော့ အရာရာကို အကောင်းအတိုင် မြင်တာ။ ပြောင်းလဲဖန်တီးမယ်လို့ မပါဘူး"

"ဩော် ... ဆိုလိုတာကတော့ အကောင်းအတိုင်း ဖြစ် မည်ဆိုတာ ကောင်းအောင်လုပ်မယ်ဆိုတဲ့ သဘော သူ ချစ်တဲ့အတွက် စေတနာနဲ့ ကောင်းအောင် ဖန်တီး မယ်လို့ ပြောတာ"

"ဟင် ... သူ ဖြစ်ချင်တာတွေ လျှောက်ပြောနေပြီ ကဲ... အဲဒီပြဿနာကို အဖြေရှာချင်ရင်တော့ တေး ဆရာ စိုင်းခတ်လိုက် ရှိတဲ့ မန္တလေးကို လိုက်သွာ ဖြစ်တော့မယ်"





"အင်း ... သွားမယ်လေ မန္တလေးကို။ မင်းသာ လိုက်မယ် ဆိုရင် သွားမေးကြမယ်။ တကယ်လို့ ကိုယ်ပြောတာ ဟုတ်တယ်ဆိုရင် ကိုယ်ပြောသလို မင်း လိမ္မာလာမလား"

"ဟေး ... ယူ တော်တော်လွန်နေပြီနော်။ တို့က အခု ဘာ တွေဆိုးနေလို့လဲ"

"မဆိုးပါဘူး၊ မင်းမှာ လိမ္မာတဲ့ ဗီဇကောင်းလေး ပါလာ တယ်ဆိုတာ ကိုယ် သိပါတယ်။ မင်းကိုလည်း နားလည် တယ်။ အပြည့်အဝကို နားလည်ပါတယ်။ ဒါပေမဲ့ ကိုယ် နားလည်ရုံနဲ့ မပြီးသေးဘူးလေ။ ပတ်ဝန်းကျင်ကလည်း နားလည်ဖို့တော့ လိုသေးတယ် ...

အဲဒီအတွက် မင်း နည်းနည်းလေးတော့ အရှိုးပြောင်း မှ ရမှာပေါ့။ ဥပမာ ... မင်းနဲ့ အဆင်မပြေတဲ့ လူတစ် ယောက်ပဲဖြစ်ဖြစ်၊ မင်းကို မကြည်လင်တဲ့သူကိုဖြစ်ဖြစ်၊ မင်းကစပြီး ကြည်ကြည်ဖြူဖြူ ဆက်ဆံတာမျိုးပေါ့ ...

တဖြည်းဖြည်းနဲ့ မင်း ပြောင်းလဲယူလိုက်ရင် ပတ် ဝန်းကျင်မှာ မင်းက ကောင်းသတင်းနဲ့ မွှေးပျံ့လာတဲ့ ပန်းလေးတစ်ပွင့် ဖြစ်လာမှာပါ"

သူမအာက်မှ ခေတ္တတိတ်ဆိတ်သွား...သည်။ ပြီးတော့မှ ...ကျက်ကပ်သော အသံတစ်ခု ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယူ ဘာ့အတွက်ကြောင့် တို့ကို ဒီလိုပြောင်းလဲနေစေချင်ရတာလဲ"

"ကိုယ့်စေတနာကြောင့်ပါ"

"ဟုတ်လား။ တစ်ခါတလေမှာ လူတွေက ကိုယ်ဖြစ်စေချင်တဲ့ ကိုယ့်ရဲ့အတ္တတစ်ခုကို လူကြားကောင်းအောင် စေတနာပါလို့ ပုံစံပြောင်းထားတာတွေလည်း ရှိတတ်တယ်"

"ဟာ ... မင်းက ကိုယ့်ကို အဲ့လိုထင်လား ၊ သေဒီချမ်းရယ်"

"ကြာရင်တော့ ထင်မိတော့မယ်။ ယူ့ကိုယ်ယူလည်း ဆန်းစစ်ကြည့်ပါဦးလေ။ နေပါဦး၊ ယူ့ကို တစ်ခုမေးပါဦးမယ်။ ယူတို့ ယောကျ်ားလေးတွေမှာ အချစ်ကို ပုံစံတစ်မျိုး သတ်မှတ်ထားတာ ရှိမှာပေါ့ ...

ယူ သတ်မှတ်ထားတဲ့ အချစ်ပုံစံတစ်မျိုးက ဘာလဲ။ အချစ်ရဲ့ပါဝါက ဘယ်လိုမျိုးလဲ။ အချစ်မှာ ပါဝါတစ်ခုရှိတယ်။ အဲဒီပါဝါနဲ့ ဘာမဆို ပြောင်းလဲလို့ ရလိမ့်မယ်လို့ ထင်ထားလား"

သူ နည်းနည်းတော့ တွေသွားမိသည်။ ပြီးတော့ သူ့ယုံကြည်ချက်အတိုင်းပဲ ခိုင်ခိုင်မာမာ ပြောလိုက်ပါသည်။





"ဟုတ်တယ်။ အချစ်မှာ ပါဝါတစ်ခုရှိတယ်။ အဲဒါက ဘာလဲဆိုရင် လူတစ်ယောက်ကို တကယ်ချစ်တယ်၊ နေရာပေးမိပြီဆိုရင် သူ့အတွက် ကောင်းတာတွေ ပြောင်းလဲလာတာမျိုးပေါ့ ...

ဥပမာ ... ဒေါသကြီးတတ်တဲ့လူ၊ စိတ်ဆတ်တတ်တဲ့လူက သူ ချစ်တဲ့သူနဲ့ ပတ်သက်လာရင် အဲဒါတွေကို လျှော့ချဆင်ခြင်တာတို့၊ သိပ်ချစ်လို့ ခွင့်လွှတ်တာမျိုးတို့ စတာတွေဟာ တကယ်တမ်းကျတော့ အချစ်ရဲ့ပါဝါတွေပေါ့။ အချစ်စစ်တစ်ခုမှာ ကိုယ့်ချစ်သူကို စိတ်ချမ်းသာစေချင်တာမျိုးတွေ ပါတယ်လေ"

"ဟင့်အင်း ... တို့ကတော့ အဲလို လက်မခံဘူး။ အချစ်စစ်ဆိုတာ လူတစ်ယောက်ရဲ့ ပုံရိပ်စစ် တကယ့် Image ကို အရှိအတိုင်း လက်ခံခြင်းပဲ ...

ပြောင်းလဲဖို့ ကြိုးစားပြီး ကိုယ် လိုချင်တဲ့ ပုံစံတစ်ခုကိုရောက်မှ တကယ်ချစ်တာလို့ သတ်မှတ်တာ အချစ်စစ်လို့ မယူဆဘူး၊ လက်မခံဘူး"

သူမရဲ့ တိုးတိတ်အေးစက်သော စကားသံအဆုံး သူတို့နှစ်ယောက်စလုံး တိတ်ဆိတ်သွားကြသည်။ သူက မှပြန်မပြောနိုင်ခင်မှာပဲ သူမထံမှ စကားသံတစ်ခုက ထပ်၍ ...ဘာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ယူနဲ့ တို့ရဲ့ အချစ်အပေါ် သဘောထားကတော့ ပြဒါး တစ်လမ်း သံတစ်လမ်းပဲနော်"

သူက ဘာမှပြန်မပြောမိ။ ဒါဟာ မင်းရဲ့ တကယ့် ခံယူချက်လားဟု မေးမည့်ဟန်ပြင်တော့မှပင် သူက နှုတ်ဆက်စကားဆိုကာ ဖုန်းချသွားတော့သည်။

"အိုကေ ... ကိုယ်ယုံကြည်တာကိုပဲ ဆက်လုပ်ကြတာပေါ့။ Good Night ကိုယ် အိပ်တော့မယ်"

သူ့မှာ တားချိန်လေးတောင် မရလိုက်။ ဖုန်းပြန်ခါ ဖို့လည်း မစဉ်းစားမိတော့ပါ။ သူမ ပြောသွားသော စကားတွေကိုသာ အထပ်ထပ် နှလုံးသွင်းဆင်ခြင်ရင်း ရင်ထဲမှာ မောနေမိတော့သည်။ ဘာဖြစ်လို့များ လူတွေ့နဲ့ ဆန့်ကျင်ဘက်အတွေးတွေကို တွေးနေရတာလဲ လေဒီချမ်းလေးရယ်။

♥ ❧ ♥





ဖြေကြည့်ပါ(၁၁)

လူတစ်ယောက်ကို
ချစ်မိသွားတယ် ဆိုရင်
ယုံကြည်ခြင်းက ကပ်ပါသွားတတ်လား။

♥ ❧ ♥

www.burmeseclassic.com

www.burmeseclassic.com



## ၁၁

ဒီနေ့ ကျောင်းထဲက ကားပါကင်သို့ သူနှင့်အတူ
ကားကို ရှေ့ဆင့်နောက်ဆင့် ပြိုင်တူ ပါကင်ထိုးလာသူမှာ သ
မဆုံတာကြာပြီဖြစ်သော မေကျူက်သရေ ဖြစ်သည်။ စာမေးပွဲ
လည်း နီးလာပြီမို့ ကျောင်းလည်းပိတ်ခါနီးပြီ ဖြစ်လေရာ သူသ
မေလေးနှင့် သိပ်မဆုံဖြစ်ချေ။ ပြီးတော့ ခုတလော ဖစ်ဆစ်တ
သို့ ခါတ်ကျတော်မူနေလေရာ မြန်မာစာက မေလေးကို သ
မရနိုင်။ သူ့နှလုံးသားက ဘယ်ဟာကို အချစ်စစ် အချစ်မှန်
ခွဲခြားသိမြင်ပြီးသွားသည့် နောက်ပိုင်းမှာ မေလေးကို ထင်ယေ
ထင်မှား ဖြစ်စေမည့် လုပ်ရပ်မျိုးလည်း မလုပ်ချင်တော့ပါ။

အခုလို ထိပ်တိုက်တွေ့သည့် အချိန်မှာတော့
မေလေးကို ပြုံးပြနှုတ်ဆက်ရပါသည်။





"မတွေ့တာ ကြာပြီနော် မေလေး။ စာတွေရပြီလား"

"အင်း ... ရပါပြီ။ နေဦး မင်းဂနိုင်။ ရှင် အချိန်ရလား။ အချိန်ရတယ်ဆိုရင် ရှင့်ကို ပြောစရာရှိတယ်"

သူက ထူးဆန်းသော မေလေးရဲ့စကားကြောင့် တစ်ချက် ငေးကြည့်ဖြစ်ကာ ...

"ရပါတယ် ဘာပြောစရာရှိလို့လဲ။ အရေးကြီးလို့လား၊ ကန်တင်းမှာ ပြောမလား"

"ကန်တင်းအထိ မလိုပါဘူး။ ပြောစရာ ဆိုတာကလည်း သတိပေးစရာရယ်ပါ၊ ရှင် မသိသေးဘူး ထင်တာတွေကို အသိပေးရုံ သက်သက်ပါ"

သူက မေလေးရဲ့စကားကို စိတ်ဝင်စားဟန်ဖြင့် မျက်ခုံးတစ်ချက် ကြုတ်ကာတောင် ကြည့်လိုက်သည်။ မေလေးက တစ်ခုခုကို ဆုံးဖြတ်ပြီးသော မျက်နှာထားဖြင့် ခေါင်းကိုတစ်ချက် ဆတ်ကာ ...

"အမ်ချမ်းဘိုနဲ့ ကျွန်မက အမျိုးစပ်ရင် တော်တယ်ဆိုတာ သိလား"

"ဘယ်လို ! အမျိုးတော်တယ် ! ဟုတ်လား"

"အင်း ... ဟုတ်တယ်။ ကျွန်မက သူ့မိထွေးရဲ့ တူမပါ။ အန်တီငယ် အစ်မက ကျွန်မရဲ့အမေ ဆိုပါတော့။ ဒါကြောင့် သူဟာ ကျွန်မနဲ့ အမျိုးစပ်ရင် တော်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ပြောချင်တဲ့ အဓိကအကြောင်းရင်းက အဲဒါ မဟုတ်ဘူး။ သူ့ရဲ့စိတ်နေသဘာဝနဲ့ စရိုက်ပါ။ သူက ကျွန်မတို့ကို မုန်းတယ် မင်းဂနိုင်။ အဲဒီအတွက် ကျွန်မတို့နဲ့ ပတ်သက်တဲ့သူ မုန်သမျှကို သူ့ဘက်ပါအောင်လုပ်ဖို့ ဝန်မလေးဘူး ...

သူ့ဘက်ရောက်သွားရင် သူ နိုင်တယ်လို့ သတ်မှတ်တာ။ ပွင့်ပွင့်လင်းလင်း ပြောရရင် သူနဲ့ ရည်းစားဖြစ်ခဲ့တဲ့ လူတွေထဲက သုံးလေးယောက်ဟာ ကျွန်မနဲ့ ပတ်သက်ကြတဲ့ လူတွေပါ။ ဒီလို ပြောရတာ ရှက်ဖို့တော့ ကောင်းပေမယ့် ... ဂနိုင် တစ်ယောက် သူ့အကွက်တွေအောက်မှာ ပါသွားမှာစိုးလို့ စေတနာနဲ့ သတိပေးတာပဲ ဂနိုင်"

သူသည် မထင်မှတ်သော စကားတွေကို ကြားကာ အံ့သြလွန်းသောကြောင့် မေကျက်သရေကို ကြောင်ပြီး ငေးကြည့်နေမိသည်။

"ရှင်နဲ့ သူ ဒီလောက်တွဲနေတာ သူ ရှင့်ကို ပြောမပြဘူး မဟုတ်လား"

ဟုတ်နေသောကြောင့် သူ ဘာမှပြန်မပြောနိုင်ပါ။ ငြိမ်သက်ရင်းသာ ရှိနေသည်။ မေလေးက မဲ့ပြုံးတစ်ချက်ပြုံးပြကာ ...





"သူနဲ့ ကျွန်မ အဲဒီလို ပတ်သက်မှုရှိတယ် ဆိုတာ ဘယ်သူ့ကိုမှ ပြောမပြဘူး ဂနိုင်၊ ဘယ်သူကမှလဲ မသိကြဘူး ...

အဲဒီတော့ ရှင် စဉ်းစားပေါ့။ ရှင့်ရှေ့မှာ ဥပမာတွေ အများကြီးရှိပါတယ်။ ရှင့်ကို ကျွန်မ တကယ်ခင်လို့ စေတနာနဲ့ သတိပေးတာပါ ...

သူ ဘယ်အချိန်အထိ ဆက်ဖုံးကွယ်ထားပြီး ရှင့်ကို ဘာဆက်လုပ်မယ်ဆိုတာကို ကျွန်မလည်း စိတ်တော့ဝင်စားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ရှေ့ကလူတွေကိုလည်း သူ ကျွန်မကို အဲဒီလို စိန်ခေါ်ခဲ့ဖူးလို့လေ"

သူက မေလေးကို ထိတ်လန့်တကြား မော့ကြည့်မိ ...က်လျှင် မေလေးက မျက်ခုံးတစ်ဖက်ကို ပင့်ချီပြကာ အထက် ...းဆန်သော အပြုံးမျိုးဖြင့် ပြုံးလျက် ချာခနဲ လှည့်ထွက်သွား ...သည်။ သူသည် နောက်ကျိရှုပ်ထွေးသော စိတ်တို့နှင့်အတူ ဝေဝေ ...ါးဖြစ်ကာ ဒီအတိုင်း ရပ်ကျန်ရစ်ခဲ့သည်။ နားထဲတွင် မေ ...ကျက်သရေ ပြောသွားသော စကားတွေကမထွက်။ ယုံမရလို ...ယုံရမလိုလိုဖြင့် အာရုံတွေ ချက်ချင်းပဲ နောက်လာသည်။

မေကျက်သရေလို မိန်းကလေးတစ်ယောက်က ပြော ...သည့်အတွက်လည်း ပို၍ဦးနှောက်ခြောက်ကာ စဉ်းစားရခြင်း



www.burmeseclassic.com

www.burmeseclassic.com



ခြင်းသည်။ အမ်ချမ်းဘို သူ့အနားသို့ ရောက်လာခြင်းဟာ တကယ်ပဲ သွေးရိုးသားရိုးမှ ဟုတ်ရဲ့လား။ မေကျက်သရေ ပြောခဲ့သလို နှောင့်ယှက်လိုစိတ် သက်သက်ကြောင့်လား။ သူ တကယ်ပဲ မဝေခွဲတတ်တော့ပါ။ သူ့ရင်ထဲမှာ ချက်ချင်းပဲ နွမ်းလျလာပါသည်။ သူက နိုင်မာစွာ ချစ်သွားမိပြီဖြစ်သော အချစ်တစ်ခုရဲ့ နောက်ကွယ်တွင် ဘယ်လိုလျှို့ဝှက်ချက်တွေများ ရှိနေမှာပါလိမ့်။ အမ်ချမ်းဘိုကရော သူ့အပေါ်တွင် တကယ့်မေတ္တာစစ်မျိုး ထားနိုင်ပါ့မလား။ မေလေး ပြောသလိုပဲ ဖြစ်နေမလား။ သီအိုရီအတိုင်း တွက်ကြေးဆိုလျှင်တော့ သူမဟာ လူတွေနဲ့ ဆန့်ကျင်ဘက်မှာနေလျက်မှားတာတွေကိုမှ သဘောကျသူဖြစ်သည်။ ပြီးတော့ အရွဲ့တိုက်ချင်စိတ်ကလည်း ရှိနေသေးသည်။

သူသည် ရင်ထဲမှာ ဗလောင်ဆူ မွန်းကျပ်လာမှုနှင့်အတူ ကန်တင်းသို့ ရောက်လာသည်။ ကန်တင်းမှာက သူငယ်ချင်းတွေအားလုံး စုံနေကြပြီဖြစ်သည်။ တစ်ခုခု ဖြစ်လာလျှင် ဟန်မဆောင်တတ်သော သူ့ရုပ်ကို အားလုံးက ဝိုင်းကြည့်ကြကာ

"ဟော့ကောင် ... မင်း ဘာဖြစ်လာတာလဲ၊ တစ်ယောက်ယောက်နဲ့ ငြိလာတာလား"

"အေးလေ ... ရုပ်က ရေချိန်မကိုက်တဲ့ အထာကြီးနဲ့





သူက ခေါင်းခါယမ်းပြရင်းမှနေ၍ ခုံမှာ ဝင်ထိုင်လိုက်ကာ လာမေးသော စားပွဲထိုးလေးကို စူပါလီမွန်တီးတစ်ခွက်ဟု မှာလိုက်သည်။

"လန်းချင်တယ်ပေါ့။ အေး ... အဲဒါ သောက်လိုက်။ မင်း လန်းသွားပြီဆိုမှ မင်းကို ငါ ပြောစရာတစ်ခုရှိတာ ပြောမယ်"

"ဘာပြောမှာလဲ"

မိုးကိုက သူ့ကို တစ်ချက် အကဲခတ်သလို ကြည့်ပြီးမှ ...

"ငါ ကောင်မလေးဆီက ပြန်ကြားတာကွ။ သူက မေကျက်သရေတို့အဖွဲ့ထဲက တစ်ယောက်နဲ့ ခင်တယ်။ မေမိစံဝင်းနဲ့လေ။ အဲဒါ ဘာကြားလာရလဲဆိုတော့ မင့် အမ်ချမ်းဘိုနဲ့ မေကျက်သရေက ဆွေမျိုးစပ်ရင် တော်တယ်ဆိုပဲ ...

အမ်ချမ်းဘိုရဲ့ မိထွေးက မေကျက်သရေရဲ့ အဒေါ်တဲ့။ အမ်ချမ်းဘိုက မေကျက်သရေကို ရေလည်မှန်းတယ်ဆိုပဲ ...

မေကျက်သရေကို ဝိုက်တဲ့ တကယ့်လူတွေကို ဖြတ်ဖြတ်ခုတ်သွားတာတဲ့။ မေကျက်သရေနဲ့ ကြည်ခါနီးပြီဆို



www.burmeseclassic.com

www.burmeseclassic.com



ငင်း သူ့နောက် ပါသွားလိုက်ပေါ့။ သူတင်မဟုတ်ဘူး၊ သူ့မိထွေးရဲ့သမီး သူနဲ့ ဖအေတူ မအေကွဲ ညီမရဲ့ချစ်သူကို တောင်မှ ဖြတ်ခုတ်သွားကယ်လို့ ပြောတယ်။ တကယ် ကြိုက်လို့လည်း မဟုတ်ဘူး။ ဟိုမိန်းမတွေကို သက်သက် ဒေါက်ဖြုတ်တာပေါ့ကွာ။ အဲဒီလို ဒီဇိုင်းမျိုး ရှိတယ်လို့ ပြောတယ် ...

အခုလည်း မင်းကို အဲဒီအထာမျိုး လုပ်နေပြီလို့ ပြောတယ်။ ဒီတစ်ခါကတော့ တကယ့် အော်ပရေးရှင်း ဖြစ်မယ်လို့ ပြောတယ်"

"ဘာတကယ့်အော်ပရေးရှင်းလဲ"

"သြော် ... အရင်လူတွေနဲ့ မေကျက်သရေနဲ့က အဲဒီလောက် မဟုတ်ဘူးလေ့။ မင်းကိုကျတော့ မေကျက်သရေကိုယ်တိုင် က favour ပေးတယ်၊ မင်းတို့နှစ်ယောက် အခြေအနေကို လည်း အားလုံးက စောင့်ကြည့်နေကြတာ မဟုတ်လား ...

ပြီးတော့ ... မင်းနဲ့ ပတ်သက်ပြီး နောက်ပိုင်းမှာ အမ်ချမ်းဘိုကလည်း သူ့ဇယားတွေကို အားလုံးရှင်းထား တယ်ဆိုတော့ ဒီတစ်ခါ အော်ပရေးရှင်းက ကြီးတယ်ပေါ့ ကွာ။ ဘာပဲဖြစ်ဖြစ် နောက်ဆုံးတော့ မင်းကိုလည်း စား သွားမှာပဲပေါ့ ...





မေကျက်သရေတို့ အုပ်စုက အဲဒါကိုပဲ လောင်းကြေး ထပ်ထားကြတယ်"

အဲဒီစကားကြောင့် သူ့ရင်ထဲကွင် တင်းခနဲ ဖြစ် သွားသည် စိတ်တွေလည်း နောက်ကျိရှုပ်ထွေးလို့ လာရပါသည်။ ညိုမင်းက သူ့ကို တစ်ချက်ကြည့်ကာ ...

"မင်းက အမ်ချမ်းဘိုနဲ့ ဘာဖြစ်လာလို့လဲ"

"သူနဲ့က ဘာမှမဖြစ်ပါဘူး"

"ဒါဖြင့်ရင် !။ နေဦး ... ဒီကိစ္စကို မင်း သိပြီးသားလား။ အမ်ချမ်းဘိုက မင်းကို မေကျက်သရေဟာ သူ့မိထွေးရဲ့ တူမပါလို့ ပြောလား"

"မပြောပါဘူးကွာ၊ မေကျက်သရေ အကြောင်း ဆက်တောင် မဆက်စပ်မိဘူး"

"ဒါဖြင့်ရင် တမင် မပြောတာလား"

အဲဒီမေးခွန်းကိုတော့ သူလည်းပဲ မဖြေနိုင်ပါ။ ဖွင့် မပြောသောသူက မရိုးသားစတမ်းဆိုလျှင် သူ့ကို ပြောပြခဲ့သော မေကျက်သရေက တကယ်ပဲ ရိုးသားသူလား။ အမ်ချမ်းဘိုကရော ရှေ့ကကိစ္စတွေကို တကယ်ပဲ ကျူးလွန်ခဲ့တာလား။ ဒါကိုတော့ မဖြစ်နိုင်ဟု ငြင်းစရာ အကြောင်းမရှိပါ။ သူမကိုယ်တိုင်က မှား ဘဲ့ဘက်မှာဟု ဝန်ခံထားပြီးဖြစ်သည်။ ရုပ်ရှင်ကြည့်ရင်တောင်



www.burmeseclassic.com

www.burmeseclassic.com



လူဆိုးတွေကိုမှ အားပေးပြီး ကြိုက်တတ်သူ၊ ရွှေယုန်နဲ့ ရွှေကျား ပုံပြင်မှာ ရွှေယုန်ဆိုးလေးကိုမှ နှစ်သက်တတ်သူ သူမဟာ သူ့အနားကို ရိုးရိုးသားသားရော ရောက်လာခဲ့တာမှ ဟုတ်ရဲ့လား။

သူ့အိမ်အထိ လိုက်ပြီး ဆေးလိမ်းပေးခဲ့တာဟာ တကယ့်စိတ်ရင်းမှန်လား။

တစ်ခုခုအတွက် စဉ်းစားမှုလား။ သူ့ မျက်မှောင်တွေ ကြုတ်သထက် ကြုတ်လာသည်။

"ငါ အခု ကားပါ့ကင်မှာ ရမလေးနဲ့ တွေ့ခဲ့တယ်။ သူက လည်း ငါ့ကို အဲဒါတွေ ပြောပြလိုက်တယ်"

"ဟာ"

သူ့သူငယ်ချင်းတွေအားလုံး ပါးစပ်အဟောင်းသား ပွင့်သွားကြသည်။ သူ့မျက်နှာကိုလည်း ရုပ်ရှင်မင်းသား ဘရက်ပစ်ကို ငေးသလို အားလုံးက ဝိုင်းငေးနေကြပါသည်။ သူသည် ဘာမှ မပြောနိုင်ဘဲ စိတ်ရှုပ်စွာနှင့် ခေါင်းတွေကို ခါယမ်းနေမိသည်။ ဘယ်ဟာက အမှန်၊ အမှားလဲတော့ မခွဲခြားတတ်တော့ပါ။ ယောက်ျားမာနလေးကလည်း ရှိသဖြင့် သူ ကစားခံရမှာ၊ အသုံးချခံရမှာကိုလည်း ကြောက်ပါသည်။

"ဒါကြောင့် ငါ မပြောဘူးလား၊ အမ်ချမ်းဘိုက ရှော့ရှိပါ တယ်လို့"





"အေး ... မင်း သေချာလည်း ကြည့်လုပ်ဦးနော်။ ရှေ့မှာ လည်း ရာဇဝင်တွေက ရှိခဲ့ဖူးတယ်ဆိုတော့။ ဟင်း ... မလွယ်ပါဘူးကွာ၊ ရင်မောရပါတယ် ...

မင်းဟာက စိတ်လှုပ်ရှားရတာနဲ့လည်း မကာမိပါ ဘူး ...

ကိုယ့်ဟာကိုယ် မေကျက်သရေနဲ့ ငြိမ်နေရင်လည်း ပြီးရော"

"နေပါကွာ၊ အဲဒါတွေ မပြောပါနဲ့"

သူက စိတ်ရှုပ်ထွေးစွာနှင့် ဟန့်တားလိုက်ပြီးနောက် ိတ်ပျက်လက်ပျက်ဖြင့် စားပွဲပေါ်က လက်ဖက်ရည်ကို ကောက် မော့လိုက်သည်။ သူ့မျက်လုံးထဲတွင် အမ်ချမ်းဘို၏ သရော်တော် သော် အပြုံးများကို ပြေး၍မြင်ယောင်လာသည်။ ပြီးတော့ တစ်ခါ ဘန်းက သူမရဲ့ရည်းစားဟောင်းတစ်ယောက်ကို သူ့အား အသုံး ချခဲ့ပုံများ၊ စကိတ်နှင့် ဝင်တိုက်ခဲ့ပုံ စသဖြင့် သူ့အာရုံထဲ၌ ဘရေးရေး မြင်ယောင်လို့ လာသည်။ သံသယစိတ်ဆိုတာ လူ တစ်ယောက်ကို မွန်းကျပ်စေမှန်း သိသော်လည်း အဲဒီစိတ်ဝင်သွား ဆိုလျှင် ဖျောက်ဖျက်လို့ မရတာကလည်း ကြုံဖူးသူတွေမှ ကိုယ်ချင်းစာတတ်ကြပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



"မေကျက်သရေက မင်းကို လာဖွင့်ပြောပြတယ်ဆိုတော့ သူက တကယ့်စိတ်ရင်း စေတနာနဲ့ဆိုတာ သိသာတယ်ကွ။ အမ်ချမ်းဘိုက သူနဲ့ မေကျက်သရေ ဒီလိုတော်စပ်တာကို ပြောမပြတာကတော့ အကြောင်းတစ်ခုခု ရှိလိမ့်မယ်နဲ့ တူတယ်"

"အဲဒီအကြောင်းက ဘာအကြောင်းဖြစ်မှာလဲ၊ မေမိတို့ပြောနေသလို မင်းကိုချိုးဖို့ အကြောင်းသက်သက်ပဲ မဟုတ်လား"

"ဒီကောင့်ကိုတော့ ချိုးစရာ ဘာအကြောင်းရှိလဲ။ ချိုးချင်ချိုး မေကျက်သရေကို ချိုးတာပေါ့ကွ"

"မိန်းကလေးတွေကလည်း ခက်ပါတယ်ကွာ။ ဘာအထာတွေမှန်းကို မသိဘူး"

"မင်းကို သူ့အိမ်အကြောင်းတွေ ပြောပြတယ်ဆိုရင် သူ့မိထွေးအကြောင်းလည်း ပါမှာပေါ့။ သူ့မိထွေးနဲ့ ဆက်စပ်ပြီး မေကျက်သရေ အကြောင်း ပြောမပြဘူးလား"

"မပြောပါဘူးကွာ။ ငါလည်း ဒီမနက်မှ မေလေး ပြောလို့ သိရတာ။ မသိတော့ဘူးကွာ၊ စိတ်ရှုပ်တယ်"

"ငါ တစ်ခုမေးမယ်။ ဒီလိုကိစ္စတွေ သိလိုက်ရတော့ မင်း အမ်ချမ်းဘို အပေါ်မှာ ဘယ်လိုဖီလင်ရှိလဲ။ ချစ်နေတုန်းပဲ လား"





"ချစ်တာကတော့ ချစ်တာသက်သက်ပဲ။ တစ်ခုတော့ရှိတယ် အစက သူပြောတဲ့ စကားတစ်ခွန်းကို ငါ ဒီအတိုင်းပဲ ထားခဲ့တာ။ အခုတော့ ဒီကိစ္စနဲ့ပါ ဆက်နွယ်နေလားဆိုတာ စဉ်းစားလာရပြီ"

"သူက ဘာပြောလို့လဲ"

"ငါက ပြောတယ်လေ။ လူတစ်ယောက်က တကယ်ချစ်တတ်လာပြီဆိုရင် အချစ်အတွက်နဲ့ အရာရာကို အကောင်းဘက်ရပ်တည်ပြီး ပြောင်းလဲလာကြတယ်။ ကိုယ့်ချစ်သူအတွက် မကောင်းတာတွေကို စွန့်လွှတ်တတ်ကြတယ်ပေါ့...

အဲဒါကို မိန်းကလေးဖြစ်တဲ့ သူက လက်မခံဘူး။ လူတစ်ယောက်ကို ချစ်တယ်ဆိုရင် အရှိအတိုင်းပဲ လက်ခံရမှာပေါ့။ အရှိအတိုင်း လက်ခံတာကမှ အချစ်စစ်ပေါ့။ သူက ပြောသေးတယ်။ ခပ်ဆိုးဆိုး ကောင်လေးတစ်ယောက်ကို လိမ္မာမှ ချစ်မယ်ဆိုတာမျိုးက အချစ်စစ် မဟုတ်ဘူးပေါ့လေ။ ဆိုးတာကို ဆိုးတဲ့အတိုင်း ချစ်တာမှ အချစ်စစ်ပေါ့။ လူတစ်ယောက်ကို ကိုယ်လိုချင်သလို ပြုပြင်ပြောင်းလဲထားတာက အချစ် မဟုတ်ဘူးတဲ့"

"ဟား ... ဒါဆို ဘာလဲ။ မင်းကို ပုံစံမသွင်းနဲ့လို့ ပြောတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်။ သူကတော့ သူ့ဘက်က သဘောထားကို ပွင့်ပွင့်လင်းလင်း ကြေညာလိုက်တာပဲ၊ မင်းဘက်ကပဲ လိုတော့တယ်"

"သေချာစဉ်းစားပါဦးကွာ။ ငါတို့ကတော့ မင်းကို ပွဲဦးထွက်မှာ မရှုမလှ မဖြစ်စေချင်ပါဘူး ...

မင်းအတွက် အသင့်တော်ဆုံးက မေကျက်သရေပါ။ သူကိုယ်တိုင်က မင်းကို ဖွင့်ပြောခဲ့တယ်ဆိုတော့ သူ့စိတ် နေစိတ်ထားနဲ့ စေတနာကိုတော့ အသိအမှတ် ပြုရလိမ့် မယ်။ မင်းတို့ ဇာတ်လမ်းဟာ ရုပ်ရှင်ကားတစ်ကားဆိုရင် ဒီဇာတ်လမ်းမှာ မင်းက မင်းသား၊ မေကျက်သရေက မင်း သမီးဖြစ်ပြီး အမ်ချမ်းဘိုကတော့ ဗန့်ပဲပေါ့"

"တချို့တွေက ဗန့် မဖြစ်ချင်ဘဲ ဖြစ်ရတာ ဟုတ်ပေမယ့် သူကတော့ သူကိုယ်တိုင်ကကို ဗန့် ဖြစ်ချင်နေတာပါ"

သူငယ်ချင်းတွေက သူ့စကားတွေကို နားမလည် သလို ငေးကြည့်နေကြသည်။ သူကတော့ နားထဲတွင် သူမ ဆို ပြခဲ့ဖူးသော သီချင်းတစ်ပိုင်းတစ်စကို ကြားယောင်လာပါသည်။

"ဘိုင်စကုပ်ကြည့်တော့ လူကြမ်း ကိုအံ့ကျော်ကို အလွန် တရာနှစ်သက်ခဲ့တယ် ... ငါနံဘေးနားက ချစ်သူလေးက တောင် တဖြည်းဖြည်း ငါ့ကို လန့်ကာ ... ကြင်နာတတ်မယ့် တစ်ယောက်ကိုရှာ ..."





ရုပ်ရှင်ကြည့်ရင်တောင် လူဆိုးတွေကိုမှ ကြိုက်တတ် တဲ့ ကောင်မလေးရေ။ အပြင်ဘက်ဘဝမှာလည်း မင်းကိုယ်တိုင် က လူဆိုးတစ်ယောက်ပဲ ဝါကယ်ဖြစ်ချင်ခဲ့တာလား။ သိပ္ပံပညာ ရဲ့ Inertia သဘောတရားမှန်ကြောင်းကို သက်သေပြနေခဲ့တာ လား။ ဒါဆိုရင်တော့ ငါ့ရင်ခွင်မှာ လာသက်သေမပြပါနဲ့လားကွာ။

♥ ❧ ♥



www.burmeseclassic.com

www.burmeseclassic.com



၉

နွေကျောင်းပိတ်ခါနီးပြီမို့ ကျောင်းထဲတွင် ရွက်ကြွေခြောက်တွေက လွင့်ဝဲနေကြသည်။ မတ်လဆန်းပြီမို့ နွေ၏သရုပ်သည် ပီပီပြင်ပြင် စ၍ပေါ်နေပြီဖြစ်သည်။ မနှစ်က နာဂစ်ကြောင့် ဆုံးရှုံးသွားခဲ့သော ရန်ကုန်မြို့၏ သစ်ပင်များကြောင့် ဒီနှစ်နွေသည် ဘယ်လောက်တောင်များ ပူပြင်းဦးမှာပါလိမ့်။ အခုလောလောဆယ် နွေအဝင်မှာတောင် ရာသီဥတုက တော်တော်ပူနေခဲ့ပြီဖြစ်သည်။ နွေအပူနှင့် စာမေးပွဲသည် ကျောင်းသားတိုင်းအတွက် အမှတ်တရလားတော့ မပြောတတ်ပါ။ သူသည် ကားပါ့ကင်မှာ အမ်ချမ်းဘို ဆိုသော ကောင်မလေးတစ်ယောက်ကို စောင့်နေသည်။

သံသယစိတ်နှင့် တစ်နှစ် ရှင်သန်နေရခြင်းသည် လွတ်လပ်ပေါ့ပါးသော နှလုံးသားဖြင့် တစ်ရက်ရှင်သန်ရခြင်းလောက် မကောင်းနိုင်ဟူသော အယူအဆကို လက်ခံပြီးသည့် နောက်မှာ သူတစ်ယောက် သူမကို ပွင့်ပွင့်လင်းလင်း ဖွင့်မေး ဆုံးဖြတ်လိုက်ပြီဖြစ်သည်။ အဲဒီအတွက် နောက်ဆက်တွဲ အကျိ





ဆက်များကို သူ သိပ်စဉ်းစားမနေတော့ပါ။ လောလောဆယ်မှာ သူ့ရင်ထဲ၌ မွန်းကျပ်နေသည်။ ပြီးတော့ နည်းနည်းပူလောင်နေသည်။ သူ့အချစ်တွေကို ကြားထဲက စားစာခံတော့ အဖြစ်မခံနိုင်ပါ။ ဒီအတွက် နည်းနည်းစွန့်စားရတော့မည် ဆိုလျှင်လည်း စွန့်စားရုံပဲ ရှိတော့မည်။

သူမကို ရည်းစားစကားပြောဖို့ မဟုတ်ဘဲ သိချင်သော မေးခွန်းလေးတွေ ဖွင့်ပေးဖို့ အရေးမှာကို သူ့နှလုံးသားတွေ ဘဒိတ်ဒိတ် ခုန်နေသည်မှာ ထူးတော့ ထူးဆန်းပါသည်။ သူမက ကားပေါ်မှ ဆင်းလာသည်။ သူက သူမအနားသို့ လျှောက်သွားသောအခါ သူမက သူ့ကို ပြုံးပြသည်။

"အမ်ချမ်း ... မင်းကို မေးစရာရှိလို့ စောင့်နေတာ"

သူမက မျက်ခုံးတစ်ဖက်ကို လှစ်ခနဲ ပင့်လိုက်ရင်း...

"အဆန်းပါလား။ ဘာများလဲ (နာရီကို တစ်ချက်ပင့်ကြည့်ရင်း) အတန်းချိန် နည်းနည်းနီးနေပြီ။ လမ်းလျှောက်ရင်း ပြောသွားလို့ ရမလား"

"ပြောကြတာပေါ့လေ"

သူက ခေါင်းတစ်ချက် ဆတ်ပြရင်း သူမဘေးမှ ပါလာသည်။ တစ်ချက် တစ်ချက် သူမထံမှ သင်းပျံ့လာသော



www.burmeseclassic.com

www.burmeseclassic.com



ရေမွှေးနံ့လေးကို ရှူရှိုက်မိသည့် အခိုက်တွင် ဒါ နောက်ဆုံးလား ဟု တွေးမိသောအခါ ရင်ထဲ၌ တိုက်ခိုက်သွားသည်။ လေပွေတစ်ချက်က သူမရဲ့ဆံနွယ်တွေကို ပွတ်တိုက်သွားသောအခါ သူမက ဆံနွယ်တွေကို သပ်တင်ရင်း ဟားခနဲ ရေရွတ်ကာ ...

"နွေရဲ့စတိုင်လ် စစ်စစ်ပဲနော်၊ ဟိုသီချင်းလေးကို သတိရမိတယ်။ နွေရောက်ပြီလေ ... ရိုးတံကျဲကျဲ ပင်အိုတို့ အလှချင်းလည်းပြိုင် ... ဆိုတာရော ...

အင်း ... စာသင်နှစ် semester တစ်ခုကလည်း ဘာမှမကြာလိုက်သလိုပဲ"

"ဟုတ်တယ် အမ်ချမ်းဘို။ ကိုယ့်အတွက်တော့ First semester ဟာ တစ်ပတ် နှစ်ပတ်လောက်ပဲ ကြာတယ် ထင်ရတယ်"

"အဟုတ်လား။ အဲဒါ Relitivity Theory ပဲလေ။ သိတယ် ဟုတ်။ အိုင်းစတိုင်းရဲ့ သိပ္ပံလောကတစ်ခုလုံးကို တုန်လှုပ်သွားစေတဲ့ သီအိုရီပေါ့"

"ဘယ်လို သဘောမျိုးမို့လို့လဲ"

"အိုင်းစတိုင်းက ကောလိပ်တစ်ခုက ကျောင်းသားတွေကို သူ့ရဲ့ Relitivity Theory ကို ဒီလိုရှင်းပြခဲ့တယ်။ အမောင်တို့ လှပတဲ့ မိန်းကလေးတစ်ယောက်နဲ့ နှစ်နာရီလောက်





ထိုင်ရတဲ့အခါ တစ်မိနစ်လောက်သာလို့ အမောင်တို့ ထင်ရတယ်။ ဒါပေမဲ့ အမောင်တို့တစ်တွေ ပူနေတဲ့ မီးပူပေါ်မှာ တစ်မိနစ်လောက် ထိုင်ရတဲ့အခါ အမောင်တို့ နှစ်နာရီလောက် ထင်ရတယ်။ အဲဒါဟာ Relitivity ပဲတဲ့"

အဲဒီအချိန်မှာပဲ သူတို့နှင့် ရှေ့တူရူမှာ လျှောက်လာတာက မေကျက်သရေ ဖြစ်သည်။ ဒီနေ့မှပဲ တိုက်တိုက်ဆိုင်ဆိုင် သူမှနှင့် မေလေးကို မျက်နှာချင်းဆိုင် အနေအထားဖြင့် ဆုံဖူးတော့တာ ဖြစ်သည်။ သူသည် ကိုယ့်ခံစားချက်တွေကိုတောင် မေလျော့လျက် သူမတို့နှစ်ယောက်ရဲ့ အနေအထားကို မှင်သက်၍ အကဲခတ်နေမိသည်။ သူမကတော့ ထုံးစံအတိုင်း အေးဆေးပါပင်။

မေလေးကတော့ သူတို့နှစ်ယောက်ကို အစိမ်းပြယ်ပါပါ ကြည့်လျက် စတင်နှုတ်ဆက်သည်။

"အမ်ချမ်းဘို ... နေကောင်းတယ်နော်"

"မြင်တဲ့အတိုင်းပဲလေ"

သူမကလည်း မခေပါ။ ခပ်သင်းသင်းလေးပဲ တုံ့ပြန်သည်။ မေလေးက မဲ့ပြုံးတစ်ချက်ကို ပြုံးကာ ...

"ဘယ်လိုလဲ ဒီကစ်ခါရော ဒါ နင် သက်သက်ဆင်ထားတဲ့ ခွင်ပဲလား"



www.burmeseclassic.com

www.burmeseclassic.com



မေလေးရဲ့စကားက စနတ်တံကို မီးရှို့လိုက်သလိုပဲ ဖြစ်သည်။ သူသည် ထိတ်လန့်တကြားနှင့် အမ်ချမ်းဘိုရဲ့ မျက်နှာကို ကြည့်မိသည်။ သူမကတော့ ထုံးစံအတိုင်း သရော်မော်ကားအပြုံးဖြင့် ...

"နင် ထင်ချင်သလိုသာ ထင်လေ"

အဲဒီအပြောကြောင့် သူ့သွေးတွေ ဖျင်းခနဲ ဖြစ်သွားသည်။ ဒါ သူ့ကို စိန်ခေါ်လိုက်သော စကားလည်း ဖြစ်ပါသည်။ မေလေးက အဲဒီအပြောကိုတော့ နှုတ်ခမ်းတစ်ချက်မဲ့ကာ ...

"အေးပါ။ ဒါဆိုရင်တော့ ငါ ထင်တဲ့အတိုင်း ဟုတ်နေပြီပေါ့။ တစ်ခုတော့ ပြောထားမယ်နော်။ အဲဒီလိုလုပ်တိုင်း နင် ငါ့ကို နိုင်နေတယ် ထင်မနေနဲ့။ နင့်ရဲ့ဘောင်မဝင်တဲ့ စွမ်းဆောင်မှုတွေဟာ နင့် impression ကိုပဲ ပြန် down စေတာ ...

အဲဒါကို ကျပ်ကျပ်မှတ်ထားဦး"

"မလိုပါဘူး၊ အဲဒါ ငါ့ အကန့်ပါ"

"ငါ သိပါတယ်။ နင်က သေမထူး နေမထူးပဲ။ နင့်အတွက် နာမည်ပျက်ဆိုတာ ဆန်းတဲ့ကိစ္စမှ မဟုတ်တော့တာ ...

ဂနိုင် ... ရှင့်အတွက် စိတ်မကောင်းပါဘူး"





မေလေးက သူ့ကို နှုတ်ဆက်ပြီးလျှင် ချာခနဲ လှည့်ထွက်သွားသည်။ သူသည် ရင်ထဲမှာ တဖျစ်ဖျစ် မြည်လာသော ခံစားမှုများနှင့်အတူ သူမကို ခပ်တင်းတင်း လှည့်ကြည့်မိသည်။ သူမကလည်း တည်နေသော မျက်နှာထားဖြင့် ရှိပါသည်။

"မင်းကို မေးစရာတစ်ခုရှိကယ် လေဒီချမ်း"

"ကြိုက်တာ မေးလို့ရတယ်၊ အားမနာနဲ့ ပွင့်ပွင့်လင်းလင်းပဲမေး"

သူက သဘောပင် ကျရသေးကာ ဟက်ခနဲပင် ရယ်မိသည်။

"မင်း ပြတ်ခဲ့တဲ့ ရည်းစားတွေထဲမှာ မေကျက်သရေနဲ့ ပတ်သက်ဖူးတဲ့လူတွေ ပါလား"

"ပါတယ်"

သူမက ခပ်ပြတ်ပြတ်ပဲ ဖြေသည်။ နှစ်လုံးတည်းသော အဖြေစကားပေမယ့် အဲဒီအဖြေသည် သူ့နှလုံးသားကို ဂျပန်ကင်ဒိုဓားနှင့် ခပ်ပါးပါးလေး ဆွဲချလိုက်သလို ရှပ်ခနဲနေပေမယ့် တော်တော်ပြတ်သွားသည်ဟု ပြော၍ရသည်။

သူမ အဲဒီလို ပြောလိုက်သောကြောင့် သူ့မှာ ရုတ်တရက် ဘာဆက်ပြောရမှန်းတောင် မသိပါ။ နင်နေသလို ဖြစ်နေပြီးမှ ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မင်း တမင်ရည်ရွယ်ပြီး လုပ်တာလား အမ်ချမ်းဘို။ တမင် မေကျက်သရေကို Lessons ပေးတာလား"

"အဲဒီလို ပြောရင်လည်း ရပါတယ်"

သူ ဘာမှ ဆက်မပြောနိုင်၊ နားထဲတွင် မေလေး ပြောခဲ့သောစကား။ သူငယ်ချင်းတွေ ပြောခဲ့သောစကား။ အခု သူမနဲ့ မေလေးပြောသော စကားတွေကို နားနဲ့ဆတ်ဆတ် ကြားခဲ့ရသော စကားများ စတာတွေကို ချိန်ဆမိလျှင် သူသည် အုန်းနို့ ခေါက်ဆွဲနှစ်ပွဲ စားမိသော သွေးကိုးရောဂါ ရှိသောသူလို ချက်ချင်းပဲ သွေးတွေ ဆောင့်တက်ကာ ဒိန်းခနဲ ဖြစ်လာသည်။ မူးဝေ နောက်ကျိလာပါသည်။

"ဒါဖြင့်ရင် မင်း ကိုယ့်အပေါ်ကိုရော ဘယ်လိုသဘောထားခဲ့လဲ။ မင်းမိတ္တေးရဲ့ တူမဟာ မေကျက်သရေ ဆိုတာကို ဘာလို့ ကိုယ့်ကို မပြောပြခဲ့ရတာလဲ"

"နေပါဦး။ အကြောင်းကိစ္စမှန်သမျှတိုင်း ယူ့ကို ပြောပြရမှာလား"

"ဟာ ... ဒါပေမဲ့ ဒီကိစ္စကတော့ မင်း ပြောပြသင့်တာပေါ့။ မင်း မိသားစုရေး ခံစားချက်တွေကို ပြောပြခဲ့သေးတာပဲ။ မေကျက်သရေနဲ့ မင်းနဲ့လည်း သိနေရက်သားနဲ့ ဘာဖြစ်လို့ ဒီအကြောင်းတွေကို လျှို့ထားရတာလဲ"





သူမ မျက်လုံးတွေက လက်ခနဲဖြစ်သွားကာ သူ့ကို စူးစူးရှရှ ကြည့်လာသည်။ ပြီးတော့ နှုတ်ခမ်းတွေက ချက်ချင်းပဲ သရော်မော်ကားပုံစံသို့ ပြောင်းလဲသွားပါသည်။ အခါများစွာက မြင်ဖူးခဲ့သော ပုံစံသည် ဒီတစ်ခါတော့ သူ့အတွက် အခါးသီးဆုံးပဲ ဖြစ်တော့သည်။

သူမက ဟက်ခနဲ ရယ်မောကာ ...

"ဟား ... လျှို့ထားတယ် ဟုတ်လား။ တော်တော်လှတဲ့ စကားလုံးလေးပဲ။ ယူ့ကို ကိုက လျှို့ထားတယ်ပေါ့။ လျှို့ထားပြီး ဘာလုပ်မယ် ထင်လဲ။ ယူ့အသည်းကို ခွဲမယ်ပေါ့ ... ဟုတ်လား"

"အမ်ချမ်းဘို ... မင်းက ဒါ ဘာအထာလဲ"

သူမက ဘာမှမပြောဘဲ ပခုံးနှစ်ဖက်စလုံးကို အသာ ဘွန့်ကာ ...

"ယူ ထင်ချင်သလို ထင်လို့ရပါတယ်"

သူက တက်တစ်ချက်ကို ပြင်းပြင်းခေါက်ကာ သူမ ပခုံးကို ဆွဲလှည့်မိတော့မလို ဖြစ်သွားသည်။ သူ့လက်တွေက လေထဲမှာ အပေါ်အောက် စုန်ချီဆန်ချီ ဖြစ်နေလျက် ...

"မင်း ... မင်း ဘာဖြစ်လို့ အဲဒီလို လုပ်ရတာလဲ။ ဘာအငြိုးကြောင့် အဲဒီလို လုပ်ရတာလဲ။ နှလုံးသားဆိုတာ မင်း ဆော့ကစားဖို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ... ဒီလိုမေးရအောင် မင်းက တို့ကို နှလုံးသားပေး ထားလို့လား"

သူမက အဲဒီလို မေးလိုက်တော့မှပင် သူ မှားသွားပြီ၊ စကားကျွံသွားပြီဆိုတာ သိလိုက်ရသည်။ သူမကတော့ သွေးအေးစွာ တည်ငြိမ်ရက်စက်တတ်သူ၊ ရှေ့မှာ အများကြီးပဲ နှလုံးသားတွေကို ကြိုးပေးခဲ့သူ စသဖြင့် ဂုဏ်ပုဒ်ထူးတွေနှင့် ဖြစ်သော်လည်း သူကတော့ မှန်မှန်ကန်ကန်သမား သွေးဆူတတ်သူ ဖြစ်သောကြောင့် သူမထက် ပိုမှားသွားပြီဖြစ်သည်။

သူ့အမှားကို သိချိန်မှာ နောက်ကျသွားခဲ့ပြီ ဖြစ်သည်။ သူက နှုတ်ခမ်းတွေကို အထက်စီးဆန်ဆန်ပြုံးကာ မျက်ဝန်းတွေကို မေးကျဉ်းထားရင်းမှ ...

"ယူ့ကို တစ်ခုမေးမယ် မင်းဂနိုင်။ လူတစ်ယောက်နဲ့ တစ်ယောက် ဆက်ဆံရေးမှာ ဘာအဓိကကျလဲ သိလား"

သူက ပြန်မဖြေမိဘဲ သူမကိုသာ ပေတိပေစောင်း ကြည့်နေမိသည်။ သူ မဖြေသော်လည်း သူမက ဆက်ပြောပါသည်။

"ယုံကြည်မှုပါ မင်းဂနိုင်။ တစ်ယောက်နဲ့ တစ်ယောက် ဆက်ဆံရေးမှာ ယုံကြည်မှုက အဓိကပါ။ မင်းကို တို့ ခင်မင်ပတ်သက်ခဲ့တာရဲ့ နောက်မှာ သံသယစိတ်ဆိုတာ မရှိခဲ့ပါဘူး ...





အခု ယူကတော့ တို့ကို ရိုလာခဲ့ပြီ။ ဒါပေမဲ့ အဲဒီအတွက် တို့ ယူ့ကို ဖြေရှင်းချက် တစ်စုံတစ်ရာ မပေးပါဘူး။ ယူ့ဆန္ဒအတိုင်းပါပဲ ...

ယုံကြည်မှုဆိုတာ ဓွတ်ဖန်တီးယူရတာမျိုး မဲကောင်းပါဘူး ...

မင်းသဘောအတိုင်းပါပဲ"

"မဟုတ်သေးဘူး။ မင်း ကိုယ့်အပေါ်ကို ဘယ်လိုသဘောထားတာလဲ၊ ဘာအကြောင်းနဲ့ ကိုယ့်အနားကို ရောက်လာရတာလဲ"

"ပြောနိုင်စရာ အကြောင်းမရှိပါဘူး၊ တို့ သွားတော့မယ် ဂနိုင်။ ဆောရီးပါ"

သူမက အဓိပ္ပာယ်ပါသော အကြည့်တစ်မျိုးဖြင့် ကြည့်ကာ လှည့်ထွက်သွားဖို့ ပြင်သည်။ အဲဒီအကြည့်သည် သူ့နှလုံးသားကို ပွတ်တိုက်စားသွားသည်။ ရင်ထဲမှာလည်း နင့်သွားပါသည်။ သူမနဲ့ သူ့ရဲ့ အဖြစ်အပျက်သည် ဒီလိုမျိုးနဲ့ ပြီးသွားရမည် မဟုတ်ပါ။ သူမထံမှ ဖြေရှင်းစရာစကား တစ်စုံတစ်ရာ ဘာ့ကြောင့် မကြားရတာလဲ။ သူမ တစ်ခုခု ပြောလိုက်လျှင်ကို သူ ကျေနပ်ချင် ကျေနပ်သွားနိုင်သည်။ အခုတော့ ...

သူက သူမရှေ့မှ ပိတ်ရပ်လိုက်ကာ ...

www.burmeseclassic.com



"အမ်ချမ်းဘို ... မင်းသာ ကိုယ့်အပေါ် ရိုးသားတယ်ဆိုရင် တစ်ခုခု ပြောနိုင်ရမယ်လေ။ ဖြေရှင်းချက် ပေးနိုင်ရမယ်လေ"

"တို့ အဲဒီလို လူစားမျိုး မဟုတ်ဘူးဆိုတာ ယူ သိပါတယ်။ နေခဲ့ပါ ဂနိုင်။ တို့တစ်တွေ ကိုယ်ယုံကြည်တာကိုပဲ ဆက်လုပ်ကြတာပေါ့"

သူမက စကားကုန် ပြောပြီးသွားသလိုဖြင့် လှည့်ထွက်သွားသည်။ ဘာမှ ဖြေရှင်းချက် ပေးစရာတစ်ရာ ပေးမသွား။ သူသည်လည်း နေရာမှာ အသက်မဲ့သလို ငုတ်တုတ်မေ့ကျန်ရစ်ခဲ့သည်။ သူမဟာ မေကျူက်သရေကို မကျေနပ်ခြင်းနဲ့ပဲ သူ့ကို တမင်ပတ်သက်ခဲ့တာလား။ အားလုံးကလည်း ဒီလိုပဲ ယူဆသည်။ သူကလည်း အဲဒီလို သံသယရှိသည်။ သံသယရှိနိုင်စရာ အကြောင်းတွေကလည်း ရှေ့မှာရှိခဲ့သည်။ ဒါကိုလည်း သူမက ဝန်ခံခဲ့သည်။

ဒီတစ်ကြိမ်မှာတော့ ဝန်ခံမသွား။ ငြင်းလည်း မငြင်း။ သူ့ကို လမ်းဆုံမှာ ချထားခဲ့သည်။ သူ ဘယ်လမ်းကို လိုက်ရမှာတဲ့လဲ။ ဒီကလေးမကို သူ ဘယ်လိုမှ နားမလည်နိုင်တော့ပါ။

♥ ၁၁ ♥





## ၁၂

သူသည် လေနေသော စိတ်ဓာတ်များဖြင့် ဘာကိုမှ ကောင်းကောင်းမလုပ်နိုင်ပါ။ စာမေးပွဲနီးနေပြီ ဖြစ်သော်လည်း စာထဲသို့ ကောင်းကောင်း အာရုံမထည့်နိုင်။ အရင်တည်းက စာတွေပုံမှန်လုပ်လာသူမို့သာ တော်တော့သည်။ သချာတော်သော ကျောင်းသားတွေမို့ ကျက်စရာလည်း သိပ်မရှိသဖြင့် စာမေးပွဲအတွက်ကတော့ ပူစရာမရှိ။ ပူလောင်တာကတော့ သူ့နှလုံးသားအတွက်သာ ဖြစ်တော့သည်။ ဒီလို ရှုပ်ထွေးသော အခြေအနေတွေကြောင့် သူဟာ သူမကို တကယ်ချစ်နေတာပါလား ဟူသော အဖြေကလည်း တိတိကျကျ ထွက်ခဲ့သည်။

သို့သော် အတ္တကတော့ မကင်းစင်သေး။ သူ့နှလုံးသားကို သူမရဲ့လက်ထဲမှာ ဓားစာခံ အဖြစ်မခံနိုင်ပါ။ အနင်းချေမခံနိုင်ပါ။ သို့သော် တစ်ဖက်ကလည်း သူမရဲ့အချစ်ကို ရချင်သေးသည်။ သူ့ကိုနှစ်ယောက်ချင်းသိသော မျက်ဝန်းစကားတွေ၊



www.burmeseclassic.com

www.burmeseclassic.com



အကြည့်တွေ၊ လူချင်းအတွေ့မှာ ရခဲ့သည့် ရင်ခုန်လှိုက်မောမှုတွေ၊ သတိရမှုတွေ၊ တမ်းတမှုတွေ၊ ဆောင်ဝင်သည့် ခံစားမှုတွေ၊ ဆောင်မဝင်သေးသည့် ခံစားမှုတွေ စသဖြင့် အဲဒါတွေဟာ ဘယ်ကိုဦးတည်နေသလဲဆိုတာ သူတို့ချင်း သိကြသည်။ အထူးသဖြင့် သူတို့နှလုံးသားချင်း နားလည်ကြသည်။ အဲဒီအတွက်လည်း ကျိတ်၍ပျော်ခဲ့ရသည်။

သို့သော် ဒါတွေသည် ပြိုကွဲမယ့် ပြိုကွဲ၊ ပျက်စီးမယ့် ပျက်စီးတော့လည်း ခဏလေးလိုပင်။ ဒါပေမဲ့ အပြီးတိုင် ပြိုကွဲသွားတာလား ဆိုတော့လည်း မဟုတ်သေး။

မတင်မကျ ဖြေသွားသော Yes or No မသဲကွဲသေးသော အခြေအနေသည် သူ့ကို ဆုံငင် ဆုံငင်နှင့် မသေမရှင် အခြေအနေကြီးကို ကြုံစေသည်။

သူ့အဖြစ်ကို မြင်တွေ့နေရသော ညိုမင်းကတော့ တစ်ခွန်းတည်းသော အားပေးစကား ပြောသည်။

"အဓိက,ကတော့ မင်း စိတ်အပေါ်မှာပဲ မူတည်တယ်။ သူက မင်းအတွက် လမ်းဖွင့်ပေးသွားဟာပဲ"

"ဘာလမ်းလဲ၊ ငါ အနင်းခံရမယ့်လမ်းလား"

"အဲဒါတော့ မသိဘူးလေ။ ဒါပေမဲ့ ငါ ကြားဖူးတဲ့စကားတစ်ခုရှိတယ်။ တကယ်အချစ်စစ်တစ်ခုမှာ သာတာတွေ နာတာတွေ မတွက်ဘူး။ ကိုယ့်အချစ်တစ်ခုဟာ ကိုယ်နဲ့





ဆိုင်တယ်။ သူ့ဟာသူ ဘယ်လိုပဲ သဘောထားထား အဲဒါ သူ့အလုပ် ...

ကိုယ့်အလုပ် မဟုတ်ဘူး ...

မင်း လုပ်ရပ်က မင်းရဲ့အဆင့်အတန်းပဲ။ သူ့လုပ်ရပ်က သူ့ရဲ့အဆင့်အတန်းပဲ။ မင်း လုပ်စရာရှိတာ ဆက်လုပ်ရင် မင်း တာဝန်ပြီးမယ်၊ အခုဟာက မင်းတာဝန်မပြီးသေးလို့ ဒီလိုတွေ ဖြစ်နေရတာ"

ညိုမင်းကို သူက ခပ်နက်နက် ကြည့်မိသော်လည်း ဘာမှပြန်မပြောနိုင်ပါ။ ညိုမင်း စကားကိုတော့ အပြည့်အဝ မထောက်ခံမိပေမယ့် အားလုံးကိုလည်း မငြင်းပယ်လို့။ သူမဆီလည်း ဖုန်းမဆက်ဖြစ်တော့။ ဒီလိုနှင့် စာမေးပွဲဖြေသည့် ရက်တွေသို့ ရောက်လာသည်။ သူတို့က သိပ္ပံဘာသာတွဲတွေမို့ ဖြေချိန်ခြင်းတူသည်။ အဲဒီတော့ ကားပါကင်မှာ မေဂျာချိန် ပေပါ ဖြေသည့်နေ့က ဆုံပါသည်။ သူမသည် မတွေ့ရသည့် တစ်လတ်အတွင်းမှာ ဘာမှမပြောင်းလဲ။ အညိုရောင် ဆံနွယ်လိပ်ခွေများ၊ မျက်လုံးမည်းမည်းများနှင့် အနည်းငယ် အိုက်လာသော ရာသီဥတုကို ချည်ထည်လက်ပြတ်အင်္ကျီ အဖြူလေးဖြင့် တုခံထားကာ ပေါ့ပေါ့ပါးပါးပဲ ရှိနေသည်။

သူ့ကိုမြင်သောအခါ သူမ မျက်ဝန်းတွေက တစ်ခုခု ဖြစ်သွားသည်ဟု ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအကြည့်တွေကြောင့်လည်း သူ့ရင်ထဲ၌ လှိုက်ခနဲသွားသည်။

သူသည် သူမအနားကို အသာလျှောက်သွားမိရင်းမှ မျက်နှာကို နူးညံ့နာကျင်စွာ ငေးကြည့်မိသည်။

"အမ်ချမ်း"

သူမက မျက်ဝန်းများဖြင့် ပြန်ထူးသည်။ သူက နာကျင်မှုတချို့ကို လည်ချောင်းထဲမှ မျိုချရင်း ...

"မင်း ကိုယ့်ကို တစ်ခုခု ပြောစရာ မရှိဘူးလား"

"ဘာပြောစေချင်လို့လဲ"

"တစ်ခုခုပေါ့။ မင်းဆီက အမှန်တရား တစ်ခုကို ကိုယ်သိချင်တယ်"

သူမက သူ့ကို စူးရှသော မျက်လုံးများဖြင့် စိုက်ကြည့်ကာ ...

"ယူက သိပ်အတ္တကြီးတဲ့လူပဲ ဂနိုင်။ အစက ယူ့ကို အဲဒီလောက် အတ္တကြီးမယ်လို့ ထင်မထားခဲ့ဘူး ...

ဘာလဲ ... တို့ဆီက အမှန်တရားတစ်ခု သိရမှ ယူ့ဆီက အမှန်တရားတစ်ခုခု စကားတစ်ခုခုကို သိရမယ်ဆိုတဲ့ အဓိပ္ပာယ်လား"

သူမစကားက သူ့ရဲ့အရိုက်ကို ထိသွားစေသည်။ မှန်လွန်းသောကြောင့် သူ ဘာမှမပြောနိုင်ပါ။ သူမက ရှင် မပြော





နိုင်တော့ဘူး မဟုတ်လား အကြည့်မျိုးဖြင့် ကြည့်ကာ အပေါ်နှုတ်ခမ်းလေးကို တွန့်ရုံ ပြုံးလိုက်သည်။

"တို့တွေ ကိုယ် ယုံကြည်ရာကိုပဲ လုပ်မယ်လို့ ပြောပြီးသားပဲ။ ဆော်ရီး ဂနိုင်"

သူ ဘာမှပြန်မပြောနိုင်ဘဲ ကျန်ရစ်ခဲ့သည်။ နွေလေပူတစ်ချက်က ဝှေ့ခနဲ တိုက်ခတ်လျှင် သစ်ပင်မှ ရွက်ကြွေတချို့သည် လေနှင်ရာနောက်သို့ ရှဲခနဲ ပါသွားသည်။ သူ့နှလုံးသားသည်လည်း လေနှင်ရာနောက်သို့ တရွတ်ဆွဲပါသွားသလိုပင်။ သူသည် လက်နှစ်ဖက်ကို ခါးထောက်လျက် ခေါင်းကို မိုးကိုမော့ကာ ဟားခနဲပဲ ရေရွတ်မိသည်။ အသက်ပြင်းပြင်း ရှူရိုက်မှာ လေပူတွေက သူ့နှလုံးသားထဲသို့ ဖြတ်စီးလာသည်။

စကားပုံတစ်ခု ကြားဖူးသည်။ ဘာလုပ်ရမှန်းမသိလျှင် ဘာမှမလုပ်ပါနှင့်တဲ့။ သူ့နှလုံးသားသည် ဘာလုပ်ရမှန်းမသိ ဆုံးဖြတ်ရခက်နေချိန်မှာ အချိန်ကာလတစ်ခုကို စောင့်ဆိုင်းဘာပဲ အကောင်းဆုံး ဖြစ်လိမ့်မည်။ သို့သော် ဘယ်အချိန် ဘယ်ကာလမှာ လင်းလက်လာမည် မသိရသော အချစ်အနာဂတ်အတွက် ခံစားမောကာ နှလုံးသားတစ်ခုလုံး ပင်ပန်းနေတာကတော့ တကယ် ဖြစ်တော့သည်။

♥ ❧ ♥



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က စာမေးပွဲ နောက်ဆုံးနေ့ ဖြစ်သည်။ ဘယ်သူက ဘယ်လိုစလိုက်သောကိစ္စမှန်း မသိဘဲ စာမေးပွဲနောက်ဆုံးနေ့တွင် သူတို့အုပ်စုနှင့်အတူ အခြားမေဂျာက သူငယ်ချင်းတွေပါ ကန်တော်ကြီးထဲတွင် ပစ်ကနစ်ထွက်ကာ ဂိမ်းတွေ ဘာတွေ ဆော့ကြဖို့ အကြောင်းဖန်လာသည်။ သူက မလိုက်ချင်သော်လည်း ဖိုးဂျိတို့က ဖွတ်ခေါ်သဖြင့် ပါလာရခြင်းဖြစ်သည်။ ဟိုရောက်တော့မှ မေကျက်သရေတို့ အုပ်စုပါ ပါနေတာကို တွေ့ရသည်။ မေကျက်သရေကို မြင်တော့လည်း သူသည် ထူးထူးခြားခြား သိပ်ခံစားရတာမျိုး မရှိပါ။ မေလေးကို အနည်းငယ်မျှသာ နှုတ်ဆက်ဖြစ်သည်။

မေလေးကလည်း သူ့ကို အမ်ချမ်းဘို ကိစ္စနှင့် စကားမစပ်။ သူတို့ သူငယ်ချင်းတွေ အများကြီးမှာ ပထမပိုင်းတော့ ဂိမ်းတွေဆော့၊ ပဟေဠိတွေဖွက် စသဖြင့် ဆော့ကြသေးသည်။ နောက်တော့ သူတို့က မဆော့တော့ဘဲ စားသောက်ဆိုင်ထိုင်ဖို့





စိတ်ကူးကာ ခဏထွက်လာခဲ့သည်။ မိန်းကလေးတွေသာ ကျန်ခဲ့ခြင်းသည်။ ဖိုးဂျိနဲ့ မိုးကိုကလည်း သူတို့ကောင်မလေးကို ခဏခွင့်ပန်ကာ သူတို့နဲ့ လိုက်လာသည်။ စားသောက်ဆိုင်အရောက်တွင် ဖိုးဂျိက စိတ်မပါ လက်မပါ ဖြစ်နေသော သူ့ကို နှာခေါင်းတစ်ချက်ရှုံ့ပြကာ ...

"မင်းကလည်းကွာ၊ မေလေး တစ်ယောက်လုံး ပါလာတာကို တစ်ခါတည်း ခွင်တည့်အောင်လုပ်တာ မဟုတ်ဘူး"

"တော်စမ်းပါကွာ၊ ဘာလုပ်ရမှာလဲ"

"မဟုတ်ဘူးလေ၊ အမ်ချမ်းဘိုနဲ့ကလည်း မဖြစ်နိုင်တော့ဘူး မဟုတ်လား"

"ဟော့ကောင်တွေ ... တော်စမ်းပါကွာ၊ မင်းတို့ နှလုံးသားမရှိတာ ကျနေတာပဲ။ မင်းတို့မှာလည်း ရည်းစားတွေ ရှိရဲ့သားနဲ့"

"ဟာ ... အဲဒါဆိုလည်း မင်း အမ်ချမ်းဘိုကို ဖွင့်ပြောလိုက်ပါလားကွ။ အဲဒီလိုကျတော့လည်း မပြောရဲဘဲနဲ့"

"မပြောရဲတာ မဟုတ်ဘူးကွ"

"မပြောချင်တာ မဟုတ်လား။ အခြေအနေတွေကို တွက်ဆနေတာ။ သူကများ ငါ့ကို လုပ်သွားမလား၊ ကျော်သွားမလား၊ အဲဒါတွေကို တွေးနေတာ ...



www.burmeseclassic.com

www.burmeseclassic.com



အသားတွေ အနာတွေ ထွက်နေတာ"

"ဟော့ကောင်တွေ ... အဲဒီလိုတော့ မပြောနဲ့။ မင်းတို့ ငါ နေရာကလည်း ဝင်ခံစားကြည့်စမ်းပါဦး။ ရှေ့မှာလည်း example တွေ အများကြီး ရှိခဲ့တယ် ...

သူကိုယ်တိုင်ကလည်း ဝန်ခံထားတယ်၊ ငါ့ကိုကျ တော့လည်း ဘာဆိုတာ ရှင်းရှင်းလင်းလင်း မပြောဘူး။ အဲဒီတော့ ငါ ဘာဆက်လုပ်ရမှာလဲ"

"ဒါပေမဲ့ မင်း တကယ်ချစ်ရင်တော့ စွန့်စားပေါ့ကွ။ သူက မင်းစိတ်ကို စမ်းချင် စမ်းနေနိုင်တာပဲ"

ညိုမင်းက အဲဒီတစ်ခွန်းတည်းပဲ ဝင်ပြောသည်။ သူက ဘာမှမပြောနိုင်ဘဲ ခေါင်းကို ယမ်းနေမိသည်။ အဲဒီအချိန် မှာပဲ ဖိုးဂျီရဲ့ဟန်းဒ်ဖုန်းက ထမြည်လာသည်။ အားလုံးက အမှန် အမှတ်မဲ့ ဖြစ်ပေမယ့် ဖိုးဂျီရဲ့ "ဟာ"ခနဲ အသံကြားရမှာတော့ အားလုံးက ဖိုးဂျီကို အာရုံစိုက်သွားကြသည်။ ဖိုးဂျီရဲ့မျက်နှာမှာ တစ်ခုခုကို စိုးရိမ်သော မျက်နှာထားနှင့်မို့ အားလုံး ဖိုးဂျီကို ဝိုင်း ပြီး အကဲခတ်နေတုန်းမှာပဲ ဖိုးဂျီက အင်း ... အင်း လိုက်ကာ ဖုန်းကို အမြန်ချလိုက်သည်။

ပြီးတော့ သူတို့အားလုံးကို ဝေ့ကြည့်ကာ ...





"ဟော့ကောင်တွေ ... ပြဿနာတော့ တက်ပြီ။ မေကျက်သရေ ရေနစ်လို့တဲ့"

"ဘာ ... ဘာရယ်"

"ဟုတ်တယ်၊ အဲဒါ ဘေးက လူတစ်ယောက်ကတော့ ဆင်းဆယ်နေတယ် ပြောတယ်။ တို့ကို အမြန်လိုက်လာဖို့ လှမ်းခေါ်တာ"

"ဟာ ... ဒါဆို သွားရမှာပေါ့။ ပြဿနာပဲ။ သူတို့က ရေ မကူးတတ်ဘူးလား"

"ဟင့်အင်း ... သူတို့ ရေမကူးတတ်ကြဘူးတဲ့"

"ကျွတ် ... ဒီကောင်မလေးတွေတော့ ဒုက္ခပါပဲကွာ၊ ထ ... ထ"

သူတို့မှာ စားသောက်လက်စများကိုတောင် ကုန် အောင် မစားနိုင်တော့ဘဲ ငွေအမြန်ရှင်းကာ ထထွက်လာကြသည်။ ဂိမ်းဆော့သောနေရာနှင့် စားသောက်ဆိုင်က နည်းနည်းလှမ်းသည် မို့ ကားနှင့် ထွက်လာကြခြင်း ဖြစ်လေရာ ဖိုးဂျီက ကားကို ခပ် မြန်မြန်ပဲ မောင်းလာခဲ့သည်။ ကန်တော်ကြီးထဲမှာမို့ သိပ်ကြာကြာ မမောင်းရဘဲ ချက်ချင်း ရောက်သွားသည်။ တစ်အုပ်စုလုံးမှာ ပျာယာခတ်နေလျက် ရေနစ်နေသော မေကျက်သရေကို တစ်ခုံ တစ်ယောက်က ကြိုးစားပမ်းစား ဆယ်ယူနေသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ကျက်သရေက ကြောက်လန့်တကြား ရုန်းကန်နေသည်မို့ ကယ်ရတဲ့သူက ခရီးမတွင်။ အဲဒီလိုနှင့် ရုန်းရင်းကန်ရင်းဖင် ရေနက်ပိုင်းသို့ ရောက်သွားကြသည်။ မဖြစ်တော့ဟူသော ဆုံးဖြတ်ချက်ဖြင့် သူသည် ဖိနပ်ကိုချွတ်ကာ ရေထဲသို့ ပြေးဆင်းသွားမိသည်။ မေလေးတို့နှစ်ယောက်ရှိရာသို့ ကူးခတ်သွားကာ မေလေးကို ဆယ်ယူဆွဲခေါ်လိုက်သည်။ အဲဒီနောက် ကမ်းစပ်သို့ သယ်ဆောင်ခေါ်လာရသည်။

အဲဒီနောက် သူငယ်ချင်းတွေက မေလေးကို စိုးရိမ်တကြီးဖြင့် ရှေးဦးသူနာပြုစုနည်းဖြင့် ပြုစုနေချိန်မှာ သူကလည်း မောဟိုက်သဖြင့် တဟောဟော တဟဲဟဲ ဖြစ်နေရသည်။ အဲဒီအချိန်မှာပဲ မသိစိတ်ရဲ့စေ့ဆော်မှုကြောင့် ရေထဲက တက်လာသူကို နောက်ပြန် လှည့်ကြည့်လိုက်မိလျှင် ရေတွေစို မောဟိုက်နွမ်းလျနေသော အမ်ချမ်းဘိုကို တွေ့လိုက်ရသည်။ သူမ ရေထဲကတက်လာပုံမှာ ဂျိမ်းစ်ဘွန်းကားထဲက ဟယ်လီဘယ်ရီ ရေထဲကတက်လာပုံလို Sexy မကျပါဘဲနှင့် သူသည် ပါးစပ်အဟောင်းသားပွင့်ကာ ငေးမောနေမိသည်။ ရေထဲမှာတုန်းက နှစ်ယောက်စလုံးအတွက် စိုးရိမ်စိတ်နှင့်မို့ ဘယ်သူဘယ်ဝါမှန်း မသဲကွဲ မရေရာခဲ့။ အခုတော့ ...

"အမ်ချမ်း"





သူ့ရဲ့ဝေဝေဝါးဝါး ခေါ်သံကို သူမက အေးစက်စွာကြည့်ကာ ...

"မေကျက်သရေ အပေါ်မှာ အကြွေးတင်ခဲ့တယ် ဆိုရင်လည်း ဒီနေ့မှာ အပြီးဆပ်ပြီးပါပြီ"

"မင်း ... မင်း ဒီနေရာကို ဘယ်လိုလုပ် ရောက်နေတာလဲ"

"ယူတို့ကို လာချောင်းတယ်များ ထင်နေလား။ ကိုယ့်ဟာကိုယ် ကားနဲ့ဖြတ်သွားရင်း အသံကြားလို့ ဆင်းကယ်တာပါ"

"အမ်ချမ်း ... မင်း ..."

သူက ဆို့နင့်စွာဖြင့် စကားတစ်ခွန်းမှ မထွက်နိုင်ခင်မှာပဲ သူမက သူ့ကို ခံစားချက်မဲ့သော မျက်ဝန်းများဖြင့် ကြည့်ကာ ...

"တကယ်တော့ ယူနဲ့ အလိုက်ဖက်ဆုံးဟာ မေကျက်သရေပါ။ ယူ ရွေးချယ်မှု မမှားပါစေနဲ့၊ တို့ သွားတော့မယ်"

သူမက ခပ်လှမ်းလှမ်းမှာ ရပ်ထားသော ဂျစ်ကားထဲသို့ ခပ်ဖြည်းဖြည်းချင်း လျှောက်သွားသည်။ သူသည် ရေတွေစိုရွှဲနစ်နေသော သူမရဲ့ကျောပြင်ကို ငေးကာ ဆို့နင့်မှုက ရင်ထဲမှာ တလိပ်လိပ်တက်လာသည်။ ဒီကောင်မလေးဟာ ဘာကြောင့်များ ဒီလောက် နားလည်ရခက်တဲ့ ကောင်မလေး ဖြစ်နေရတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဒီအချိန်မှာ သူမကို ချစ်တယ်လို့များ ဖွင့်ပြောမိသွားရင် ဘာဖြစ်မလဲဆိုတာ အရမ်းသိချင်သွားသည်။ ကားပေါ်တက်တော့မည့် သူမကို ဒီတစ်ခါတွေ့ရတာဟာ နောက်ဆုံးဟုထင်ရတာလည်း ထူးဆန်းသော အာရုံတစ်မျိုး ဖြစ်နိုင်ပါသည်။

"လေဒီချမ်း"

သူ့ရဲ့ခေါ်သံကြောင့် သူမက ကားပေါ်တက်ခါနီးမှ လည့်ပြန် လှည့်ကြည့်သည်။ သူသည် သူမနားသို့ အပြေးသွားမိသည်။ အဲဒီမှာပဲ မထင်မှတ်တာ တစ်ခုက ခလုတ်တိုက်မိကာ ခြေခေါက်လဲကျသွားခြင်း ဖြစ်ပါသည်။ သို့သော် လျှပ်တစ်ပြက်အခြေအနေလေးမှာ ပေးလာသော အခွင့်အရေးကို မသုံးချတတ်သည်အထိ သူ မ,အခဲ့ပါ။ သူသည် သူမနှင့် မလှမ်းမကမ်းမှာ ဒူးထောက်လျက် အနေအထားမျိုးဖြင့် ရှိသွားသည်။ သူမက သူ့ပုံစံကို တအံ့တသြဖြင့် ငဲ့ကြည့်သည်။ ဒီနေရာမှာ ပြောရမည့် ဒိုင်ယာလော့ခ်များကို သူ မမေ့ခဲ့ပါ။

"လေဒီချမ်း ... ကိုယ် မင်းကို ဒူးထောက်အရှုံးပေးလိုက်ပါပြီ"

"ဘာရယ် ... ? "

"မင်း သဘောအတိုင်းပါပဲ။ မင်းဆီမှာ ကိုယ် အမှန်တရားတစ်ခုကို ဝန်ခံပါတော့မယ်။ မင်းကို ကိုယ် ချစ်တယ်၊





အဲဒီအတွက် မင်း ကိုယ့်ကို ဘာလုပ်ချင်လဲ၊ လုပ်ချင်ရာလုပ်ပါတော့"

"ယူ ဘာပြောနေတာလဲ၊ တို့က ယူ့ကို ကစားသွားမှာ ယူမကြောက်ဘူးလား"

"အဲဒါ မင်းအပိုင်းပဲ လေဒီချမ်း။ ကိုယ်ကတော့ ကိုယ့်ကိစ္စကိုပဲ စိတ်ဝင်စားတော့တယ်"

သူမက အရမ်းလှပစွာ ပြုံးပါသည်။ ပြီးတော့ သူ့အနားသို့ ပြန်လျှောက်လာသည်။ အဲဒီအချိန်တွင် သူ့ရင်ခုန်သံတွေမှာ ဘင်ခရာတီးဝိုင်းလို ဆူညံပြီးနေသည်။ သူမက သူ့ကိုငုံ့ကြည့်ကာ ...

"တကယ်လား ဂျိုင်။ တို့ကို မင်း အချစ်တွေနဲ့ ပြုပြင်ယူလို့ ရမယ်တော့ မထင်နဲ့နော်။ အချစ်စစ်ကို တို့ ဘယ်လိုအဓိပ္ပာယ်ဖွင့်ထားလဲ ...

မင်း သိတယ် မဟုတ်လား ...

လူတစ်ယောက်ကို ကိုယ့်စိတ်ကြိုက် ပုံစံသွင်းပြောင်းလဲလို့ရမှ ချစ်တယ်ဆိုတာ အချစ်စစ် မဟုတ်ဘူး"

"အိုကေ ... မင်းသဘောပါ။ ဟုတ်ပါတယ်၊ ကိုယ်က မင်းကို ချစ်နေပြီပဲ၊ နားလည်လိုက်ပါပြီ၊ တစ်နည်းအားဖြင့်တော့ မင်းကို အရှုံးပေးလိုက်ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်လုံးတွေက လက်ခနဲဖြစ်သွားကာ သူ့ရှေ့မှာ မဆိုးဒူးထောက် ထိုင်ချလိုက်သည်။ ပြီးတော့ လက်တစ်ဖက်ကို ကမ်းပေးလာပါသည်။

"ကျေးဇူးတင်ပါတယ် ဂနိုင်။ တို့လက်ကိုတွဲပြီး ထလိုက်ပါ"

သူက သူမရဲ့လက်ကိုတွဲကာ အားပြုပြီး ထလိုက်လျှင် သူမက သူ့ကို ပြုံးပြီးငုံကြည့်လာသည်။ သူသည် ခိုအခြေအနေအတိုင်း စိတ်မကျရဲသေးပါ။ သူ့ရင်ခွင်အတွက် တစ်စုံတစ်ရာကို သေချာချင်ပါသေးသည်။

"လေဒီချမ်း ... ! မင်းကို ကိုယ် ဒူးထောက်ပြီး ချစ်ခွင့်ပန်ထားတယ်နော်။ မင်းသဘောထားကရော"

"တို့သဘောထားကတော့ မင်းရဲ့ဒူးနာမှုကို စိုးရိမ်နေတယ်"

"ဘာ ... ဘယ်လို"

သူမက လှစ်ခနဲပြုံးကာ သူ့ခြေထောက်နားက အုတ်ခဲကို အဝေးသို့ ပစ်ကန်ပစ်လိုက်လျှင် သူသည် မျက်နှာတစ်ခုလုံး ဘယ်နားသွားထားရမှန်း မသိအောင် ရှက်သွားသည်။ သို့သော် သူမက သူ့ရဲ့လက်ဖျားလေးများကို ညင်သာစွာ အားပေးဖျစ်ညှစ်လာပါသည်။

"ယူ့ရင်ထဲမှာသာ တို့အတွက် အချစ်စစ်တစ်ခုရှိရင် ချော်လဲလို့ ရောထိုင်လည်း ပြဿနာမရှိပါဘူး ...





ယူ့အတွက် တို့အချစ်ကလည်း နယူတန်ရဲ့နိယာမအတိုင်းပါပဲ ဂနိုင်။ အချစ်စစ်အတွက် တူသော အချစ်စစ်ပါ"

ဖစ်ဆစ်ကျောင်းသူလေးက ဖစ်ဆစ်သီအိုရီဖြင့် အဖြေပေးလျှင် သင်္ချာကျောင်းသားလေး သူကလည်း သင်္ချာကျောင်းသား ပီသစွာ အကြင်နာပေးဖို့ ဝန်မလေးတော့ပါ။ ရေတွေ့စိုနေသော အေးစက်စက် ခန္ဓာကိုယ်လေးကို နွေးထွေးခြင်း အလို့ငှာ။

♥ ❧ ♥



www.burmeseclassic.com

www.burmeseclassic.com



## မေးခွန်းအတွက် အဖြေများ

(၁) အချစ်စစ်ကိုတွေ့ဖို့ စောင့်ရမယ့် သတ်မှတ်ချိန် မရှိပါဘူး။ အချစ်စစ်ဆိုတာ သူ ရောက်လာမယ်လို့ ကြိုတင်အကြောင်းကြားထားလေ့ မရှိပါဘူး။

(၂) ချစ်တတ်တဲ့ စိတ်အခံက လူတိုင်းမှာ ရှိပြီးသားဖြစ်ပါတယ်။ ကိုယ်ချစ်သွားတဲ့ လူတစ်ယောက်နဲ့ တွေ့သွားတဲ့အခါမှာ ရင်ထဲက အချစ် ဆိုတာ ပိုပြီးပီပြင်လာပြီး ခံစားမှုအားကောင်းသွားတတ်တယ်။

(၃) နှစ်ခုလုံး ဖြစ်နိုင်ပါတယ်။ ယေဘုယျအားဖြင့်တော့ ကြိုက်ပြီးမှ (နှစ်လိုစိတ်ဝင်စားမှု) ချစ်စိတ်ဝင်လာတာ များပါတယ်။ ကာလတို၊ ကာလရှည် ကိုယ့်ခံစားမှုနဲ့လိုက်ပြီး အချစ်စိတ်တွေ တဖြည်းဖြည်း ရင့်သန်လာပါတယ်။

(၄) ချစ်သူတွေကြားမှ နားလည်မှု ရှိရင် တော်တော်များများ အဆင်ပြေနိုင်ပါတယ်။ ဒါပေမဲ့ တစ်ယောက်ယောက်က ထားခဲ့ရင်တော့ ဝေးရမှာပါ။





တစ်ခါကလေမှာ အခ

(၅) အဓိကကျတဲ့ ဆုံးဖြတ်ချက

အဲဒီလူရဲ့ အတွင်းစိတ်နဲ့

ပီ အ စ ဥ

(၆) လူတစ်ယောက်ကို နားလည

(၇) Valentine's Day က အမ

ကိုယ့်ချစ်သူက အဖြေပေး

မှု စာအုပ်တွေအကုန်လုံး

ကြလို့သာ Valentine's Day ‘အကုန်လုံးကို ညီမကြိုက်

ရှိရတာပါ။

ဒွံခြင်းပြိုင်ပွဲ’ စာအုပ်

ချစ်သူတွေရဲ့ နှစ်ပတ်လည်နေ့တွေ ကြားတဲ့ စာရေး

တစ်ယောက် ဘယ်လောက်သည်းခံပြီး နေတယ်။

သလဲဆိုတဲ့ ဂုဏ်အင်္ဂါတွေကို ဖော်ပြနေပ

(၈) များသောအားဖြင့်တော့ ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ မျှော်လင့်ချက် သိပ်မထားတဲ့ အချစ်က ကိုယ့်အတွက် ပိုကောင်းတတ်ပါတယ်။

(၉) သေချာတာကတော့ လူတစ်ယောက်ကို ရင်ထဲမှာ နှစ်နှစ်ကာကာ ချစ်မိနေပြီဆိုရင် ဒါဟာ အချစ်မှ ဟုတ်ရဲ့လားလို့ သံသယရှိစရာ မလိုအောင် တိကျသေချာ ခိုင်မာနေတတ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



သံသယရှိနေရင် အချိန်ကာလရဲ့
င်ပါတယ်။

ပိုချစ်ရတဲ့လူပါ။ ဒါပေမဲ့ နောက်
မေးခွန်းအတွက် ွားတတ်တာမျိုးလည်း ရှိပါတယ်။

ကယ်ချစ်မိသွားရင် ယုံကြည်ခြင်း
င ကို ဂ ်ကတော့ အလိုလို ရောက်လာတတ်

(၁) အချစ်စစ်ကိုတွေ့ဖို့ စော
အချစ်စစ်ဆိုတာ သူ ေ ယုံကြည်နေတာဟာ ကိုယ့်ရဲ့ချစ်ခြင်း
ကြားထားလေ့ ေ

(၂) ချစ်တတ်တဲ့ စိတ်ႈနိုင်စရာကောင်း မကောင်း ဆိုတာကတော့
ကိုယ်ချစ်သူ ်းပဲ ဖြစ်ပါတယ်။

ရင်ထဲက

**အားလုံးသော ပရိသတ်များ**

**အချစ်စစ်နဲ့ ဆုံတွေ့နိုင်ပါစေ**

ဆုမြတ်မွန်မွန်
12:10(A:M)
24th Feb: 2009.

# စေတနာစာပေ
၏

## အမှတ်တရအစီအစဉ်

မမဆုမြတ်မွန်

ညီမ မဆုမြတ်ရဲ့ ထွက်ပြီးသမျှ စာအုပ်တွေအကုန်လုံး ညီမ ဖတ်ပြီးပါပြီ။ မဆုမြတ်ရဲ့ စာအုပ်အကုန်လုံးကို ညီမကြိုက်ပါတယ်။ မဆုမြတ်ရဲ့ စာအုပ်တွေထဲမှာ 'နှုတ်ခမ်းနီပြိုင်ပွဲ' စာအုပ်ကို ညီမ အရမ်းကြိုက်ပါတယ်။

မဆုမြတ် ဒီ့ထက်မက အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမကြီး ဖြစ်ပါစေလို့ ညီမ ဆုတောင်းလိုက်ပါတယ်။

မဆုမြတ်ရဲ့ ထာဝရ သရိသတ်
မချိုချိုလွင်
အမှတ် (၂၃)၊ ကန်လမ်း၊
ဆူးပန်းလမ်းသွယ်၊ ပုသိမ်မြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

မင်္ဂလာပါ မဆုမြတ်မွန်မွန်

မမဆု ဆီကို ပထမဆုံးအကြိမ် မိတ်ဆက်စာရေးတာပါ။ ဝေက မမဆုရဲ့ အမြဲတမ်း စာဖတ်ပရိသတ်တစ်ဦးပါ။ မမဆုရဲ့ စာအုပ်တွေက အရမ်း ဖတ်လို့ကောင်းတယ်။ လစဉ်ထွက်သမျှ ဖတ်ဖြစ်တယ်။ ဝေ အကြိုက်ဆုံး စာအုပ်ကတော့ 'သစ်ရွက်စိမ်းလေးရဲ့ နွေဦးဒဏ္ဍာရီ' ပါ။ ဝေ မမဆုကို အားကျတယ်။ ဂုဏ်ယူလေးစားပါတယ်။ မမဆု စာတွေကို စဉ်ဆက်မပြတ် ထာဝစဉ် ရေးသားနိုင်ပါစေလို့ ဝေဆုတောင်းလျှက်ပါ။

ခင်မင်စွာဖြင့်
ဝေမာဇင်
ပေါ်ရှိ အထည်ဆိုင်
အမှတ် (၁) မြို့မဈေးအတွင်း
ရုံ(၂)၊ ဆိုင်နံပါတ် ၂၁/၂၂၊ ပခုက္ကူမြို့။

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

သို့

မဆုမြတ်

မြတ်ဆုက ဆရာမရဲ့ထွက်သမျှ စာအုပ်တွေကို မလွတ်တမ်းဖတ်နေတဲ့ ဆရာမရဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။ ဆရာမရဲ့ စာအုပ်တွေကို မြတ်ဆု အရမ်းခိုက်တယ်။

ဆရာမရဲ့ ထွက်သမျှစာအုပ်ထဲက 'အလွမ်းတိုင်းမရုပ်တဲ့ သံယောဇဉ်ရထား'ထိ ဖတ်ပြီးပါပြီ။ မြတ်ဆု အရမ်းကြိုက်ပါတယ်။ နောက်ထွက်မဲ့စာအုပ်တွေကိုလည်း အမြဲတမ်းအားပေးသွားပါမယ်။

ဆရာမကို အမြဲအားပေးနေတဲ့

နန်းမြတ်ဆုဝေ
၃၁/င၊ ညောင်ပင်သာရပ်ကွက်၊
အ.ထ.ကကျောင်းအနီး
ဆိုက်ခေါင်မြို့၊ ဆီဆိုင်မြို့နယ်။
ရှမ်း/တောင်

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

မင်္ဂလာပါ မ

နေကောင်းတယ်နော်။ မရဲ့ စာအုပ်တွေကို လတိုင်းမလွတ်စေရဘူး။ အားလုံးထဲကမှ 'မှော်ကဗျာရွှေရုပ်'ကို ရင်ထဲမှာ အထိဆုံးပဲ။

မကို အမြဲထာဝရ အားပေးနေမယ့်

မြင့်မြင့်အောင်
အမှတ် (၁၉)၊ စမ်းချောင်း (၃)လမ်း၊
ချောင်းမြို့။

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

စာရေးဆရာမ ဆုမြတ်မွန်မွန်

စာရေးသက်တမ်း ကြာလာတာနဲ့အမျှ 'မဆုမြတ်'ရဲ့ အရေးအသားတွေ တိုးတက်လာတာ တွေ့ရတဲ့အတွက် 'မဆုမြတ်' အစား ဝမ်းသာဂုဏ်ယူမိပါတယ်။ 'အသက်သွင်းလိပ်ပြာလေးရဲ့ ရာဇဝင်' လိုမျိုး ဇာတ်ဆုံးခါနီးရောက်လေ စိတ်ဝင်စားဖို့ကောင်းလေဖြစ်တဲ့ ဇာတ်လမ်းမျိုးကိုပိုကြိုက်တယ်။ 'အလွမ်းတိုင်းမရပ်တဲ့ သံယောဇဉ်ရထားရဲ့မျက်နှာဖုံး'က အရမ်းလှပြီး ဇာတ်လမ်းကလည်း ယခင်လထက်ပိုပြီး လေးနက်တယ်။

ဆရာမ ဆုမြတ်မွန်မွန်ရဲ့
ထာဝရ ပရိသတ်

အောင်စိုးပိုင်
အမှတ်(၁)၊ ရွှေကျွန်း(၂)လမ်း၊
(၂)ရပ်ကွက်၊ မော်လမြိုင်ကျွန်းမြို့။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

သို့

မမဆုမြတ်

မမဆီကို မိတ်ဆက်စာလေးတစ်စောင် ရေးလိုက်ပါတယ်။ ကျွန်မက မမရဲ့စာဖတ်ပရိသတ်တစ်ဦးပါ။ မမရဲ့အရေးအသား အတွေးအခေါ်တွေ အားလုံးကိုကြိုက်တယ်။ သဘောကျတယ်။ မမရဲ့စာအုပ် တော်တော်များများကို ဖတ်ဖြစ်ပါတယ်။

"ဖေဖော်ဝါရီ ၁၄" စာအုပ်ကို ဖတ်ရတာ အရမ်းကောင်းတယ်။ အရသာရှိတယ်။ မမရဲ့ဝတ္ထုတွေဟာ ဆွဲဆောင်မှုအပြည့်ရှိတယ်။

မမကို အမြဲထာဝရ အားပေးနေမဲ့
**Luk Saunt** (R. လဲ့လဲ့မိုင်)
**A.Y.A.S**(အရှေ့ကုန်း)၊
ပုဆိုးကွင်းလမ်း၊ မြောင်းမြမြို့၊
ဧရာဝတီတိုင်း။

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

မဂ်လာပါ မဆုမြတ်မွန်မွန်ရှင့်

ညီမလေး ခင်မင်လေးစားစွာဖြင့် စာရေးလိုက်ပါတယ်။ မဆုမြတ်မွန်ရဲ့ စာအုပ်တွေအားလုံး ဖတ်ပြီးပါပြီ။ ဇာတ်လမ်းက မဆန်းပေမဲ့ သုံးထားတဲ့ စကားလုံးက အရမ်းပီပြင်ပါတယ်။ စာအုပ်ရဲ့နာမည်နဲ့ ဇာတ်လမ်းက အတော်ကိုလိုက်ဖက်ပါတယ်။ စာအုပ်ထဲက စာကြောင်းတိုင်းဟာ အပိုမရှိဘဲ အဓိပ္ပာယ်အပြည့် အဝခံစားရပါတယ်။ မဆုမြတ် ဆွဲဆောင်မှုရှိတဲ့ စာအုပ်တွေ အမြဲရေးပါနော်။ ညီမလေး အမြဲအားပေးနေမှာပါ။ မဆုမြတ် စာပေလောကမှာပါ ထဝရလင်းလက်တောက်ပနေတဲ့ ကြယ်လေးတစ်ပွင့်ဖြစ်ပါစေလို့ ဆုမွန်ကောင်းတောင်းလျှက် ...

သူဇာနွယ်
အမှတ် (၁၄) မြင်သာဆန်းတန်း၊
အောင်သီရိလမ်း၊ ပခုက္ကူမြို့၊
မကွေးတိုင်း၊ ရောအနောက်မြို့နယ်။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ကျွန်တော်တို့က မရဲ့ ပရိသတ်ပါ။ စာအုပ်တော်တော်များများဖတ်ပြီးပါပြီ။ မရဲ့ စာအုပ်တွေက မင်းသားနဲ့ မင်းသမီးမရတောင်မှ စာဖတ်သူကို ဖတ်ချင်အောင်ဆွဲဆောင်နိုင်တယ်။ မရဲ့ စာအုပ်တွေကို ကျွန်တော်တို့မြို့မှာ သိပ်မဖတ်ရဘူး။ လစဉ်လည်း မရောက်ဘူး။ မရဲ့ စာအုပ်(၂၄)အုပ်တော့ ဖတ်ပြီးပါပြီ။ 'ကြယ်ကလေးရဲ့နှင်တံ' နဲ့ 'အညိုးမြစ်'တို့ကို ဇာတ်ကားတော့ကြည့်ပြီးပြီ။ စာအုပ်ဖတ်တာလောက် သိပ်မကြိုက်ဘူး။

အစဉ်အားပေးနေမယ့်
မရဲ့ ထာဝရ ပရိသတ်
စန္ဒာတင်ထွန်း၊ ဝတ်ရည်ဝင်းဖော်

ဝတ်ရည်ဝင်းဖော်
ဦးဖော်ဝင်း + ဒေါ်ရီရီဝင်း
နန်းဦးမြို့သစ်ရပ်၊ စစ်ကိုင်းမြို့။

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

မဆုမြတ်

မဆုမြတ်ရဲ့ စာအုပ်တွေက အရမ်းကောင်းတယ်။ 'အချစ်ဦးနှင့်လွဲပြီးသည့်နောက်ဖူးစာ' စာအုပ်ကို မထမဦးဆုံး ဖတ်ဖြစ်တာပါ။ အဲဒီစာအုပ်ကနေစပြီး ကျွန်တော်ဟာ မဆုမြတ်ရဲ့ စာဖတ်ပရိသတ်ဖြစ်သွားပြီပေါ့ဗျာ။ မဆုမြတ်ရဲ့ ထွက်ပြီးသည့် စာအုပ်တိုင်းလိုလို ဖတ်ဖြစ်ပါတယ်။ မဆုမြတ်ရဲ့ အရေးအသားတွေက အရမ်းကောင်းတယ်။ တခြားစာရေးဆရာ/မတွေနဲ့မတူဘဲ အရမ်းကို ဆွဲဆောင်မှုရှိတယ်။ အရမ်းမိုက်တယ်။ ခုလို အောင်မြင်နေတဲ့အတွက် မဆုမြတ်ကို လေးစားမိတယ်။ ဂုဏ်ယူမိတယ်။

နောက်နောင်လည်း ဒီ့ထက်မက အောင်မြင်ပါစေလို့...
ဆုတောင်းပေးပါတယ်။

ဝသန်မိုး
မင်းကျောင်းဆောင်၊
မိုလ်ချုပ်အောင်ဆန်း
ကန်အောက်ရပ်၊ တောင်ကြီးမြို့။
ရှမ်း/တောင်။

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ ၏
## အမှတ်တရအစီအစဉ်

မမမွန်

မမက အရေးအရမ်းကောင်းတယ်နော်။ မမရေးတဲ့ ဝတ္ထု တိုင်းမှာ မိန်းကလေးတွေကို တင်စားရေးထားတယ်နော်။ သမီး အရမ်းသဘောကျတယ်။ သမီးက မမစာအုပ်တွေထဲက 'နှုးညံ့ ခြင်းပြိုင်ပွဲ'ကို ပိုကြိုက်တယ်။

T.T
အမှတ် (၁၃)၊ မင်းရဲကျော်စွာလမ်း၊
(၂)ရပ်ကွက်၊ သုံးခွ။


# စေတနာစာပေ ၏
## အမှတ်တရအစီအစဉ်


ဆုမြတ်

ရင်းနှီးမှုလေးနဲ့ မမွန်လို့ခေါ်လိုက်ပါရစေ။ မမွန်ရဲ့ စာအုပ် တွေကတော့ အရမ်းဆွဲဆောင်မှုရှိတယ်ဗျာ။ လူကိုတောင် စာ ဖတ်ဝါသနာပါအောင် ဆွဲဆောင်နိုင်တဲ့အတွက် ချီးကျူးပါတယ်။

ရဲသီဟ
မ/ဥက္ကလာပမြို့၊ ၄/ရပ်ကွက်၊
သန္တာ (၁၇)လမ်း၊ ရန်ကုန်။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

မဆုမြတ်

အစ်မရဲ့ အမာခံပရိသတ် တစ်ဦးပါ။ ယနေ့ယိ မဆုမြတ်ရဲ့အမာခံပရိသတ်တစ်ဦးပါ။ မဆုမြတ်ရဲ့ ကာအုပ်တွေကိုအားပေးနေဆဲပါ။ မမဆုမြတ်ရဲ့ ဓာတ်သိမ်းတွေကို သဘောကျတယ်။ မဆုမြတ်တစ်ယောက် အောင်မြင်မှုအပေါင်း ပြည့်စုံပါစေ။

လဝန်းအိမ်
အမှတ်–၁၁၉၊ ရွှေပေးကျေးရွာ၊
မြိတ်မြို့၊ တနင်္သာရီတိုင်း။

## စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

မမဆုမြတ်မွန်မွန်

ညီမက မမရဲ့ စာဖတ်ပရိသတ်တစ်ဦးပါ။ မမ ရေးသမျှလုံးချင်းဝတ္ထုတွေရော၊ နောက်ဆုံးထွက်တဲ့ ဝတ္ထုတိုပေါင်းချုပ်တွေရော အကုန်ဖတ်ရပါတယ်။ အရေးအသားပိုင်းကျွမ်းကျင်ပြီး ပညာပေးလေးတွေပါ ပါတဲ့အတွက် လူငယ်တွေ အတုယူချင်လာအောင် နောက်ထပ် အဲဒီလို အကြောင်းအရာမျိုးလေးတွေ များများရေးပေးပါလို့ တောင်းဆိုချင်ပါတယ်။ ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းကျဖို့ အင်မတန်ရှားပါးတဲ့ လောကကြီးမှာ မမ မျှော်လင့်တဲ့ စာရေးဆရာမဘဝနဲ့ ရပ်တည်နေနိုင်တဲ့အတွက်လည်း ဂုဏ်ယူပါတယ်။

မမ ဒီထက်မက အောင်မြင်ပါစေ
ခင်မင်တတ်တဲ့ ညီမ...

ငုဝါ (ဒိုက်ဦး)၊
(၇)ရပ်ကွက်၊
မြတ်ကီသာလမ်း၊ ဒိုက်ဦးမြို့။

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

မဆုမွန်မွန်

သတိရခြင်းများစွာဖြင့် စာရေးလိုက်ပါတယ်။ ဝတီက မဆုမွန်ရဲ့ အမာခံပရိသတ်တစ်ဦးပါ။ 'တစ်သက်မှာတစ်ခါ တစ်ခါမှာတစ်ယောက်' ဝတ္ထုစာအုပ်လေးကို ဝတီ ဖတ်ပြီးပါပြီ။ ဖတ်ပြီးတိုင်းလည်း ရင်ထဲမှာတစ်ခုခုတော့ ကျန်ခဲ့တာကြီးပဲ။ စာအုပ်တစ်အုပ်ချင်းစီမှာ .... မတူညီတဲ့အချက်ကလေးတွေရှိတာကို သဘောကျတယ်။ မဆုမွန် စာပေလောကမှာ ရတုအဆက်ဆက်ရှိနိုင်ပါစေလို့ ဆုတောင်းပေးရင်း ....

မဆုမွန်ရဲ့ပရိသတ်

ပိုးဝတီ

# စေတနာစာပေ
၏
## အမှတ်တရအစီအစဉ်

မမွန်လို့ ခေါ်မယ်နော်။ မမွန်က အသက်ငယ်ငယ်လေးနဲ့ စာရေးဆရာမဖြစ်နေတာကိုလည်း အရမ်းအားကျပါတယ်။ မမွန်ရဲ့ ဝတ္ထုတွေထဲက အတုယူစရာ ဗဟုသုတတွေ အများကြီးပါ။ မမွန်ကို အားပေးနေမှာပါရှင့် ...

အိအိမွန်
ထန်းတော်၊ မဲဇလီအုပ်စု၊
မင်းဘူးခရိုင်၊ ငွှင့်ဖြူမြို့နယ်၊
မကွေးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မင်္ဂလာပါ မဆုမြတ်မွန်မွန်

ညီမလေး ခင်မင်စွာဖြင့် စာရေးလိုက်ပါတယ်။ ညီမလေးက မမရဲ့ စာအုပ်တိုင်းကို မလွတ်တမ်း အားပေးနေတဲ့ သူပါ။ အားလုံးထဲမှာ 'နူးညံ့ခြင်းပြိုင်ပွဲ'ကို အကြိုက်ဆုံးပါပဲ။ မမဆုမြတ်မွန်မွန်တစ်ယောက် ဒီထက်မက အောင်မြင်မှုတွေကို ပိုင်ဆိုင်နိုင်ပါစေ။

ညီမလေး

ခင်စန္ဒီ
တိုက်-၃၈၊ အခန်း (၅)
ပြည်တော်သာ၊ မကွေးမြို့။



## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်



မဆု

ကျွန်မက မဆုရဲ့ စာဖတ်ပရိသတ်တစ်ယောက်ပါ။ မဆုရဲ့ စာအရေးအသားက အရမ်းကောင်းတာပဲ။ 'ကြွင်းကျန်ရစ်သော သစ္စာ'နဲ့ 'နူးညံ့ခြင်းပြိုင်ပွဲ' အဲဒီနှစ်အုပ်ကတော့ ရင်ဘတ်ထဲ heart ထိသွားတာပဲ။ ဆင်းရဲသား ဇာတ်ကောင်တွေလည်း ရေးပေးပါဦး။ နောက်ဆုံး ဇာတ်သိမ်းခန်းမှာ မင်းသားနဲ့ မင်းသမီး ပေါင်းရတဲ့အခန်းတွေ များများရေးပေးပါ။ နောက်ထွက်ရှိလာမယ့် စာအုပ်တွေကိုလည်း ထာဝရအားပေးနေမှာပါ။

မဆုတစ်ယောက် ဒီထက်မက အောင်မြင်ပါစေ။

မတင်မာလင်း
အင်ကြင်းမြိုင်ရပ်ကွက်၊
ဘုရင့်နောင်လမ်း၊ မော်လိုက်ရှိင်း၊
ဖောင်းပြင်မြို့၊ စစ်ကိုင်းတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

မမဆုမွန်

ကျွန်တော်က မမဆုမွန်ရဲ့ ပရိသတ်တစ်ယောက်ပါ။ မမဆုမွန်ရဲ့ စာအုပ်တွေက ဖတ်လို့ကောင်းတယ်။ ဇာတ်လမ်းဇာတ်ကွက်တွေက အရမ်းကောင်းတယ်။ ကျွန်တော်တို့ဘက်က စာအုပ်ဆိုင်တွေမှာ မမဆုမွန်ရဲ့ စာအုပ်တွေက စာဖတ်သူပေါတော့ ဘစ်ခါဖတ်ဖို့ရာ အကြာကြီးစောင့်ရတယ်။ မမဆုမွန် စာအုပ်တွေထဲက 'အချစ်သို့ တစ်ချက်ငဲ့ကြည့်စဉ်'ကို ကျွန်တော်ကြိုက်တယ်။

မမ စာအုပ်တွေ များများဆက်လက်ရေးသားနိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

နေမျိုးလင်း
ရွာတန်း၊ ရွှေအိုင်ကျေးရွာ၊
ရမည်းသင်းမြို့နယ်။

## စေတနာစာပေ ၏ အမှတ်တရအစီအစဉ်

သို့

ဆရာမကို ရိုသေစွာစာရေးလိုက်ပါတယ်။ ဆရာမရဲ့ ဝတ္ထုတွေကို အားလုံးဖတ်ပြီး အရမ်းသဘောကျလို့ ဆရာမထံကို စာရေးလိုက်ပါတယ်။ သန္တာက ဆရာမရဲ့ အရေးအသားကို အရမ်းကြိုက်ပါတယ်။ ဇာတ်ကောင်အမူအရာနဲ့ ဇာတ်ကွက်တွေကိုလည်း အရမ်းသဘောကျပါတယ်။ ဆရာမလို စာရေးကောင်းတဲ့သူမျိုး မြန်မာနိုင်ငံမှာ ပေါ်ပေါက်လာတာ အရမ်းဝမ်းသာပြီး ဂုဏ်ယူမိပါတယ်။ ဆရာမဟာ ယခုချိန်မှာရော၊ အနာဂတ်မှာပါ အောင်မြင်ကျော်ကြားမြဲ ကျော်ကြားပါစေလို့ ထာဝရဆုတောင်းပေးနေမှာပါ။

ဆရာမရဲ့ ခိုင်မာတဲ့ထာဝရပရိသတ် အဖြစ်လည်း ရပ်တည်မယ်လို့ ဆုံးဖြတ်ထားပါတယ်။

ထာဝရ
ဆရာမကို ဂုဏ်ယူနေမယ့်

သန္တာစိုး
၃–ဓာတုဗေဒ၊ မြိတ်တက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မမမြတ်

မမမြတ်ရဲ့ ဝတ္ထုအားလုံးကို ကျွန်တော် အရမ်းကြိုက်ပါတယ်။ မမမြတ်ရဲ့ ဝတ္ထုတွေကို ရုပ်ရှင်ရိုက်ရင် အောင်မြင်မယ်လို့ထင်တယ်။ စကားအသုံးအနှုန်းတွေကြားမှာ English လိုများများထည့်ပေးပါလား။ ဝတ္ထုထဲမှာရေလည်တော်ကီလ်ကောင်းတယ်။ ဆယ်ကျော်သက်အရွယ် ဝတ္ထုလေးတွေရေးပေးပါလား။

ကမ္ဘာကြီး တည်တံ့နေသရွေ့ မမမြတ် အရေးအသားတွေ တည်တံ့နေပါစေ။

မမမြတ်ကို လေးစားတဲ့

စူးရှထက်မြတ်
မြေမြင့်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
ကချင်ပြည်နယ်။

# စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

သို့

မင်္ဂလာပါ မမဆု

မမကို ရင်းနှီးစွာပဲ မမဆုလို့ ခေါ်မယ်နော်။ မမဆုရဲ့ စာအုပ်တွေကို အစကနေအဆုံးအထိ အားလုံးဖတ်ပြီးပါပြီ။ အားလုံးကောင်းပါတယ်။

ညီမလေး အကြိုက်ဆုံးက 'အနမ်းဆက်တိုင်း'နှင့် 'ဖေဖော်ဝါရီ ၁၄' ပါပဲ။ မမဆု ဒီထက်မက အောင်မြင်ကျော်ကြားပါစေ။

ခင်မင်ရင်းနှီးစွာဖြင့်

မမဆုရဲ့ ညီမ
Polite. (N.T.S)
M.L.M.

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

ခင်မင်စွာဖြင့် မဆုမြတ်လို့ခေါ်ပါရစေ။ အသက်(၂၅)နှစ်နဲ့ အခုလို အရမ်းအောင်မြင်တဲ့အတွက် ဂုဏ်ယူပါတယ်။ အားလည်း ကျမိပါတယ်။ မဆုမြတ်ရဲ့ အရေးအသားတွေက တစ်အုပ်ဆို ဆိုသလောက်စွဲကျန်နေပါတယ်။ စကားလုံးလေးတွေကို သဘော ကျပါတယ်။ ဝတ္ထုတွေဆိုရင် အားလုံးဖတ်ပြီးသွားပါပြီ။ မဆုမြတ် ရဲ့ရုပ်က တည်ငြိမ်အေးချမ်းပြီး ဆွဲဆောင်မှုရှိတယ်နော်။

နောက်ထွက်မယ့် စာအုပ်တွေကိုလည်း စောင့်မျှော်နေပါ တယ်.... ။

ရင်ခုန်သံမရပ်သရွေ့ အားပေးနေမယ့်
မရဲ့ပရိသတ်
နိုးနိုး
အမှတ် (၅၂)၊ မင်းရဲကျော်စွာလမ်း၊
(၂)ရပ်ကွက်၊ သုံးခွမြို့။

BURMESE CLASSIC .com

# စေတနာစာပေ
## ၏
## အမှတ်တရအစီအစဉ်

မမမြတ်

အရင်းနှီးဆုံး မမမြတ်လို့ပဲ ခေါ်မယ်နော်။ ညီမလေးက မမမြတ် စာအုပ်ကို အားပေးနေတဲ့ ပရိသတ်တစ်ယောက်ပါ။ မမမြတ် ... စာအုပ်တွေက အရမ်းစိတ်ဝင်စားဖို့ကောင်းတယ် သိလား။ စဖတ်ပြီးဆိုတာတန်း လက်ကမချချင်လောက်အောင်ကို ကောင်းတယ်။

မမက လှတယ်နော်။

မမမြတ် အောင်မြင်သထက် အောင်မြင်ပါစေလို့

ဆုတောင်းရင်း ...

မမေရွှေမြင့်
စေတနာမွန်၊ ဥဿျှစ်ပင်၊
ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်း။

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

### အမှတ်တရအစီအစဉ်

သို့

မမဆု

သမီးက မမရဲ့စာအုပ်တွေကို အခုမှ စဖတ်ဖြစ်တာပါ။ 'ဖေဖော်ဝါရီ ၁၄' စာအုပ်ကို အရမ်းကြိုက်ပါတယ်။

မမဆု စာပေလောကမှာ ဒီထက်မက အောင်မြင်စွာ လျှောက်လှမ်းနိုင်ပါစေလို့

ဆုတောင်းလျက်

အေးပျော်

၈/၆/၂၃၄၊ မိုလ်အောင်ကျော်လမ်း၊

ရွှေပြည်သာ။

## စေတနာစာပေ ၏

### အမှတ်တရအစီအစဉ်

မမဆုမြတ်

သမီးက မမဆုမြတ်ရဲ့ ပရိသတ်တစ်ဦးပါ။ အခုမှစရေးတာမို့လို့ အမှားပါရင်ခွင့်လွှတ်ပါ။ မမရဲ့ စာအုပ်အားလုံးကို သမီး သဘောကျပါတယ်။ 'သစ်ရွက်စိမ်းလေးရဲ့နွေဦးဒဏ္ဍာရီ'ကို သမီး အကြိုက်ဆုံးပါ။ မမဆုမြတ် သမီးရဲ့ခင်မင်မှုကို အသိအမှတ်ပြုရင် ပြန်စာနဲ့ မမရဲ့ဓာတ်ပုံတစ်ပုံလောက် ထည့်ပေးပါ။ သမီးချစ်တဲ့ မမတစ်ယောက် စာပေတလွှားမှာ နာမည်ကျော်ကြားပါစေလို့ ဆုတောင်းလျက် ...

ချိုဇင်သက်

"မျိုး" အမျိုးသမီးဆောင်

၂-လမ်း၊ ၃-လမ်းကြား၊

စက်မှုဇုန်၊ မိတ္ထီလာမြို့။

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ
# ၏
# အမှတ်တရအစီအစဉ်

သို့

မဆုမြတ်မွန်မွန် လို့ ခေါ်ပါရစေ။
ဆရာမရဲ့ စာအုပ်တွေ အကုန်ဖတ်ပါတယ်။
စာအုပ်တွေအားလုံး ရသမြောက်ပါတယ်။
ကျွန်တော်က ဆရာမရဲ့ ထာဝရပရိသတ်တစ်ဦးပါ။

ရှင်သန့်လွန်း
C/O ရှင်နေသာရ
ပညာဓိကာရုံပရိယတ္တိစာသင်တိုက်
အုန်းပင်ခြံရပ်ကွက်၊ စဉ့်ကိုင်မြို့၊
မန္တလေးတိုင်း။

BURMESE CLASSIC .com

# စေတနာစာပေ
# ၏
# အမှတ်တရအစီအစဉ်

မမဆုမြတ်မွန်မွန်

ညီမ ခင်မင်လေးစားစွာဖြင့် စာရေးလိုက်ပါတယ်နော်။ ညီမက မမရဲ့ ထာဝရ ပရိသတ်တစ်ယောက်ပါ။ မမရဲ့ စာအုပ်တွေ အကုန်လုံးလိုလိုကို ညီမ ဖတ်ရပါတယ်။ ဖတ်ရတဲ့ စာအုပ်တွေအားလုံးဟာလည်း ကောင်းပါတယ်။ ညီမက မမတို့လို အောင်မြင်ကျော်ကြားတဲ့ စာရေးဆရာမတစ်ယောက် ဖြစ်ချင်တယ်။

လေးစားခင်မင်ခြင်းများစွာဖြင့်
မိုးပပနိုင်
၂-၁၁၈-၁၄၅
ပဲခူးဒီဂရီကော လိပ်

www.burmeseclassic.com

www.burmeseclassic.com

# စေတနာစာပေ

## ၏

## အမှတ်တရအစီအစဉ်

မနှမြတ်မွန်မွန်

ခင်မင်လေးစားချစ်ခင်စွာဖြင့် စံ မိတ်ဖွဲ့ပါရစေ... ။ မမရဲ့ ထွက်သမျှ စာအုပ်တွေစောင့်ပြီး အားပေးနေတဲ့ မမရဲ့ ပရိသတ်တစ်ဦးပါ။ မမရဲ့ စာအုပ်ထဲက ဇာတ်ကောင်တွေရဲ့ နာမည်တွေ စံ အကုန်ကြိုက်တယ်။ မမက ငယ်ငယ်လေးနဲ့ စာရေးဆရာမဖြစ်တာ အရမ်းတော်တာပဲ။

မမစာပေလောကမှာ အောင်မြင်မှုအပေါင်း သရဖူဆောင်းနိုင်ပါစေလို့ ဆုတောင်းပေးလျက် ...

အေးမိစံ
အမှတ် (၂/၁၂၄၈)၊
တောဇာခင်ဦး (၅)လမ်း၊
(၂)ရပ်ကွက်၊ တောင်ငူမြို့။

# စေတနာစာပေ

## ၏

## အမှတ်တရအစီအစဉ်

မင်္ဂလာပါ

မမဆုလို့ပဲ ခေါ်ပါရစေ။ 'မျက်နက်ဝန်းရဲ့မေတ္တာတံချူ'ကို ပထမဦးဆုံး ဖတ်လိုက်ရလို့ အရမ်းကြိုက်ပါတယ်။ မမရဲ့ စာအုပ်တွေကို ကျော်မဖတ်ချင်လောက်အောင်ကိုဖြစ်သွားတာ။ အရမ်းကောင်းတာပဲမမရယ်။ အဲဒီကစပြီး ညီမလေး ထွက်သမျှစာအုပ်ကိုဖတ်တယ်။ (၁၂)လပိုင်းထွက်မယ့် စာအုပ်တွေကို မျှော်နေမယ် ...

ညီမလေး အိအိလွင်

ဦးမောင်မောင်ဝင်း+ဒေါ်တင်တင်ဝင်း
အမှတ် (၁၂) ရပ်ကွက်၊
ဂျိတ္တောလမ်းဆုံစားသောက်ဆိုင်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မမမွန်ရဲ့ စာအုပ်တွေကို အတော်လေးကြိုက်နှစ်သက်ပါတယ်။ နောက်ပြီး မမွန်ရဲ့ တချို့စာအုပ်တွေဆို ဝယ်ပါတယ်။ မမွန်က စာရေးတာ သိပ်ကောင်းတာပဲနော်။ မမွန်ရေးတဲ့ ဇာတ်လမ်းက သိပ်ကောင်းလွန်းလို့ ခဏခဏဖတ်မိတယ်။ ကျွန်တော်ဖတ်ရသမျှ စာအုပ်တွေထဲမှာ 'သစ်ရွက်စိမ်းလေးရဲ့နွေဦးဒဏ္ဍာရီ' ဆိုတဲ့ စာအုပ်ကိုသိပ်ကြိုက်တယ်။ မမွန်ရဲ့ စာသားတွေကို စိတ်ဝင်စားတယ်။ မမွန်လှသလောက် အချစ်ဝတ္ထုတွေ အများကြီး ထုတ်နိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

မမွန်ကို လေးစားလျက်

လွမ်းနောင်(ခ)အောင်မင်း
မဟာမိတ်နာရီဆိုင်
ရွှေဘိုမြို့။

## စေတနာစာပေ ၏

## အမှတ်တရအစီအစဉ်

မဆုမြတ်မွန်မွန်

မမွန်လို့ခေါ်ပါရစေ။ ကျွန်တော်က မမွန်ရေးတဲ့ ဝတ္ထုတွေကို အရမ်းနှစ်သက်နေမိသူပါ။ မမွန် ဝတ္ထုတွေ အရမ်းကောင်းတာပဲနော်။ မမွန်ရဲ့ ဝတ္ထုကို 'လသုံးစင်းနှင့်ကခုန်ခြင်း'ကနေ စဖတ်ဖြစ်တာပါ ...။ နောက်လည်း ထွက်သမျှစာအုပ်တွေကို အကုန်ဖတ်ဖြစ်ပါတယ်။ ပရိသတ်အပေါ် အရေးထားတဲ့မမွန် တစ်ယောက် အောင်မြင်မှုတွေနဲ့ အမြဲပျော်ရွှင်ပါစေလို့ တောင်းဆုပြုလိုက်ပါတယ်။

မမွန်ရဲ့ ပရိသတ်
မောင်သန့်ဝင်း
ဦးစံမောင်(ခ)ဦးငမဲ+ဒေါ်ဦးသန်းကြည်
လက်သမား၊
ညောဝတီ (က) ရပ်ကွက်၊
နန်းရွှေဂူကျောင်းဝင်လမ်း၊
စစ်တွေမြို့၊ ရခိုင်ပြည်နယ်။

BURMESE CLASSIC .com
www.burmeseclassic.com